# အခုရုပ်မ နောင်ရင်း

နှင့်

နိုင်ငံရေးဆောင်းပါးများ

သာရဝတ် ( မြည် )



**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်စင်း၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၀၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - ဆောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - အလက်ဝတ်ရည်ပုံနှိပ်တိုက်(၆၃၂၇)
အမှတ် (၁၃၅)၊ လှည်းသွယ် (၁) လမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊
ရန်ကုန်မြို့။ ၀၉ ၄၄၈၀၁၆၂၃၂

မျက်နှာဖုံးပန်းချီ - ဇော်မောင်

တန်ဖိုး - ၂၀၀၀ ကျပ်

၈၉၅.၈၃

သရဝဏ်(ပြည်)

အခုရှုပ်မှ နောင်ရှင်းနှင့် နိုင်ငံရေးဆောင်းပါးများ / သရဝဏ်(ပြည်)။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်။
စာမျက်နှာ-၁၈၀၊ ၁၃ × ၂၀ စင်တီမီတာ။
(၁) အခုရှုပ်မှ နောင်ရှင်းနှင့် နိုင်ငံရေးဆောင်းပါးများ

# အခုရှုပ်မှ နောင်ရှင်း
နှင့်
# နိုင်ငံရေးဆောင်းပါးများ

# သရဝဏ် (ပြည်)


ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၀၂၃၄၈ ၊ ၀၉ ၂၅၉၂၉၀၈၃၇ ၊ ၀၉ ၇၃၀ ၆၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com

တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

## မာတိကာ


| | | |
|---|---|---|
| ၁။ | အခုရှုပ်မှ နောင်ရှင်း | ၇ |
| ၂။ | ဗိုလ်ချုပ်အောင်ဆန်း မပါကြေး | ၁၅ |
| ၃။ | လူထုခေါင်းဆောင်ဆိုသည်မှာ | ၂၁ |
| ၄။ | မြို့နှစ်မြို့နှင့် ခမောက်ချက်နှာ | ၂၆ |
| ၅။ | ဒေါ်အောင်ဆန်းစုကြည်၊ သို့မဟုတ် နေရာမှားပွင့်တဲ့ပန်းတစ်ပွင့် | ၃၅ |
| ၆။ | ထူးကြီး မူးကြီး ဆွေးနွေးခန်း (သကြိန်နှစ်ဦး) | ၄၁ |
| ၇။ | ဒေါ်သ မောဟ ပေါ်များသောခေတ် | ၄၆ |
| ၈။ | Home Stay တွေ ရှိသင့်သလား | ၅၄ |
| ၉။ | စာနှစ်စောင် | ၅၈ |
| ၁၀။ | စာဖတ်သူဟာ တပည့်လား | ၆၄ |
| ၁၁။ | လက်ခုပ်သံ နိုင်ငံရေး | ၆၈ |
| ၁၂။ | ထူးကြီး မူးကြီး ဆွေးနွေးခန်း (ယိုသူမရှက် မြင်သူရှက်) | ၇၅ |
| ၁၃။ | ထူးကြီး မူးကြီး ဆွေးနွေးခန်း (မုန်တိုင်းကြားမှ စိန်ခေါ်သံ) | ၈၀ |
| ၁၄။ | အလီဘာဘာနှင့် ခိုးသားအသချို့ | ၈၆ |
| ၁၅။ | တစ်သက်တာ ထာဝရ ခိုးလို့ မဝကြသူများ | ၉၄ |
| ၁၆။ | မဖမ်းချင်လျှင် လွှတ်မည့်ခေတ် | ၁၀၂ |
| ၁၇။ | ကိုယ်နှင့်မဆိုင်တာကို လုပ်သောခေတ် | ၁၁၀ |
| ၁၈။ | အချိန်ပို | ၁၁၅ |
| ၁၉။ | ရွှန်ဗီလျှံယက်တော၏ ဘဝဇာတ်ကြောင်း | ၁၁၈ |
| ၂၀။ | ထူးကြီး မူးကြီး ဆွေးနွေးခန်း (ကားသစ်ကြီးကို စီးလို့ပါ) | ၁၂၈ |

၂၁။ ထူးကြီး မူးကြီး ဆွေးနွေးခန်း
(နှစ်ထောင်တစ်ယောက် လောက် မလောက်) ၁၃၃

၂၂။ ထူးကြီး မူးကြီး ဆွေးနွေးခန်း (သုံးလက်မပဲ ကွာတော့တယ်) ၁၃၈

၂၄။ ဒေဝေါကြီးနှင့် ဒေဝေါလေး ၁၄၄

၂၅။ ပြည်သူ့ဟစ်တိုင် ဆိုသည်မှာ ၁၄၉

၂၆။ သုနခနိုင်ငံတော် ၁၅၃

၂၇။ ထူးကြီး မူးကြီး ဆွေးနွေးခန်း
(ဆားပုလင်းမူးကြီးနှင့် သင်္ကြံဒုက္ခအရှုပ်တော်ပုံ) ၁၅၇

၂၈။ အာဏာရှင် ငါ့စကောနှင့် ခရိုနီ အရည်းကြီးများ ၁၆၂

၂၉။ မမြင်ရသောလက်မည်းကြီးများ ၁၆၇

၃၀။ ညစ်ညမ်းစာပေရေးမှ အနုပညာလား ၁၇၄

# အခုရှုပ်မှ နောင်ရှင်း

ကျွန်တော် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီထဲသို့ ဝင်တော့မည်။ ဘယ်သူတွေ ဘာထင်ထင် ကျွန်တော် ဝင်မည်။ ဒီခေတ်မှာ နိုင်ငံရေးပါတီ တစ်ခုတော့ နောက်ခံ ရှိထားမှ ဖြစ်မည်။ သူများတွေ ဝင်သော ပါတီထဲသို့လည်း အုတ်ရောရောရော ကျောက်ရောရော သူများ လုပ်တိုင်း လိုက်လုပ်တာ ရောတီရောရာ မလုပ်ချင်။ ကိုယ်ထင်ရာ ကိုယ်လုပ်တာ ကျွန်တော့်ဝါသနာ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကျွန်တော် ကြိုက်သည်။ ယခင် ပါတီဥက္ကဋ္ဌ ဦးသိန်းစိန်သည် လာဘ်မစားဘူးဟု နာမည်ကျော်ကြားသော Mr. Clean ဖြစ်သည်။ ယခု ပါတီ ဥက္ကဋ္ဌဖြစ်သူ သူရဦးရွှေမန်းသည် တိုင်းပြည် ကောင်းအောင်လုပ်နိုင်မည့်သူတစ်ဦး ဖြစ်သည်ဟု ကျွန်တော် ယုံသည်။ ထို့ကြောင့် ထိုပါတီသို့ ကျွန်တော် ဝင်မည်။ သို့သော် ကျွန်တော်သည် ဉာဏ်ရည်နှန့်နဲ့သူ ဖြစ်သည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီနှင့် ပတ်သက်လာလျှင် ကျွန်တော် မရှင်းလင်းသော၊ မည်သို့မျှ မစဉ်းစားတတ်သော ကိစ္စလေး အနည်းငယ် ရှိသည်။ ခုရှုပ်မှ နောင်ရှင်း ဆိုသလို ထိုကိစ္စများကို သက်ဆိုင်ရာ ပါတီခေါင်းဆောင်များမှ ကျွန်တော် သဘောပေါက် နားလည်လာအောင် ရှင်းပြနိုင်ပါက အလွန်ကျေးဇူးတင်မိပေမည်။ ရှင်းပြမည်ဟုလည်း ယုံကြည်မျှော်လင့်ပါသည်။ ထိုအခါ ကျွန်တော်သည် ပါတီထဲသို့ ဝင်ရန်သာ ရှိပါတော့သည်။

ပထမအချက်အနေဖြင့် ကျွန်တော် မေးလိုသည်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အတူတူပဲလားဟူသော မေးခွန်း ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အစိုးရပိုင်အသင်းကြီး ဖြစ်ခဲ့သည်။ အစိုးရပိုင်အသင်း ဖြစ်စဉ်က အသင်းပိုင်ရုံးခန်းများ၏ မြေနေရာနှင့် အဆောက်အအုံအားလုံးသည် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ထားသော ရုံးခန်းများ ဖြစ်သည်။ ထိုသို့ နိုင်ငံတော်ပိုင်မြေနှင့် ရုံးများသည် အသင်းကြီးအဖြစ်မှ နိုင်ငံရေးပါတီတစ်ခုအဖြစ်သို့ ပြောင်းလဲလိုက်သောအခါ နိုင်ငံတော်ပိုင်ပစ္စည်းများကို နိုင်ငံတော်သို့ ပြန်အပ်ရမည် ဖြစ်သည်။

နိုင်ငံရေးပါတီ ဆိုသည်မှာ နိုင်ငံတော်ပိုင်မဟုတ်သဖြင့် ယခင် နိုင်ငံတော်ပိုင်အသင်းကြီး၏ မြေနေရာ၊ ဘဏ္ဍာငွေ၊ အဆောက်အအုံ၊ လက်ကျန်ငွေ၊ စီးပွားရေးလုပ်ငန်း စသည်များကို တစ်ခုမကျန် နိုင်ငံတော်သို့ ပြန်အပ်ရပေမည်။ ပြည်သူတို့၏ ချွေးနဲ့စာဖြစ်သော နိုင်ငံတော်ဘဏ္ဍာငွေသည် ပါတီတစ်ခုအတွက် သုံးလို့ ရ၊ မရ ကျွန်တော် သိချင်သည်။

ထို့ကြောင့် ကြံ့ခိုင်ရေးအသင်းကြီး၏ မြေများ၊ တိုက်များ၊ ရုံးခန်းများ၊ စီးပွားရေး လုပ်ငန်းများကို ပြည်ခိုင်ဖြိုးပါတီက မိဘအမွေ သားသမီးဆက်ခံသလို ယူလိုက်ခြင်းမှာ တည်ဆဲဥပဒေနှင့် ညီ၊ မညီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူပိုင်ပစ္စည်းများကို နိုင်ငံရေးပါတီတစ်ခုသို့ ကိုယ့်သဘောနှင့်ကိုယ် ပေးပိုင်ခွင့် ရှိ၊ မရှိ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံပိုင်ပစ္စည်းကို ပါတီအတွက် လွှဲပြောင်းရယူပိုင်ခွင့် ရှိ မရှိ ကျွန်တော် သိလိုပါသည်။

ဒုတိယ သိလိုသည်မှာ အသင်းကြီးကို စတင်တည်ထောင်သူ နာယကကြီးဖြစ်သော အငြိမ်းစား ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကြောင်း ဖြစ်သည်။

ပြည်ခိုင်ဖြိုးပါတီသည် ပြည်ခိုင်ဖြိုးအသင်းမှ ဆင်းသက်လာသည်ဖြစ်ရာ အသင်းကြီး၏ မူလ စတင်တည်ထောင်သူ တစ်ယောက်အကြောင်းကို ပါတီက ရှင်းပြနိုင်လိမ့်မည်ဟု ယူဆ၍ မေးရခြင်း ဖြစ်ပါသည်။

ကျွန်တော် သိလိုသည်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) ယခု နေနေသော အိမ်တော်ဟုခေါ်သည့် နေပြည်တော်မှ မြေနေရာနှင့် အဆောက်အအုံသည် သူ၏ချွေးနဲ့စာဖြင့် လစာဝင်ငွေထဲမှ စုဆောင်းကာ ဆောက်လုပ်ထားခြင်းလော၊ သို့တည်းမဟုတ် နိုင်ငံတော်ပိုင် ဘဏ္ဍာငွေများဖြင့် ဆောက်လုပ်ထားခြင်းလော မရှင်းသဖြင့် မေးချင်ပါသည်။

သူ့ငွေဖြင့် သူ ဆောက်လုပ်ထားပါသည်ဟု တစ်ခွန်းပြောလျှင် ဘာမှ ဆောဒကတက်၍ ရှေ့ဆက် မမေးတော့ပါ။

• သို့သော် နိုင်ငံတော် ဘတ်ဂျက်ငွေဖြင့် ဆောက်ထားပါသည်ဆိုလျှင် မရှင်းတာလေး အနည်းငယ် ရှိပါသည်။ နိုင်ငံတော်ဝန်ထမ်းတစ်ယောက်အား တာဝန်ထမ်းဆောင်စဉ် ပေးထားသောအိမ်သည် သက်ပြည့်ပင်စင်ယူ၍ (အမှန်မှာ သက်ကျော်ပင်စင်ဟု ပြောရမလို ဖြစ်နေသည်။ စကားချပ်) ရာထူးမှ အနားယူသွားသောအခါ ထိုအိမ်တွင် ဆက်နေ၍ ရ၊ မရ သိလိုပါသည်။

နိုင်ငံတကာတွင် အမေရိကန်သမ္မတ အဆက်ဆက်သည် ရာထူးမှ နုတ်ထွက်၍ ဆင်းသွားသောအခါ အိမ်ပေါ်မှ ဆင်းပေးရပါသည်။ နောက်သမ္မတနေရန် အိမ်အသစ် ထပ်ဆောက်ရရိုး ထုံးစံ မရှိပါ။ အိမ်ဖြူတော်သည် လေးနှစ် တစ်ခါ၊ သို့မဟုတ် ရှစ်နှစ် တစ်ခါ သမ္မတများ ပြောင်းနေပါသည်။

ဗြိတိန်တွင်လည်း ဝန်ကြီးချုပ်အသစ် တက်လာသောအခါ ဝန်ကြီးချုပ်ဟောင်းသည် လန်ဒန်မြို့၊ အမှတ် (၁၀)၊ ဒေါင်းနင်းလမ်း နေအိမ်မှ ထွက်ခွာပေးကြရစမြဲ ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း တပ်မတော်သား၊ ဝန်ထမ်းများသည် အသက် (၆၀)ပြည့်၍ ပင်စင်ယူသောအခါ ရရှိထားသော လိုင်းခန်း၊ သို့မဟုတ် အရာရှိအိမ်ရာကို စစ်တပ်သို့ ပြန်အပ်ရပါသည်။ က·ပ·စတွင် အလုပ်လုပ်သော ကျွန်တော်၏ မိတ်ဆွေ တပ်မတော်သားတစ်ဦးသည် ပင်စင်ယူသောအခါ နေစရာမရှိတော့သဖြင့် သူတို့ မိသားစုထဲမှ တစ်ယောက်ကို အလုပ်ထဲတွင် ပြန်သွင်းထားပြီးမှ ထိုအိမ်ရာကို ပြန်နေခွင့်ပြုရန် လျှောက်လွှာတစ်ခါ ပြန်တင်ကာ ဘောင်ဝင်အောင် ဆောင်ရွက်ရပါသည်။ အခြား အရပ်ဘက်ဝန်ထမ်းများလည်း ထိုနည်းနှင်နှင် ဖြစ်ပါသည်။ ဝန်ထမ်းဘဝက ရခဲ့သောအိမ်သည် ပင်စင်ယူသောအခါ အပြီးအပိုင် ရလိုက်သည်ဟူ၍လည်း မကြားဖူးပါ။

ထို့ကြောင့် တပ်ချုပ်ကြီး(ဟောင်း)၏ အိမ်သည် ကိုယ်ပိုင်အိမ်လား၊ နိုင်ငံတော်ပိုင်အိမ်လား သိလိုခြင်း ဖြစ်ပါသည်။

ဒုတိယတစ်ချက် သိလိုသည်မှာ ပင်စင်လစာကိစ္စ ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ မတ်လ၊ (၃၁) ရက်နေ့မှစ၍ ပင်စင်ဦးစီးဌာနမှ ခံစားခွင့်ပြုလိုက်သည့် ပင်စင်လစာငွေများမှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း)၏ ပင်စင်လစာမှာ တစ်လလျှင် ကျပ် သိန်း (၁၀၀)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)မှာ တစ်လလျှင် ကျပ်သိန်း (၈၀) ခံစားခွင့် ရှိသည်ဟု ဆို၏။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃)၊ ပုဒ်မ (၅၈) တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာ ရရှိသည်ဟု ဖော်ပြပါရှိ၏။

ထိုသို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သည် ဟု ဆိုသော သမ္မတဦးသိန်းစိန်က လုပ်ခလစာ တစ်လလျှင် သိန်း (၅၀)ပဲ ရနေပါလျက် အထွတ်အထိပ် မဟုတ်တော့သော ပုဂ္ဂိုလ်တစ်ယောက်၏ ပင်စင် လစာငွေမှာ အထွတ်အထိပ်ထက် နှစ်ဆ များနေသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ရာ ရောက်၊ မရောက် သိရှိလိုပါသည် ခင်ဗျား။

တစ်ဖန် နိုင်ငံရေးဆုငွေ (အရပ်အခေါ် ဂရယ်ကျူတီကြေး) ချီးမြှင့်ရာတွင်လည်း အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခံစားခွင့်မှာ သိန်းပေါင်း (၂၃၀၀) ဖြစ်သည်ဟု သိရပါသည်။ ထိုကိစ္စသည် ကောလာဟလလား၊ တကယ်လား သိလိုပါသည်။ တကယ်ဖြစ်ပါက Gratuity ကြေး သိန်း (၂၃၀၀) ရအောင် တွက်လိုက်သော တွက်နည်းစနစ်ကို သိလိုပါသည်။

သာမန်အားဖြင့် ဝန်ထမ်းများ အငြိမ်းစားယူသောအခါ Gratuity(ခေါ်) လုပ်သက်ခံစားခွင့် တွက်ချက်သော ပုံသေနည်းမှာ ကျွန်တော် သိသလောက် အောက်ပါအတိုင်း တစ်နိုင်လုံး တွက်ကြပါသည်။

အငြိမ်းစားမယူမီ နောက်ဆုံးရခဲ့သော လစာ × လုပ်သက် ÷ (၂) ဖြစ်ပါသည်။

ဤနည်းဖြင့် တွက်ချက်ပါက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လုပ်သက်ကို (၄၅) နှစ်ဖြင့် စဉ်းစား၍ တွက်ချက်လျှင် သူ၏ မူရင်းလစာမှာ တစ်လလျှင် သိန်း (၁၀၀) ရှိပါမှ ဂရယ်ကျူတီကြေး သိန်း (၂၃၀၀) ခန့် ရပေလိမ့်မည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မူရင်းလစာမှာ တစ်လ သိန်း (၁၀၀) လား၊ ထိုသို့ သိန်း (၁၀၀) လစာ ရခဲ့လျှင် ပင်စင်ကျတော့ ဘယ်လိုလုပ် တစ်လ သိန်း (၁၀၀) ဖြစ်သွားသလဲ မရှင်းပေ။

ပင်စင်တွက်နည်းမှာ နောက်ဆုံးရ လစာကို လုပ်သက်နှင့် မြှောက်ပြီး တပ်မတော်သား ဆိုလျှင် (၅၀) နှင့် စားရပါသည်။ အရပ်ဘက် ဝန်ထမ်း ဆိုလျှင် (၇၀) နှင့် စားရပါသည်။ တစ်လလျှင် ယခင်က လစာ သိန်း (၁၀၀) ရခဲ့လျှင်တော့ လုပ်သက် (၄၅) နှစ်နှင့် မြှောက်ကာ (၅၀) နှင့် စားလိုက်သောအခါ သိန်း(၉၀) ရပါသည်။

တွက်နည်းတွင် တပ်မတော်သားများအတွက် မူရင်း လစာနှင့်အတူ အရည်အချင်း လစာ၊ နှစ်တိုး၊ အိမ်ငှားခများပါ ထပ်ထည့်လေ့ရှိရာ ဤသိန်း (၉၀)မှ သိန်း (၁၀၀) ရသွားသည် ဆိုလျှင် ဖြစ်နိုင်ပါသည်။

ဆိုလိုသည်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ပင်စင်မယူမီက လစာမှာ တစ်လလျှင် သိန်း(၁၀၀) ဖြစ်ခဲ့လျှင်တော့ ပင်စင်ကြေး သိန်း(၁၀၀)ဆိုတာရော၊ လုပ်သက်ခံစားခွင့် (Gratuity)သိန်း (၂၃၀၀) ဆိုတာရော စာရင်းကိုက်ပါသည်။

သို့သော် ပြဿနာမှာ ဗိုလ်ချုပ်မှူးကြီးတို့ ယခင်က လစာ ဘယ်လောက် ယူခဲ့ပါသည်ဟု နိုင်ငံတော် ပြည်သူများကို တစ်ခါမှ လူရာသွင်း၍ မကြေညာခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော် သိလိုသည်မှာ ပြည်နိုင်ဖြိုးအသင်းကြီး၏ မူလ တည်ထောင်သူ နာယကကြီး ဦးသန်းရွှေ၏ ပင်စင် မယူခင်က ခံစားခဲ့သော အရာဝင်လစာသည် တစ်လလျှင် သိန်း (၁၀၀) ကျပ် ဟုတ်၊ မဟုတ် သိလိုပါသည်။ မဟုတ်ခဲ့လျှင် ပင်စင်နှင့် ဂရယ်ကျူတီကြေးကို မည်သည့်တွက်နည်းဖြင့် တွက်လိုက်သလဲ ဆိုတာ သိလိုပါသည်။ ဟုတ်ခဲ့လျှင် လုပ်ခလစာ တစ်လလျှင် ကျပ် သောင်းဂဏန်းဖြင့် တစ်နိုင်ငံလုံး နှစ်ပေါင်းများစွာ ပင်ပန်းဆင်းရဲနေချိန်တွင် ဤမျှ များသော လစာကို မည်သည့် အချိုးချ လစာစနစ်ဖြင့် ရယူခဲ့သလဲ သိလိုပါသည်။

နောက်တစ်ခု သိလိုသည်မှာ ပြည်နိုင်ဖြိုးဥက္ကဋ္ဌဟောင်းနှင့် ဥက္ကဋ္ဌသစ်၏ ပင်စင်လစာအကြောင်း ဖြစ်သည်။ တပ်မတော်ပင်စင်လစာအဖြစ် ပြည်နိုင်ဖြိုးပါတီ ဥက္ကဋ္ဌဟောင်း လက်ရှိ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် တစ်လ ကျပ်သိန်း (၅၀) ပင်စင်ရသည်ဟု သိရပါသည်။

လက်ရှိ ပါတီဥက္ကဋ္ဌလည်းဖြစ်၊ ပြည်ထောင်စုလွှတ်တော်နာယကလည်း ဖြစ်သူ သူရဦးရွှေမန်းသည်လည်း ပင်စင်လစာ သိန်း(၅၀)၊ ဦးရွှေမန်းက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရာထူးအတွက် လစာ တစ်လလျှင် (၃၅)သိန်း ရနေပြီ ဖြစ်သည်။

ထိုသို့ဆိုလျှင် ကျွန်တော် သိလိုသည်မှာ ပြည်နိုင်ဖြိုးပါတီ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိ ဥက္ကဋ္ဌသစ်တို့သည် လက်ရှိရာထူးအတွက်လည်း လစာယူသည်၊ တပ်မတော်ပင်စင်အတွက်လည်း သိန်း (၅၀)၊ (၃၅) သိန်း စသည်ဖြင့် နှစ်ပြန် နှစ်လဲ ယူနေကြပါသလား။ လစာ တစ်မျိုးတည်းပဲ ယူပါသလား၊ လစာနှစ်မျိုးကို တစ်ပြိုင်တည်း ရယူခံစားနေကြပါလျှင် တိုင်းပြည်ဘဏ္ဍာကို ထိုသို့ ရယူခံစားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ပါရဲ့လား ဟူ၍ ဖြစ်ပေသည်။

နောက်ထပ် မေးခွန်းမှာ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးစဉ် ကာလနှင့် သက်ဆိုင်သည်။ ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြည်သူလူထုကို ပြည်ခိုင်ဖြိုးပါတီက လမ်းများခင်းပေးခြင်းလည်း ပါဝင်ပါသည်။

ကျွန်တော် သိလိုသည်မှာ ထိုသို့ မဲဆွယ် စည်းရုံးမှုအဖြစ် ခင်းပေးသော ကွန်ကရစ်လမ်းများသည် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ခင်းပေးသည်လော၊ ပြည်ခိုင်ဖြိုး ပါတီ၏ ကိုယ်ပိုင်ငွေဖြင့် ခင်းပေးတာလား သိလိုရင်း ဖြစ်သည်။

နိုင်ငံတော်ဘဏ္ဍာဖြင့် ခင်းပေးသည်ဆိုပါက နိုင်ငံတော်ဘဏ္ဍာကို နိုင်ငံရေးပါတီတစ်ခု၏ မဲဆွယ်စည်းရုံးမှုအတွက် သုံးခွင့် ရှိ၊ မရှိ သိလိုပါသည်။

ပြည်ခိုင်ဖြိုးပါတီ၏ ကိုယ်ပိုင်ရန်ပုံငွေဖြင့် စေတနာသက်သက် ခင်းပေးခဲ့ သည်ဟုဆိုလျှင် ကျေးဇူးတင်ပါသည်။

တစ်ခု ထပ်မေးချင်သည်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် ဘိလပ်မြေဂိုဒေါင် တစ်ခုကို နှစ်ဖွဲ့အတူ မျှသုံးပါသလား၊ နှစ်ဖွဲ့ပူးတွဲ၍ ပိုင်ဆိုင်ပါသလားဟု သိချင်စိတ်လည်း ဖြစ်မိပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော် နေထိုင်သော မြောက်ဥက္ကလာပ မြို့နယ်၊ (ဆ) ရပ်ကွက်အတွင်းမှ လမ်းတစ်လမ်းကို ပြည်ခိုင်ဖြိုးပါတီမှ မဲဆွယ်သည့် အနေဖြင့် ကွန်ကရစ်လမ်း ခင်းပေးပါသည်။ ပြည်ခိုင်ဖြိုးပါတီမှ ခင်းပေးသည့်အတွက် ကျေးဇူးတုံ့ပြန်သော အနေဖြင့် လမ်းထဲမှလူငယ်များ ပြည်ခိုင်ဖြိုးပါတီသို့ ဝင်ကြ ရပါသည်။ ပါတီတံဆိပ်ပါသော တီရှပ်အင်္ကျီများ ဝတ်ကြရပါသည်။ လမ်းခင်းရန် အတွက် ဘိလပ်မြေ ထုတ်သောအခါ ကျွန်တော်တို့လမ်းထဲမှ လူဆယ်ဦးခန့် သူတို့ ခေါ်သောကားဖြင့် လိုက်သွားရပါသည်။ ဘိလပ်မြေသွားထုတ်ရသော ဂိုဒေါင်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပိုင်ဆိုင်သော အိုးရွာနဆိုင်ရာ ဂိုဒေါင် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော် ယနေ့အထိ မရှင်းသည်မှာ ကျွန်တော်တို့လမ်းကို ကွန်ကရစ်ခင်းပေးသူ ကျေးဇူးရှင်မှာ ရန်ကုန်မြို့တော်စည်ပင်လား၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီလား ဆိုသည်မှာ သဲသဲကွဲကွဲ မဆုံးဖြတ်တတ်ပါ။

နောက်ထပ် မသဲကွဲသော အချက်တစ်ခုကိုလည်း တစ်လက်စတည်း မေးပါရစေ။

ကျွန်တော်သည် ညွှေ့လမ်းညွှန်အဖြစ် ပုဂံဒေသဘက်သို့ သွားသောအခါ အညာဒေသ၊ အထူးသဖြင့် ကျောက်ပန်းတောင်းနှင့် ညောင်ဦးကြား ရွာအချို့တွင် ပြည်နိုင်ဖြိုးရွာ ဟူသော ကျောက်စာတိုင်လိုလို၊ ကမ္ပည်းမော်ကွန်းလိုလို ဆိုင်းဘုတ် များကို ရွာထိပ် ကားလမ်းနံဘေး လူမြင်သာသော နေရာများတွင် မကြာခဏ တွေ့ရပါသည်။ ပြည်နိုင်ဖြိုးသည် နိုင်ငံရေးပါတီအဖြစ် အသွင်မကူးပြောင်းမီ ပြည်နိုင်ဖြိုးအသင်းကြီးအဖြစ် ရှိစဉ်က နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရွာကို ကူညီခဲ့သဖြင့် ပြည်နိုင်ဖြိုးရွာဟု ဂုဏ်ဖော်ကာ ကျောက်တိုင်စိုက်ထူခဲ့ခြင်း ဖြစ်မည်။ သို့သော် ပြည်နိုင်ဖြိုးသည် နာမည်၊ တံဆိပ်၊ ဆောင်ပုဒ် မပြောင်းဘဲ ပြည်နိုင်ဖြိုးအမည်ဖြင့်ပင် နိုင်ငံရေးပါတီအဖြစ် ကူးပြောင်းရောက်ရှိသွားပြီဖြစ်ရာ အရင်ခေတ်က နိုင်ငံတော်ပိုင် ပြည်သူ့ငွေဖြင့် ထောက်ပံ့ကူညီခဲ့သော ကျေးရွာ တစ်ရွာ၏အမည်ကို ယခုအခါ နိုင်ငံရေးပါတီဖြစ်နေသော ပါတီအမည်ဖြင့် ပြည်နိုင်ဖြိုးရွာဟု ကြော်ငြာဆိုင်းဘုတ် ရေးထိုးထားခြင်းမှာ နိုင်ငံတော်ငွေဖြင့် ပါတီအတွက် မဲဆွယ်နေခြင်း ဖြစ်သောကြောင့် ဤကိစ္စသည် ရွေးကောက်ပွဲ ဥပဒေဖြင့် ညီညွတ်၏။ မညီညွတ်၏ကို သိလိုပါသည်။

နောက်ဆုံး အနေဖြင့် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း) အကြောင်းကို မေးမြန်းလိုပါသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်အေးသည် မူလက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် တစ်ယောက်သာမက ပါတီထိပ်တန်း ခေါင်းဆောင် တစ်ဦး ဖြစ်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် မန္တလေးတိုင်း၊ တံတားဦးမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်နိုင်ဖြိုးပါတီကို ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင် အရွေးခံခဲ့သူ ဖြစ်ပါသည်။ လွှတ်တော်အမတ် ဖြစ်ပြီးခါမှ သမ္မတကြီး တာဝန်ပေး ခန့်အပ်၍ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဖြစ်လာသူ ဖြစ်သည်။

ကျွန်တော် သိလိုသည်မှာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယခု လက်ရှိတွင် ပြည်နိုင်ဖြိုးပါတီဝင် ဖြစ်နေသေးပါသလား၊ ပါတီမှ တရားဝင် နုတ်ထွက်လိုက်ပြီလား သိလိုပါသည်။ ပါတီဝင် ဖြစ်နေသေးလျှင် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌရာထူး ယူထားသူသည် နိုင်ငံရေးပါတီတစ်ခုခု၏ ပါတီဝင် ဖြစ်နေ၍ ရ၊ မရ သိလိုပါသည်။ ပါတီမှ နုတ်ထွက်ပြီး ဖြစ်သည်ဟု ဆိုလျှင် သမ္မတကြီး ဦးသိန်းစိန်သည် ပြည်တွင်း၊ ပြည်ပခရီးစဉ်များတွင် ဦးတင်အေးကို မကြာခဏ ခေါ်ယူလိုက်ပါစေခြင်းသည် ကြံ့ခိုင်ရေးပါတီဝင် အချင်းချင်းမို့ ခေါ်သွားသည်လား၊ တပ်မတော် D.S.A အပတ်စဉ် (၉) ကျောင်းဆင်းဖက်ချင်းမို့ မျက်နှာသာပေးကာ ခေါ်သွားသည်လား သိလိုပါသည်။

ထိုသို့ တစ်ပါတီတည်းမှ တက်လာသူ သမ္မတနှင့် ရွေးကောက်ပွဲနိုင်လွှတ်တော်ကြီးလုပ်မည့် သူတို့ ရင်းနှီးလွန်းနေခြင်းသည် နောင်ရွေးကောက်ပွဲများတွင် ပြည်ခိုင်ဖြိုးပါတီ အသာစီးရစေရန် အားသာချက် ဖြစ်၊ မဖြစ် သိလိုပါသည်။

တစ်ဖန် ဦးတင်အေးက ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ် ကာလများတွင် အတိုက်အခံပါတီကြီးတစ်ခုမှ ပါတီဝင်အချို့သည် ကြယ်ငါးပွင့် အလံများကို ကိုင်ဆောင်ခဲ့ကြသဖြင့် အလံတော် ဥပဒေအရ အရေးယူ၍ရသည်။ ကန့်ကွက်သူရှိလျှင် အရေးပေးပစ်မည်ဟု ပုသိမ် ခရီးစဉ်တွင် မိန့်ကြားခဲ့ပါသည်။

ထိုအခါ သတိရ၍ မေးလိုသည်မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ညီလာခံကြီးတွင် တည်ဆဲ သုံးရောင်ခြယ် နိုင်ငံတော်အလံကို ပြောင်းပြန်ဇောက်ထိုး လွှင့်ထူခဲ့ခြင်းကို အလံတော်ဥပဒေအရ အရေးယူ၍ ရ၊ မရ၊ ပါတီမှ အရေးယူခဲ့ခြင်း ရှိ၊ မရှိ သိလိုပါသည်။

ကျွန်တော် သိလိုသောအကြောင်းအရာ မြောက်မြားစွာ ရှိပါသေးသည်။ (ဥပမာ - အစိုးရအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များနှင့် လွှတ်တော်အမတ်များ၏ ပိုင်ဆိုင်မှုစနစ်ဥစ္စာ ထုတ်ဖော် ကြေညာရေးအဆိုကို ဘာကြောင့် လွှတ်တော်တွင် ပြည်ခိုင်ဖြိုးအမတ်များ ကန့်ကွက်ကြသည်။ White Card ကိုင်ထားသော နိုင်ငံသားမဟုတ်သူဘင်္ဂါလီများ မဲပေးခွင့်၊ ပါတီထောင်ခွင့်ပြုထားခြင်းကို လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ဘယ်လိုသဘောထားသည် စသည်ဖြင့်) သို့သော် အလုပ်များသည့်ကြားထဲမှ လူကြီးများ ခေါင်းခြောက်မည် စိုးသောကြောင့် ဤမျှသာ မေးခွန်း မေးလိုက်ပါသည်။ တကယ် မရှင်း၍ မေးခြင်းဖြစ်၍ ရိုင်းတာပါခဲ့လျှင် ခွင့်လွှတ်စေချင်ပါသည်။

ကျွန်တော် သိလိုသည်များကို တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် သိရသည်နှင့် ကျွန်တော် ကိုယ်တိုင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသို့ ဝင်ပါမည်။ မိသားစုကိုလည်း ဝင်စေပါမည်။ အခြားသူများကိုလည်း ဝင်ဖို့ တိုက်တွန်းပါမည်။ ကျွန်တော့်အတွက် ပါတီဝင်လျှောက်လွှာ တစ်စောင်ချန်ထားပေးပါခင်ဗျား။

မောင်ကြည့်ကျွာနယ် (၃-၆-၂၀၁၃)

❑

# ဗိုလ်ချုပ်အောင်ဆန်း မပါကြေး

လူတွေကလည်း လူတွေပဲဗျ။ ခုတစ်လော တော်တော်ရောဂါထနေကြတယ်။ တစ်ခါလာလည်း ဗိုလ်ချုပ်အောင်ဆန်း၊ တစ်ခါလာလည်း နို့ ဗိုလ်ချုပ်၊ တစ်ခါလာလည်း သခင်အောင်ဆန်း၊ ပြောလိုက်ရတဲ့ အောင်ဆန်း။ တစ်အောင်တည်းအောင်၊ တစ်ဆန်းတည်း ဆန်းနေကြပုံများ သူ့အမေ ဒေါ်စုနဲ့ သူ့အဖေ ဦးဖာတောင် အောင်ဆန်းနာမည်ကို ဒီလောက် တမ်းတပါ့မလားလို့ ထင်ရသဗျ။

စာအုပ်တွေကလည်း ထွက်သလား မမေးနဲ့၊ ငါတို့ ဗိုလ်ချုပ် ဘာတွေလုပ်နေသလဲတဲ့၊ ဘာတွေ လုပ်လုပ်ပေါ့ဗျာ၊ သူတို့အရေး ဘာပါလဲ။ လာပြန်သေးသဗျ၊ ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများတဲ့၊ ဗိုလ်ချုပ် မိန့်ခွန်းပေါင်းချုပ်တဲ့၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိတဲ့။ တစ်ရေးတည်းရေး၊ တစ်ထုတ်တည်းထုတ်နေကြပုံများ မြန်မာပြည်က စာရေးဆရာတွေဟာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကလွဲရင် တခြားအကြောင်း ရေးစရာ ဉာဏ်မထွက်ကြ တော့ဘူးလား မသိပါဘူးဗျာ။

ကျုပ်တို့ကတော့ ပြတ်တယ်ဗျာ၊ အဘကလွဲရင် ဖွဲနဲ့ ဆန်ကွဲဗျ။ စစ်သားချင်းအတူတူ ဗိုလ်ချုပ်မှ ဗိုလ်ချုပ် လုပ်နေလို့ ဘယ်ဖြစ်မှာလဲဗျာ။ တကယ်ဆိုဟိုက ဗိုလ်ချုပ်အဆင့်ပဲ ရှိတာ။ ကျုပ် အဘတွေ၊ အဘကြီးတွေက ဒုတိယဗိုလ်ချုပ်ကြီးတွေ၊ ဗိုလ်ချုပ်ကြီးတွေ၊ ဗိုလ်ချုပ် ဟိုသင်းကြီးတွေဗျ။ ရာထူးအရဆိုကျုပ် အဘတွေက ကြီးတယ်။ တကယ်လို့များ ဗိုလ်ချုပ်အောင်ဆန်းမသေဘဲ

ဒဏ်ရာတွေ သက်သာလို့ ဆေးရုံက ဆင်းများလာလို့ကတော့ ကျုပ်အဘတွေနဲ့ တွေ့ရင် ဗိုလ်ချုပ်အဆင့်သာ ရှိသေးတဲ့ အောင်ဆန်းဟာ ဗိုလ်ချုပ်ကြီးတွေ၊ ဟိုသင်းကြီးတွေဖြစ်နေတဲ့ ကျုပ်တို့ အဘကြီးတွေကို သတိနဲ့ပြီး အလေးပြုရမှာဗျ။ တပ်မတော်မှာ ရာထူးက အဓိကပဲလေ၊ ဟုတ်တယ် မဟုတ်လား။

ကျုပ်တို့ အဘ ဂိုဏ်းချုပ်ကြီးက ပြောဖူးတယ်ဗျ။ အာဇာနည်နေ့ဆိုတဲ့ ဇူလိုင် (၁၉) ရက်နေ့မှာပေါ့။ အဘပြောတာက ယောကောင်တဲ့ အာဇာနည်နေ့ဆိုတာ ဘာမှအဓိပ္ပာယ် မရှိပါဘူးကွာတဲ့။ တကယ်တော့ ဂဠုန်ဦးစောရဲ့ အဖွဲ့နဲ့ အောင်ဆန်း ခေါင်းဆောင်တဲ့ ပြည်သူ့ရဲဘော်တွေ ဆော်ကြတဲ့ ပုဂ္ဂိုလ်ရေးရန်ပွဲပဲကွတဲ့။ ပြည်သူ့ရဲဘော်က ဆော်တာ နေရာမကျတော့ ဦးစောက မသေဘူးကွ၊ မျက်စိမှာလည်း သေနတ်ဒဏ်ရာ ရသွားသကွ။ ဦးစောက ပြန်လုပ်ကြံတော့ အောင်ဆန်းတို့ ညွှံတာကြောင့် ခံလိုက်ရတာကွ။ အဲဒါကို အာဇာနည်နေ့လေး ဘာလေး လုပ်နေတာကွ၊ ဘာမှ အဓိပ္ပာယ်ရှိတဲ့ဟာတွေ မဟုတ်ဘူးတဲ့။

ကြည့်စမ်း၊ ကျုပ်အဘကြီးဟာ ဘယ်လောက် သမိုင်းအမြင် ရှင်းသလဲ။ ဒီလို ယထာဘူတကျတဲ့ အမြင်မျိုး မြန်မာပြည်မှာ ဘယ်သမိုင်းဆရာက သိလို့လဲ။ ခေါက်တာ သန်းထွန်းတို့၊ ဦးဖိုးကျားတို့၊ သခင်ကိုယ်တော်မှိုင်းတို့တောင် ဒါမျိုး မစဉ်းစားဖူးဘူး မဟုတ်လား။ ဒါကြောင့် ကျုပ်တို့ အဘကြီးဟာ အလွန်တော်ပါတယ်လို့ ခင်ဗျားတို့ကို ရှင်းပြနေရတာပဲ။

အဘကြီးက ပြောသေးတယ်၊ ယောကောင်တွေတဲ့၊ လူတွေက အောင်ဆန်းဆင်းရဲတာ၊ စီးပွားရေးလုပ်ငန်းကြီးတွေ မရှိတာကိုဘဲ ချီးကျူးနေကြတယ်တဲ့၊ တကယ်တော့ ဒီကောင်က အ တာ နံ့တာကွ၊ ငါကတော့ လူရည်လည်သမို့ ရာထူးနဲ့အညီ စီးပွားဖြစ်အောင် လုပ်နိုင်တယ်။ ဆွစ်ဇာလန်ဘဏ်မှာ ဒေါ်လာတွေ လျှို့ဝှက် စုဆောင်းထားနိုင်တယ်။ ဆယ်သက် စားမကုန်အောင် ချမ်းသာတယ်။ မင်းတို့ အောင်ဆန်းက ငါ့လောက် အကွက်မှ မမြင်ဘဲကွတဲ့။ အဘဟာ ဒီလို တော်တာပါ။

အခုတော့ လူတွေက မသိတော့ အောင်ဆန်းမှ အောင်ဆန်း ဖြစ်နေတာ ရင်နာသဗျာ။ တကယ်ဆို ဗမာပြည်လွတ်လပ်ရေးမှာ အားလုံးတိုက်ခဲ့ကြတာဗျ။ သူတစ်ယောက်တည်း ထင်ပေါ်တာ ဘယ်ကောင်းမလဲဗျာ။ ရဲဘော်သုံးကျိပ်ဆိုလည်း လူသုံးဆယ်တောင်ရှိတာ၊ သူတစ်ယောက်တည်း စစ်တပ် ဘယ်ဖွဲ့လို့ ရမလဲဗျ။ ဒါကိုပဲ သူက နေရာကောင်းမှန်သမျှ နာမည်ယူနေတာတော့ တစ်ဆိတ် လွန်လွန်းပါရဲ့ဗျာ။

ကဲ - အဲဒါတွေ ထားတော့၊ ကိုယ်နဲ့ဆိုင်တာတွေပဲ ပြောတော့မယ်။ လူတွေက ဗိုလ်ချုပ်အောင်ဆန်းမှ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်နေတာကို အခွင့်ကောင်းယူပြီး နိုင်ငံရေး ပါတီတစ်ခုက လူလည်လုပ် အမြတ်ထုတ်သဗျ။ ၂၀၁၀ ကြားဖြတ်ရွေးကောက်ပွဲမှာဗျာ ကိုယ့်ပါတီကိုယ် မဲဆွယ်စည်းရုံးရင် အဲဒီ ပါတီက ဝင်အရွေးခံမယ့် ကိုယ်စားလှယ်လောင်းရဲ့ ဓာတ်ပုံနဲ့ ကြော်ငြာမဲဆွယ်ပေါ့ဗျ။ ကျုပ်ကတော့ ဒီမုန့်ပါတီက မောင်မြူ ဖြစ်ပါတယ်။ ရမ်းဗွတ်ပါတီက ဘူးလက်မြင့်မေနဲ့ ယှဉ်ပြိုင်ပါတော့မယ်။ ဒီလို လုပ်မှပေါ့ဗျ။

• ခုတော့ဗျာ ပုန်းလျှိုးကွယ်လျှိုးနဲ့ ကိုယ့်ဓာတ်ပုံကိုယ် မတင်ဘဲ ဗိုလ်ချုပ်အောင်ဆန်း ပုံရော၊ သူ့သမီး ဒေါ်အောင်ဆန်းစုကြည်ပုံရော သုံးပြီး ဝင်ပြိုင်တော့ ကျုပ်တို့ ခွေးဖြစ်ပြီပေါ့ဗျ။ လူတွေက ကျုပ်တို့ကို ဘယ်မဲထည့်တော့မလဲ၊ ဗိုလ်ချုပ်အောင်ဆန်းမျက်နှာနဲ့ သူတို့ပါတီကိုပဲ မဲထည့်တော့မှာပေါ့။ ဒါ တကယ်တော့ ပြည်သူလူထုကို တစ်ဖက်လှည့်နဲ့ မဲလိမ်ယူတာ၊ နားလှည့် ပါးရိုက်တာဗျ။

တကယ်ဆို ဗိုလ်ချုပ်အောင်ဆန်းက သေပြီဗျ။ သေပြီးသား လူက ဘယ်လိုလုပ်ပြီး မြန်မာပြည်ကြီးကို ကယ်တင်နိုင်မှာလဲဗျာ။ အဲဒါကို သိသိကြီးနဲ့ ဒီမုန့်ပါတီကလူတွေ ခြောင်လိမ်တာဗျ။ ရွေးကောက်ပွဲကော်မရှင်က လူကြီးကို ကျုပ်တို့အဘတွေ သွားပြောမယ်လို့တော့ ကြားတယ်။

သြော် - အဆင်ပြေပါ့မလား ဟုတ်စ။ ခင်ဗျားကလည်း အ ရန်ကောဗျာ။ သူတို့က တပ်မတော်မှာ အစ်ကိုကြီး၊ ညီလေးဆိုပြီး ပုလင်းတူ ဘူးဆို နေလာခဲ့တာဗျ။ ညနေဘက် ဝေါက်ရိုက်ရင်း တိုးတိုးကျိတ်ကျိတ် တစ်ခွန်းလောက် ပြောလိုက်ရင် ရပါတယ်ဗျ။ ကြော်ငြာချက်တွေ ထုတ်ပါလိမ့်မယ်။ ဗိုလ်ချုပ်ပုံ မသုံးရတို့၊ မဆိုင်သူ မဲမဆွယ်ရတို့။ စောင့်သာ ကြည့်ကြပါ။

လူတွေက နေမြင့်ရုလ အရှုးရင့်လေ၊ ဗိုလ်ချုပ်အောင်ဆန်းမှ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြတာကို ရုပ်ရှင်လောကက ကောင်တွေကလည်း သောက်မှန်းကမ်းမှန်း နားမလည်ဘဲ ဝင်ပါကြသေးတယ်။ အရင် ကျုပ်တို့ စစ်အစိုးရ လက်ထက်တုန်းက ဒီလူတွေပဲ ဒီမိုကရေစီ မကောင်းကြောင်း၊ ၈၈ အရေးအခင်းဟာ မင်းမဲ့စရိုက် ဆူပူခေါင်းဖြတ်ပွဲကြီး၊ သမိုင်းရေစီး လှိုင်းကြီးလေထန် ဖြစ်ရပ်မှန် ဘာညာနဲ့ အရေးအခင်းကို နစ်ပြားမတန်အောင် ဖက်ခွက်စားဉာဏ်နဲ့ ငိုကြယိုကြ နာရည်တွေ ထွက်အောင် သရုပ်ဆောင်ကြ၊ ဒေါ်စုကိုရှုတ်ချကြ၊ ကျောင်းသားတွေကို နာမည်ဖျက်ကြ၊ တိုက်ခန်းတွေ၊ ဆုငွေတွေ၊ ချီးမြှင့်ငွေတွေ၊ အခွင့်အရေးတွေ၊ အကယ်ဒမီတွေ ရသလောက် လက်ကုန်နှိုက်ယူသွားကြတဲ့ ရုပ်ရှင်မင်းသား၊ မင်းသမီး၊

ဒါရိုက်တာတွေပဲ အခု ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်မှာ မျက်နှာပြောင်တိုက်ပြီး ပါပါရစေ ဖြစ်ကုန်ကြပြန်ရော။

ကျုပ်တော့ လူတွေကို လုံးလုံး နားမလည်နိုင်တော့ဘူး။ ကျုပ်တို့ ပြုစုပျိုးထောင်ပေးလိုက်တဲ့ ခရိုနီတွေကပါ အခုတော့ ဗိုလ်ချုပ်အောင်ဆန်းလိုလို ဘာလိုလို ဖြစ်နေကြတာ ကျုပ်အမြင်အကတ်ဆုံးပဲ။ အရင်ကဆို ဒီကောင်တွေဟာ ကျုပ်တို့နဲ့ ပလဲနံပသင့်နေတုန်းက ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့နာမည် ကြားတာနဲ့ တီကောင်ကို ဆားနဲ့တို့သလို ဖြစ်ခဲ့တဲ့ကောင်တွေ။ အောင်ဆန်းစုကြည်ဆိုတဲ့ နာမည် ကြားတာနဲ့ နားနှစ်ဖက် ပိတ်ထားတဲ့ကောင်တွေဗျ။ အခုမှ အစ်မကြီး၊ အစ်မကြီး ဖြစ်နေတာ အဘက သိပ်စိတ်ဆိုးတာပေါ့ဗျာ။ ဒီကောင်တွေဟာ ယုံရတဲ့ကောင်တွေ မဟုတ်ဘူးဗျ။ ဒီနေ့ စစ်တပ်က အာဏာသိမ်းကြည့်၊ မနက်ဖြန်ကျ ကျုပ်တို့ ခြေထောက် ပြေးဖက်မယ့်ကောင်တွေ။

အဲဒီတော့ ဖြစ်ပုံက ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရုပ်ရှင်တောင် ရိုက်ဦးမတဲ့။ သူတို့ရုပ်ရှင်က ဆရာများ သားသေ၊ ငါးသိုင်းများ ဟင်းဟုံ ဆိုသလိုပဲ လူတွေအများကြီးစုပြီး ဝေလေလေလုပ်လိုက်၊ အစည်းအဝေးတွေထိုင်လိုက်ကြနဲ့ ဘာမှလည်း မည်မည်ရရ ဖြစ်မလာဘူး။ ဇာတ်ညွှန်းကလည်း မြန်မာပညာရှင် သုံးယောက် ရေးထားတဲ့ဟာကို နိုင်ငံခြားပညာရှင်က မကြိုက်လို့ အသစ် ပြန်ရေးရဦးမတဲ့။ ဒါရိုက်တာကလည်း သူရိုက်မလို၊ ငါရိုက်မလိုနဲ့ အခု နောက်ဆုံးတော့ ခရမ်းချဉ်သီး ဇာတ်ကားရိုက်တဲ့ ဒါရိုက်တာနဲ့ပဲ ရိုက်တော့မတဲ့။ ၂၀၁၅ ကျမှ ဇာတ်ညွှန်းမဟာကြီးက အသစ်ပြန်ရေးလို့ ပြီးမတဲ့။

ကျုပ်ကတော့ ဗိုလ်ချုပ်အောင်ဆန်းနေရာက ဝင်သရုပ်ဆောင်မယ်ဆိုတဲ့ မြန်မာ့လက်ရွေးစင်ဘောလုံးသမားလေး ကျော်ကျော်မျိုးကိုပဲ သနားတယ်။ ကျော်ကျော်မျိုးရေ၊ မင်းတော့ လူပေါင်းမှားလို့ ငါးပါးမှောက်ပြီလို့ ပြောရမယ်။ ကြည့်လေဗျာ၊ ဗိုလ်ချုပ်အောင်ဆန်း ပိုးထမိတာ အခုအထိလည်း ဘာမှ မည်မည်ရရ မဖြစ်။ မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းမှာလည်း မပါရ၊ တစ်လ ဆယ်သိန်း၊ ဆယ့်ငါးသိန်းရနေတဲ့ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းမှာလည်း မကစားရနဲ့ အသက်တွေသာ ကြီးသွားပြီး တကယ်ရိုက်ချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း အဖေ နေရာကပဲ ပါရတော့မယ့်ကိန်းဗျ။

ကျုပ်တို့ အဘကြီးကတော့ ဒီလို မဟုတ်ဘူး။ အောင်ဆန်းတို့အဖွဲ့ လက်နေးနေစဉ်မှာ သူ့အကြောင်းကို ရုပ်ရှင်အမြန်ရိုက်မှာဗျ။ ယူပရိုင်းနားနဲ့ ခပ်ဆင်ဆင် ကတုံးမင်းသား အကူအညီနဲ့ရိုက်မှာ။ ကတုံးကလည်း အပြောင်းအလဲ မြန်သားဗျ။

ကျုပ်တို့ အဘအကြောင်းပဲ ရိုက်တော့မယ်တဲ့၊ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်အဖွဲ့မှာ သူမပါတော့ဘူးတဲ့။ အမြင်မှန် ရသွားတာပေါ့ဗျာ။ အဘရဲ့ မေတ္တာစွမ်းအားတွေပေါ့။

တကယ်ဆိုရင် ကျုပ်တို့က ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်တဲ့ ခြေရာလက်ရာတွေကို အားလုံး ကွယ်ပျောက်သွားစေချင်တာဗျ။ ဒါကြောင့် ငွေစက္ကူတွေပေါ်က ဗိုလ်ချုပ် ဓာတ်ပုံတွေကို သခင်ဖိုးလှကြီးတို့၊ ဆရာစံတို့ပုံတွေနဲ့ အစားထိုးခဲ့တယ်။ သိပ်မဟန်တော့ တိရစ္ဆာန်ပုံနဲ့ ပြောင်းလိုက်တာဗျာ၊ ဘာပြောချင်သေးလဲ။ အာဇာနည်နေ့ဆိုတာလည်း မတတ်သာလို့ ကျင်းပပေးလိုက်ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ မတက်တော့ဘူး၊ ဗိုလ်ချုပ်တွေ မတက်တော့ဘူး၊ မြို့တော်ဝန်အဆင့်လောက်နဲ့ပဲ လွှဲထားလိုက်တော့တယ်။

တတ်နိုင်ရင် ကျုပ်တို့က ဗိုလ်ချုပ်အောင်ဆန်းဈေးကို ခြသေ့်ဈေး၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းကို ချိုကုပ်ဖူးကြီးလမ်းလို့ ပြောင်းချင်တာ၊ ချက်ချင်းကြီးကျ မကောင်းတတ်သေးလို့၊ နောက်ကျမှ ပြောင်းဖို့ လွှတ်တော်မှာ အဆိုတင်ဦးမယ်။ အောင်ဆန်းကွင်းကိုလည်း ကေသရာဇာကွင်းလို့ နာမည်ပြောင်းရင် ကောင်းမယ်လို့ အဘကို ပြောရဦးမယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ရင် ဘာဆို ဘာမှ မကြားချင်ဘူးဗျာ။ တတ်နိုင်ရင် နတ်မောက်မြို့ကိုတောင် သမီးကလေးကျေးရွာလို့မျိုး ကျူးကျော်ဆိုပြီး လုပ်ပစ်ချင်တာ။

အဲဒီလောက် မုန်းတဲ့ အောင်ဆန်းဗျာ တစ်နေ့တော့ ရုပ်မြင်သံကြားမှာ ဖြုန်းဆို ပေါ်လာပါကောလားဗျ။ အဘတို့ရော၊ ကျုပ်တို့ရော ကြောက်ကြောက်နဲ့ အံ့သြပြီး ကြည့်နေကြတာပေါ့ဗျာ။ ပြောလိုက်တဲ့ မိန့်ခွန်းကလည်း သူ့ထုံးစံအတိုင်း ဖာနိုင်ငံဖြစ်သွားမယ်တို့ ဘာတို့ ခံနေတာပဲ။ ကျုပ်တို့အဖွဲ့လည်း ကြောက်လို့တုန်နေတာပေါ့။ နောက်မှ ဘယ့်ဟုတ်မလဲ၊ ဟားငါးကောင်ဟာသအဖွဲ့က လူရွှင်တော် ပြည်ကျော်ဆိုတဲ့ ကန်းမသား ဖြစ်နေတာကိုး။ ကျုပ်တို့ဟာ စိတ်ဆိုးလိုက်တာဗျာ။ တကတဲ ဗိုလ်ချုပ်အောင်ဆန်း ပြန်လာပြီမှတ်လို့ ကျုပ်တို့တောင် အားလုံး ထွက်ပြေးကြတော့မလို့ဗျ။

မနေ့ကလည်း ကျုပ်နဲ့အဘ ရန်ကုန်ဘားလမ်းဘက်မှာ လမ်းလျှောက်လာတုန်းဗျာ လူတစ်ယောက်က နောက်ကျောပေးထားတာ လောင်းကုတ်အင်္ကျီကြီးဝတ်လို့ဗျ။ အမယ်လေး ဗိုလ်ချုပ်အောင်ဆန်းပါဗျ ဆိုပြီး ကျုပ်တို့ ဆရာတပည့် နှစ်ယောက် ထွက်ပြေးကြမလို့ရှိတုန်း ဖြုန်းဆို ဟိုလူက ဒီဘက် လှည့်လိုက်တော့မှ ကုလားတစ်ယောက် ဖြစ်နေသဗျ။

အဲဒါသာ ကြည့်တော့၊ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံတွေကို မြန်မြန်သာ ဖယ်လိုက်ကြပါတော့။ မဟုတ်ရင် ကျုပ်တို့ နှလုံးရောဂါရပြီး သေလိမ့်မယ်။ ကျုပ်တို့တွေက ဗိုလ်ချုပ်ကို လူမပြောနဲ့ လောင်းကုတ်အင်္ကျီအရည်ကြီး မြင်တာနဲ့တင် ကြောက်နေတာနော်။

စောင်းကြည့်ဂျာနယ် (၆.၅.၂၀၁၄)

❑

# လူထုခေါင်းဆောင် ဆိုသည်မှာ

၁၉၄၆ ခုနှစ်၊ မတ်လ၏ တစ်ခုသော နံနက်ခင်းတွင် ဖြစ်သည်။ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖဆပလဥက္ကဋ္ဌ ဦးထွန်းရွှေသည် လက်မှနာရီကို ကြည့်၍ ပန်းတောင်းကမ်းနားလမ်းဆီသို့ ခပ်သုတ်သုတ်ခရီးနှင်နေသည်။ သူ့စိတ်ထဲတွင် မီမှ မီပါ့မလား၊ နောက်များကျနေပြီလားဟု စိုးရိမ်နေမိသည်။ သူနှင့်အတူပါလာသော ရပ်မိရပ်ဖအချို့ကိုပင် စောင့်ရတာ စိတ်မရှည်ချင်။ သူတို့ လမ်းလျှောက်တာ နှေးလွန်းလှသည်ဟု တွေးနေမိသည်။

ယနေ့သည် ပန်းတောင်းမြို့တွင် နိုင်ငံရေးအရ ထူးခြားသော နေ့တစ်နေ့ ဖြစ်သည်။ မြန်မာနိုင်ငံတစ်ခန်းလုံးတွင် လှည်းနေလှေအောင်း မြင်းစောင်းမကျန် လူထုထောက်ခံမှု အပြည့်ရထားသော ဖ.ဆ.ပ.လ အဖွဲ့ချုပ်ကြီး၏ ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက် ရောက်လာမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းကို ကြိုဆိုရန် သူနှင့်တကွ မြို့မိမြို့ဖများသည် ကမ်းနားသို့ ဦးတည်သွားနေကြခြင်း ဖြစ်သည်။ သူ့အိမ်မှာ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုနေရာချထားရေးများကို စီမံနေရသဖြင့် အနည်းငယ် နောက်ကျသွားသဖြင့် စိတ်လောနေရခြင်း ဖြစ်သည်။ ဗိုလ်ချုပ်သည် ပြည်မြို့မှ မော်တော်ဖြင့် ရောက်လာမည်ဟု သတင်းရထား၏။ ဗိုလ်ချုပ် တရားဟောမည့် နေရာကိုလည်း မြို့အစွန် ကွင်းပြင်ကြီးတွင် စီစဉ်ထားပြီး ဖြစ်သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းလိုက်ပါလာသော မော်တော်သည် ပန်းတောင်းမြို့ အစွန်တွင် ဆိုက်ရောက်လာခဲ့ပြီ ဖြစ်သည်။ နွေရာသီ ရေကျ၍ သောင်ပြင်ကြီး ကျယ်ပြန့်စွာ ထွန်းနေသောအခါမို့ ခါတိုင်း မော်တော်ဆိုက်လေ့ရှိသောနေရာသို့ မော်တော်သည် ဗိုလ်ချုပ်တို့ကို ရောက်အောင် မပို့နိုင်ပါချေ။ မော်တော်ဆလင်သည် အားတုံ့အားနာဖြင့် ဗိုလ်ချုပ်ကိုကြည့်၍-

''အားနာစရာတော့ ကောင်းနေပါပြီ၊ မော်တော်က ရှေ့ဆက်သွားလို့ မရတော့ဘူး၊ အရိပ်ထဲကပဲ ဦးထွန်းရွှေတို့ လာကြိုတဲ့အထိ စောင့်ပါဦး ဗိုလ်ချုပ်''

ဗိုလ်ချုပ်အောင်ဆန်းသည် မော်တော်ဆလင် ပြောသောစကားများကို နားထဲသို့ ဝင်ဟန်မတူ၊ ပတ်ဝန်းကျင်ကို သေသေချာချာကြည့်ရှု အကဲခတ်နေသည်။

ထို့နောက် တစ်စုံတစ်ခုကို မှတ်မိဟန်နှင့် -

''ဒီနေရာကို ကျုပ် သိပြီဗျ၊ ဂျပန်ခေတ်တုန်းက တော်လှန်ရေးမှာ ကျုပ်ရောက်ဖူးတယ်၊ လာခေါ်တဲ့သူ ဘာလို့ ထိုင်စောင့်နေမှာလဲ၊ ကျုပ်ဘာသာ ကျုပ် သွားနိုင်မယ်၊ လာဟေ့ ဗိုလ်ထွန်းလှ''

ဗိုလ်ချုပ်အောင်ဆန်းသည် ပြောပြောဆိုဆို အပါးတော်မြဲ ဗိုလ်ထွန်းလှကို ခေါ်၍ မော်တော်ပေါ်မှ ဆင်းသွားပြီး မော်တော်မောင်းသူဘက် လှည့်ကာ -

''ဦးထွန်းရွှေတို့ လာကြိုရင် ကျုပ် သူ့အိမ်ကို ကမ်းနားအတိုင်း လမ်းလျှောက်သွားပြီလို့ ပြောလိုက်ပါ၊ အိမ်ကပဲ စောင့်မယ်''

သောင်ပြင်ကိုဖြတ်၍ လျှောက်လာကြသော ဦးထွန်းရွှေနှင့် ပန်းတောင်းမြို့ခံများ မရောက်သေးမီ ဗိုလ်ချုပ်နှင့် ဗိုလ်ထွန်းလှတို့သည် ကမ်းနားပေါ်သို့ တက်ကာ လမ်းလျှောက် ထွက်ခွာသွားတော့သည်။

မိနစ်နှစ်ဆယ်ခန့် ကြာသောအခါမှ လာကြိုသော လူတစ်စု ရောက်လာ၏။

''ဗိုလ်ချုပ်က သွားနှင့်ပြီဗျ၊ ဦးထွန်းရွှေအိမ်က စောင့်မယ်တဲ့''

ထိုအချိန်တွင် ပန်းတောင်းမြို့နယ်၊ ဖ.ဆ.ပ.လ ဥက္ကဋ္ဌ ဦးထွန်းရွှေ အိမ်မှာ လူအနည်းငယ်ပဲ ရှိသည်။ လူကြီးများက ကမ်းနားမော်တော်ဆိပ်သို့ ဆင်း၍ ဗိုလ်ချုပ်ကို သွားကြိုသည်။ လူငယ်များက ဗိုလ်ချုပ်တရားဟောမည့် တရားဟော ခင်းမြင့်ဝယ် ကြိုတင် ပြင်ဆင်စရာရှိသည်များကို ဆောင်ရွက်ရန် ထွက်သွားကြသည်။ အိမ်၌ ဝိုင်းလုပ်ဝိုင်းစား အရှိနှင့် ဦးထွန်းရွှေ၏ ညီတော်သူ ဦးတင့်ဆွေပဲ ရှိသည်။

''ဦးထွန်းရွှေတို့အိမ်လား ခင်ဗျ၊ ကျုပ်တို့က ဧည့်သည်တွေပါ''

အိမ်ရှေ့မှ ရပ်၍ မေးနေသော ဧည့်သည်နှစ်ယောက်ကို မည်သူမည်ဝါတွေမှန်း ဦးတင့်ဆွေ မသိ။ ယခုခေတ်လို ရုပ်မြင်သံကြားလည်း မပေါ်သေး၊

သတင်းစာ စသည်များ ကလည်း တောနယ်ဘက်သို့ အရောက်အပေါက်နည်းသည်မို့ ဦးတင့်ဆွေသည် ဗိုလ်ချုပ်အောင်ဆန်း ကို ကြားဖူးရုံဖြင့် ကြည်ညိုနေသော်လည်း အပြင်တွင် တစ်ခါမျှ မမြင်ဖူးပါချေ။ သူ့စိတ်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပန်းတောင်းသို့ ရောက်လာလျှင် ဝေလမင်းသား မြန်မာပြည်လာသလို ဆိုင်းနှင့် ဗုံနှင့် အကနှင့် အခုန်နှင့် ရုတ်ရုတ်သဲသဲ ကြိုဆိုကြမည်ဟု ထင်မှတ်လျက် ဗိုလ်ချုပ်အောင်ဆန်း ဆိုသူကို မျှော်နေ၏။

"ထိုင်ကြပါဦးဗျာ၊ အစ်ကိုကြီး ဦးထွန်းရွှေက ဗိုလ်ချုပ်တို့ကို သွားကြို နေတယ်"

ဗိုလ်ချုပ်သည် ကြမ်းပြင်ပေါ်တွင်ပဲ ထိုင်ချလိုက်သည်။ အပါးတော်မြဲ ဗိုလ်ထွန်းလှ လည်း ဗိုလ်ချုပ်ဘေးတွင် ဝင်ထိုင်လိုက်၏။

"ဆာလိုက်တာဗျာ၊ ဘာစားစရာရှိလဲဗျ"

ဗိုလ်ချုပ်အောင်ဆန်းက စားစရာ တစ်ခုခု တောင်းနေသဖြင့် အိမ်ရှင် ဖြစ်သူ ဦးတင့်ဆွေက

"ခက်တာပဲဗျာ၊ စားပွဲပေါ်က ဟာတွေက ဗိုလ်ချုပ်အောင်ဆန်းတို့ လာရင် ကျွေးဖို့ ပြင်ထားတာဗျ၊ ကဲပါဗျာ ရော့- ခင်ဗျားတို့စားဖို့ နည်းနည်း ခွဲပေးပါ့မယ်"

ကျကျနန ပြင်ဆင်ထားသော စားပွဲပေါ်သို့ ဗိုလ်ချုပ်တို့ကို မဖိတ်ခေါ်ဘဲ အိမ်ရှင်သည် ကြွေရည်သုတ် သံပန်းကန်ပြား နှစ်ချပ်ထဲတွင် ကောက်ညှင်းပေါင်းများကို ထည့်ကာ ဗိုလ်ချုပ်တို့ရှေ့တွင် လာချ၏။ ထို့နောက် သံဇလုံတစ်ခုဖြင့် ဘူးသီးကြော်၊ ပဲကြော်၊ ပဲနက်ကြော်များကို လာချပေးပြီး ဦးတင့်ဆွေသည် လုပ်စရာ အလုပ်များကို ဆက်လုပ်ရင်း ဗိုလ်ချုပ်အောင်ဆန်းတို့ကို မျှော်နေ၏။

ကာကီရောင် ယူနီဖောင်းခပ်နွမ်းနွမ်းကို ဝတ်ထားသော လူစိမ်းနှစ်ယောက် သည် ကောက်ညှင်းပေါင်းကို အားရပါးရ ပလုတ်ပလောင်းစားရင်း စကား ပြောနေကြရာ သူတို့ပြောသည့် စကားထဲတွင် အင်္ဂလိပ်၊ ဖက်ဆစ်ဂျပန်၊ လွတ်လပ်ရေး စသည်ဖြင့် မကြာ မကြာ ပါလာသဖြင့် တယ်ကြီးကျယ်တဲ့ ကောင်လေးတွေပါလားဟု ဦးတင့်ဆွေက ပြုံးမိသေးသည်။

မကြာမီ ဦးထွန်းရွှေနှင့် အဖွဲ့သည် မှာယီးမှာယာ ရောက်လာ၏။ အိမ်ထဲသို့ ကမန်းကတန်း ဝင်လာရင်း-

"ဟောဗျာ၊ ဗိုလ်ချုပ်တို့ရောက်နေပြီး ကြမ်းပေါ်မှာ ထိုင်လို့ပါလား၊ ထပါ ထပါ ကုလားထိုင်ပေါ်ကို ကြွပါ၊ ဒီမှာ စားသောက်စရာ ပြင်ထားပါတယ်"

ဟု အားတုံ့အားနာ ပြောလိုက်လေသည်။

ထိုအခါမှ ချွေတ်ကလေးတွေ၊ ချာတိတ် လူစိမ်းတွေဟု ထင်နေသော ကောင်လေးမှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်နေမှန်း ဦးတင့်ဆွေသည် ထိတ်ထိတ်ပျာပျာ ဖြစ်ကာ သိသွားခဲ့လေသည်။

"ရပါတယ်ဗျာ၊ ကျုပ်တို့ အခုပဲ စားပြီးပါပြီ။ ကဲ - ကျုပ်တရားဟော သွားရမယ့် နေရာကိုသာ သွားကြစို့ ဦးထွန်းရွှေ"

ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ကို အလေးမထားဘဲ သာမန်ညွှေ့သည် တစ်ယောက်လို ဧည့်ခံကျွေးမွေးခြင်းကို ခေါင်းထဲမှာ လုံးဝ မထားဘဲ နိုင်ငံရေး တရားဟောဖို့သာ ပြောနေခြင်းကို ကြည့်၍ ဦးထွန်းရွှေတို့ လူစုမှာ အထူးပင် အံ့ဩ ကြည်ညိုကြလေသည်။

"ခဏစောင့်ပါ ဗိုလ်ချုပ်၊ ကျွန်တော်တို့ ကားစီစဉ်ထားပါတယ်"

"အံမယ် တယ်ဟုတ်ပါလား၊ ကားတွေဘာတွေနဲ့၊ ဒါနဲ့ ကားက ဘယ်မှာလဲ"

"ကားက လာနေပါပြီ ဗိုလ်ချုပ်၊ ဖောင်နဲ့ သယ်လာပါပြီ၊ ခဏပဲ စောင့်ပါ၊ ရောက်လုပါပြီ"

"ဘာဗျ၊ ကားကို ဖောင်နဲ့ သယ်လာတယ်၊ ဟုတ်စ၊ ဘယ်က ကားမို့လို့ ဖောင်နဲ့ သယ်ရတာလဲ"

"ဒီလိုပါ ဗိုလ်ချုပ်၊ ပန်းတောင်းမှာ ကားကောင်းကောင်းမရှိတော့ ပြည်မြို့က ကားကို ဖောင်ပေါ်တင်ပြီး သယ်လာရတာပါ၊ မကြာပါဘူး ရောက်တော့မှာ ပါ"

ဗိုလ်ချုပ်မျက်နှာသည် ရုတ်တရက် ဒေါသဖြင့် နီမြန်းသွား၏။ ပထမသော် စီးစရာကား အဆင်သင့် မဖြစ်သဖြင့် စိတ်ဆိုးသွားခြင်း ဖြစ်သည်ဟု ဦးထွန်းရွှေနှင့် မြို့ခံများ ထင်သေး၏။

သို့သော် ဗိုလ်ချုပ်စိတ်ဆိုးသည်မှာကား ဤသို့ ဖြစ်ပေကြောင်း ဝေါက်ငမ်း ပြောဆိုမှ သိရလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ကို ကောက်ညှင်းပေါင်း ကျွေးထားသော အိမ်ရှင်ရယ်လို့လည်း မထောက်ညှာ။ သူ့ကို ကားစီးရအောင် ဆောင်ရွက်ပေးသည်ကိုလည်း ကျေးဇူးမတင်သည့်အပြင်–

"ဒီမှာ ဦးထွန်းရွှေ၊ ခင်ဗျား တော်တော်အသုံးမကျပါလား၊ အခုလို တစ်တိုင်းပြည်လုံး လူတွေဆင်းရဲငတ်ပြတ်နေတဲ့ခေတ်ထဲမှာ ကျုပ်စီးဖို့ ကားတစ်စီးကို ပြည်ကနေ ပန်းတောင်းအထိ မြစ်ကူးချောင်းခြား ဖောင်နဲ့သယ်လာတယ်ဆိုတာ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ။ မတော်တဆ ကား မြစ်ထဲ ထိုးကျသွားရင်

ဘယ်လောက် ငွေတွေ လျော့ရမလဲ။ ဒီလို ဖားတာမျိုးကို ကျုပ်လုံးလုံးမကြိုက်ဘူး။ ဒီအတွက် ကုန်မယ့်ငွေတွေကို တိုင်းပြည်လွတ်လပ်ရေးအတွက် ရန်ပုံငွေ ထည့်ကြစမ်းပါ၊ မရှောင်ရာ ဆီမလူးကြပါနဲ့''

ဦးထွန်းရွှေသည် သူ့ကို လူပုံအလယ်တွင် နစ်ပြားမတန်အောင် ရှုတ်ချ ပြောဆိုသော ဗိုလ်ချုပ်အောင်ဆန်းကို စိတ်နာရုံမက ထိုင်ပြီး ရှိခိုးဦးချချင်လောက် အောင်ပင် ကြည်ညိုလွန်းသဖြင့် မျက်ရည်များ ဝဲလာပေတော့သည်။

''ဒီကနေ တရားဟောမယ့်နေရာကို ဘယ်လောက် ဝေးသလဲ ဦးထွန်းရွှေ''

ဟူသော ဗိုလ်ချုပ်အသံကိုကြားမှ သူ့စိတ်ကို အမြန်ထိန်းချုပ်ကာ-

''တစ်မိုင်ခွဲလောက်တော့ ဝေးပါတယ် ဗိုလ်ချုပ်''

ဟု ကမန်းကတန်း ဖြေလိုက်မိလေသည်။

''တစ်မိုင်ခွဲဆိုတာ ဘာဝေးသလဲဗျာ၊ စစ်အတွင်းက ဒီထက်ဝေးတဲ့ နေရာတွေ ကျုပ် လမ်းလျှောက်လာတာပဲ၊ အခုလည်း လမ်းလျှောက်ကြတာပေါ့။ အဆောင်အယောင်တွေ၊ ပကာသနတွေ ကျုပ် မကြိုက်ဘူး၊ ကျုပ်လိုချင်တာ လွတ်လပ်ရေးစိတ်ဓာတ်ပဲ၊ ကဲ - ရှေ့က လမ်းပြကြ''

ဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်းသည် ဖော့ဦးထုပ်ကိုဆောင်းကာ အိမ်ပေါ်မှ ဖြန်းဆို ဆင်းသွားသဖြင့် ဖ.ဆ.ပ.လအဖွဲ့ဝင်များနှင့် မြို့ခံများသည် ကပျာကယာ ဗိုလ်ချုပ်အောင်ဆန်း နောက်မှ ပြေးလိုက်ကြရပါကြောင်း။

(ကိုယ်တွေ့ကြုံသူ ဦးရဲမြင့်သို့)
Enovy ဂျာနယ် (၁၈.၇.၂၀၁၄)

❑

# မြို့နှစ်မြို့နှင့် ခမောက်မျက်နှာ

ကျွန်တော်သည် ပြည်မြို့တွင် ၁၉၆၈ ခု၌ မွေးဖွားသော ပြည်သား တစ်ယောက် ဖြစ်သည်။ ၁၉၉၆ တွင် မြောက်ဥက္ကလာပမြို့သို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရာ ကျွန်တော်၏ ပထမမြို့သည် ပြည်ဖြစ်ပြီး၊ ဒုတိယမြို့မှာ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ ဖြစ်လာပါသည်။ ကျွန်တော်၏ ဘဝသက်တမ်းတစ်ဝက်ကို ပြည်မြို့တွင် ကျင်လည်ခဲ့ပြီး၊ ဘဝသက်တမ်း တစ်ဝက်ကို ရန်ကုန်တွင် နေထိုင်ခဲ့ပါသည်။ ထိုအခါ မြို့နှစ်မြို့နှင့် ပတ်သက်ပြီး ဂုဏ်ယူစရာ၊ ရှက်ရွံ့စရာများလည်း ကျွန်တော့်ဘဝတွင် တွေ့ကြုံဖြတ်သန်းခဲ့ရပါသည်။

ပြည်မြို့နှင့် ပတ်သက်၍ ဂုဏ်အယူရဆုံးမှာ ပြည်မြို့မှထွက်သည့် အနုပညာသမားများ ကြောင့် ဖြစ်သည်။ ပြည်မြို့သည် သေးငယ်သော်လည်း မြို့အရွယ်အစားနှင့် မလျှော်အောင်ပင် နိုင်ငံကျော်အနုပညာသည်များ ထွက်ရှိခဲ့ပါသည်။ ရတုဘုရင် နဝဒေးကြီး၊ ရှင်မဟာရဋ္ဌသာရ တို့မှအစ ဒဂုန်ရွှေမျှား၊ ဇဝန၊ ညာဏ၊ ပြည်လှဖေ၊ ပဒုမ္မ ဦးစံတို့အလယ်၊ ခင်ဝမ်း၊ မောင်ချောနွယ်၊ သုခမိန်လှိုင်၊ ကိုဆွေ၊ နိုက်နိုက်(ပြည်)၊ ချမ်းငြိမ်းအေး(ပြည်)၊ ထရန်းပက် ဝင်းဦးတို့အထိ အနုပညာရှင်များ ပေါ်ထွက်ခဲ့သည်။ ယခုလည်း မျိုးဆက်သစ်များ ဖြစ်သော နိုးသော်တာ၊ ကိုရွှေထူး၊ ကာတွန်းတာတီး(ပြည်)၊ တိုးနောင်မိုး၊ သစ်ခက်အိမ်၊ ဓေ(စီးပွားရေးတက္ကသိုလ်)၊ ဝေဦးမေ၊ ယဉ်စေလွှင်(ပြည်)၊ နန်းမုံဝေ၊ ရီဇော်မောင်(ပြည်)၊ ညီရှာန်၊ မင်းယွန်း၊

နိုင်သစ် စသည့်ဖြင့် ပေါ်ပေါက်နေသဲ ကြီးစားနေသဲ ဖြစ်သည်။ အခြား နာမည်ယူစ အနုပညာရှင်များစွာလည်း ရှိပါသေးသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည်လည်း ပြည်မြို့အနီး ဝါးတော၊ ဝါးလည်ဆိုသော ရွာကလေးမှဖြစ်ရာ ပြည်မြို့နယ်တွက် အနုပညာသမား မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ စာရေးဆရာတင့်တယ်သည်လည်း ရွှေတောင်မြို့မှ ဖြစ်ရာ မြို့နီးချင်းများဖြစ်၍ ဂုဏ်ယူမိပေသည်။

ထို လူများကြောင့် ပြည်သားဖြစ်ရတာ ကျွန်တော် ဂုဏ်ယူမိခြင်း ဖြစ်ပါသည်။ လောကတွင် အနုပညာသမား ဖြစ်ရခြင်းလောက် ဂုဏ်ကျက်သရေနှင့် ပြည့်စုံသောအဖြစ် ရှိနိုင်တော့မည် မဟုတ်ပါ။

သို့ပါသော်လည်း ကျွန်တော်သည် ပြည်မြို့အတွက် အမြဲတမ်း ဂုဏ်ယူနိုင်သည် မဟုတ်။ ပြည်မြို့နှင့် ပတ်သက်လာလျှင် ဆွမ်းဆန်ထဲ ကြွက်ချေး ရောသလို လက်ညှိုးထိုး ကဲ့ရဲ့ခံစရာ၊ မြို့နာမည်ပျက်စရာကိစ္စတစ်ခုလည်း မြန်မာ့သမိုင်း၌ ဖြစ်ပေါ်ခဲ့လေသည်။ ထိုအရာကား အခြားမဟုတ်၊ မြန်မာနိုင်ငံ၏ ပထမဆုံး အာဏာသိမ်း စစ်ဗိုလ်ချုပ်ကြီး ဖြစ်ကာ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း (ခေါ်) ဗိုလ်ချုပ်နေဝင်းသည် ပြည်ခရိုင်၊ ပေါင်းတလည်မြို့နယ်၊ ချောင်းကောင်းရွာသား ဖြစ်သည်။ ငယ်စဉ်က ပြည်မြို့တွင် ပညာသင်ကြားခဲ့သည်ဟု သိရသည်။

ကျွန်တော်တို့ ပြည်သားများသည် အခြား နိုင်ငံကျော် အနုပညာသမားများ ကြောင့် ဂုဏ်တက်ကြရသော်လည်း ဗိုလ်ချုပ်နေဝင်း မွေးဖွားလာသည့်အတွက် မည်သည့်ဘက်ကမျှ ဝမ်းမြောက်ဂုဏ်ယူနိုင်ခဲ့ခြင်း မရှိချေ။ အာဏာရှင်တစ်ဦး ပေါ်ထွန်းလာခြင်းအတွက် သူ့ကို လက်ခံ ထမ်းရွက်ထားရသော မဟာပထဝီမြေကြီး ကပင်လျှင် အပြစ်ကြီးတစ်ခုကို ကျူးလွန်သယောင်ရှိနေသော အဖြစ်ကြောင့် ဗိုလ်ချုပ်နေဝင်း (ခေါ်) ကိုရှုမောင်တစ်ယောက် ပေါ်ထွန်းလာခဲ့ခြင်းအတွက် ကျွန်တော်တို့ မြို့သူ မြို့သားများမှာ စိတ်မသက်သာမှုများသာ ဖြစ်ပေါ်ခဲ့ရပါသည်။

ဗိုလ်ချုပ်နေဝင်းအကြောင်းကို ပြန်ပြောင်းစဉ်းစားသောအခါ ကျွန်တော့် မှတ်ဉာဏ်ထဲ၌ ပေါ်လာသည်မှာ နိုင်ငံရေးလည်း မဟုတ်၊ စစ်ရေးလည်း မဟုတ်၊ ကလေးတစ်ယောက်၏ ကမောက်ကမ မှတ်ဉာဏ်ကလေးတစ်ခုသာ ဖြစ်သည်။

ကျွန်တော် မှတ်မိနေသည်မှာ စစ်ကားတစ်စီးသည် ကျွန်တော်တို့ နေထိုင်ရာ ဆံတော်ရပ်ကွက်ထဲသို့ မောင်းဝင်လာပြီး မှန်လင်မယား၊ ရေမုန့်များရောင်းချသော ကိုဝင်း၊ မမြမေ ဟူသော ဆင်းရဲသား လင်မယားအိမ်ရှေ့တွင် ရပ်လိုက်သည်။

ထို့နောက် ကိုဝင်းနှင့် မမြမေသည် သူတို့တွင် ရှိသမျှ အကောင်းဆုံး အဝတ်အစား များကို သပ်ရပ်စွာ ဝတ်ဆင်လျက် အိုးခွက်ပန်းကန်၊ ဖျာ၊ ယောက်မ စသည်တို့ကို သယ်ဆောင်ကာ လာခေါ်သော စစ်ကားပေါ်သို့ လိုက်သွားတော့သည်။ ဒါဆိုလျှင် တစ်ရပ်ကွက်လုံး နားလည်လိုက်သည်မှာ ဥက္ကဋ္ဌကြီး ဦးနေဝင်း ပြည်မြို့သို့ ရောက်နေပေပြီ။

ဦးနေဝင်းသည် သူငယ်စဉ်က ပြည်မြို့တွင် စားခဲ့ရသော ကြက်သား ပလာတာ၊ ရေမုန့်၊ မုန့်လင်မယား၊ မုန့်ပျားသလက် စသည်တို့ကို အလွန်နှစ်သက်၏။ ထို့ကြောင့် ဦးနေဝင်း ပြည်မြို့သို့လာသည်နှင့် ပလာတာသည်၊ မုန့်လင်မယားသည်၊ ရေမုန့်သည်များကို စစ်တပ်က လာခေါ်ကာ ဆော်ဒါမှာပြီး ဦးနေဝင်းအား ဧည့်ခံခြင်း ဖြစ်သည်။

ငိုအားထက် ရယ်အားသန်ဖြစ်ရပ်မှာ ပြည်မြို့ ဘုရားကြီးဈေးတွင် ပလာတာရောင်းသော ဦးနှတ်ခမ်းမွေးဟုသည့် ကုလားကြီးထံတွင် ဦးနေဝင်းသည် ငယ်စဉ်မှစ၍ အားပေးလာသော ဖောက်သည်ဖြစ်၍နေ၏။ သူ ဗိုလ်ချုပ်နေဝင်း ဘဝသို့ ရောက်သောအခါ ထိုကုလားကြီးကို ပြည်မြို့ တပ်မ(၆၆)သို့ခေါ်ကာ ပလာတာချက်ကြွေးနိုင်းပြီး အလိုရှိတာ တောင်းပါဟုဆို၏။

ထိုအခါ ကုလားကြီးသည် အလွန်တရာ ဝမ်းသာသွားပြီး-

"အခြားတော့ မတောင်းချင်ပါဘူး၊ ဒါပေမဲ့ ကျုပ် ပလာတာရောင်းတဲ့ နေရာမှာ လူကြီးလမ်းကြောင်းရှိတိုင်း ဆိုင်မထွက်ရဘူးလို့ စည်ပင်သာယာက လာလာပြီးနှင်တယ်၊ ဒါကြောင့် ဖြစ်နိုင်ရင် နှုတ်ခမ်းမွေးပလာတာဆိုင် ဘယ်တော့မှ ပိတ်သိမ်းခွင့်မပြုဆိုတဲ့ အမိန့်စာလေးမှာ ဥက္ကဋ္ဌကြီး လက်မှတ်ထိုးပြီး ပေးစေချင် ပါတယ်"ဟု တောင်းဆိုခဲ့သည်။

ကြားရသူအပေါင်းက ရယ်ကြပြီး သည်ထက် တန်ဖိုးရှိတာ မတောင်းလေ ခြင်းဟု ပြောကြသော်လည်း ဦးနှုတ်ခမ်းမွေးသည် ဦးနေဝင်းထံမှ စာကို တခုတ်တရ သိမ်းဆည်းထားပြီး ထိုအချိန်မှစကာ ၁၉၈၈ ဦးနေဝင်း ခေတ်ကုန်သည်အထိ မည်သည့် လူကြီးလမ်းကြောင်း လာသည် ဖြစ်စေ ပလာတာဆိုင် ပိတ်သိမ်းစရာ မလိုဘဲ ရောင်းချနိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင်မူကား ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်တွင် တက်နေသော တက္ကသိုလ်ကျောင်းသားတစ်ယောက်ဖြစ်နေပြီ ဖြစ်သဖြင့် နိုင်ငံရေးကို အသင့်အတင့် နားလည်နေပြီ ဖြစ်သည်။ အင်းယတ်လမ်းပေါ်မှ လျှောက်လှမ်းမိတိုင်း လမ်းမဘေးတွင်တွေ့ရ[illegible] မြက်ကွက်လပ်ကိုကြည့်ကာ ဤနေရာကား ကျောင်းသား

သမဂ္ဂ အဆောက်အအုံပေတည်း၊ ဤအဆောက်အအုံကို ဖုံးခွဲခဲ့သည့် လက်သည် တရားခံမှာ ဦးနေဝင်းဖြစ်မှန်း ကောင်းကောင်း သိနေပေပြီ။

"တပ်မတော်ဟာ သေနတ်ပစ်ရင် မှန်အောင် တည့်တည့်ပစ်တယ်၊ မိုးပေါ် ထောင်မပစ်ဘူး" ဟူသော ဦးနေဝင်း၏ မောက်မာခြိမ်းခြောက်သော ၁၉၈၈ မ·ဆ·လ လွှတ်တော် နောက်ဆုံးမိန့်ခွန်းကို အောနလုံးနာစိလာပါသည်။

မြန်မာနိုင်ငံကြီး ကမ္ဘာ့အဆင်းရဲဆုံး (LDC) အဆင့်သို့ ရောက်သွားရခြင်း၏ အဓိက တရားခံမှာ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ပါတီဥက္ကဋ္ဌ ဦးနေဝင်း လက်ချက်ဆိုတာ ရှင်းရှင်းလင်းလင်း သဘောပေါက်လာခဲ့ပြီ ဖြစ်သည်။

မြို့လူထုမှာလည်း တိုင်းပြည်မွဲရခြင်းသည် ဦးနေဝင်းနှင့် မ·ဆ·လ အစိုးရစနစ်၊ စစ်အာဏာရှင်လက်ချက် ဆိုသည်ကို နက်နက်ရှိုင်းရှိုင်း သိလာကြချေပြီ။ ဦးနေဝင်းကို မွေးဖွားမိခဲ့ခြင်းအတွက် ပြည်မြို့သားများသည် ရှက်ရွံ့မှုကို စတင် ခံစားရပေပြီ။

သို့သော် ဦးနေဝင်း၏ ဩဇာကို မိနေသူများကလည်း ခုနှင့် ဒေးပင်။ အကောင်းဆုံး သာဓကမှာ ၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အပြတ်အသတ် အနိုင် ရရှိခဲ့သော်လည်း ပြည်မြို့တွင်မူ မဲဆန္ဒနယ်နှစ်ခုရှိပြီး မဲဆန္ဒနယ်တစ်ခုတွင် ဒီချုပ်မှ အနိုင်ရပြီး တောပိုင်းမှ ဆန္ဒမဲများသော နောက်ထပ် မဲဆန္ဒနယ်တစ်ခုတွင် မ·ဆ·လပါတီကို အသွင်ပြောင်းထားသော တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ပါတီမှ အနိုင်ရရှိခဲ့ပါသည်။ အလွန် အံ့အားသင့်ဖွယ် ဖြစ်ပါသည်။

ကျွန်တော် မှတ်မိသည်မှာ ပြည်မြို့တွင် ထိုသို့ NLD တစ်နေရာရှုံးပြီး တ·စ·ညပါတီမှ နိုင်သည် ကြားသောအခါ အားလုံးသည် ကျွန်တော်တို့မြို့ကို ဒေါသဖြစ်ကြပေ၏။ ရွေးကောက်ပွဲရလဒ် သိရသည့်နေ့က ရန်ကုန်-ပြည် အဝေးပြေးလမ်းမှ ထမင်းဆိုင်အချို့သည် ပြည်မြို့မှလာသော ကားများကို ထမင်း မရောင်းဟု သပိတ်မှောက် ဆန္ဒပြကြသည်ကို ကြုံခဲ့ရဖူး၏။ ဪ... ဦးနေဝင်းကား ပြည်မြို့သားများကို ဤမျှအထိ ဒုက္ခပေး ကြိုးဖြတ်မွေခဲ့ချေသည်တကား။

ယခု အချိန်ထိလည်း အာဏာရှင်ဇိုလ်ချုပ်နေဝင်း၊ ဦးနေဝင်း အကြောင်း ရေးကြ၊ ပြောကြသောအခါ မွေးဖွားရာဇာတိ ပြည်မြို့ ဟူ၍ လည်းကောင်း၊ ပြည်စရိုင် ပေါင်းတလည်မြို့ ဟူ၍ လည်းကောင်း ကြားလိုက်ရလျှင် ကျွန်တော်တို့သည် ကိုယ်နှင့် ဘာမှ မဆိုင်ဘဲ ရှက်သလိုလို၊ သိမ်ငယ်သလိုလို ဖြစ်သွားရချေသေး၏။ သခင်မကြီး ဒေါ်သိန်းတင်လိုလူမျိုး၊ သခင်ကိုယ်တော်မှိုင်းလို လူမျိုးများလည်း

ထွက်ပေါ်ခဲ့သဖြင့်သာ ပြောသာပါသေး၏။ ဤကား အာဏာရှင်တစ်ဦးကို မွေးဖွား ခဲ့သဖြင့် မြို့ခံတစ်ဦး ရရှိခဲ့သော စိတ်ဒုက္ခ ဖြစ်သည်။

နောက်ထပ် ကျွန်တော် ယခု နေထိုင်သော မြောက်ဥက္ကလာပမြို့နယ် အကြောင်း ပြောရပေဦးအံ့။ မြောက်ဥက္ကလာသည် ၁၉၅၈ တွင်မှ စပေါ်လာသော မြို့သစ်တစ်ခုဖြစ်သဖြင့် ရှေးအတိတ်ကာလ သမိုင်းကြောင်း ရှည်ရှည်လျားလျား ပြစရာ မလိုချေ။ လောလောလတ်လတ်တွင် ရာဇဝင်နှင့်မြို့ ဖြစ်သည်။ ၁၉၈၈ အရေးအခင်းတွင် လူအချို့က မင်းမဲ့စရိုက်ဆန်ဆန် ပြည်သူ့ရဲကို ခေါင်းဖြတ်ကာ မီးနှင့်ကင်စားခဲ့သဖြင့် ဟိုးလေးတကျော်ဖြစ်ခဲ့ရသောမြို့ ဖြစ်သည်။

ရှစ်လေးလုံး အရေးတော်ပုံကာလက နာမည်ကြီးခဲ့သော ချောင်ကြီးမွေ ဆိုသူမှာ မြောက်ဥက္ကလာမှ ဖြစ်သည်။ အရေးအခင်းကာလတွင် စစ်ကားတစ်စီးကို လူအုပ်ဖြင့် ပိတ်ဆို့ တားဆီးထားသည့်အတွက် တပ်မတော်မှ လေယာဉ်ပျံဖြင့် စာရွက်များကြဲချကာ သတိပေးခဲ့ရသောမြို့ ဖြစ်သည်။

၁၉၈၈ အရေးတော်ပုံတွင် ကျဆုံးသွားသူများကို မြောက်ဥက္ကလာ ခုံးကျော်တံတားအနီးတွင် အမှတ်တရ အာဇာနည်ကျောက်တိုင် စိုက်ခဲ့သောမြို့ ဖြစ်သည် (စစ်အစိုးရတက်လာပြီး ထိုကျောက်တိုင်ကို ဖျက်ဆီးပစ်ခဲ့၏)။ .

မြောက်ဥက္ကလာ တည်ခါစတွင် ဘာသာခြား အချို့က ဗလီတည်ဆောက်ရာ သံဃာများနှင့် မြို့ခံများက သဘောမတူသဖြင့် အဓိကရုဏ်း ဖြစ်ခဲ့ဖူးပါသည်။ ၁၉၉၆ မှ ပြောင်းရွှေ့လာသဖြင့် ကျွန်တော်သည် ထိုစဉ်က အဖြစ်အပျက်များကို လက်လှမ်းမမီခဲ့ပါ။

ကျွန်တော် ဂုဏ်ယူမိသောအဖြစ်မှာ မြောက်ဥက္ကလာသည် မြန်မာနိုင်ငံတွင် စာရေးဆရာအများဆုံးရှိသောမြို့နယ် ဖြစ်နေခြင်းပင် ဖြစ်သည်။ နံနက်တိုင်း လက်ဖက်ရည်ဆိုင်တွင် ကိုယ်ခင်မင်ရသော စာရေးဆရာများနှင့် တွေ့ဆုံ စကားပြောခွင့်ရခြင်းမှာ ကြီးမားသော ပီတိတစ်မျိုး ဖြစ်ပါသည်။

မြောက်ဥက္ကလာတွင် စာရေးဆရာ သစ္စာနီ ရှိ၏။ မောင်ကျော်သာ(ပဲခူး) ရှိ၏။ မောင်ပြည့်လှိုင်း (သံတွဲ) ရှိ၏။ ဦးရွှေမောင် ရှိ၏။ ကေတုလှနိုင် ရှိ၏။ တင်နိုင်တိုး ရှိ၏။ တက္ကသိုလ်သျှင်သီရိ ရှိ၏။ ဆရာနတ်နွယ်(ကွယ်လွန်) ရှိခဲ့၏။ မောင်ဆုရှင် (ကွယ်လွန်) ရှိခဲ့၏။ မောင်ရန်ပိုင် ရှိခဲ့ဖူး၏။ ဆရာပါရဂူ၏ သျှန်တိန်ကေတန် စာကြည့်တိုက် ရှိ၏။

လောလောဆယ် ပန္နမဒီရိုင်း၊ ကောင်းဆက်နိုင်၊ ဆရာ မောင်သာချို၊ မောင်မြတ်မွန် (ဆူးလေ)၊ ကဗျာဆရာ နေစိမ့်၊ နီဟိန်းမော် စသူတို့ ရှိ၏။ အလွန်ပင်

အနုပညာသမား ပေါ်များရာအရပ်ဒေသ ဖြစ်သည်။ ထို့ကြောင့် မြောက်ဥက္ကလာမှာ နေရတာ ဂုဏ်ယူဖွယ်ပင် ဖြစ်သည်။

သို့သော် ဂုဏ်မယူနိုင်ဖွယ်ကိစ္စအချို့လည်း ယခုတစ်လောတွင် ဖြစ်လာပါသည်။ ယခုတစ်လော လူပြောများနေသော PR ခေါ် အချိုးကျ ကိုယ်စားပြု ရွေးကောက်ပွဲစနစ်သို့ လာမည့်ရွေးကောက်ပွဲများအထိ ပြောင်းလဲကျင်းပရေးအဆိုကို အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့ရာ ထိုအဆိုကို တင်သွင်းသူမှာ မြောက်ဥက္ကလာပမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်နေသည်။ ဒေါ်ခင်ဝိုင်းကြည်သည် ဟိုတစ်လောကလည်း ဟောပြောပွဲတစ်ခုတွင် ဦးရွှေမန်းသမ္မတဖြစ်ရေးကို ထောက်ခံသည်ဟု ပြောကြားခဲ့သဖြင့် N.D.F ပါတီက ၎င်းပြောကြားမှုမှာ ပါတီ၏မူဝါဒ မဟုတ်ကြောင်း လိုက်လံရှင်းလင်းခဲ့ရသည်။ ဒေါ်ခင်ဝိုင်းကြည်ကို လွှတ်တော်အတွင်းသို့ လွှတ်လိုက်ခြင်းမှာ မြောက်ဥက္ကလာပြည်သူများ ဖြစ်ပေသည်။ ထို့ကြောင့် မြောက်ဥက္ကလာသား တစ်ယောက်အနေနှင့်ရော မြန်မာနိုင်ငံသားတစ်ယောက် အနေနှင့်ပါ ဒေါ်ခင်ဝိုင်းကြည်၏ ဦးတည်ချက်များကို ဆန်းစစ်ဖို့ လိုအပ်လာပေသည်။

၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပရာ ထိုစဉ်က N.L.D ပါတီသည် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ စစ်အစိုးရက လွှတ်မပေးခဲ့သည်ကို အကြောင်းပြု၍ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။ N.L.D အတွင်း ရွေးကောက်ပွဲ ဝင်လိုသူနှင့် ရွေးကောက်ပွဲကို သပိတ်မှောက်လိုသူဟူ၍ နှစ်ခြမ်းကွဲသွားခဲ့ပြီး ရွေးကောက်ပွဲ ဝင်လိုသူများမှ အမျိုးသားဒီမိုကရေစီအင်အားစု (N.D.F) အဖြစ် ပါတီခွဲထောင်ကြခြင်း ဖြစ်သည်။ ၎င်းအချိန်အထိ ပြည်သူလူထုသည် N.D.F ကို ထောက်ခံခဲ့သည်။ ရွေးကောက်ပွဲကို သပိတ်မှောက်သည်မှာ မိမိ၏ ဒီမိုကရေစီ ရပိုင်ခွင့်များကို မိမိကိုယ်တိုင် ပိတ်ပင်တားဆီးရာရောက်သဖြင့် နိုင်ငံရေး မရင့်ကျက်မှုကိုဖော်ပြသော လက်တွေ့မဆန်သည့်လုပ်ရပ်ဟု ကျွန်တော်အပါအဝင် တော်တော်များများက သုံးသပ်ကြပါသည်။

၂၀၁၀ ရွေးကောက်ပွဲ လုပ်သောအခါ ကျွန်တော်တို့တွင် ရွေးစရာပါတီ များများစားစား မရှိလှ။ အဓိကပါတီကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ယှဉ်ပြိုင် အရွေးခံသူမှာ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးဘတင့်ဆွေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် N.D.F သာ ရှိသည်။

N.D.F သည် ရွေးကောက်ပွဲသင်္ကေတကို N.L.D ၏ ၁၉၉၀ ရွေးကောက်ပွဲတွင် ကြောက်ခမန်းလိလိ အနိုင်ရခဲ့သော ခမောက်သင်္ကေတကို ယူလိုက်သည်။

N.L.D ကလည်း ရွေးကောက်ပွဲတွင် မပါသဖြင့် ခမောက် သင်္ကေတကို ကန့်ကွက်ခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်က N.D.F ကို ခမောက်သုံးခွင့် ပြုခဲ့သည်။

စင်စစ် ဒေါ်ခင်ဝိုင်းကြည် ဘယ်သူ ဆိုသည်ကို ကျွန်တော်တို့ မသိ။ ခမောက်မျက်နှာနှင့် ဒီမိုကရေစီဘက်တော်သားဟု ယုံကြည်သတ်မှတ်ကာ မဲပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ မြောက်ဥက္ကလာမှ ပြည်သူ့လွှတ်တော်တွင် ဒေါက်တာသန်းဝင်း၊ အမျိုးသားလွှတ်တော်တွင် ဒေါ်ခင်ဝိုင်းကြည် N.D.F ပါတီကို ကိုယ်စားပြုကာ အနိုင်ရသွားခဲ့ကြသည်။ ဤသို့ နိုင်သည်ကို ကျွန်တော်တို့ ဝမ်းသာပါ၏။ စစ်အစိုးရ ဘက်တော်သားများကို ရင်ဆိုင်တိုက်ခိုက်ရန် ဒီမိုကရေစီဘက်တော်သားများကို ရွေးချယ်နိုင်လိုက်ပြီ မဟုတ်ပါလား။

သို့သော် မကြာမီပင် ကျွန်တော်တို့ ရွေးချယ်လိုက်တာ မှားပြီလားဟု မြောက်ဥက္ကလာသားများ စတင် သံသယဝင်လာမိသည်။ (ဆ) ရပ်ကွက်၊ မြောက်ဥက္ကလာ လူထုနှင့် တွေ့ဆုံပွဲတွင် ဒေါ်ခင်ဝိုင်းကြည် စကားပြောသည်ကို သွားနားထောင်ကြည့်ရာ အားတက်စရာ ဒီမိုကရေစီတရားများကို မနာရဘဲ စစ်အစိုးရခေတ် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများမှာ ပါသော ဆောင်းပါးများသဖွယ် အစိုးရအာဘော်များကိုသာ ကြားရတော့၏။

ဥပမာအားဖြင့် လမ်းပေါ်တက် ဆန္ဒပြသည်မှာ မကောင်းကြောင်း၊ ထိုသို့ လုပ်စရာ မလိုကြောင်း၊ အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်ဖို့သာလိုကြောင်း စသည်ဖြင့် ဟောပြောသောကြောင့် စတင် စိတ်ပျက်မိပေသည်။

N.D.F မှ ဒေါက်တာမြတ်ဉာဏစိုးနှင့် ဒေါက်တာ သန်းဝင်းသည် N.L.D ပါတီထဲ ပြန်ရောက်သွား၏။ ဒေါ်ခင်ဝိုင်းကြည်ကမူ N.L.D နှင့် လည်းကောင်း၊ မိခင်ပါတီဖြစ်သော N.D.F နှင့် လည်းကောင်း ပိုမို ကင်းကွာသွားပြီး ကြံ့ခိုင်ရေးလိုလို ဘာလိုလိုဖြစ်ကာ အစိုးရနှင့် အာဏာရပါတီကြီးကို လိုလားသော စကားများကို ပြောလာ၏။ ဒေါ်အောင်ဆန်းစုကြည်ကို တစ်ပြည်လုံးက လိုလားနှစ်သက်နေပါလျက် ဦးရွှေမန်း သမ္မတဖြစ်ရေးကို ထောက်ခံသည်ဟု ဗျာလွန် ရှက်တိုက်သည်။ ပြည်သူလူထုသည် စစ်အစိုးရကိုလည်းကောင်း၊ စစ်ဗိုလ်လူထွက်များကို လည်းကောင်း ငြီးငွေ့ စိတ်ပျက်နေကြသော အချိန်တွင် စစ်ဗိုလ်ချုပ်ဟောင်းတစ်ယောက်ကို သမ္မတအဖြစ် လိုလားသည် ဆိုခြင်းမှာ ပြည်သူလူထုကို စော်ကားလိုက်ခြင်း ဖြစ်သည်။

လူထုက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ရေး၊ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး၊ ပုဒ်မ ၅၉(စ) ပြင်ဆင်ရေးတို့ကို အင်တိုက်အားတိုက် တောင်းဆိုနေကြချိန်တွင်

လူထုကို အာရုံလွဲသော အဖြစ်များကို အစိုးရနှင့် အာဏာရပါတီကြီးက လုပ်လာကြသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် နိုင်ခြေမရှိတော့မှန်း ပြတ်ပြတ်သားသား ရိပ်စားမိသော ဒေါ်ခင်ဝိုင်းကြည်နှင့် N.D.F သည်လည်း အချိုးကျ ကိုယ်စားပြုစနစ်ဆိုသော PR ကို ဖုန်သုတ် ပွဲထုတ်လာ၏။

(PR အကြောင်း စာရေးဆရာ အတော်များများ ရေးထားပြီးဖြစ်၍ စာလေးမည်စိုးသဖြင့် ထပ်ရှင်းမပြတော့ပြီ)

PR ကို လိုလားခြင်းမှာ နိုင်ငံကောင်းစားဖို့လား၊ နောက် တစ်ကြိမ်လွှတ်တော်တွင် မိမိ ပြန်ပါရေးအတွက်လား ဆိုသည်ကို ဒေါ်ခင်ဝိုင်းကြည်ပဲ သိပေလိမ့်မည်။

ရွေးကောက်ပွဲတွင် အနိုင် မရတော့ဟု ခန့်မှန်းနိုင်သည့်အချိန်မှ PR စနစ်သည် ပေါ်ထွက်လာခြင်းမှာ အံ့ဩစရာ ကောင်းပေသည်။ PR ကိုသုံးရန် ပြည်နိုင်ကြံ့ပါတီက စတင် အဆိုပြုခဲ့လျှင် အံ့ဩစရာ ရှိမည် မဟုတ်။ မဆီမဆိုင် ဒီမိုကရေစီဘက်တော်သားပါဟု ယုံကြည်၍ လွှတ်တော်ထဲသို့ ပို့ခဲ့ရသော N.D.F ပါတီဝင် ဒေါ်ခင်ဝိုင်းကြည်က (ယခုအချိန်မှာမှ)စတင် အဆိုတင်သွင်းခြင်းမှာ သူ့ကိုမားရိုးကမ်းသလို ရှိပါပေသည်။

မြန်မာပြည်သူ လူထုသည် စစ်အာဏာရှင် အစိုးရလက်အောက်တွင် နှစ်(၅၀)ခန့် ကြိတ်မှိတ် ဖြတ်သန်းခဲ့ရပါသည်။ ယခုထက်ထိလည်း စစ်မှန်သော ဒီမိုကရေစီအစိုးရ တက်မလာသေးပါ။ ၂၀၁၅ ခုနှစ်တွင်တော့ ပြည်သူလူထုက လိုလားနှစ်သက်သော အစိုးရကို ၁၉၆၂ ခုမှစကာ ပထမဆုံးအနေဖြင့် ရွေးကောက်တင်မြှောက်ခွင့် ရချင်ပါသည်။ ပြည်သူက ကြည်ဖြူသော အစိုးရကို ပြည်သူက ရွေးကောက်ခွင့်အား ကျောက်ဆယ်မျက် မလုပ်ကြပါနှင့်။

လက်ပါးစေနှင့် စားကြွင်းစားကျန် အခွင့်ထူးရနေသူအချို့၏ ထောက်ခံမဲတချို့တလေမှလွဲ၍ ပြည်သူလူထု မနှစ်သက်သဖြင့် ဝိုင်းကြည့်ထားသော ပါတီမှ အမတ်များကို လွှတ်တော်ထဲသို့ ခွတ်ခေါ်လာနိုင်သော PR စနစ်ကို ဒေါ်ခင်ဝိုင်းကြည်အပါအဝင် N.D.F အမတ်များ ကြိုးစား ပွဲထုတ်နေခြင်းသည် မမွေးဖွားသေးသော ကလေးကို မတ်တတ်ရပ်ခိုင်းနေခြင်း ဖြစ်၍ သမိုင်းတရားခံ ဖြစ်နိုင်သဖြင့် ရှောင်ကြဉ်ကြစေလိုပါသည်။

ဤသို့ လုပ်မှ လွှတ်တော်ထဲသို့ ဝင်ရမည်ဆိုလျှင်လည်း အရွေးမခံရဘဲ သိက္ခာရှိရှိ ရွေးကောက်ပွဲ ရှုံးခြင်းက ပိုကောင်းပါသည်။

လွှတ်တော်အမတ် ဖြစ်နိုင်သည့် နောက်တစ်နည်းမှာ ကျန်ရှိသေးသော လွှတ်တော်သက်တမ်းတွင် ပြည်သူလူထုက ထောက်ခံလာစေရန် မှန်ကန်သော အဆိုများ၊ တိုက်တွန်းချက်များ၊ ဥပဒေကြမ်းများကို တင်သွင်း၍ မိမိသမိုင်းကြောင်း ကောင်းအောင်လုပ်ရန် ဖြစ်ပါသည်။

ခမောက်မျက်နှာဖြင့် လွှတ်တော်ထဲသို့ ရောက်လာခြင်း ဖြစ်သည့် အတွက် ခမောက်ကို ချွင်းခြင်းဖြစ်သည့် ဘက်ပြောင်းခြင်း၊ ပြည်သူကို လှည့်ဖြားခြင်း၊ အာဏာရှင်နှင့် ပူးပေါင်းခြင်း၊ သူနိုး ဓားရိုးကမ်းခြင်း၊ အဖွဲ့ကို ရှေ့တန်းတင်ခြင်း များကို စွန့်လွှတ်သင့်ပါသည်။

မြောက်ဥက္ကလာမှ ရွေးချယ်လိုက်သော ဒီမိုကရေစီ ဘက်တော်သား အမတ် တစ်ယောက်သည် အာဏာရှင်တို့က ပြည်သူလူထု အာရုံပြောင်းအောင် ညစ်ကွက်ရိုးနဲ့ သုံးလာခြင်းကို ပုလင်းတူ ဘူးဆို့ ပါဝင်ဆောင်ရွက်နေခြင်းအား ကျွန်တော်တို့ မြောက်ဥက္ကလာ မဲဆန္ဒရှင်များက ရှက်မိပါသည်။ စစ်အာဏာရှင်ဟောင်းတို့၏ လမ်းကြောင်းနှင့် အချိန်မနှောင်းမီ ခွဲထွက်သင့်ပါသည်။

ပြည်မြို့သား တစ်ယောက်အနေဖြင့် ဦးနေဝင်းကြောင့် အရှက်ရခဲ့ပြီး ဖြစ်ရာ မြောက်ဥက္ကလာကို ပြောင်းလာခါမှ ဒေါ်ခင်ဝိုင်းကြည်အတွက် တစ်ရှက်က နှစ်ရှက် မဖြစ်ချင်တော့ပါကြောင်း။

**News Watch ဂျာနယ် (၁·၇·၂၀၁၄)**

❑

## ဒေါ်အောင်ဆန်းစုကြည်၊ သို့မဟုတ် နေရာမှားပွင့်တဲ့ပန်းတစ်ပွင့်

မြန်မာနိုင်ငံတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်လာလျှင် အများအားဖြင့် အမြင်နှစ်မျိုး၊ ရှုထောင့်နှစ်သွယ်ဖြင့်သာ ချဉ်းကပ်ကြတာ တွေ့မြင်ရသည်။ ထိုသဘောထား အမြင်နှစ်မျိုးမှာ သိပ်ပြီး အကောင်းမြင်လွန်းခြင်းနှင့် သိပ်ပြီး အဆိုးမြင်လွန်းခြင်း ဖြစ်သည်။

လူတစ်ရာလျှင် ၉၀ ရာနိုင်နှုန်းလောက်က ဒေါ်အောင်ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေးဆန်ဆန် ကိုးကွယ်ကြသည်။ အမေစု၊ အမေ… စသည်ဖြင့် ခေါ်ဝေါ် သမုတ်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်သည် တာဝတိံသာနတ်ပြည်မှ နတ်သက် ကြွေကာ လူ့ပြည်တွင် မွေးဖွားလာသော ကောင်းကင်ဘုံ၏ လက်ဆောင်လောက်နီးပါး ယုံကြည်ကိုးကွယ်ကြသည်။ ဒရိုင်းလားမား ဆရာတော်ကို တိဗက်တွေက ကိုးကွယ် ကြသလို ဒေါ်အောင်ဆန်းစုကြည်ကို သူ့နောက်လိုက်တွေက ပုဂ္ဂိုလ်ရေး ဆည်းကပ်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်သူသည် ဒီမိုကရေစီကို မလိုလားသူ၊ အမျိုးသားသစ္စာဖောက်ဘဝသို့ ကျရောက်သွားလေ ရှိသည်။ ဤကား ပထမအမြင် ဖြစ်ပေသည်။

မြန်မာနိုင်ငံတော်၏ ၉ ရာနိုင်နှုန်းခန့် ရှိသော လူထုသည် ဒေါ်အောင်ဆန်းစုကြည် ဆန့်ကျင်ရေးသမားများ ဖြစ်သည်။ သူတို့သည် ဒေါ်အောင်ဆန်းစုကြည်အပေါ်တွင် အဆိုး မြင်လွန်းသူများ ဖြစ်သည်။ သူတို့ထဲမှ အများစုမှာ ယခင် အစိုးရလက်ထက်က ရာထူး၊ အာဏာနှင့် လုပ်ပိုင်ခွင့်ကြီးကြီး

ရခဲ့ကြသူများ၊ စစ်အစိုးရ၏ ဒေါက်တိုင်များ၊ တပ်မတော်သား အချို့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ၊ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ အစွန်းရောက်မျိုးချစ်များ ဖြစ်သည်။ သူတို့၏ စွပ်စွဲချက်များမှာ အများအားဖြင့် ဉာဏ်ပညာဖြင့် မယှဉ်သော တစ်ဖက်သတ် ဝါဒဖြန့်စကားများသာ ဖြစ်နေတတ်သည်။ ဒေါ်အောင်ဆန်းစုကြည် ဆန့်ကျင်ရေးသမားတစ်ယောက်၏ လေသံကို ဥပမာအနေဖြင့် ခေတ္တခဏ နားထောင်ကြည့် ကြပါစို့။

သူတို့က အောက်ပါအတိုင်း ပြောဆို ဝါဒဖြန့်လေ့ ရှိပေသည်။

"ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်သွားပါက မြန်မာအိမ်မြှုတော်တွင် နိုင်ငံခြားသားမိသားစု ချက်ချင်း ရောက်လာတော့မည်။ နိုင်ငံတော် အခမ်းအနားများတွင် မြန်မာစကားမတတ်သော ဒေါ်စုသားများ တောင်ရှည်ပုဆိုး မဝတ်တတ်ဝတ်တတ်ဖြင့် အခမ်းအနားတက်တော့မည်။ အစ္စလာမ်ဘာသာဝင် အများဆုံးပါဝင်သည့် NLD ပါတီမှ သမ္မတ ဖြစ်လာခြင်းကြောင့် လွှတ်လပ်စွာ ကိုးကွယ်ခွင့်အရ နိုင်ငံအနှံ့ ဗလီများ နှိုက်လိုပေါက်လာတော့မည်။ OIC ရုံး ဖွင့်ခွင့်ရသွားမည်။ ဘင်္ဂါလီများ ရိုဟင်ဂျာတိုင်းရင်းသား ဖြစ်သွားကာ ပြည်ထောင်စုနေ့တွင် ပါဝင်ဆင်နွှဲတော့မည်။ လူ့အခွင့်အရေးအရ မယားယူနိုင်သလောက် ယူကြတော့မည်။ အမျိုးသမီး အခွင့်အရေးအရ ကလေးမွေးနိုင်သလောက် မွေးကြတော့မည်။ မြို့တိုင်း၏ အလယ်တွင် ဗလီများ နေရာယူလာကာ ဘုန်းကြီးကျောင်းများ မြို့ပြင်ရောက်သွားကြမည် (အနောက်တောင်မြို့အချို့မှာ ဖြစ်နေပြီဖြစ်သည်)။ မြို့လယ်တွင် ဘုန်းကြီးကျောင်းမှ ပဋ္ဌာန်းသံ မကြားရတော့၊ ခေါင်းလောင်းသံ မကြားရတော့။ ကုလားအော်သံတွေသာ ကြားရတော့မည်။ NLD မထောက်ခံသည့် မျိုးစောင့်ဥပဒေမှာလည်း အလိုလို ပျက်ပြယ်သွားပြီး အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေး ဆရာတော်များ ဖိနှိပ်ခံရကာ ဘာသာ၊ သာသနာ တဖြည်းဖြည်း ပျောက်သွားမည်။ Time မဂ္ဂဇင်း သာမက ပြည်တွင်းမှာ အသစ်ပေါ်ထွက်လာမည့် ဂျာနယ်မျက်နှာဖုံးတိုင်းတွင် ဗုဒ္ဓဘုန်းကြီးများကို အကြမ်းဖက်သမားဟု နေ့တိုင်း ဖော်ပြခံရတော့မည်။ ဘုန်းကြီးကျောင်းများ ဖျက်ဆီးခံရမည်။ ဘုန်းကြီးများ သတ်ခံရမည်။ ဗုဒ္ဓဘာသာ ကျေးရွာများ မီးရှို့ခံရမည်။ မှတ်စလင်တို့ အနိုင်ကျင့်တာ မခံနိုင်လို့ သွားတိုင်ပါက တရားသူကြီးချုပ်ဦးကိုနီနှင့် တွေ့လိမ့်မည်။ နိုင်ငံရေး၊ စီးပွားရေးတွေ တိုးတက်သွားပြီး အမျိုးသားရေးနဲ့ သာသနာရေးတွေ ထိုးကျသွားမည်။ သမ္မတကို စံယူ၍ မြန်မာအမျိုးသမီးများ နိုင်ငံခြားသားများနှင့် လက်ထပ်ခြင်းက အစ္စလာမ်ဘာသာဝင်တို့အကြိုက် ဖြစ်လာမည်။ ရုပ်ဝတ္ထုတွေများစွာ အဆင့်မြင့်သွားလိမ့်မည်။ စိတ်ဓာတ်တွေကတော့ အောက်ကျသွားမည် ဖြစ်သည်။

မြန်မာအမျိုးသမီးများ စိန့်တွေ၊ ရွှေတွေဖြင့် တစ်ကိုယ်လုံး အလှဆင်နိုင်ပြီ ဖြစ်သည်။ သို့သော် ဘာသာခြားမယား ဖြစ်နေမည်။ ငွေကြေးတွေ ချမ်းသာသွားကြမည်။ တရိစ္ဆာတွေကတော့ ဆင်းရဲသွားကြမည်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတသက်တမ်း (၅) နှစ်အတွင်း လွှတ်တော်ထဲက အင်အားအများဆုံး NLD ပါတီဝင်များ စိတ်ကြိုက် ပြင်ဆင်အပြီး ၂၀၂၀ တွင် သမ္မတအရည်အချင်း ကန့်သတ်ချက်မှာ မရှိသလောက် ဖြစ်သွားတာကြောင့် တရုတ်၊ ကုလား မည်သူမဆို မြန်မာနိုင်ငံတွင် သမ္မတလုပ်ခွင့် ရတော့မည် ဖြစ်သည်။ လွတ်လပ်ရေးရပြီး ၆၇ နှစ်အကြာတွင် တိုင်းတစ်ပါး၏ အုပ်ချုပ် မင်းလုပ်တာ ပြန်လည်ခံရတော့မည်။ အရှင်းဆုံး နားလည်အောင် ပြောရလျှင် သင်တို့ ရေးထိုးမည့် လက်မှတ်တစ်ခုသည် ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံအား နောင် အနှစ် ၂၀ အတွင်း ဘာသာ၊ သာသနာ ကွယ်ပျောက်ကာ တိုင်းတစ်ပါး ကျွန်ဘဝ အလိုလို ပြန်ရောက်သွားစေမည့် စီမံကိန်းအတွက် အထောက်အပံ့တစ်ခု ဖြစ်သွားလိမ့်မည်'' စသည်ဖြင့် ဖြစ်သည်။

ထိုအချက်များကို ကျွန်တော်သည် အယုံအကြည် မရှိပါ။ လက်သင့်လည်း မခံပါ။ စဉ်းစားတွေးခေါ်တတ်သော ပညာတတ် တော်တော်များများကလည်း ဤဝါဒ ဖြန့်ချက်ကို လက်မခံပါ။

ထိုကဲ့သို့ ထောက်ခံသူ၊ ဆန့်ကျင်သူ အုပ်စုနှစ်စုကြားတွင် အရေအတွက် အလွန် နည်းပါးလှသည့် (၁) ရာနိုင်နှုန်းသော မြန်မာနိုင်ငံသားတို့မှာကား ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်လာလျှင် အကောင်းမြင်လွန်းခြင်း၊ အဆိုး မြင်လွန်းခြင်း အစွန်းနှစ်ပါးမှ ကင်းဝေးကြသည်။ သူတို့သည် အရှိကို အရှိအတိုင်း သုံးသပ်ရှုမြင်သော မွေမိဋ္ဌာန်ဝါဒီများ (ဝါ) Realists များ ဖြစ်သည်။ ကျွန်တော်သည် အထက်ပါ (၁) ရာနိုင်နှုန်းသော သူများထဲတွင် ပါဝင်သည်ဟု ထင်ပါသည်။

အောက်ပါ အချက်များသည် ကျွန်တော် ဘယ်ဘက်မှ မလိုက်ဘဲ မြင်သော အမြင်များ ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အားသာချက်တစ်ခုမှာ အင်္ဂလန်နိုင်ငံသား တစ်ယောက်နှင့် လက်ထပ်ခဲ့ခြင်းဖြစ်ပြီး အားနည်းချက်တစ်ခုမှာလည်း ထိုအချက် ကြောင့်ပင် ပေါ်ပေါက်ခဲ့ပါသည်။ ခေတ်သစ် မြန်မာ့သမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးသန့်၊ ဒေါ်အောင်ဆန်းစုကြည်ဆိုသော သူရဲကောင်းသုံးယောက် ပေါ်ထွန်းခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးသန့်ကို ကမ္ဘာကသိပြီမှတ်ပုံမှာ ခပ်မှန်မှန် ခပ်အေးအေးပင် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်လောက် အရှိန်ကိုသည်းလိုက် အားပေးထောက်ခံမှု မရှိဟု ဆိုလိုချင်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသမီး တစ်ယောက်

ဖြစ်နေခြင်း၊ လက်နက်အားကိုး အနိုင်ကျင့်နေသော စစ်အာဏာရှင်များကို ရဲရဲဝံ့ဝံ့ ဖီဆန်အန်တုနေခြင်း၊ မကြာခဏ နေအိမ်အကျယ်ချုပ် ကျခံနေရခြင်း၊ ခင်ပွန်းနှင့် သားသမီးများကို ခွဲကာ မိသားစုအရေးထက် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးကို ဘဝနှင့်ပုံ၍ ဆောင်ရွက်ခဲ့ခြင်း၊ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့် ငြင်းပယ်ခံရမှာ စိုးသောကြောင့် ကွယ်လွန်အံ့ဆဲဆဲ ခင်ပွန်းဖြစ်သူကိုပင် သွားရောက်ကြည့်ရှုခြင်း မပြုဘဲ မြန်မာပြည်တွင်းမှ မထွက်မခွာနေခဲ့ခြင်း၊ ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ရခြင်းများသည် ကမ္ဘာက လေးစား ကရုဏာသက်ခဲ့ရသော အကြောင်းများ ဖြစ်သော်လည်း ကျွန်တော့်အမြင်တွင် အင်္ဂလန်နိုင်ငံသားတစ်ယောက်၏ဇနီး ဖြစ်နေခြင်းက ဒေါ်အောင်ဆန်းစုကြည်တွင် သွယ်ဝိုက်သောအားဖြင့် အထောက်အကူ ဖြစ်စေခဲ့သည်ဟု ထင်ပါသည်။

ပထမအချက်အနေဖြင့် စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် ကိုင်တွယ်ရာ၌ ပြည်တွင်းမှ အညတရ အမျိုးသမီးနိုင်ငံရေးသမားများကို စိတ်ထင်တိုင်း ဖိနှိပ်ချေမှုန်းခဲ့သလို လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ဘဲ U.K နိုင်ငံမှ ဝင်ရောက် ကန့်ကွက် ရှုတ်ချလာမည်ကို စိုးရိမ်စိတ်ဖြင့် မသိမသာ အခွင့်အရေးပေးထားခဲ့သည်။

ထိပ်တန်းနိုင်ငံရေးသမားများအား စစ်ထောက်လှမ်းရေးမှ လူမဆန်စွာ ဖမ်းဆီးနှိပ်စက်ပြီး စစ်ကြောရေးစခန်းများ၊ အကျဉ်းထောင်များသို့ ပို့ဆောင်ခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် ဂျွန်ယက်တောအမှုတွင် ခေတ္တခဏ အင်းစိန်ထောင် အထူးအဆောက်အအုံတွင် ကာလတို ထိန်းသိမ်းခံခဲ့ရသည်မှတစ်ပါး မိမိအိမ်မှာပင် အကျဉ်းကျခံခဲ့ရသည်။ အကျဉ်းကျနေစဉ် မိသားစု ဆရာဝန်ဖြင့် ဆေးဝါးကုသခွင့် ရခဲ့သည်။ ဤအခွင့်အရေးများသည် သာမန် မြန်မာနိုင်ငံရေးသမားများ မရရှိသော အခွင့်ထူး ဖြစ်သည်။

အတိုက်အခံခေါင်းဆောင်တစ်ယောက်ရှိ ထိုသို့သော အခွင့်အရေးများ ရခြင်းဟု ပြော၍ ရသော်လည်း စင်စစ်တွင် ဒေါက်တာမိုက်ကယ်အဲရစ်နှင့် ဆက်စပ်ပြီး United Kingdom အပါအဝင် အနောက်ကမ္ဘာနှင့် ပြဿနာမတက်ချင်သော စစ်ဗိုလ်ချုပ်ကြီးများ၏ အကြောက်တရားကြောင့်လည်း ပါပေသည်။

ဥပမာ ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်းသာ ဦးဖြူဟု ခေါ်သော မြန်မာတစ်ယောက် ဆိုပါစို့၊ စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး လှုပ်ရှားမှုများအတွက် ဦးဖြူကို အရင်ဆုံး ဖမ်းဆီးနှိပ်စက်မည်။ ဦးဖြူနှင့် ဒေါ်စု၏ သားနှစ်ယောက်ဖြစ်သော ကျောင်းသားလေး နှစ်ယောက်ကို အပြစ်မရှိ အပြစ်ရှာ ဖမ်းဆီးမည်။ စစ်ကြောရေးတွင် လူမဆန်စွာ နှိပ်စက်မည်။ နောက်ဆုံးတွင်

ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဖမ်းဆီးနှိပ်စက်ကာ နှစ်ရှည်ထောင်ဒဏ်ချမည်။ ထောင်ထဲတွင် ကျန်းမာရေးစောင့်ရှောက်မှု မပေးဘဲ နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် အခြား ရာပေါင်းများစွာသော မြန်မာအမျိုးသမီး နိုင်ငံရေးအကျဉ်းသမားများလိုပင် ထောင်ထဲ၌ လူမသိ သူမသိ ကွယ်လွန်ပေမည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည် ထိုဒုက္ခများ မကြုံတွေ့ခဲ့ရခြင်းမှာ တရားဝင် လက်ထပ်ပေါင်းသင်းနေသော ခင်ပွန်းမှာ အင်္ဂလန်နိုင်ငံသားဖြစ်နေခြင်း ကြောင့် ဖြစ်သည်။ ဒေါက်တာမိုက်ကယ်အဲရစ်ကြောင့်သာလျှင် ဒေါ်အောင်ဆန်းစုကြည် သည် နိုဘယ်လ်ဆု ရွေးချယ်ရေးကော်မတီအပါအဝင် အနောက်ကမ္ဘာမှ သတိထားမိ လာကြခြင်း ဖြစ်သည်။ နောက်ပိုင်းတွင်တော့ ကမ္ဘာ့မီဒီယာ Highlight ရကာ စစ်အစိုးရ ထင်သလို လုပ်ခွင့်မသာခဲ့ခြင်း ဖြစ်သည်။

စစ်အစိုးရ၏ သဘောထားအမှန်ကို သိလိုပါက ၂၀၀၃ ခုနှစ်၊ ဒီပဲယင်း အရေးအခင်းတွင် ဒေါ်အောင်ဆန်းစုကြည်အား အသေသတ်ရန် ကြံစည်အားထုတ် ခဲ့ခြင်းကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

ဤကား ဗြိတိန်နိုင်ငံသား ခင်ပွန်းကြောင့် ဒေါ်အောင်ဆန်းစုကြည် ရရှိခဲ့သော အားသာချက်များ ဖြစ်သည်။ အားနည်းချက်များမှာကား စစ်အစိုးရနှင့်တကွ ဆန့်ကျင်ဘက် အုပ်စုများက မျိုးမစောင့်သူ၊ နိုင်ငံခြားသားကို လက်ထပ်သူ စသည်ဖြင့် ကြံဖန်ပြစ်တင်ဝေဖန်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပင် ပုဒ်မ ၅၉(စ)ဖြင့် ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်ခွင့်မရအောင် ညစ်ခြင်းကို ခံနေရခြင်း ဖြစ်သည်။

သမာသမတ်ကျကျပြောရလျှင် နိုင်ငံသားတစ်ယောက်သည် လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပိုင်ခွင့်ရှိသည် ဆိုလျှင် သမ္မတလည်း ဖြစ်ပိုင်ခွင့် ရှိစေရမည်။ ပြည်ပစွက်ဖက်မှု ဖြစ်လာလိမ့်မည် ဆိုသော အကြောင်းပြချက် သက်သက်ဖြင့် လူတော်လူကောင်းတစ်ယောက်ကို နိုင်ငံတော်က မဆုံးရှုံးစေသင့်ပါချေ။ သမ္မတ လုပ်မည့်သူ၏ မိဘနှစ်ပါးသည် မြန်မာနိုင်ငံသားစစ်စစ် ဖြစ်ရမည်ဆိုလျှင် လုံလောက်ပေပြီ။ ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်းမှာလည်း ကွယ်လွန်ခဲ့ပြီဖြစ်၍ ကမ္ဘာက လက်မခံသော စည်းကမ်းချက်တစ်ခုကို ဖျက်သင့်ပါသည်။

မြန်မာနိုင်ငံသည် အကြိမ်ကြိမ် ကံဆိုးခဲ့သောနိုင်ငံ ဖြစ်သည်။ ရာစုဝင်ထဲတွင် လူတော်များသည် တိုင်းပြည်အတွက် စွမ်းအားပြည့် ပေးဆပ်ခွင့် မရခဲ့ဘဲ နိုင်ငံရေး လုပ်ကြံမှု၊ အကွက်ဆင်ချောက်တွန်းမှုများကိုသာ ကြုံတွေ့ခဲ့ကြရသည်။ မြန်မာ ရေတပ်ကို ခေတ်မီတပ်မတော် ဖြစ်စေချင်ခဲ့သော ကနောင်မင်းသားကြီးသည် တူတော်သူ မြင်ကွန်း၊ မြင်းခုံတိုင် မင်းသားနှစ်ပါး၏ လုပ်ကြံမှုကြောင့် အသက်ပေးခဲ့

ရသည်။ အောင်ဆန်းဆိုသော အလွန်ထက်မြက်၍ အလွန်တာရှာ ရိုးသားဖြောင့်မတ်သော လူငယ်နိုင်ငံရေးသမားတစ်ဦးသည် ဂျွန်ဦးစောဟူသော အာဏာရူးမသမာသူတစ်ဦးလက်ချက်ဖြင့် ကျဆုံးခဲ့ရ၏။ ကမ္ဘာတွင် မြန်မာဟော ဟု ဝင့်ကြွားနိုင်စေခဲ့သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကို တစ်ကမ္ဘာလုံးက လေးစားခဲ့သော်လည်း စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်းက မနာလို မုန်းတီးမှုများ ကြီးထွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့အလယ်တွင် ဘာကြောင့် ရှုပါပါဝါအဖြစ် ရပ်တည်နေနိုင်သလဲဆိုတာ သုံးသပ်ကြည့်သောအခါ မည်သည့်နိုင်ငံသား၊ မည်သည့်လူမျိုး၊ မည်သည့်အသားအရောင်ဆိုတာကို မကြည့်၊ တော်သူ တတ်သူကို နေရာပေး မိုးမြှောက်ကြသဖြင့် အိုင်းစတိုင်းကဲ့သို့ နိုင်ငံခြားသားများသည် အမေရိကန် သိပ္ပံပညာရှင်များ ဖြစ်လာကြ၏။ ဂျာမန်ဆေးပညာနှင့် သိပ္ပံပညာများကို လက်ခံခြင်းဖြင့် အမေရိကန်ဆေးလောကနှင့် သိပ္ပံပညာ တစ်ခေတ်ဆန်းစေ၏။ လူမည်းများကို ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးခဲ့သော သမ္မတလင်ကွန်းလို ပုဂ္ဂိုလ်မျိုးကြောင့် ဘားရက်အိုဘားမားလို အာဖရိကန် သွေးနှောသော လူမည်းသမ္မတ တစ်ယောက် အမေရိကန်မှာ ပေါ်ပေါက်လာ၏။ အရာရာသည် သဘောထားကြီးမြတ်မှုနှင့် အမြင်ကျယ်မှုကိုသာ အခြေခံကာ နိုင်ငံတော် တိုးတက်ကြီးပွားရလေသည်။

ဒေါ်အောင်ဆန်းစုကြည်သာ အမေရိကန်တွင် လူဖြစ်ခဲ့ပါက အမေရိကန် စစ်တပ်နှင့်တကွ နိုင်ငံရေး အသိုင်းအဝိုင်းတစ်ခုလုံးက သူ့အရည်အချင်းနှင့် သူ့ရသတ္တိကြောင့် နိုင်ငံအတွက် အသင့်တော်ဆုံးနေရာတစ်ခုကို ပေး၍ အမေရိကန် ပြည်ထောင်စုကြီး အကျိုးရှိအောင် ဆောင်ရွက်ကြပေလိမ့်မည်။

မြန်မာပြည်မှာကား ဒုက္ခသိုက်ထဲမှ ယန်းပဲ ဆောင်တင့်တယ်တို့ခေတ်မှစကာ ယနေ့ အချိန်အထိ အာဏာပိုင်တို့သည် ငါနှင့်မတူ ငါ့ရန်သူ စာရင်းသွင်းနေခဲ့သော နိုင်ငံ ဖြစ်သဖြင့် တိုင်းပြည်ကောင်းကျွတ်ကား ဖြစ်မလာနိုင်တော့။ ဒဂုန်တာရာ၏ "မေ" ဝတ္ထု စာတ်သိမ်းခန်းထဲက စာသားကိုသာ ပြန်၍ ပြောရပေတော့မည်။

အကောင်းကိုရှာ၏။

အကောင်းကား မရှိတော့။

ဇော်ကြည်ဂျာနယ် (၁၅-၇-၂၀၁၄)

❑

# ထူးကြီး မှူးကြီး ဆွေးနွေးခန်း
## (သင်္ကြန်နှစ်ဦး)

မှူးကြီး - ထူးကြီးရေ၊ ဘာလိုလိုနဲ့ သင်္ကြန်ကျတော့မယ်နော်။

ထူးကြီး - သင်္ကြန်ကျတာပဲ ဘာဆန်းလို့လဲကွာ၊ နှစ်တိုင်း တန်ခူးလရောက်ရင် သင်္ကြန်ပွဲတော်ကို နွှဲပျော်ကြစမြဲ မဟုတ်လား။

မှူးကြီး - ဟုတ်တော့ ဟုတ်တယ်ကွ။ ဒါပေမဲ့ ငါတို့ ယေယေက သင်္ကြန်ပွဲတော်ရဲ့ အစုခေတ် သင်္ကြန်ပွဲတော်ဟာ အသွင်သဏ္ဍာန်ရော၊ အနှစ်သာရရော တော်တော်ပြောင်းလဲသွားတာကို ပြောချင်လို့ပါ။

ထူးကြီး - မင်းကတော့ ပြောလိုက်ရင် အမြဲတမ်း ကြီးကြီးကျယ်ကျယ်ပဲနော်။ အသွင်သဏ္ဍာန်တွေရော၊ အနှစ်သာရတွေရော။ မင်း စကားကြားရတာ သမ္မတကြီး ဦးသိန်းစိန် ရေဒီယိုမိန့်ခွန်းကို နားထောင်ရသလိုပဲ၊ စကားလုံးတွေက ကြီးမားလွန်းတော့ နားမလည်နိုင်ဘဲ ဝေလည်လည်ကြီး ဖြစ်နေတယ်။

မှူးကြီး - သမ္မတကြီးက ဘယ်လို ဝေလည်လည် ပြောသွားလို့တုံးဟ။

ထူးကြီး - ပြောပြီလားကွာ၊ ပြီးခဲ့တဲ့ မတ်လ (၂၉) ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမမှာ နိုင်ငံရေးပါတီ (၆၅) ပါတီနဲ့ တွေ့ဆုံပွဲမှာပြောတဲ့ မိန့်ခွန်းထဲမှာ ပါတယ်ကွ။

မှူးကြီး - ပြောတာက အများကြီးပဲ။ ဝေ့လည်ကြောင်ပတ် ဆိုတာက ဘာလဲဟ။

ထူးကြီး - သမ္မတကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်လို့ ပြောသွားတာလေးပါ။ သူပြောတာက -

"ကျွန်တော့်ရဲ့ သဘောထားကတော့ မည်သည့် မြန်မာနိုင်ငံသား တိုင်းရင်းသား တစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်ခွင့်ကို ကန့်သတ် တားမြစ်တာမျိုး မဖြစ်စေလိုတဲ့ နိုင်ငံရေးစေတနာရှိသလို၊ တစ်ဖက်ကလည်း မိမိတို့ အမျိုးသား အကျိုးစီးပွားနဲ့ မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ကို မထိပါးစေမယ့် သင့်တင့်လျောက်ပတ်တဲ့ အကာအကွယ် ပေးနိုင်သည့် အခြေခံမှုများ ရှိရန်လည်း လိုလားပါတယ်"လို့ ပြောသွားသကွ။

မှူးကြီး - သူ့ဟာက ဝေ့လည်လည်ကြီးပါလားကွ။ သမ္မတတစ်ယောက် အနေနဲ့ ဒီထက် ပိုပြီး ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ပြောဖို့တော့ လိုမယ်ထင်တယ်ကွ။ ချယ်ဆီးနဲ့ မန်ယူကန်တဲ့ပွဲမှာ ဘယ်အသင်းကို အားပေးလဲလို့ မေးတဲ့မေးခွန်းကို ရှင်းရှင်းလေး ဖြေရင် ရသာနဲ့ "အများကြိုက် မန်ယူအသင်းကို အနိုင် ရစေလိုသော စေတနာ မိမိမှာ ရှိသော်ငြားလည်း ချယ်ဆီး ပရိသတ်များရဲ့ ချန်ပီယံဖြစ်ပိုင်ခွင့် အခွင့်အရေးကိုလည်း မပစ်ပယ်လိုသော ဆန္ဒနှင့် စေတနာ မိမိမှာလည်း ရှိပါသည်" လို့ ပြောသလို ဖြစ်နေတယ်၊ ရှုပ်နေတာပဲ။

ထူးကြီး - အေးကွ၊ ရေငတ်နေတဲ့ရွာမှာ ရေတွင်း လာတူးပေးပြီး ရေအောင်ခါမှ "ရွာသားများကို ရေသောက်စေလိုသော စေတနာရှိသဖြင့် ရေတွင်းတူး ပေးခဲ့သော်ငြားလည်း ဒီရေတွင်းထဲ လူတွေ ပြုတ်ကျမှာကို ကာကွယ်ဖို့လည်း လိုအပ်တာကြောင့် ရေတွင်းကို လေးဖက်လေးတန် အုတ်တံတိုင်းခတ်ပြီး အလုံပိတ်လိုက်ပါပြီ"လို့ ပြောသလို ဖြစ်နေတယ်ဟ။

မှူးကြီး - ဝေ့လည်ကြောင်ပတ်မလုပ်ဘဲ ရှင်းရှင်းပြောရရင်တော့ကွာ၊ ဒေါ်အောင်ဆန်း စုကြည်ကိုတော့ စေတနာရှိပါတယ်။ ဒါပေမဲ့ တိုင်းပြည်အေးချမ်းရေးအတွက် ပုဒ်မ ၅၉(စ)ကို ပြင်မပေးနိုင်ပါဘူးလို့

ပြောလိုက်တာပါပဲ။ သမ္မတကြီး မိန့်ခွန်းရေးပေးတဲ့ လူဟာ ငြိမ်းကျော်ဝတ္ထုတွေ၊ ရွှေဒေါင်းဝတ္ထုတွေ တော်တော်ကြိုက်တယ် ထင်တယ်၊ စာကြောင်းတွေဟာ အရှည်ကြီးတွေ။ ပြီးတော့ လိုရင်းကို မနည်းစဉ်းစားရတယ်။

ထူးကြီး - ဆရာကြီး ရွှေဒေါင်းတို့၊ မင်းဘူးဦးသြဘာသတို့၊ ငြိမ်းကျော်တို့ စာတွေက ရှည်ပေမယ့် ရှင်းပါတယ်။ ကွင်းခနဲ ကွက်ခနဲပဲ။ သမ္မတကြီး မိန့်ခွန်းကတော့ သို့သော်လည်းတို့၊ ရှိသလိုတို့၊ တစ်ဖက်ကလည်းတို့၊ လွဲရင်တို့၊ ဒါပေမဲ့တို့၊ စိန်ခေါ်မှုတို့၊ ရှုပ်နေတာပဲကွ။ စကားပြောရာမှာ Conjunction တွေ များနေတယ်။ မပြတ်မသား ဆန့်ကျင်ဘက်အနက်တွေ အမြဲပါလို့ အဓိပ္ပာယ်ဟာ ကွေကောက်နေတတ်တယ်။

ဥပမာကွာ ကိုယ်အဖြူကြိုက်ရင် ကြိုက်တယ်။ အနက်ကြိုက်ရင် ကြိုက်တယ် ပေါ့။ ဒီလိုမဟုတ်တဲ့ ကျွန်ုပ် အဖြူရောင်ကို နှစ်သက်ပေသည်။ သို့သော်လည်း အနက်ရောင်ကို ပစ်ပယ်လိုခြင်း မရှိပေ ဆိုတဲ့စကားမျိုး ဖြစ်နေတယ်။

မူးကြီး - ကဲကွာ - မင်းဟာက သမ္မတကြီးမိန့်ခွန်း ဝေလည်ကြောင်ပတ် ဖြစ်တဲ့ အကြောင်း ပြောရတာနဲ့ လိုရင်းစကားဖြစ်တဲ့ သင်္ကြန်အကြောင်းတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ အဲ - မှတ်မိပြီ၊ သင်္ကြန်ဟာ တစ်နှစ်ထက် တစ်နှစ် အသွင် သဏ္ဌာန်ရော အနှစ်သာရရော ပြောင်းလာတယ်။

ထူးကြီး - ဆိုစမ်းပါဦး၊ အသွင်သဏ္ဌာန်က ဘယ်လို ပြောင်းလာလဲ။

မူးကြီး - ငွေဖလားကဏ္ဏလေးနဲ့ ရေကစားကြတဲ့၊ သပြေခက်နဲ့ ရေပက်ကြတဲ့ ခေတ်ကာနေ မဏ္ဍပ်တစ်ခုကို သိန်းထောင်ချီပြီး အကုန်အကျခံရတဲ့ စီးပွားရေးသဘော ဆောင်လာပြီ။ မဏ္ဍပ်ဆောက်ဖို့ စပွန်ဆာတွေ ယူကြ၊ ရေကစားလက်မှတ်တွေ ရောင်းကြ၊ အပြိုင်အဆိုင် ကြော်ငြာကြနဲ့ စီးပွားရေး တအားဆန်လာပြီ။ မြို့တော်စည်ပင် ကလည်း မဏ္ဍပ်ကြေးတွေကို တစ်နှစ်ထက် တစ်နှစ် တိုးယူ လိုက်ကြတာ အခု ကျွင်းပမှာ မြန်မာ့ရိုးရာ ရေသဘင်ဆိုတာကော သူတို့ခေါင်းထဲမှာ ရှိကြသေးရဲ့လားလို့ မေးလိုက်ချင်တယ်။ မြန်မာ့ရိုးရာ သင်္ကြန်ပွဲနဲ့ လေလံပွဲ မှားနေမှာ စိုးလို့ပါ။

ထူးကြီး - ဟုတ်ပေသကွာ၊ အသွင်သဏ္ဌာန် ကွဲပြားတာတော့ သိရပါပြီ။ အနှစ်သာရ ကွဲပြားတာရော ပြောပါဦး။

မှူးကြီး - တို့ရိုးရာ အစဉ်အဆက်က သင်္ကြန်ရေကစားတယ်ဆိုတာ နှစ်ဟောင်းက အညစ်အကြေးတွေကို အတာရေနဲ့ ဆေးကြောကြမယ် ဆိုတဲ့ စေတနာ ရည်ရွယ်ချက်ရှိတယ်ကွ။ အခုတော့ကွာ တိုရည်ရွယ်ချက် ရှိခဲ့စေကာမူ-

ထူးကြီး - အမယ်လေး၊ ရှိုးရှိုးပြောပါကွာ၊ သမ္မတကြီးလေသံ လိုက်မလာပါနဲ့။

မှူးကြီး - အေးပါကွ၊ လစဉ် ရေဒီယိုမိန့်ခွန်းနားထောင်ရင်း အကျင့်ပါသွားလို့ပါ။ ဒီလိုကွ၊ သူတစ်ပါးကို အညစ်အကြေးတွေ စင်ကြယ်သွားအောင် အတာရေနဲ့ ဆေးကြောပေးဖို့ ရေပက်တယ် ဆိုတဲ့ ရည်ရွယ်ချက် ငါတို့မှာ တဖြည်းဖြည်း နည်းနည်းလာပြီ။ ငါ တွေ့တာတော့ မီးသတ်ပိုက်လို ရေပိုက်ရှူးရှူးတွေနဲ့ မနာ နာအောင် မတရားထိုးကြ။ ခွက်ဆောင်းခုတ်ကြ။ မပေါ်တပေါ်တွေ ဝတ်ကြ။ အဆိုးဆုံးကတော့ သင်္ကြန်ဟာ ယောကျ်ား၊ မိန်းမ တရားဝင် အရက်သောက်တဲ့ပွဲတော်ကြီး ဖြစ်နေတာပါပဲ။ ဘယ်လောက် ဆိုးလဲဆိုရင် ကန်တော်ကြီး၊ အင်းလျားလမ်း၊ ကမ္ဘာအေးဘုရားလမ်း တစ်လျှောက် မဏ္ဍပ်ကြီးတွေအနားမှာ အရက်ပုလင်းတွေ မမြင်ချင့်အဆုံး တည်ခင်း ရောင်းချနေတာပဲ။ မဟာသင်္ကြန်ဟာ လိုင်စင်ရ အရက်ရောင်းပွဲ၊ အရက်သောက်ပွဲကြီး ဖြစ်နေပြီကွ။ အဲဒါ ငါရင်အနာဆုံးပဲ။ သင်္ကြန်ရဲ့ အနှစ်သာရက အရက်သောက် တဲ့ ပွဲလိုလို ဖြစ်သွားတာ စိတ်မကောင်းဆုံးပါပဲ။

ထူးကြီး - လူကြီးတွေကကော အရက်တွေ စည်းကမ်းမရှိ ရောင်းနေတာ မဖမ်းဘူးလား ကွ။

မှူးကြီး - မည်သို့ပင် ရှိစေကာမူပေါ့ကွာ၊ ဥပဒေကို တင်းကျပ်ရန်ဆန္ဒနှင့် စေတနာ ရှိသော်လည်း တစ်ဖက်တွင် မြန်မာလူငယ်များ ပျော်ရွှင်ကြည်နူးမှုကို မပျက်စီးစေလိုသောကြောင့် အဟီး အဟီး ပေါ့ကွာ။

ထူးကြီး - ကောင်းပါ့ကွာ၊ ငါကတော့ လူတွေ၊ ရေပိုက်တွေ တစ်ရာကျော် လောက်နဲ့ တစ်ပြိုင်နက် ပက်နေကြတာမြင်တော့ ရေမရှိတဲ့ ရေရှားတဲ့အရပ်က လူတွေရဲ့ ဘဝကိုတွေးပြီး အားနာမိတယ်ကွ။

မူးကြီး - ဟုတ်တယ်ကွ၊ ဝေးဝေးသွားမကြည့်နဲ့ ရန်ကုန်မြို့ တစ်ဖက်ကမ်း ဒလမြို့မှာ ဆိုရင် ရေသိပ်ရှားတာကွ။ ငါတို့ ရန်ကုန်နဲ့ မန္တလေးက ရေဖြန်းပွဲကြီး ကျင်းပနေတော့ ရေတစ်ပုံးရဖို့ နှစ်မိုင်လောက်ဝေးတဲ့ အရပ်ကို ရေသွားခပ်ရတဲ့ အညာဘက်က ဒေသတွေ၊ ရေတစ်ပုံးရဖို့ တောင်ဆင်းတောင်တက် ရေခပ်သွားရတဲ့ တောင်ပေါ်ဒေသက လူတွေကို မျက်နှာပူမိတယ်။

ထူးကြီး - ငါကတော့ ရန်ကုန်က ရေပက်ခံတဲ့သူတွေကို ပိုပြီး မျက်နှာပူတယ်ကွ။

မူးကြီး - ဘာဖြစ်လို့လဲကွ။

ထူးကြီး - မင်း စဉ်းစားကြည့်လေ။ ရေပက်ခံတဲ့ လူတွေကို ဘယ်က ရေတွေနဲ့ ပက်လဲ။ ကန်တော်ကြီးထဲက ရေတွေနဲ့ပဲ မဟုတ်လား။ အဲဒီရေတွေဟာ ရေသေတွေကွ။ တစ်နှစ်လုံး ရေတွေဟာ ဘယ်မှ မစီးဘဲနဲ့ ညစ်ပတ်နေတာ ရေဟာ အစိမ်းပုပ်ရောင်တောင် ထနေတာ ကန်တော်ကြီးရောက်ဖူးတဲ့သူတိုင်း သိမှာပါကွာ။ အဲဒါကို တစ်နှစ်လုံး ဖြစ်ချင်သလိုဖြစ်၊ ညစ်ချင်သလို ညစ်နေတဲ့ ရေတွေကို သင်္ကြန်နီးမှ လေးငါးရက်လောက် ကလိုရင်းလေး စတိ သဘောလောက် လာဖျန်းပြီး ရေစုပ်စက်တွေနဲ့ စုပ်ပက်ကြတော့ ခံရတဲ့သူတွေဟာ တစ်နေ့လုံး ယားယံကုန်မယ်။ သင်္ကြန်ပြီးရင် လည်း အရေပြားရောဂါ လက်ဆောင်ရကြဦးမှာ တွေးပြီး ငါ သူတို့ကို သနားလို့ပါ။

မူးကြီး - ဒါတော့ မပူနဲ့ကွ၊ လူတွေအားလုံးက မူးနေ၊ ရူးနေကြတော့ ရွှံ့ဗွက်ရေနဲ့ ပက်လည်း ရယ်တာပေါ့ ဆိုသလို ဖြစ်နေကြပြီကွ။

ထူးကြီး - သူ့အရပ်နဲ့ သူ့ဓာတ်ပေါ့ကွာ။

မူးကြီး - မည်သို့ပင် ရှိစေကာမူ စိန်ခေါ်မှုတွေကတော့ ရှိနေပေမည် ဆိုတာလို ထင်ပါ့။

ထူးကြီး - သို့သော်လည်း အဲပေါ့လေ။

ဟစ်တိုင်ဂျာနယ် (၁၁.၄.၂၀၁၄)

❑

# ဒေါသ မောဟ ပေါ်များသောခေတ်

ရွှေတိဂုံဘုရားသို့ ဧည့်လမ်းညွှန်တစ်ယောက်အနေဖြင့် ကျွန်တော် မကြာမကြာ ရောက်ပါသည်။ ထိုသို့ ရောက်တိုင်းလည်း ဗုဒ္ဓဘာသာဝင်တို့ သဘောထား၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို တတ်နိုင်သမျှ ရှင်းပြပါသည်။ သို့သော် နိုင်ငံခြားသား အတော်များများမှာ ဗုဒ္ဓဘာသာ မဟုတ်သော ဘာသာခြားများ ဖြစ်သဖြင့် ဂုဏ်တော်တွေ၊ မြတ်စွာဘုရား၏ ဆံတော်တွေ၊ ဓာတ်တော်တွေကို စိတ်မဝင်စား၊ သူတို့ စိတ်ဝင်စားသည်မှာ ရွှေတိဂုံဘုရားပေါ်မှ ကျောက်မျက် ရတနာများ ဖြစ်သည်။ ဘုရားပတ်လည် ဝင်းဝင်းလက်အောင် ချထားသော ရွှေပြားများကို သူတို့ စိတ်ဝင်စားကြသည်။ သူတို့စိတ်ဝင်စားတော့လည်း ကျွန်တော်တို့ ဧည့်လမ်းညွှန်များက ဝေဝေဆာဆာ ရှင်းပြရသည်။

“ဒီ ရွှေတိဂုံဘုရားကြီးရဲ့ စိန်ဖူးတော်၊ ငှက်မြတ်နား၊ ဆပ်သွားဖူး၊ ထီးတော်၊ ငှက်ပျောဖူး (ပန်းလည်တိုင်)တွေမှာ ဗုဒ္ဓဘာသာဝင်များ ခေတ်အဆက်ဆက်က လှူဒါန်းထားတဲ့ အဖိုးတန်ကျောက်မျက်ရတနာတွေ များစွာ ရှိပါတယ်။ စိန်ဖူးတော်မှာဆိုရင် စိန်အလုံးရေ ၄၃၅၁ မွင့် ရှိပြီး၊ အကြီးဆုံးစိန်ဟာ ၇၆ ကာရက် ရှိပါတယ်။ ငှက်မြတ်နားတော်မှာတော့ စိန်လုံးရေ ၁၀၉၈ မွင့် ရှိပြီး၊ အခြား ပတ္တမြား၊ နီလာ၊ မြ စတဲ့ အဖိုးတန်ကျောက်မျက်တွေကတော့ ၁၃၃၈ လုံးရှိပါတယ်။ ဆပ်သွားဖူးပေါ်မှာတော့ ကျောက်မျက်မျိုးစုံ ၈၆ လုံးရှိပါတယ်။

စေတီတော်ကြီးကို တစ်ပေပတ်လည် ရွှေပြားပေါင်း ၃၃၆၉၉ပြားနဲ့ ရွှေချထားတာမို့ ရွှေတိဂုံဘုရားမှာရှိတဲ့ ရွှေသင်္ကန်းအလေးချိန်ချည်းပဲ ၃.၁၈ တန် (၂၀၃၄.၆၈ ပိဿာ)ရှိပါတယ်။ ထီးတော်မှာ ရွှေဆည်းလည်း ၄၀၁၆ လုံး၊ ငွေဆည်းလည်း ၄၇၄ လုံး၊ ရွှေညောင်ရွက် ၁၈၀၅ ရွက်၊ ရတနာကြွတ် ၉ ခု ရှိပါတယ်'' ဟု ရှင်းပြလိုက်လျှင် နိုင်ငံခြားသားများမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြပါသည်။ ထို့ထက်အလွန် ရတနာပစ္စည်းများကို လက်တွေ့မျက်မြင် ဗဟုသုတရစိမ့်သောငှာ စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ဓာတ်ပုံပြတိုက်သို့ ဝင်ရောက်ကာ စိန်ဖူးတော်နှင့် ငှက်မြတ်နားပေါ်မှ ကျောက်မျက်ရတနာများ၏ အနီးကပ်ဓာတ်ပုံကို ပြလိုက်သောအခါ နိုင်ငံခြားသားများသည် အံ့သြကြီး အံ့သြလျက် သူတို့အားလုံး တညီတညွတ်တည်း မေးကြသော မေးခွန်းမှာ -

''ဒီ ရတနာပစ္စည်းတွေကို ဘယ်သူမှ မခိုးကြဘူးလား'' ဟူ၍ ဖြစ်သည်။ ထိုသို့ မေးတိုင်း ကျွန်တော် ဂုဏ်ယူစွာ ပြန်ဖြေမိသည်မှာ ''ဘုရားကို လှူထားတဲ့ ပစ္စည်းတွေကို ကာယကံမြောက်ခိုးဖို့မပြောနဲ့ စိတ်နဲ့တောင် ဘယ်သူမှ မပြစ်မှားကြဘူး။ ငါတို့လူမျိုးက ဆင်းရဲပေမယ့် လှူဖို့ပဲ စဉ်းစားတယ်။ ခိုးဖို့ကို စိတ်ကူးထဲမှာတောင် မရှိဘူး''

ထိုစကားကို ကြားလိုက်လျှင် နိုင်ငံခြားသားများသည် ခေါင်း တယမ်းယမ်းနှင့် ''မင်းတို့ နိုင်ငံမှာတော့ ဟုတ်မှာပေါ့။ ငါတို့ အနောက်တိုင်းမှာ ဆိုရင်တော့ ကုန်တာ ကြာလှပြီ။ ဒီလောက် အဖိုးတန်တာ မဆိုထားနဲ့ ဘုရားကျောင်းက ပရိဘောဂနဲ့ အခြားပစ္စည်းတွေတောင် အခိုးခံရလွန်းလို့ Church ကို အမြဲသော့ခတ်ထားရတယ်''

''အင်း ... ခုထက်ထိတော့ ခေတ်ကြီးက ကောင်းနေသေးတယ်။ ငါတို့ မျိုးဆက်ကို ကျော်လွန်ပြီး နောက်မျိုးဆက်တွေမှာ ဘာတွေ ဖြစ်မလဲ ငါတို့ မသိဘူး။ အင်္ဂလိပ်ခေတ်ကရော ဂျပန်ခေတ်ကပါ ငါတို့ ဘိုးဘေးတွေဟာ ဘုရားဌာပနာတွေ မပျောက်ပျက်ရအောင် အသက်ပေးကာကွယ်ခဲ့တယ်။ ငါတို့ခေတ်အထိလည်း ကာကွယ်နိုင်ဆဲပါပဲ။ နောင် အနာဂတ်ကိုတော့ ငါတို့လည်း မပြောနိုင်ဘူး။ တကယ်တော့ ဒီလို ဘုရားပစ္စည်းကို မခိုးဘူး ဆိုတာလည်း ဥပဒေကြောင့် ဘာကြောင့် ဆိုတာထက် လူတွေရင်ထဲမှာ ရှိနေသေးတဲ့ ရတနာသုံးပါးပေါ် ရှိနေတဲ့ သဒ္ဓါတရားကြောင့်ပါပဲ။ သဒ္ဓါတရားဆိုတာ မရှိတဲ့ နေ့ကတော့ အကုသိုလ်အလုပ်တွေ ဖြစ်လာကြမှာပေါ့။ အရင်ကနဲ့စာရင်တောင် မြန်မာနိုင်ငံမှာ အခုအခါ ရာဇဝတ်မှုတွေ

ပေါ်များလာပြီ။ တိုးတက်တာကို လက်ခံပေမယ့် တိုင်းသူပြည်သားတွေရဲ့ စိတ်ဓာတ်နဲ့ စာရိတ္တပျက်လာတာကိုတော့ ငါ စိုးရိမ်တယ်"

ဤစကားသည် အမှန်ဖြစ်ပေ၏။ ခပ်ဝေးဝေးကိုမကြည့်နှင့်၊ ကျွန်ုပ်တို့ ငယ်စဉ်က (၁၉၇၀ ပြည့်လွန်ကာလများ)ဆိုလျှင် လူတို့သည် လောဘ၊ ဒေါသ ယုတ်ထက် များစွာ နည်းသေး၏။ ခိုးမှု၊ ဓားမှု၊ လုယက်မှုဆိုသည်မှာ မှလောက်မှ တစ်ခါ ကြားရ၏။ မုဒိမ်းမှု ဆိုသည်မှာ မကြားဖူး မနာသာကိစ္စကြီးတစ်ခုဖြစ်ပြီး ထိုအမှုမျိုးမှာလည်း ဆယ်နှစ်တွင် တစ်ခါ ကြားရခဲ့သည်။ လိင်တူချင်း လက်ထပ်ဖို့ နေနေသာသာ အခြောက်နှင့် တွဲသွားတွဲလာလုပ်ဖို့ကိုပင် အရပ်က မသတီကြပေ။ ညစ်ညမ်းရုပ်ပုံများကို မဆိုထားဘိ အမျိုးသမီး၏ မလုံတလုံ ဓာတ်ပုံပင်လျှင် အတော်ကို ရှားရှားပါးပါး ဖြစ်သည်။ သကြံန်တွင် မိန်းကလေးတစ်ဦးအရက်မူး၍ လဲနေသည်ကို ကျွန်တော်တို့ခေတ် သင်္ကြန်တွင် တစ်ခါမှ မကြားဖူးပါ။ ကလေးအရွယ် လူမမည် မိန်းကလေးများကို အဓမ္မကျင့်ကြံမှု ဆိုသည်ကား လုံးဝပင် မကြားဖူးခဲ့ချေ။ ကိုယ့်အမေ ကိုယ်ပြန်သတ်ခြင်း၊ ကိုယ့်အမေ ကိုယ်ပြန်၍ အရှက်ယ ပြုခြင်း ဆိုသည်များမှာ မည်သည့်နေရာတွင်မှ မကြားရ မသိရသော အမှုများ ဖြစ်သည်။ ဖအေက သမီးအရင်းကို ပြန်၍ ကျင့်ကြံခြင်းမှာမူကား ကျွန်တော့် ကလေးဘဝတွင် လုံးဝ မကြားဖူးချေ။ ကျွန်တော်တို့မြို့တွင် ဘုရားပစ္စည်း ခိုးသဖြင့် ထောင်ကျသွားသော ဓါးပြတစ်ဦး ရှိရာ ထိုဓါးပြသည် ထောင်ထဲတွင် သေဆုံးသွားပြီး ကျန်ရစ်ရှာသော သူ့မိသားစုမှာ မြို့တွင် လူတောတိုး၍ မရတော့ပေ။

ကျွန်တော် နေထိုင်သော ပြည်မြို့၊ ဆံတော်ရပ်ကွက်တွင် အိမ်များသည် တစ်အိမ်နှင့်တစ်အိမ် ခြံစည်းရိုး မရှိပေ။ ကျွန်တော်တို့သည် ကိုယ့်အိမ်ထဲသို့ အိမ်ရှေ့ပေါက်မှ ဝင်လာပြီး နောက်ဖေးပေါက်မှ သူများအိမ်ကိုဖြတ်၍ ပြန်ထွက်သွားလျှင်လည်း ရသည်။ ကိုယ့်အိမ်ကိုယ် ပြန်သောအခါ အိမ်ရှေ့ဘက်မှ မလာဘဲ နောက်ဖေးဘက်ရှိ သူများအိမ်ထဲသို့ ခပ်တည်တည် ဝင်သွားကာ ကိုယ့်အိမ်သို့ ပြန်လာလျှင်လည်း ရသည်။ အခြားကလေးများသည်လည်း ရပ်ကွက်အတွင်း သူ့အိမ် ငါ့အိမ် မခွဲခြားဘဲ ဝင်ကြ၊ ထွက်ကြ ဖြတ်သန်းကြသည်။ တစ်ခါတစ်ရံ ဘေးတိုက် တန်းစီနေသော အိမ်များသို့ တစ်အိမ်ပြီး တစ်အိမ် ဝင်ထွက် သွားလာကြရာ ညောင်စင်တန်းလမ်းမှ ဓာတိုက်တန်းလမ်းသို့ပင် ရောက်သွား၏။

အိမ်များကို မဆိုထားဘိ၊ ဆံတော်ဂါတ်ဟူသော ပြည်(၂) ရဲစခန်းသို့ပင် လူကြီး၊ လူငယ်မရွေး တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်ကြသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ ကလေးများသည် ပျင်းပျင်းရှိလျှင် တရားခံကို အမှုစစ်တာ ရဲစခန်းထဲသို့

သွားကြည့်ကြသည်။ လူတို့သည် ကလေးများကို မြင်သည်နှင့် မည်သူ၏ သားသမီး၊ မည်သည့်လမ်းက စသည်ဖြင့် သိကြသည်။ တစ်ယောက်အိမ်မှ သစ်ပင်များကို အခြားတစ်အိမ်မှ ခူးဆွတ်ကြသည်။ လူတို့တွင် လောဘ၊ ဒေါသ နည်းကြသေး၏။ အိမ်တံခါးဖွင့်၍ ထားခဲ့သော်လည်း သူခိုးကား မရှိပေ။

ဤ အခြေအနေသည် ၁၉၈၈ တွင် စတင်ပြောင်းလဲသွား၏။ လူတို့၏ ကောင်းမြတ်သော စိတ်ဓာတ်များ စတင်ကွယ်ရာတွင် ကြောက်ရွံ့ခြင်းမှ စတင်ဖြစ်ပွားခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် တပ်မတော်မှ အာဏာသိမ်းလိုက်ကြောင်း ကြေညာပြီးနောက် ခေတ်ပျက်သလို ဖြစ်သွား၏။ စစ်သားများသည် အာဏာသိမ်းသည့်ညက မြို့ခံဆန္ဒပြသမားများအား ပစ်ခတ်နှိမ်နင်းသဖြင့် လူတို့သေဆုံးကြသည်ကို မြို့ခံများသည် မျက်မြင်ဒိဋ္ဌ တွေ့ကြုံရသည်မှစ၍ မိမိနှင့် မိမိ မိသားစု ထိုသို့ သတ်ဖြတ်ခံရမှာကို ကြောက်လာ၏။ ညမထွက်ရ စစ်အုပ်ချုပ်ရေးအမိန့်ကြောင့် လူတို့သည် စစ်သားများအပေါ်အဝင် လူစိမ်းမြင်လျှင် ကြောက်ရွံ့နေကြရ၏။ ထိုအခါ ကလေးများလည်း လွတ်လပ်စွာ ကစားခွင့်မရပြီ။ အိမ်များသည် ခြံစည်းရိုး စတင်ခတ်လာကြသည်။ ဟိုစဉ်ကလို တစ်အိမ်မှတစ်အိမ် ကူးလူးဆက်ဆံ ဖြတ်သန်းသွားလာ၍ မရတော့။ လူတို့၏ စိတ်ထဲတွင် မိမိနှင့် မိမိ မိသားစု အသက်ရှင်ရေး ကွက်ကွက်ကိုသာ ကြည့်သော အတ္တဇဟိုပြဲ၀ါဒ မသိမသာ ထွန်းကားလာ၏။

ထို့ထက် ပို၍ စိတ်ဓာတ်ပျက်ပြားလာရခြင်းမှာ စစ်အုပ်ချုပ်ရေး ကာလအတွင်း စစ်တပ်နှင့် ပလဲနံပသင့်သောလူများသည် စီးပွားရေးလုပ်ကွက်များ၊ အခွင့်အရေးများကို သူများထက် ပိုရ၏။ သင်သည် ပညာတတ်သည် ဖြစ်စေ၊ အတန်းပညာမဲ့သည် ဖြစ်စေ ဒေသတွင် အာဏာရှိသောစစ်တပ်မှ အရာရှိတစ်ဦးဦးနှင့် ပတ်သက်ကြောင်း၊ ရိုင်းနိုင်ကြောင်း ပြနိုင်လျှင် သင်၏ စီးပွားရေးလုပ်ငန်းမှာ မည်မျှ ဝိသမလောဘနှင့် ဥပဒေဘောင်အပြင်ဘက်မှ ဖြစ်စေ မည်သည့် ဥပဒေဘက်တော်သား ကမျှ ထိရဲ တို့ရဲမည် မဟုတ် ဟူသော မသမာသည့် အယူအဆများ ပွံ့နှံ့လာသည်။

ကျွန်တော့်အသိတစ်ယောက်သည် ဖခင်လက်ထက်တွင် မိရိုးဖလာ ရွှေအရောင်းအဝယ် လုပ်ရာတွင် ချောင်ချောင်လည်လည် မရှိသော်လည်း သူ့လက်ထက်တွင် ခိုးရာပါရွှေများကို အရည်ကျို ပစ္စည်းဖျက်သည့်လုပ်ငန်းကို လုပ်ကိုင်ရာမှ နေချင်းညချင်း ချမ်းသာသွားသည်။

ထိုသို့ လုပ်နိုင်ရန် သူသည် တိုင်းမှူးနှင့် ခင်မင်ခွင့်ရဖို့ စနေ၊ တနင်္ဂနွေတိုင်း ဂေါက်ရိုက်ထွက်သည်။ တောဘက်မှ ရောက်လာသော ထိုပုဂ္ဂိုလ်သည် ဂေါက်သီးတွေ

ဘာတွေ ရှိက်သည်ဆိုတော့ အကြောင်းသိများက ရယ်ကြသည်။ သို့သော် ကိစ္စမရှိ စစ်တပ်နှင့် ပိုင်ကြောင်း သက်သေပြနိုင်ဖို့က အရေးကြီးသောခေတ် ဖြစ်၍ အရှက်မရှိ ကြိုးစားလိုက်ရာ အတော်ပင် အခြေအနေကောင်းသွားသည်။

ကောင်းရောင်း ကောင်းဝယ် လုပ်စားသူများ ထင်မင်းမဝံ့ စစ်တပ်ကို ဖားနိုင်သူများ ပညာမတတ်သော်လည်း အလုပ်ဖြစ်သည့်ခေတ်ဖြစ်ရာ လူတို့၏ ကံ၊ ကံ၏အကျိုးကို ယုံကြည်သည့်စိတ်များ၊ ကောင်းမြတ်သည့် စိတ်ထားများ၊ မကောင်းမှုကို ရှောင်ကြဉ်လိုသည့် စိတ်ထားများသည် စစ်အစိုးရလက်ထက်တွင် ကုန်းကောက်စရာ မရှိအောင် ပျက်စီးသွားကြသည်။ ပညာမဲ့များသည် စစ်တပ် ကျောထောက်နောက်ခံဖြင့် လောကဝယ် လူရာဝင် တွင်ကျယ်လာ၏။ ရိုးသားသူများ ကျဆုံးသောခေတ်၊ သူခိုးများ တွင်ကျယ်သောခေတ် ဖြစ်လာ၏။

ဤသည်ပင်လျှင် လောဘ၊ ဒေါသ၊ မောဟတရားများ စတင် ကြီးစိုးသော အမှောင်ခေတ်၏ အစ ဖြစ်တော့သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော ကောင်းမြတ်သော စိတ်တို့ အစား အာဏာ၊ ငွေကြေးနှင့် ခက်ထန်မှုတို့ ကြီးစိုးသော ခေတ်၏အစ ဖြစ်တော့သည်။

ဒီမိုကရေစီခေတ်သို့ ရောက်ရှိလာပြီဟု ပြောကြသော ယနေ့ခေတ်အခါ သမယဝယ် ငယ်စဉ်ကကျွန်ုပ်တို့ကြုံခဲ့ရသော မုဒိတာခေတ်သို့ ရောက်ပါပြီလောဟု ဆန်းစစ်ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရလေသည်။

ဘုရားနိုးကိုဏ်းများသည် အနယ်နယ်အရပ်ရပ်မှ ရှေးဟောင်းဘုရား ရုပ်ပွားတော်များကို လိုက်လံနိုးဖွက်နေသဖြင့် ဘုရားဆင်းတုတော်များ နေရာအနှံ့ ပျောက်ဆုံးနေလေသည်။

နေပြည်တော်ကောင်စီ နယ်မြေဝယ် ဆည်မြောင်းဌာနပိုင်မြေနှင့် မလွှတ်၍ဆိုကာ ဘုန်းတော်ကြီးကျောင်းများကို ဖျက်သိမ်းခိုင်းရုံသာမက ဘုန်းကြီး များကို ထောင်ချပစ်လေသည်။ တရားရုံးသို့ မလာသော သံဃာတော်များကို တရားခံပြေး ကြေညာလိုက်လေ၏။ ရတနာသုံးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သော သံဃာများကား ဦးသိန်းစိန် အစိုးရနှင့် တွေ့ခါမှ တရားခံပြေး ဖြစ်ရပေကုန်၏။ ဘာသာခြားတို့က ဖျက်ဆီးစရာ မလိုဘဲ လုံထိန်းတို့၏ လက်ချက်ဖြင့် ဘုန်းတော်ကြီး ကျောင်းများ ပျက်စီး ပျောက်သွားပေ၏။

ပုဂံသူ၊ ပုဂံသားတို့ လှူခဲ့သော နှစ်ပေါင်း ကိုးရာ၊ တစ်ထောင်က တည်ထားခဲ့သော ဘုရားစေတီအချို့မှာ ယခုအခါ ပုဂံရှိ ဟိုတယ်ကြီးအချို့၏

အုတ်တံတိုင်းအတွင်း ရောက်ရှိသွားကာ မည်သူမျှ ဖူးခွင့်မရသော ကျိတ်ပုန်းဘုရားများ ဖြစ်ကုန်ကြပြန်၏။

အနှစ်နှစ်ဆယ်ကျော် တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖဟု ကြွေးကြော်ခဲ့ရာမှ စိတ်ကူးပြောင်းကာ ပြည်သူသာ အမိ၊ ပြည်သူသာ အဖဟု ကြွေးကြော်သံ ပြောင်းပါတော့မည်ဟု ပြောသော်လည်း မိဘပြည်သူများနှင့် တူသော ပြည်သူလူထု၏ မြေများကို ယခင်က သိမ်းခဲ့သည်ကို လုံးဝ ပြန်မပေးနိုင်ပါဟု မိကျောင်းကန်အဆိုင်း (၂) ပြည်သူများ၏ သပိတ်စခန်းကို ဖြိုခွင်းအပြီး တပ်မတော်က ပြောင်ကြေညာလိုက်လေသည်။

ပြည်သူကို အခြေပြုသော ဒီမိုကရေစီခေတ်ကြီး ရောက်ပါပြီဟု ရေဒီယိုမှ တစ်လတစ်ခါ ပုံမှန် ကြေညာသော်လည်း ယခင် စစ်အာဏာရှင်အစိုးရ လက်ထက်က လုပ်ရပ်အတိုင်း နံနက် မိုးမလင်းမီ အမင်္ဂလာအချိန်တွင် ဆန္ဒပြသူများ၏ သပိတ်စခန်းကို ဘယ်ကမှန်းမသိသော လက်ပတ်အနီဝတ် အရပ်သားများကို ခေါ်လာကာ ဖျက်ဆီးစေသော လုပ်ရပ်များလည်း နှစ်ရက်ဆက်တိုက် ဖြစ်ခဲ့ပေ၏။ (လုပ်ပုံကိုင်ပုံမှာ ဒီပဲယင်း အရေးအခင်းတွင် အရပ်ဝတ် လူမိုက်များကို သုံးကာ လုပ်သွားပုံနှင့် ခပ်ဆင်ဆင် ဖြစ်၏။)

တည်မိသည့်ဘုရား လင်းတပဲ နားများဟု မြန်မာစကားပုံ ရှိသော်လည်း ရဟန္တာကိုယ်တော်မြတ်ကြီးဟု နာမည်ကျော်သော လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ သိမ်ကျောင်းကို ဘူဒိုဇာနှင့် ထိုးချ ဖျက်ဆီးခဲ့သည်မှာလည်း ရှေးအင်္ဂလိပ်ခေတ်က မဟုတ်၊ ယခုခေတ်ပင် ဖြစ်ပါသည်။

သစ်တစ်ပင်ခုတ် အချပ် သုံးနှစ်ဟု ဆင်းရဲသားများ ကြောက်လန့်အောင် တောစပ်တွင် စာသားများ ရိုက်ဆွဲထားသော်လည်း သစ်လုံးကားကြီးများ နေ့စဉ် တရုတ်ပြည်သို့ ခြောင်နို (မှောင်ခိုမဟုတ်ဘဲ ခြောင်လုပ်နေကြသဖြင့် ခြောင်နို ဖြစ်ပါသည်) ထွက်နေကာ စီးပွားဖြစ်သူတို့ ပန်းပန်နေဆဲမှာလည်း ဖက်ဆစ် ဂျပန်ခေတ်မဟုတ် ယခုခေတ်ပင် ဖြစ်ပါသည်။

အရက်ဆိုင်များ မီးတထိန်ထိန်နှင့် ဆောင်းဘောက်များဖွင့်ကာ ငြိမ့်ငြိမ့်သဲသဲ ရောင်းချလာကြသည်မှာလည်း ယခုခေတ် ဖြစ်သည်။

လူတို့၏ လောဘ၊ မောဟများကား တစ်နေ့ထက် တစ်နေ့ တက်လာကြပေပြီ။ ယခင်ကဆိုလျှင် ကျွန်တော်တို့သည် တပ်မတော်နှင့် ရဲတပ်ဖွဲ့အပေါ်တွင် အတော်ပင် စေတနာရှိကြပေ၏။ တပ်မတော်နှင့် ရဲတပ်ဖွဲ့ကလည်း ပြည်သူလူထုကို အတော်ပင် ယုံကြည်အားထားခဲ့ပါသည်။ ရှေ့တန်းပြန် တပ်မတော်သားများကို

ပြည်သူလူထုက ကြိုဆိုကြသည်။ ရဲစခန်းထဲသို့ မည်သူမဆို အစစ်ဆေး အမေးမြန်းမရှိဘဲ ဝင်နိုင်၏။ တပ်မတော်တွင်လည်း တက္ကသိုလ်ကျောင်းသားများ ပါဝင်နိုင်သော တက္ကသိုလ်လေ့ကျင့်ရေးတပ် (University Training Corps) ဆိုတာ ရှိသည်။ ရန်ကုန်တက္ကသိုလ်သို့ ကျွန်တော် ရောက်ခါစက စစ်ယူနီဖောင်း ဝတ်ထားသော လူငယ်များကို ကျောင်းထဲ၌ မကြာခဏတွေ့ရ၍ စစ်သားတွေ တက္ကသိုလ်ထဲ ဘာလာလုပ်သလဲဟု မေးမိတော့မှ ထိုသူများမှာ UTC တွင် တက်ရောက် လေ့ကျင့်နေသော တက္ကသိုလ်ကျောင်းသားများဖြစ်ကြောင်း သိရပါသည်။ ယခုအခါ တပ်မတော်သည် ကျောင်းသားများကို မယုံတော့၍လားမသိ တက္ကသိုလ် လေ့ကျင့်ရေးတပ် ဆိုတာကို ဘယ်တော့မှ ပြန်ဖွဲ့မပေးတော့ပေ။ ကျောင်းသားကို မယုံသည်မှာ ပြည်သူလူထုကို မယုံဟု ပြောသလို ဖြစ်နေပေသည်။ ပြည်သူလူထုကို မယုံသည်မှာ ကိုယ့်မိဘကို ကိုယ် မယုံတော့သောအဖြစ် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ပြည်သူသာ အမိ၊ ပြည်သူသာ အဖဟု ပြောထားခဲ့သည် မဟုတ်ပါလား။

ပြည်သူ့ရဲများကိုလည်း ယခင်က လူတို့သည် အတော်ပင် အားကိုးခဲ့ကြ ပါ၏။ သို့သော် အရာရာကား ပြောင်းလဲခဲ့ပြီ။ တရားခံကို နှိပ်စက်ရာမှ လက်လွန် သေဆုံးသောအမှုများစွာ ကြားလာရသည်။ ရဲက ကျူးလွန်သော မုဒိမ်းမှုများပင် ဖြစ်လာသည်။ လောဘ၊ ဒေါသများလာသောခေတ် ဖြစ်သည်။ မကြာမီက လှည်းကူးတွင် အဓိကရုဏ်းဆန်ဆန် အုပ်စုဖွဲ့ ရှန်းရင်းဆန်ခတ်မှုတစ်ခု ဖြစ်သည်။ ထိုရှန်းရင်းဆန်ခတ်မှုတွင် လူအုပ်က ခဲဖြင့် ပေါက်သောကြောင့် ရဲတစ်ယောက် ခေါင်းပေါက်သွားသော သတင်းကို ကြားရသည်။

ထို့အတူပင် ထွက်မပြေးပါဘဲ လက်မြှောက် အဖမ်းခံနေသော လူတစ်ယောက်ကို ရဲက နံပါတ်တုတ်ဖြင့် အပြိုင်းအရိုင်း ရိုက်နှက်နေသော ဓာတ်ပုံကို လည်း 7 Day Daily သတင်းစာ (၆.၄.၂၀၁၄)မျက်နှာဖုံးတွင် တွေ့မြင်ရရာ စိတ်မကောင်းစရာ ဖြစ်သည်။ အရိုက်ခံရသော လူငယ်အတွက်လည်း စိတ်မကောင်း၊ ဥပဒေဘက်တော်သားဟု ပြည်သူလူထု ကျေးသော နိုင်ငံတော်၏ ရိက္ခာလခစား ခံစားနေပါလျက် ရဲတပ်ဖွဲ့နာမည်ပျက် သိက္ခာကျအောင် စစ်အာဏာရှင်ခေတ်ကလို လူမိုက်ဂိုဏ်းဆန်ဆန် ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်အတွက်လည်း စိတ်မကောင်းပါ။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲသောခေတ် ဖြစ်လာပေပြီ။

ဤသို့ မကောင်းသော စိတ်ထားများကိုသာ ဆက်၍ လွှတ်ပေးထားပါက မြန်မာနိုင်ငံသည် အနောက်တိုင်းနိုင်ငံသားများ မကြာခဏ မေးလေ့ရှိသော ရွှေတိဂုံဘုရားမှ အမိုးတန်ရတနာများ အခိုးမခံရဘူးလား ဟူသော စိုးရိမ်ကြောင့်ကြမှု

သည် အကုသိုလ် ကွင်းဆက်လိုက်ကာ တစ်နေ့နေ့တွင် ဖြစ်လာလိမ့်မည်။ ရတနာသုံးပါးအပေါ် ယုံကြည်သဒ္ဓါတရား မရှိတော့သောအခါ ဘာသာရေးတန်ဖိုးထားမှုများလည်း ကွယ်ပျောက်သွားပါလိမ့်မည်။ ထိုအခါ မကောင်းမှုကို လုပ်ရမှာ ရှက်ကြောက်ကြတော့မည် မဟုတ်ပါ။

ယခုအခါ အနီးရောက်ကရော တိုင်းသူပြည်သားဘက်ကပါ ကောင်းမြတ်သော စိတ်ထားများ နည်းသထက်နည်းလာပေပြီ။ အနီးရောက်မှ ဝန်ကြီး၊ ဝန်ကလေး၊ အရပ်ဘက်၊ စစ်ဘက်၊ ရဲဘက်မှ ပုဂ္ဂိုလ်များသည် ငါနှင့် ငါသာ နိုင်းစရာ၊ ငါတို့သာ နိုင်ငံတော်ကို ချစ်သည်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည်ဟူသော တစ်လမ်းသွား လောဘ၊ မောဟ၊ မာန်မာနများကို လျှော့ချ၍ ဘာသာ၊ သာသနာ၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ကောင်းမြတ်သော စိတ်ဓာတ်ကို မွေးမြူကာ ဟိရီဩတ္တပ္ပတရားတို့ဖြင့် နှစ်သစ်ကို လျှောက်လှမ်းနိုင်ပါစေကြောင်း မြန်မာနှစ်ဆန်း တစ်ရက်နေ့ မင်္ဂလာအခါသမယဝယ် မျှော်လင့် ဆုတောင်းလိုက်ရပါသည်။

ကိုးကား ။ ။ မောင်ဆုရှင် ၊ (မြတ်ဘုရားရွှေတိဂုံ)
စောင့်ကြည့်ရှုနယ် (၂၂·၄·၂၀၀၄)

□

# Home Stay တွေ ရှိသင့်သလား

၁၅-၃-၂၀၁၄ နေ့က စာပေလောက (၅)အပေါ်ထပ်တွင် ပြုလုပ်ခဲ့သော D.V.B Debate အစီအစဉ်တွင် ခရီးသွားလုပ်ငန်းရှင်နှစ်ဦးက မြန်မာနိုင်ငံတွင် ဟိုတယ်ခများ ဈေးနှုန်း ကြီးမြင့်နေမှုကို အခြေခံ၍ ဟုမ်းစတေး (ခေါ်) နိုင်ငံခြားသားများအား လူနေအိမ်များတွင် သက်သာသော အခကြေးငွေယူ၍ ထားခွင့်ပြုရန် တိုက်တွန်းသွားကြသည်ကို တွေ့ရပေသည်။ ဤကိစ္စနှင့် ပတ်သက်၍ ပြောစရာများစွာ ရှိလာလေသည်။

Home Stay တွင် အားသာချက်များ၊ အားနည်းချက်များ ရှိပါသည်။ အကောင်းချည်း မဟုတ်သလို အဆိုးချည်းပဲလည်း မဟုတ်ပါ။ ကောင်းကွက်က စပြောပါမည်။ Home Stay စနစ်သာ တရားဝင် တွင်တွင်ကျယ်ကျယ် ခွင့်ပြုလိုက်လျှင် ဟိုတယ်ခများ ကျဆင်းသွားပါမည်။ မြန်မာနိုင်ငံ၌ ကြယ်(၂)ပွင့်အဆင့် ဟိုတယ်များကပင် ပျမ်းမျှ တစ်ညလျှင် တည်းခိုခ တစ်ခန်းလျှင် ဒေါ်လာ (၈၀)ခန့် တောင်းနေကြပါသည်။ အဓိကပြဿနာမှာ ဈေးကွက်သဘောတရားအရ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှခြင်းပင် ဖြစ်သည်။ တည်းခိုမည့် ဧည့်သည်က အဆက်မပြတ် တိုးလာနေသည်။ သို့သော် လက်ခံနိုင်သော ဟိုတယ်အခန်း အရေအတွက်က နည်းနေသည်။ ထိုအခါ ၁၉၉၅ ခုနှစ်လောက်ကတည်းက ရှိခဲ့သော ဝယ်သူ့ဈေးကွက်မှ ၂၀၁၀ အလွန်တွင် ရောင်းသူ့ဈေးကွက် ဖြစ်သွားသည်။ ယခင်က ဒေါ်လာ (၂၀)

လောက်နှင့် လက်ခံခဲ့သော ရန်ကုန်မြို့မှ ဟိုတယ်အချို့မှာ (၈၅) ဒေါ်လာအထိ တောင်းလာကြသည်။

ခြွေတာရေး တိုးရစ်များအဖို့ နေစရာ ရှားပါးလာသည့်အပြင် Package Tour ခေါ် ကုမ္ပဏီမှ စီစဉ်ရောင်းချသော ခရီးစဉ်ဈေးနှုန်းများမှာလည်း မြန်မာပြည် ခရီးစဉ်ဈေးနှုန်းသည် ဒေသတွင်း နိုင်ငံများနှင့် ယှဉ်လျှင် ဈေးအကြီးဆုံးအဖြစ် စံချိန်တင် ရောက်ရှိလာခဲ့သည်။ မြန်မာသည် တိုးရစ်များအတွက်ရော နိုင်ငံသားများ အတွက်ပါ ကုန်ကျစရိတ် ဈေးကြီးသောနိုင်ငံ ဖြစ်လာခဲ့သည်။

Home Stay သာ ခွင့်ပြုခဲ့လျှင် F.I.T (Foreign Independent Traveller)များ ဟိုတယ်သို့ မသွားကြဘဲ ဈေးပေါသော အိမ်နှန်းရိပ်သာများသို့သာ သွားကြခြင်းဖြင့် ဟိုတယ်များ ငွေမညှစ်နိုင်တော့ဘဲ ဈေးထိုးကျမည် ဖြစ်သည်။

နောက်ထပ် ကောင်းကွက်တစ်ခုမှာ လူလတ်တန်းစားများသည် ကိုယ့်အိမ် ကိုယ် အခန်းငှားစားခြင်းဖြင့် တိုးရစ်ထံမှ ဝင်ငွေရရှိမည် ဖြစ်သည်။ အစိုးရကသာ အလွန် ကန့်သတ်ချုပ်ချယ်ခြင်းမပြုဘဲ Home Stay လက်ခံသူများကို အခွန် ကင်းလွတ်ခွင့်ပေးခဲ့လျှင် အိမ်ပိုင်ရှိုင်ို နိုင်ငံသားအချို့ ဝင်ငွေတိုးစေနိုင်သော အိမ်မကြွာ အိမ်မကြွာလုပ်ငန်း ဖြစ်လာပေလိမ့်မည်။

အတိုချုပ် ပြောရလျှင် ခရီးစဉ်ဈေးနှုန်းများကျမည်။ နိုင်ငံသားအချို့ ဝင်ငွေတိုးလာမည်။ ဟိုတယ်ဈေးနှုန်းများ ကျမည်။ အိမ်များ၌ နေထိုင်ခြင်းဖြင့် မြန်မာလူနေမှုစနစ်ကို နိုင်ငံခြားသားများ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ခံစား သိရှိနိုင်ပေမည်။

ဆိုးကွက်များလည်း ရှိပါသည်။ ပထမဆုံး ဆိုးကွက်မှာ လုံခြုံရေး အရှုပ်အထွေးများ ဖြစ်ပေါ်လာနိုင်ခြင်း ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုသည် အားနာတတ်သည်။ အရှက်အကြောက် ကြီးသည်။ အနောက်တိုင်းယဉ်ကျေးမှုသည် အားမနာတတ်။ ဟီရိဩတ္တပ္ပတရား နည်းသူအချို့ နည်းကြသည် (အားလုံးတော့ မဟုတ်)။ မြန်မာအိမ်၌ သမီးပျိုရှိခဲ့လျှင် ယူစိမ်း နိုင်ငံခြားသားတစ်ယောက် အိမ်တွင်လာနေသဖြင့် အနေကျပ်ပေလိမ့်မည်။ ထို့ထက်အလွန်ဆိုရလျှင် လိင်မှုကိစ္စ အမှုအခင်းများပင် ပေါ်ပေါက်လာနိုင်ပေသည်။

ငှင်းအပြင် အိမ်ပိုင်ရှင်သည် အရက်သမား၊ ပြဿနာရှာသူ၊ မရိုးသားသူ ဖြစ်ခဲ့လျှင် ဧည့်သည် နိုင်ငံခြားသားခမျာ စိတ်ညစ်ရပေမည်။ ပစ္စည်းပျောက်ခြင်း၊ ရန်ဖြစ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပေသည်။ တစ်ဖက်တွင်လည်း နိုင်ငံခြားသားသည် ပစ္စည်းမပျောက်ဘဲ ပျောက်သည်ဟု အိမ်ရှင်ကိုစွပ်စွဲခြင်း၊ သူ့ဘာသာ အထားမှားပြီး

မမှတ်မိဘဲ အိမ်ရှင်နိုးသည်ဟု ယိုးစွပ်ခြင်းများ ရှိလာနိုင်သည်။ အိမ်ရှင်ပစ္စည်းကို တိုးရစ်က ခိုးခြင်း၊ တိုးရစ်ပစ္စည်းကို အိမ်ရှင်မှ ခိုးခြင်း၊ ရုတ်တရက် ကျန်းမာရေး ဖောက်ပြန်ကာ သေဆုံးခဲ့လျှင် အိမ်ရှင်ကို အပြစ်တင်နိုင်ခြင်း စသည့် အားနည်းချက်များ လည်း ရှိပေသည်။

အဆိုးဆုံးမှာ စီးပွားရေးသမား ဧည့်ရှင်များသည် အင်းလေးကန်ထဲရှိ ရွာများမှ အိမ်များကို အသေမတန် ဈေးပေးဝယ်၍ Home Stay လက်ခံကာ ငွေရှာကြခြင်းဖြင့် အင်းလေးတွင် ဒေသခံများ တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်ပါသည်။ ဤသည်ကို ဒေသခံ မဟုတ်သူများ ဝင်မလာစေရန် တင်းတင်းကျပ်ကျပ် ကာကွယ်ရပါမည်။

မြန်မာနိုင်ငံတွင် Hoem Stay စနစ်ရှိနေပြီလားဟုဆိုလျှင် အစိုးရ တာဝန်ရှိသူများက မရှိပါ၊ ခွင့်မပြုသေးပါဟု မည်သို့ပင် ပြောစေကာမူ ကျွန်တော်တို့ ဧည့်လမ်းညွှန်များ၏ ကိုယ်တွေ့ဖြစ်ရပ်များအရ Home Stay မှာ နေရာကွက်ကျား၍ ပြောက်ကျားစနစ်ဖြင့် ဖြစ်ထွန်းနေခဲ့ပြီဟု ဆိုချင်ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ ညောင်ရွှေ၊ ပင်းတယ၊ ဟဲဟိုး စသော မြို့နယ်များသည် နယ်မြေ အေးချမ်းသော မြို့နယ်များ ဖြစ်သည်နှင့်အညီ ကလောမှ အင်းလေးသို့ လည်းကောင်း၊ အင်းလေးမှ ကလောသို့ လည်းကောင်း၊ ပင်းတယမှ ကလောသို့ လည်းကောင်း၊ ပင်းတယမှ ရပ်စကျိုးရွာသို့ လည်းကောင်း ညအိပ်၊ လမ်းလျှောက်၊ တောင်တက် (Trekking) ခရီးများ သွားလေ့ရှိပါသည်။ ခရီးစဉ်မှာ (၁)ညအိပ် (၂)ရက်ခရီးမှ (၅)ညအိပ် (၆)ရက်ခရီးအထိ ရှိပါသည်။

ထိုသို့ တောတိုး တောင်တက်သွားကြသောအခါ တောရွာများတွင် ဟိုတယ်မရှိ၊ တည်းခိုခန်း မရှိပါ။ ထိုအခါ လမ်းသင့်သော ရွာများရှိ ဘုန်းတော်ကြီး ကျောင်းများတွင် သော်လည်းကောင်း၊ ရွာထဲမှ ဧည့်သည်လက်ခံနိုင်မည့် အိမ်များတွင် လည်းကောင်း ဝင်ရောက်၍ ညအိပ် ရပ်နားကြပါသည်။ တိုးရစ်များအတွက် လိုအပ်သော ခေါင်းအုံး၊ စောင်၊ ဖွမ်းကပ်၊ မွေ့ရာ စသည်များကို ခရီးသွား ကုမ္ပဏီများက ကြိုတင်ပို့ဆောင် သိမ်းဆည်းထားကြပါသည်။ (ရှမ်းပြည်နယ်တွင် ခြင်မကိုက်သဖြင့် ခြင်ထောင် မလိုပါ)။ တည်းခိုစမှာလည်း ဘယ်ရွေ့ ဘယ်မျှဟု သတ်မှတ်မထားဘဲ သဒ္ဓါကြေး အလှူငွေကိုသာ ယူပါသည်။

ယနေ့ထက်ထိ ထို Home Stay စလေ့မှာ ဘာမှ ပြဿနာ မကြားရပါ။ သက်ဆိုင်ရာ ဒေသအာဏာပိုင်များကလည်း ပြဿနာမရှိသည့်အပြင် ဒေသလိုအပ်ချက် ခရီးစဉ်တစ်ရပ်ဖြစ်သဖြင့် နားလည်မှုဖြင့် ခွင့်ပြုထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်တွင် Home Stay အစ အင်းလေးဒေသကဟု ပြောရမလို ဖြစ်နေပါသည်။

ဒုတိယ Home Stay ဖြစ်ထွန်းနေသည်မှာ ရန်ကုန်မြို့တွင် ဖြစ်သည်။ ရန်ကုန်တွင် ဖြစ်ထွန်းပုံမှာ အင်းလေးဒေသမှာလို ဆင်းရဲသော တောအိမ်ကလေးများမှာ နေထိုင်ကြခြင်း မဟုတ်ပါ။ အင်းလျားလမ်း၊ ရွှေတောင်ကြား၊ ဝင်ဒါမီယာ၊ အင်းလျားမြိုင်၊ ကမ္ဘာ့ေအးလမ်းစသော လူကုံထံများနေသည့်ရပ်ကွက်များ၊ ကွန်ဒိုမီနီယံများရှိ မိသားစုများထံ တိုးရစ်များက ကိုယ့်အဆက်အသွယ်ဖြင့်ကိုယ် သွားနေကြခြင်း ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်ပင် ညွှန်သည်က ပိုနိုင်းသဖြင့် နိုင်ငံခြားသားများကို တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား၊ အင်းလျားမြိုင်တို့ရှိ အိမ်တချို့သို့ နိုင်ငံခြားသား ပို့ပေးဖူးပါသည် (ပဏ္ဍိတာရာမ တရားစခန်း ရိပ်သာပင်ပါသည်)။ ထိုရပ်ကွက်များသည် သူဌေးရပ်ကွက်များ၊ သူဌေးလမ်းများ ဖြစ်သဖြင့် ညွှန်စာရင်းတိုင်ရခြင်း၊ ညွှန်စာရင်းစစ်ခြင်းများလည်း ရှိပုံ မရပါ။ ရန်ကုန်မြို့၏ အခြားနေရာများတွင် ရပ်ကွက်တွင်း၌ နိုင်ငံခြားသားတစ်ယောက် ညအိပ်တည်းခိုလျှင် လမ်းမှူးမှ ပြဿနာရှာကာ မီးနိုးကြွက်လျှောက် ရှင်းရမည် ဖြစ်သော်လည်း ထိုလူကုံထံရပ်ကွက်များတွင်မူကား သူ့အရပ်နှင့် သူ့ဇာတ်ဆို သကဲ့သို့ ဘာမှ ပြဿနာမရှိပါ။ Home Stay များ တွင်ကျယ်စွာ ဖြစ်ထွန်းနေကြပါသည်။ မြန်မာနိုင်ငံ၌ ဥပဒေမှာ နှစ်မျိုးနှစ်စားဖြစ်နေသယောင်ပင် ဖြစ်ပါသည်။

ထို့ကြောင့် သက်ဆိုင်ရာကို အကြံပေးလိုသည်မှာ Home Stay ကို တားမရသည့် အတူတူ အထက်တွင် ကျွန်တော်ရေးသားခဲ့သော အားနည်းချက်များကို ကြိုတင်အစီအမံဖြင့် ကာကွယ်၍ ရှုပ်လည်းလျှော့ကာ ဖွားလည်းစွဲသာ ဖြစ်အောင် နယ်မြေအလိုက် တရားဝင် ခွင့်ပြုပေးသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

Sweet View ဂျာနယ် (၇.၄.၂၀၁၄)

❑

# စာနှစ်စောင်

သကြံ့န်အကျနေ့ (၁၄.၄.၂၀၁၄)ရက် နေ့လယ်ဘက်တွင် ဖျင်းဖျင်း ရှိသည်နှင့် စာမူအဟောင်းများ သိမ်းထားသော ဗိုင်ကို လှှော်ကလှန်ကြည့်ရာမှ စာအိတ်ကလေး တစ်လုံးကို တွေ့ပါသည်။ စာအိတ်ကို ဖွင့်လိုက်သောအခါ စာနှစ်စောင်ကို တွေ့ပါသည်။ ထိုစာနှစ်စောင်ကို ကျွန်တော်သည် ဗိုင်ထဲတွင် တခုတ်တရသိမ်းထားတာ ကိုးနှစ်ရှိခဲ့ပြီဖြစ်ပြီး ထို ကိုးနှစ်အတွင်း အကြိမ်ကြိမ် ပြန်ဖတ်ခဲ့ကာ အကြိမ်ကြိမ် စိတ်မကောင်းဖြစ်နေခဲ့ရသောစာ ဖြစ်သည်။ ထို စာနှစ်စောင်ကြောင့်လည်း ယခု ဆောင်းပါးကို ရေးဖြစ်ပါသည်။

အချိန်ကား ၂၀၀၅ ခုနှစ်၊ ဧပြီလ၊ ၂၀ ရက်နေ့ ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် မဂ္ဂဇင်းတော်တော်များများတွင် ဝတ္ထုတိုများ၊ ခရီးသွားဆောင်းပါးများ ရေးနေပါသည်။ စာရေးဆရာတစ်ယောက်အနေဖြင့် နာမည်လည်း အသင့်အတင့် ရနေပါသည်။ မဂ္ဂဇင်းများစွာ တို့က သူတို့ မဂ္ဂဇင်းများတွင် ရေးသားရန် ကျွန်တော့်ထံ စာမူတောင်းခံကြပါသည်။ ထိုစဉ်က ကျွန်တော်သည် ယခုလို အပတ်စဉ် ဂျာနယ် များတွင် ဆောင်းပါးများ မရေးသေးပါ။ စာရေးကျဲပါသည်။ ကျွန်တော်သည် စာရေးရာတွင် အရည်အသွေးကောင်းအောင် ဂရုစိုက်လွန်းသဖြင့် တစ်လ နေသော်လည်း ဝတ္ထုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် မရေးဖြစ်ပါ။ ရေးဖြစ်သမျှ ဆောင်းပါး၊ ဝတ္ထုများကို ကတိပေးထားသော မဂ္ဂဇင်းအယ်ဒီတာများလက်သို့ သင့်သလိုခွဲ၍ ပေးအပ်လိုက်စမြဲ ဖြစ်သည်။ ကျွန်တော်သည် မဂ္ဂဇင်းအစုံတွင် ရေးသားသော်လည်း ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းတွင် ပို၍ မှန်မှန်ရေးသားဖြစ်ပါသည်။ အကြောင်းတစ်ခုမှာ ရုပ်ရှင်တေးကဗျာ၏

အယ်ဒီတာလည်းဖြစ်၊ ပိုင်ရှင်လည်း ဖြစ်သော ဒေါ်တင်တင်ဦးမှာ ကျွန်တော်၏ ညွှဲလမ်းညွှန်သူငယ်ချင်း ခင်မြတ်မော်၏ အစ်မ ဖြစ်၍ ခင်မင်နေသောကြောင့် ဖြစ်သည်။

နောက်တစ်ကြောင်းမှာ ရုပ်ရှင်တေးကဗျာသည် သုတ၊ ရသ မျှတ၍ ဖတ်ချင်စရာ ကောင်းပြီး အောင်မြင်နေသော မဂ္ဂဇင်းတစ်စောင် ဖြစ်သောကြောင့် ဖြစ်သည်။

ကျွန်တော်သည် စာရေး ကျဲသဖြင့် အနည်းငယ် ရေးတွက် ထွက်ပုံမှာ ငါသည် သူများတွေလို သိပ်မရေးနိုင်။ ထို့ကြောင့် တစ်ပုဒ်ဆိုတစ်ပုဒ် ကိုယ်ရေးသမျှ ပရိသတ် ဖတ်မိစေချင်သည်။ ထို့ကြောင့် စာအုပ်အငှားဆိုင်တိုင်းက ဝယ်ယူပြီး ဆိုင်မှာတင်သော ရုပ်ရှင်တေးကဗျာ စသော မဂ္ဂဇင်းများတွင် ရေးဖို့ ပို၍ အာသီသ ရှိခဲ့ဖူးပေသည်။ အဓိကမှာ ကိုယ်ရေးသောစာကို ပရိသတ် ဖတ်မိစေလိုသော စာပေ လောဘကြောင့် ဖြစ်ပါသည်။

ထိုသို့သော အခြေအနေတွင် ရုပ်ရှင်တေးကဗျာသို့ ကျွန်တော်သည် စာမူတစ်ပုဒ် ပို့လိုက်ရာ တော်တော်နှင့် ပါမလာပါ။ ထိုအခါ နောက်တစ်ပုဒ် ထပ်ပို့လိုက်ပါသည်။ ခါတိုင်း စာမူတစ်ပုဒ် ခုလပေးလိုက်လျှင် နောက်တစ်လဆို ပါလာတတ်စမြဲ ဖြစ်သည်။ လွန်ရောကျွံရော နှစ်လသာ စောင့်ရတတ်ပါသည်။ ထို့ကြောင့် တတိယတစ်ပုဒ် ထပ်ပို့လိုက်ပြီးသောအခါ ကျွန်တော်သည် အတော်ပင် ဘဝင်မကျ ဖြစ်လာပါသည်။ တတိတိနှင့် ကျွန်တော်၏ စောင့်စားရသော ကာလမှာ ငါးလထဲသို့ ရောက်လာပါသည်။ ကျွန်တော် စိတ်မရှည်တော့ပါ။ ကျွန်တော်သည် ကလောင်သစ်ကလေး မဟုတ်ပါ။ သူတို့ မရွေးလျှင်နေ၊ ထည့်ချင်သည့် မဂ္ဂဇင်းတွေ အများကြီးရှိသည် ဟူသော လှံမှားသောမာနသည် ကျွန်တော့်စိတ်ကို ဆွပေးနေသလို ရှိပါသည်။ ထို့ကြောင့် အောက်ပါစာကိုရေးကာ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း အယ်ဒီတာ ဒေါ်တင်တင်ဦးအား လျှောက်ထားမှုတစ်ဆင့် ပေးပို့ခဲ့ပါသည်။

စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

*သို့*
*ဒေါ်တင်တင်ဦး*
*ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း*                                    *နေ့စွဲ ၊ ၂၀-၄-၂၀၀၅*

*ကျွန်တော်၏ ခရီးသွားဆောင်းပါးများကို ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းသို့ အောက်ပါ ရက်စွဲများအတိုင်း ပေးပို့ခဲ့ပါသည်။*

၁။ လေးချိုးမြစ်ကို ဆန်တက်ခြင်း (၇.၁၁.၂၀၀၄)
၂။ မျှော်ကိုး၊ သို့မဟုတ် ဒဏ္ဍာရီထဲက အိမ်မက်မြို့ (၂၀.၁၂.၂၀၀၄)
၃။ မြန်မာပြည်အတွက် ကျောင်းကြောင်းတစ်ခု (၅.၂.၂၀၀၅)

သို့သော် ပေးပို့ထားသည့်စာမူများ ယနေ့အချိန်အထိ တစ်ပုဒ်မှ မပါသေးသဖြင့် အလွန်စိတ်ပျက်ရပါသည်။ သို့ပါ၍ June လထုတ် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းတွင်လည်း ဖော်ပြနိုင်ခြင်းမရှိပါက ထိုစာမူများကို ပယ်သည်ဟု ယူဆပြီး အခြားမဂ္ဂဇင်းများသို့ ပေးပို့သွားမည်ဖြစ်ပြီး ထိုသို့ ပြုလုပ်ရခြင်းကို နားလည် ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်
သရဝဏ် (မြည်)

ထိုစာကို ပေးသည့်နေ့မှာပင် ဒေါ်တင်တင်ဦးထံမှ အောက်ပါစာကို ရရှိခဲ့ပါသည်။

သို့
သရဝဏ်(မြည်)

ပေးထားတဲ့ စာမူထဲက ဇွန်လမှာ ရုံးတင်ထားတဲ့ထဲမှာ မြန်မာပြည်အတွက် ကျောင်းကြောင်းတစ်ခုဆိုတာ ပါသွားပါတယ်။

ကျန်တဲ့ နှစ်ပုဒ်ကိုလည်း သုံးရန်အတွက် ကွန်ပျူတာစီပြီး၊ ဒီဇိုင်းတောင် လုပ်ထား ပြီးသားပါ။ သရဝဏ်ရဲ့ဆောင်းပါးတွေကို အမြဲတည်ပေးနေတာပဲလေ။ နည်းနည်းကြာတာ ကတော့ အရင်လှာထားပြီး ဒီဇိုင်းလုပ်ထားတာတွေရယ်၊ အရေးပေါ်လာတဲ့ ဆောင်းပါးတွေရယ် ကျော်နေလို့ပါ။ ချက်ချင်းမသုံးဖြစ်ဘူးဆိုတဲ့ နေရာမှာ မဂ္ဂဇင်းဟာ စာစောစောပိတ်ပြီး တစ်လကြို ရုံးတင်ရတဲ့အတွက် အလှည့်မီအောင် ကြိုကြိုတင်တင်လုပ်ထားတဲ့ ဆောင်းပါးတွေရှိနေလို့ အဲဒါတွေက အရင် ပါပါသွားတာ ဖြစ်ပါတယ်။ မဂ္ဂဇင်းလုပ်ရတဲ့ အခက်အခဲများကိုလည်း နားလည် ခွင့်လွှတ်ပေးပါလို့။

တင်တင်ဦး
၂၀.၄.၂၀၀၅

ဟု ဖြစ်ပါသည်။

အကယ်၍ ဒေါ်တင်တင်ဦးကသာ "ရှင့်စာမှ မသုံးတော့ဘူး။ နောက်လည်း မပို့ပါနဲ့တော့"ဟု မချေမငံ စာပြန်ရေးလိုက်လျှင် ကျွန်တော် ယခုလို ရှက်၍ ခံစားရမည် မဟုတ်ပါ။ အယ်ဒီတာတစ်ယောက် ဖြစ်သော်လည်း လုပ်ပိုင်ခွင့် (စာမူပယ်ပိုင်ခွင့်)ကို တစ်လုံးတစ်ပါဒမျှ မပြောဘဲ မဂ္ဂဇင်းလုပ်ရသော အယ်ဒီတာတစ်ယောက်၏ ဒုက္ခနှင့် အခက်အခဲများကိုသာ ရိုးရိုးသားသား မာန်မာန မပါဘဲ ရှင်းပြသွားပါသည်။

သူ့စာထဲတွင်ပါသော တစ်လကြို ရုံးတင်ဆိုသည်မှာ စာပေစိစစ်ရေးရုံးကို ဆိုလိုပါသည်။ ထိုစဉ်က ထုတ်ဝေသမျှ မဂ္ဂဇင်းများ အားလုံးသည် ပုံမနှိပ်ခင် တစ်အုပ်လုံးကို စာပေစိစစ်ရေးရုံးသို့ တင်ပြရပါသည်။ ထိုအထဲကမှ ဒါ မထည့်နဲ့၊ ဒါတော့ ဖြုတ်လိုက် စသည်ဖြင့် စီရင်ချက် ကျလာသည်ကိုမှ အယ်ဒီတာများက ဖြုတ်ရ၊ ပြင်ရ၊ ထည့်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်ကသာ စာမူမသုံးလျှင် နောက်ထပ်မဂ္ဂဇင်းတိုက် တစ်ခုသို့ ပို့လိုက်မည် ဘာညာဖြင့် ခြိမ်းခြောက်သလိုလို ဘာလိုလို စာကို စိတ်လိုက်မာန်ပါ ရေးလိုက်သော်လည်း ဒေါ်တင်တင်ဦးဘက်က လူကြီးလူကောင်းဆန်ဆန် ယဉ်ယဉ်ကျေးကျေး တုံ့ပြန်လာခြင်းကို ဖတ်လိုက်ရသောအခါ ငါတော့ လွန်သွားပြီဟု ဦးနှွာ တွေးမိပါသည်။

ကျွန်တော်သည် ကျွန်တော့်တစ်ဖက်တည်းမှကြည့်ကာ စာမူ မြန်မြန် မပါသဖြင့် မာနဖြင့် စာတစ်စောင်ရေးလိုက်ခြင်း ဖြစ်သည်။ အယ်ဒီတာထံမှ ပြန်စာမှာ အကြောင်းအကျိုး ညီညွတ်ကာ မာန်မာန မရှိဘဲ ယဉ်ကျေးဖွယ်ရာ တုံ့ပြန်လာသည့် အတွက် ကျွန်တော့်မှာ အတော်ပင် စိတ်မကောင်း ဖြစ်မိပါသည်။

ထိုအချိန်မှစကာ ကျွန်တော့် ဘဝအတွက် သမိုင်းဝင် စာနှစ်စောင်ကို ဖိုင်ထဲတွင် သေသေချာချာ သိမ်းထားလိုက်ပြီး အလျဉ်းသင့်သော ကာလတွင် ဆောင်းပါးတစ်ပုဒ်ရေးမည်ဟု တေးထားလိုက်ပါသည်။ ထို စာနှစ်စောင်ကိုလည်း မကြာ မကြာ ပြန်ဖတ်ကာ ယနေ့မှစကာ ငါ့အတွက် မည်သည့် အယ်ဒီတာမှ စိတ်အနှောင့်အယှက် မဖြစ်စေရ ဟူသော မှုကို ချမှတ်လိုက်ပါသည်။

ကျွန်တော်သည် လူတစ်ယောက်အနေဖြင့် ဘာမှ မာန်မာန မရှိသော်လည်း အနုပညာနှင့်ပတ်သက်လျှင် အနုပညာမာနကြီးသူ ဖြစ်သည်။ ပထမ အချက်အနေဖြင့် ကျွန်တော့်ကို လာပါဟု မဖိတ်သော မည်သည့် မဂ္ဂဇင်း၊ ဂျာနယ်ကိုမှ အလည်သွားလေ့ မရှိပေ။

တစ်ခါက စာရေးဖော်မိတ်ဆွေ သင်းအောင်ဖန်က ၃၄ လမ်းထဲသို့ ရောက်သောအခါ -

"ကိုသရဝဏ်၊ ပင်းယမဂ္ဂဇင်းကို လိုက်ခဲ့စမ်းပါ သွားလည်ရအောင်" ဟု ခေါ်ပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့မှာ မဂ္ဂဇင်းတိုက်အနီး လမ်းထိပ်သို့ပင် ရောက်နေပါပြီ။ ထိုစဉ်က ကျွန်တော်သည် -

"ကိုသင်းအောင်ပန်ကို ကျွန်တော်မှတစ်ခု ပြောထားရဦးမယ်။ ကျွန်တော် ဘယ် မဂ္ဂဇင်းကိုမှ ကိုယ့်ကိုမခေါ်ဘဲ သွားမလည်ဘူး။ ဘယ်မဂ္ဂဇင်းကိုမှ ကိုယ့်ကို စာမူမတောင်းဘဲ သွားပို့လေ့ မရှိဘူး"

ဟု ပြောလိုက်ရာ မိတ်ဆွေဖြစ်သူမှာ မျက်နှာပျက်သွားပါသည်။ အယ်ဒီတာအား ခင်မင်အောင်ပေါင်းပြီးမှ ပါရသော စာမူတစ်ပုဒ်ကို ကျွန်တော်သည် မစင်ဘင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာပါသည်။

စင်စစ် ကျွန်တော်သည် မူနှင့် နေထိုင်သူ (Man of Principle) ဖြစ်ပါသည်။ ငွေကိုးထောင် တစ်သောင်းကို ပေးကမ်းလှူဒါန်းလိုက်ရမှာ ဝန်မလေးသော်လည်း စပယ်ယာထံမှ ပြန်ရစရာရှိသော ငွေငါးဆယ်ကျပ်ကို မရ ရအောင် တောင်းတတ်သူ ဖြစ်သည်။ ထို ငါးဆယ်ကို မက်မောလွန်း၍ မဟုတ်၊ မိမိရပိုင်ခွင့်ကို ရအောင်တောင်းရမည်မှာ ကိုယ့်တာဝန်ဖြစ်သောကြောင့် ဖြစ်သည်။ ထိုကိစ္စကို နားမလည်သောကြောင့် ကျွန်တော့်မိန်းမအပါအဝင် အချို့က ကျွန်တော့်အား လူကန့်လန့်၊ ကတ်မှဲ့ စသည်ဖြင့် ပြောကြပါသည်။

စာရေးဆရာ ဖြစ်ခါစကလည်း အယ်ဒီတာ(ပိုင်ရှင်)တစ်ယောက်သည် စာမူခ မပေးလိုသဖြင့် နေရွှေ့ ညရွှေ့ လုပ်နေရာ သူအလုပ်လုပ်သော အစိုးရ ရုံးဌာနကြီးတစ်ခုသို့လိုက်ပြီး ကျွန်တော့် စာမူခကို အများရှေ့တွင် ရအောင် တောင်းဖူးပါသည်။

ထို သူသည် ဆွေဆွေခုန်အောင် ဒေါသဖြစ်ကာ-

"မင်းစာမူတွေ ငါတို့ မဂ္ဂဇင်းမှာ ပေးထားတာ ရှိသေးလား"

ဟုမေးရာ ကျွန်တော်က မရှိဘူးဟု ဖြေသည်တွင်-

"အေး - ပေးထားတာ မရှိရင်လည်း နောက်ထပ် ဘယ်တော့မှမပို့နဲ့"ဟု ပြောပါသည်။

ထိုသို့ ရိုင်းစိုင်းစွာ ဆက်ဆံသော အယ်ဒီတာထံမှ ပိုက်ဆံစာမူခကို မရ ရအောင် တောင်းခဲ့မိခြင်းအတွက် ကျွန်တော်သည် မည်သည့်အခါမှ နောင်တ မရပါ။ ထိုလုပ်ရပ်အတွက် ကိုယ့်ကိုယ်ကိုယ်ပင် ကြည်ညိုပါသေးသည်။

ယခု စာနှစ်ဆောင်ကိစ္စတွင်မူကား စာမူခမပေးလိုသဖြင့် ရှောင်နေသော အယ်ဒီတာလို မဟုတ်ပေ။ စာပေစိတ်ရှိသော အယ်ဒီတာတစ်ယောက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို နူးညံ့ သိမ်မွေ့စွာ ရှင်းပြသော အယ်ဒီတာ ဒေါ်တင်တင်ဦးအား ကျွန်တော် အမြဲ ကျေးဇူးတင် နေပါမည်။

အနုပညာမှာနှသည် ထားရှိအပ်သော်လည်း တစ်ဖက်သားကို မစာနာဘဲ ကိုယ့်တစ်ဖက်သတ် စဉ်းစားတတ်သော မာနမျိုးမှာဖြင့် မည်သူ့အတွက်မှ အကျိုးမရှိဘဲ ရှက်ဖွယ်ကောင်းသော ကိစ္စတစ်ခုသာ ဖြစ်ပါကြောင်း လွန်ခဲ့သော ကိုးနှစ်က စာနှစ်ဆောင်ကို ကိုးကား၍ ရေးသား တင်ပြလိုက်ရပါသည်။

ရှပ်ရှင်တေးကဗျာမဂ္ဂဇင်း (၂၀၁၄၊ ဇွန်)

## စာဖတ်သူဟာ တပည့်လား

"ဆရာကတော့ ဒီ့ထက်ဒီ တိုးတက်အောင် ကြိုးစားသွားပါ့မယ်"

"ဆရာ အမေရိကမှာ ဘွဲ့လွန်သင်တန်း သွားတက်တုန်းကဆိုရင်"

"အခုတော့ ဆရာ့အနေနဲ့ တည်ငြိမ်တဲ့ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဘဝကို သွားနေပြီဆိုတော့ကာ"

"ဆရာ ဖြည့်စွက် ပြောချင်တာကတော့"

ဂျာနယ်၊ မဂ္ဂဇင်း အင်တာဗျူးများတွင် မကြာခဏ ကြားနေ ဖတ်နေရသည်မှာ မေးသူက ဆရာခေါ်ပြီး မေးသည်ကို အမေးခံရသူ (အင်တာဗျူးခံရသူက) သံယောင်လိုက်ကာ ကိုယ့်ကိုယ်ကိုယ် ဆရာနေရာမှာ ထားလိုက်ခြင်း ဖြစ်သည်။ ဥပမာ -

"ဆရာတို့ ဘောလုံးအသင်းကို ဒီ့ထက်ပိုပြီး အောင်မြင်အောင် ဘယ်လို လုပ်မလဲ သိပါရစေ"

"ဆရာတို့ကတော့ သေသေချာချာ ပြင်ဆင်ထားပါတယ်။ စလုပ်ကတည်းက ဆရာတို့ အရှုံးအမြတ်ကို မတွက်ပါဘူး။ ဆရာ့ စီးပွားရေးလုပ်ငန်းထဲက နေပြီးတော့ ဘောလုံးအသင်းအတွက် ကုန်ကျတဲ့ငွေကို အတက်တက်က ပံ့ပိုးထားတဲ့ အတွက် ဒီနှစ်တော့ ချန်ပီယံဖြစ်ဖို့ မျှော်လင့်ပါတယ်"

ဟူသည်က တစ်မျိုး။

"UNESCO က ပဲရစ်မှာ ရုံးချုပ်ရှိတယ်။ အခု မြန်မာနိုင်ငံနဲ့လည်း သူတို့ ရှေးဟောင်းထိန်းသိမ်းရေးလုပ်ငန်းတွေတွဲပြီး လုပ်ကိုင်နေတာတွေ ရှိတယ်။ တစ်ကမ္ဘာလုံးမှာ သူတို့ရဲ့ စင်တာတွေက ခုနစ်ခုရှိတယ်။ အိန္ဒိယမှာ UNESCO နဲ့ တွဲဖက်ပြီး စင်တာတစ်ခုရှိတယ်။ အဲဒီစင်တာမှာ တစ်ကမ္ဘာလုံးက အုပ်ချုပ်သူ (၁၀)ယောက်ရွေးတယ်။ ဒီနေ့မှာ ဆရာလည်း အရွေးခံခဲ့ရတာပါ"

ဟု တစ်ဖုံ။

စကားပြောရာတွင် မိမိကိုယ်ကိုယ် ဆရာဟု နာမ်စားသုံးပြောသည်ကို ကြားရတတ်သည်။ အချို့ကျတော့ ကိုယ့်ကိုယ်ကိုယ် ဆရာခေါ်ရုံနှင့် အားမရ ကြတော့ဘဲ စစ်တပ်ထဲတွင် နေခဲ့စဉ်က အလေ့အထတွေ၊ အာဏာရှင်ဆန်ဆန် မြောက်လုံးတွေဖြင့် မိမိကိုယ်ကိုယ် ရက်စက်စွာ ရည်ညွှန်းကြသည်လည်း ရှိသေးသည်။

"အဘက နိုင်ငံရေးနားလည်တဲ့ နိုင်ငံရေးသမားကြီး မဟုတ်ပါဘူး။ စစ်သားပါ။ စစ်တပ်မှာ ၄၂ နှစ် လုပ်လာတယ်။ သူ့ဟာသူ ဖြစ်လာတဲ့ကိစ္စ၊ သူ့ဟာသူ ကံစီမံဖန်တီးပြီးတော့ ဖြစ်လာတာ။ ဒါလည်း ကံတိုက်ဆိုင်မှုပဲ။ အဘက ကိုယ့်အတွက် ပြောတာမဟုတ်ဘူး၊ လုပ်တာမဟုတ်ဘူး။ စိတ်ထဲမှာ ယုံကြည်တာကို ပြောလိုက်တာ။ ဒါတွေက အချိန်နဲ့ တိုင်းတာတဲ့အခါ နောင်တစ်ချိန် မှားရင်လည်း မှားမယ်"

စသည်ဖြင့် နားဒုက္ခရောက်အောင် ဖတ်ရ ကြားရပေသည်။

ဤနေရာ၌ မိမိကို အင်တာဗျူးလာမေးသော ဂျာနယ်လစ်သမားလေးတွေ သည် မိမိ မေးခွန်းထုတ်ရမည့်သူ၏ ရာထူးစည်းစိမ်၊ ဂုဏ်သိန်များကို လေးစားသော အားဖြင့် ဆရာဟု ဝိသေသတပ်၍ မေးမြန်းလိုက မေးမြန်းနိုင်ပါသည်။ သို့သော် အင်တာဗျူးပြန်ပြောသူအနေနှင့်မူ လာမေးသူသည် တူအရွယ်၊ သားအရွယ်၊ တပည့် အရွယ်လေးတွေပဲဟု ဆိုကာ (ကိုယ့်တပည့် ဖြစ်နေသည့်တိုင်) ဆရာဆိုသော တင်စီးသည့် နာမ်စားကို မသုံးသင့်ပေ။

မိမိသည် မိမိ ကျင်လည်နေသော ပတ်ဝန်းကျင်တွင် ဆရာတစ်ဆူ ဖြစ်ချင်ဖြစ်မည်။ မိမိ အုပ်စီးနေရသော သင်တန်း၊ ကုမ္ပဏီ စသည်တွင် အရှင်သခင် ပိုင်ရှင်တစ်ယောက်၊ ဆရာတစ်ယောက် ဖြစ်ချင်ဖြစ်မည်။ သို့သော် ဤစာ၊ ဤစကားသည် သင့်ရှေ့တွင် ရောက်နေသော ချာတိတ်တစ်ယောက်ကို အလွတ် သဘော လက်ချာပေးရင်းပြောသော စကားများ မဟုတ်။ စာမျက်နှာထက်တွင် ပုံနှိပ်ကာ၊ သို့မဟုတ် အသံလွှင့် မီဒီယာတစ်ခုခုမှ ထုတ်လွှင့်ကာ တစ်နိုင်ငံလုံး (တစ်ခါတစ်ရံ တစ်ကမ္ဘာလုံး)သို့ လွှင့်ထုတ်ဖော်ပြနေခြင်းဖြစ်၍ သင့် စကား

ပြောနေသူမှာ သန်းပေါင်းများစွာသော စာဖတ်ပရိသတ်ကို ဖြစ်သည်။ သို့မဟုတ် TV ကြည့် ပရိသတ်ကို ဖြစ်သည်။ သီချင်းဆိုဖြိုင်ပွဲများ၏ ဒိုင်လူကြီးများလည်း ဤအထဲတွင် ပါဝင်ပေ၏။

ထိုအခါ စဉ်းစားစရာရှိလာသည်မှာ စာဖတ်သူ၊ ရုပ်သံကြည့်သူသည် သင့်တပည့်လား ဟူသော မေးခွန်း ဖြစ်သည်။

ဟောပြောပွဲများ ဆက်တိုက် ဟောလာရသောအခါ၊ အဖွဲ့အစည်းတစ်ခုတွင် ဥက္ကဋ္ဌရာထူးရသောအခါ၊ လုပ်ငန်းတစ်ခုတွင် ပိုင်ရှင်အဖြစ် မိမိလက်အောက်ခံ အလုပ်သမား အားလုံးက ပစားပေးကြသောအခါ လူသည် မိမိကိုယ်ကိုယ် ဆရာတစ်ဆူ ပါရှူဟု ထင်လာတတ်ကြသည်။ လုပ်ငန်းခွင်ထဲ၌ တပည့်တပန်းများက ဖား၍ ခေါ်ကြသော ဆရာဆိုသည့် ဂုဏ်ပုဒ်သည် မိမိ မွေးလာကတည်းက အချင်းနှင့်အတူ တရွတ်ရှိတ်၍ ပါလာသော ဇီသေသ ဂုဏ်ထူးကြီးသဖွယ် ထင်မြင်လာသည်။

ထိုအခါ စကားပြောသောအခါ လူရှေ့မရှောင် သူရှေ့မရှောင် ဆရာ ဟူသော နာမ်စားကို ပါးစပ်မှ မချတော့ပေ။ ကျောင်းဆရာများသည် သူ့တပည့်နှင့် တွေ့ရာ၌ ဆရာကဟု သူ့ကိုယ်သူ ရည်ညွှန်းပြောခြင်းကို မဆိုလိုပါ။ မီဒီယာနှင့် တွေ့ဆုံနေသည့်တိုင် ဆရာဟု ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းကြသူများကို ဆိုလိုပါသည်။

စာဖတ်သူသည် နယ်ပယ်စုံ အလွှာအသီးသီးမှ ဖြစ်၏။ စာဖတ်ပရိသတ်ထဲတွင် နုပ်ရှေးတွဲလောင်း အရွယ်မှစကာ ပိဋကတ်သုံးပုံ အာဂုံဆောင်ထားသော ဆရာတော် သမားတော်ကြီးများပင် ပါဝင်၏။ ထို ဆရာတော်ကြီးများက ၄င်း ဆရာခေါ်ခံပုဂ္ဂိုလ်များ၏ အင်တာဗျူးကို ဖတ်မိသောအခါ 'ဆရာကလေ၊ ဆရာကတော့၊ အဘကတော့' ဆိုသည့် စကားများမှာ မည်မျှ နိုင်းဖူလိုက်ပါသနည်း။ မည်မျှ အဂါရဝဖြစ်လိုက်ပါသနည်း။ သူတို့ လုပ်ပေါက်မှာ စာဖတ်နေသူ ရဟန်းသံဃာ၊ ဆရာတော်ကြီးများကပင်လျှင် အနီးဆရာခေါ်ခံ ပုဂ္ဂိုလ်ကြီးများကို မြင်၍ ရှိခိုး ကန်တော့ရမည့်အပေါက် ဖြစ်နေပေသည်။

မြန်မာလူမျိုးတို့သည် တိုက်ပုံအင်္ကျီဝတ်သည်ကို ဂါရဝ၊ လက်အုပ်ချီမှု ဂါရဝဟု ထင်နေကြသည်။ အမှန်စင်စစ် လေးစားသင့်သူကို လေးစားခြင်းသည် ဂါရဝတရား၏အခြေခံ ဖြစ်သည်။ ဘုရားဟော သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် လည်း (နိဝါတ) မိမိကိုယ်ကိုယ် နှိမ့်ချခြင်းသည် မင်္ဂလာဟု ဟောကြားပါရှိပါသည်။ လောကတွင် မိမိလောက် ဂုဏ်ကြီးမြတ်သူ မရှိဟု ထင်နေသူလောက် အသိဉာဏ်

နှုန်းနဲ့သူကား ရှိမည် မဟုတ်ပေ။ လောကၨ လူပညာရှိ၊ ရဟန်းပညာရှိ၊ လေးစား လောက်ဖွယ် ပုဂ္ဂိုလ်တို့သည် နေရာတိုင်းမှာရှိကြောင်း သတိမူသင့်ပေသည်။

များသောအားဖြင့် ပြည့်သောအိုးသည် ဘောင်ဘင်မခတ်၊ မပြည့်သောအိုးက ဘောင်ဘင်ခတ်၏။ ဗိုလ်ချုပ်အောင်ဆန်းသည် မိမိကိုယ်ကိုယ် ရည်ညွှန်းပြောဆိုသော အခါ အဘကဟု တင်တင်စီးစီး ဘယ်တုန်းကမျှ မပြောခဲ့။

သမ္မတကြီး ဦးသိန်းစိန်ပင် ကိုယ့်ကိုယ်ကိုယ် "ကျွန်တော်က"ဟူ၍ပင် ပြောသည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း သူ့ကိုယ်သူ ဘယ်တော့မှ "ဆရာမက" ဟု မသုံး၊ "ကျွန်မက"ဟူသော နာမ်စားကိုပင် သုံးသည်။

စာရေးဆရာကြီး ဒဂုန်တာရာသည် သူထက် မည်မျှ အသက်ငယ်သော လူနှင့် စကားပြောသည်ဖြစ်စေ ခင်ဗျား၊ ကျွန်တော်နှင့်သာ လေးလေးစားစား ခေါ်ပြော ဆက်ဆံသည်။ မင်းက၊ ငါက၊ တပည့်တို့ ဆရာက စသည်ဖြင့် မခေါ် မပြောခဲ့ပါလေ။

မြန်မာစာပေလောကၨ နေလို လလို ထင်ရှားသော ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့သည်လည်း တက္ကသိုလ်တွင် ဆရာများ ဖြစ်ကြသည့်တိုင် ကိုယ့်ကိုယ်ကိုယ် "ဆရာက"ဟု တစ်ခါမျှ ရည်ညွှန်း၍ မပြောဖူးပေ။ ကျွန်တော် ဟူသော နာမ်စားကိုပင် သုံးပေသည်။

သိပ္ပံမောင်ဝ၊ ဆရာကြီးဦးဖိုးကျား၊ သခင်ကိုယ်တော်မှိုင်း၊ ဗိုမှူးနှင်း၊ ရွှေဥဒေါင်းတို့လည်း ထိုနည်းနှင်နှင်ပင် ကျွန်တော် ဟူ၍သာ သုံးပါသည်။

မြန်မာစာသည် ဝေါဟာရ ပေါကြွယ်ဝသော ဘာသာစကားတစ်ခု ဖြစ်သည်။ အင်္ဂလိပ်ဘာသာ၌ မိမိကိုယ်ကိုယ် ရည်ညွှန်းရာ၌ I တစ်လုံးသာ ရှိသော်လည်း မြန်မာဘာသာ၌ ကျွန်တော်၊ ကျွန်မ၊ ငါ၊ ကျုပ်၊ အကျွန်ုပ်၊ မိမိ၊ ကျုပ်စသည်ဖြင့် ယဉ်ကျေးမှုအဆင့်ကို လိုက်၍ သုံးသော စာလုံးများစွာရှိရာ အများနှင့်ဆိုင်သော စကားတစ်ခွန်းအတွက် ဆရာ၊ အဘ စသည်ဖြင့် သုံးနေခြင်းသည် မိမိ၏ ယဉ်ကျေးမှု နိမ့်ကျနေခြင်းကို ပြဆိုနေပါကြောင်း အသိပေး တင်ပြလိုက်ရ ပေသည်။

စာဖတ်သူသည် သင်တို့၏တပည့်များ မဟုတ်ပါလော။

ဟစ်တိုင်ဂျာနယ် (၂၅·၄·၂၀၁၄)

❑

# လက်ခုပ်သံနိုင်ငံရေး

သကြိန်ကာလအတွင်း အခြားအလုပ်မရှိသည်နှင့် စာရေးစာဖတ်အလုပ် လုပ်ပြီးလျှင် Sky Net ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သော သင်္ကြန်ဖျော်ဖြေရေး မဏ္ဍပ်များအစီအစဉ်ကို ကြည့်ဖြစ်ပါသည်။

တိုက်ရိုက်ထုတ်လွှင့်မှုမှာ ရုပ်သံလိုင်းသုံးလိုင်းမှ ထုတ်လွှင့်နေခြင်းဖြစ်ပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များရှိ Sky Net ရေကစားမဏ္ဍပ်များတွင် ဖျော်ဖြေတီးမှုတ် သီဆိုနေကြသည်များကို တိုက်ရိုက်ရှုမြင်ရပါသည်။

ကျွန်တော်သည် ရန်ကုန်သင်္ကြန်ကို ကြည့်လိုက်၊ နေပြည်တော်သင်္ကြန်ကို ကြည့်လိုက်၊ မန္တလေးသင်္ကြန်ကို ကြည့်လိုက်ဖြင့် နည်းပညာတန်ခိုးဖြင့် မြို့သုံးမြို့သို့ ကူးသန်း ပြေးလွှား နေပါသည်။

ထိုသို့ သေသေချာချာ ကြည့်သောအခါ ကျွန်တော် သတိထားမိသည်မှာ အဆိုတော် တော်တော်များများသည် စင်ပေါ်သို့ တက်လာသည်နှင့် ဘာမှ မည်မည်ရရ ဖျော်ဖြေသီဆိုမှု မလုပ်ရသေးခင် –

"လက်ခုပ်သံလေး ကြားချင်ပါတယ်" ဟူ၍ တစ်မျိုး၊

"လက်ခုပ်တီးပြီး အားပေးလိုက်ပါဦး" ဟူ၍ တစ်ဖုံ၊

"အဆင်ပြေရင် လက်ခုပ်သံကျယ်ကျယ်လေး တီးပေးပါလား"

ဟူ၍ တစ်နည်း မရိုးနိုင်အောင် တစ်ထပ်တည်း ကြားရလေသည်။

ထိုကဲ့သို့ လက်ခုပ်သံ ချူလိုက်သောအခါ ပရိသတ်သည် မကောင်းတတ်သဖြင့် စိတ်မပါ လက်မပါ တီးလိုက်သော လက်ခုပ်သံ ဖြိုးတိုးဖြောက်တောက်ကို ကြားရတတ်လေ၏။

ထိုအခါ ကျွန်တော်သည် ပန်းထိမ်မတတ်ခင် ရွှေနိုးသင် ဟူသော စကားပုံကို သတိရမိ၏။ မိမိ၏ ဖျော်ဖြေမှုအရည်အချင်း ရှိပါက မည်သို့မျှ တောင်းဆိုနေစရာ မလိုဘဲ ပရိသတ်သည် လက်ခုပ်လက်ဝါးတီး၍ သောင်းသောင်းဖြဖြ အားပေးကြလိမ့်မည်။ မျက်နှာသစ် အဆိုတော်ဖြစ်စေ၊ နာမည်ကြီးအဆိုတော် ဖြစ်စေ ပရိသတ်က ကြိုက်နှစ်သက်လျှင် အားပေးပေမည်။ မနှစ်သက်က လှောင်ပြောင် အော်ဟစ်ကြပေမည်။ ထို့ထက် ပို၍ မနှစ်မြို့လျှင် ဆဲကြဆိုကြ၊ ရေဘူး စသည်တို့ဖြင့် ပစ်ပေါက်ကြပေမည်။ လက်ခုပ်သံ ဆိုသည်မှာ ဖွတ်တောင်းဆို၍ ရကောင်းသောအရာ မဟုတ်ပါ။

ကျွန်တော်တို့ငယ်စဉ်က Play Boys ... L.P.J ... New Wave ... The Rays ... E.Machine ... Aces ... The Wild Ones ... Aurora စသော တီးဝိုင်းများ ခေတ်စားပါသည်။

ရွှေတိဂုံ တပေါင်းပွဲ၊ ကျိုက္ကဆံပွဲ စသော ပွဲလမ်းသဘင်များတွင် တီးဝိုင်းနှင့် အဆိုတော်များစွာ ညလုံးပေါက် သီဆိုဖျော်ဖြေကြရာ မည်သည့် အဆိုတော်မျှ ကျွန်တော့်ကို လက်ခုပ်သံလေးချီးမြှင့်ပါဦးတို့၊ ကျွန်မတော့ လက်ခုပ်သံလေး ကြားချင်တယ်တို့ မပြောကြပါ။ ကိုယ့်တာဝန် ကိုယ်ကျေအောင်သာ ကြိုးစားသီဆိုကြပါသည်။ ပရိသတ်ကလည်း မိမိ ကြိုက်နှစ်သက်သော အဆိုတော်ကို လက်ခုပ်သံမစဲအောင် အားပေးချီးမြှင့်ကြပါသည်။

ထို လက်ခုပ်သံသည် အစစ်အမှန်လက်ခုပ်သံများ ဖြစ်ကြပါသည်။ ထိုသို့ သီဆိုရင်း ပရိသတ်၏ နှလုံးသားထဲသို့ ရောက်သွားကာ နိုင်ငံကျော် အဆိုတော်များ ဖြစ်လာကြပါသည်။

မြန်မာပြည်သိန်းတန်၊ ပလေးဘွိုင်သန်းနိုင်၊ စိုင်းထီးဆိုင်၊ စိုးပိုင်၊ ခိုင်ထူး၊ ကိုင်ဇာ၊ ထူးအိမ်သင်၊ မေလေး၊ မေဆွိ၊ ဂေါ်နီတို့သည် ထိုကဲ့သို့ နာမည်ရလာသော အဆိုတော်များ ဖြစ်ပါသည်။

ခေတ်သည် ရပ်တန့်မနေဘဲ ပြောင်းလဲသွားပြီဖြစ်ရာ ယခုခေတ်သည်ကား ပရိသတ်၏ လက်ခုပ်သံကို မစောင့်နိုင်တော့ဘဲ အလွယ်လမ်းလိုက်ကာ ပါးစပ်မှပင် ဖွင့်ဟတောင်းဆိုကြသော ခေတ်သို့ ရောက်လာလေပြီ။

တာပေဟောပြောပွဲများသို့ သွားရောက်နားထောင်သောအခါ အချို့ စာရေးဆရာကြီးများသည် ပရိသတ် လက်ခုပ်တီးခြင်း၊ မတီးခြင်းကို ပဓာနမပြု၊

နားထောင်သူ ပရိသတ် ဗဟုသုတ ရရာရကြောင်းဖြစ်သော သုတ၊ ရသများကို ဟောကြားကြလေသည်။

အချို့မှာကား မိမိ စကားတစ်ခွန်း ပြောလိုက်တိုင်း ပရိသတ် လက်ခုပ်လက်ဝါးတီး၊ လက်ခေါက်မှုတ်ကြသည်ကို သာယာကာ ဟောပြောသော ခေါင်းစဉ်နှင့် ဆိုင်ဆိုင်၊ မဆိုင်ဆိုင် အစိုးရကို ဆော်လာဘန်တော့ကြလေသည်။ စောင်းချိတ်ကဲ့ရဲ့ကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း နာနာပြော၍ အာဏာရှင် ဟိုလူကြီးအကြောင်း မကြာ မကြာ ထည့်၍ နံလေသည်။

ဥပမာအားဖြင့် -

"ဗိုလ်ချုပ်အောင်ဆန်းဟာ အသက် (၃၂) နှစ်မှာ ကွယ်လွန်သွားတယ်။ ဟိုလူကြီးကျတော့ ခုထက်ထိ မသေနိုင်သေးဘူး"

ဤသည်လည်း လက်ခုပ်သံချူနည်း တစ်ကြောင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း တော်၍ ဟိုလူကြီး ညံ့ကြောင်းကို တစ်တိုင်းတစ်ပြည်လုံးက သိကြပြီးဖြစ်ရာ လူထုကို ဆွပေး၍၊ အတိတ်စာတ်ကြောင်းလှန်နေ၍လည်း သိပ်ပြီး အကျိုးရှိလှသည့်ကိစ္စ မဟုတ်ပေ။ တိုင်းပြည်ကို တိုးတက်ကြီးပွားအောင် ဘယ်လို ဆက်လုပ်ကြမည်ဆိုသော ကိစ္စများသာ စင်စစ် လူငယ်များအတွက် အလင်းရောင် ဖြစ်စေမည် ဖြစ်သည်။

နိုင်ငံရေးနယ်ပယ်ထဲသို့ ကြည့်လိုက်သောအခါ မြန်မာနိုင်ငံတွင် လက်ခုပ်သံ နိုင်ငံရေးက ကြီးစိုးနေတာ တွေ့ရပေသည်။ အစိုးရသည် ပြည်တွင်း၊ ပြည်ပ အကဲခတ်များ လက်ခုပ်တီးကာ ကြိုဆိုကြမည်ဟု သေချာပေါက်ယူဆသော အကြောင်း များကိုသာ လျှကြားကောင်းအောင် တစာစာ ရွတ်ဆိုနေတာ တွေ့ရလေသည်။

- ကျွန်တော်တို့ ဆင်းရဲခြင်းပါးမှု လျှော့ချရေးကို ဆောင်ရွက်နေပါတယ်။
- တိုင်းပြည်ရဲ့ G.D.P ဟာ တစ်ရှိန်ထိုး တိုးတက်လာနေပါပြီ။
- အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာဟာ ဒေသတွင်းခေါင်းဆောင်မှု ပေးနိုင်ကြောင်း ကမ္ဘာကို ပြနိုင်ခဲ့ပါပြီ။
- ဘင်းစတက် အစည်းအဝေးကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါတယ်။ (ဘင်းစတက်ထက် ထမင်းချက်စရာ ဆန်မရှိခြင်းက ပို အရေးကြီးကြောင်း ဆင်းရဲသားများ ပြောနေကြပေ၏)
- ဥပ၊ ၁အထက်မှာ ဘယ်သူမှ မရှိစေရပါဘူး (ရှိခဲ့ရင် ဘာလုပ်မလဲဟု ထည့်မပြော)
- အနိမ့်ဆုံးလုပ်ခလစာတွေကို မကြာခင်သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ (ယခုထက်ထိ အကောင်အထည်မပေါ်)

- ၂၀၁၄၊ မတ်လ၊ ၃၁ ရက်နေ့မှစကာ ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့ခြင်းကို တားမြစ်သွားမှာ ဖြစ်ပါတယ်။ (အမှန်က တင်ပို့စရာ သစ်တောက ကုန်သလောက် ရှိချေပြီ)
- လာဘ်ပေး လာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။ (ပြင်းထန်စွာ အရေးယူမှု တစ်ခါမျှ မကြားရ)
- တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးကို ကျင်းပနိုင်ပါတော့မယ်။ (သကြန်တွင်းပင် မရှောင် K.I.A နှင့် အစိုးရတပ်များ တိုက်ခိုက်နေကြပေသည်)
- ယခုနှစ်ကုန်မှစကာ နိုင်ငံရေးအကျဉ်းသား မရှိစေရပါဘူး။ (ပုဒ်မ ၁၈ ဖြင့် ထပ်အဖမ်းခံရသူများက မနည်းပေ။ ဂျာနယ်လစ်များလည်း အဖမ်းခံကြရပေ၏)
- ဒေါ်အောင်ဆန်းစုကြည်ရဲ့ သမ္မတဖြစ်ပိုင်ခွင့်ကို တားဆီးလိုသော ဆန္ဒမရှိပါဘူး။ (လက်တွေ့တွင် ပုဒ်မ ၅၉(စ)ကို ပြင်ရန် အစီအစဉ်မရှိ)
- ဘာသာ သာသနာကို စောင့်ရှောက်မည် (ဘုန်းကြီးကျောင်းအချို့မှာ ကျူးကျော်ဆိုပြီး ဖျက်ခံရလေသည်။ ဘုန်းကြီးအချို့မှာ တိမ်းရှောင်နေရ၏။ လယ်တီသိမ်တော်ကြီးလည်း ကုန်ပေပြီ)

စသည်ဖြင့် လက်တွေ့မပါသော၊ လှကြားကောင်းအောင် ပြောသော စကားများဖြင့် မြန်မာလူထုနှင့် ကမ္ဘာ့ခေါင်းဆောင်များ၏ လက်ခုပ်သံကို ချူလေသည်။

ပြည်တွင်းမှာတော့ အစိုးရသက်တမ်း သုံးနှစ်ကျော်လွန်လာချိန်တွင် မည်သူကမျှ ဟုတ်ဟုတ်ညားညား ယုံကြည်မှု မရှိတော့ပေ။ အစိုးရပြောသမျှသည် ကောင်းနေ ညွန့်နေပေသည်။ လက်တွေ့တွင်ကား ကွဲပြားခြားနားသော ရလဒ်များသာ ထွက်ပေါ်လာပေသည်။ အစိုးရအနေနှင့် မလုပ်တတ်တာလား၊ လုပ်နိုင်စွမ်း မရှိတာလား၊ မလုပ်ချင်တာလား မကွဲပြားတော့ပေ။ လုပ်နိုင်စွမ်း မရှိတာဆိုလျှင်တော့ လုပ်နိုင်သူတွေ၊ လုပ်တတ်သူတွေလက်ထဲ အာဏာလွှဲအပ်ပေးသင့်လေသည်။ ဤကား အုပ်ချုပ်ရေးမဏ္ဍိုင်၏ လက်ခုပ်သံနိုင်ငံရေး ဖြစ်သည်။

ဥပဒေပြုရေးမဏ္ဍိုင် (လွှတ်တော်)မှာလည်း ထိုနည်းနှင်နှင် ဖြစ်၏။ လွှတ်တော်အထက်တွင် မိုးကောင်းကင်ကြီးသာ ရှိပါတော့သည်ဟု ကြွေးလုံးထုတ်၏။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒဟု ကြွေးကြော်၏။ ပထမဆုံးအနေဖြင့် ပြည်သူ့ဆန္ဒမပါဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဖိအားပေးနုတ်ထွက်စေ၏ (ပြည်သူလူထုက ထိုသို့ လုပ်လိုသည်ဟု တစ်ခါမျှ ဆန္ဒပြ မတောင်းဆိုဖူးချေ။)

ပြည်သူလူထု၏ ဆန္ဒမှာ ကျောသား ရင်သား မခွဲခြားသော ဥပဒေ စိုးမိုးရေး၊ စားဝတ်နေရေး ပြေလည်ရေးများ ဖြစ်သော်လည်း လွှတ်တော်သည် ထိုအရာတွေကို ကျော်လွှန်၍ ဒေါက်တာ ဆိတ်မွှားဆိုသူ လိုက်ရှာရေးကို အလုပ်မရှိ ကြောင်ရေချိုး အာရုံစိုက်ကာ အလုပ် ကြိုးစားပြလိုက်၏။

ပြည်သူလူထုက မွန်လင်းမြင်သာမှုကို လိုလား၍ အခတ်လိုက်စားမှုများကို ရှုံ့မုန်းနေချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များပိုင်ဆိုင်မှု ဥစ္စာဓန ဖော်ထုတ် ကြေညာရေးအဆိုမှာ မဲခွဲဆုံးဖြတ်ရာ ကိုယ်စားလှယ်တော်ကြီး အများစုက တညီတညွတ် ပယ်ချလိုက်သဖြင့် အဆိုမှာ ရှုံးနိမ့်သွားရ၏။

ပုဒ်မ ၅၉(စ)ကို မပြင်ဆင်လိုသော ပြည်သူတစ်သိန်း၏ လက်မှတ်များ ဟုဆိုကာ ဘယ်က ဘယ်လို ပေါ်လာမှန်းမသိသော လက်မှတ်များ လွှတ်တော်သို့ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာသည်။

အတိုက်အခံပါတီဝင်အမတ်များ၏ မေးခွန်းများမှာ ချောင်ထိုးခံရပြီး အာဏာရပါတီမှ အမတ်များ၏ အဆိုတိုင်းလိုလို ဝိုင်းဝန်းထောက်ခံကြ၏။ ပြည်သူလူထုက မလိုလားသော လွှတ်တော်ကိုယ်စားလှယ်များအား ပြုတ်ချနိုင်ခွင့် ဥပဒေကို ဆွေးနွေးရန် အချိန်မကျသေး ဟူ၍ ဆိုင်းငံ့လိုက်၏။

တစ်ဖန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ သတ္တိရှိရှိ ရဲဝံ့စွာ ဆွေးနွေးကြဖို့ ဖိတ်ခေါ် တိုက်တွန်းလိုက်ပေသည်။ အလွန် နားထောင်ကောင်းသဖြင့် မီဒီယာများက လက်ခုပ်လက်ဝါးတီးကြပေ၏။

အမှန်စင်စစ် လွှတ်တော်နာယကကြီး၏ မိသားစု ပိုင်ဆိုင်သော စီးပွားရေး လုပ်ငန်းများအကြောင်းကို ဂျာနယ်လစ်တစ်ဦးက မေးသောအခါ -

"ဘယ်ပြည်သူလူထုက သိချင်တာလဲ၊ အဲဒီ ပြည်သူလူထုဆိုတာကို ခေါ်လာခဲ့"ဟု ငါ့စကား နွားရ ပြောခဲ့သည်။

သူတို့ အလှည့်တုန်းကမူကား ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို နာဂစ်မုန်တိုင်းတိုက်၍ ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေချိန်တွင် ဇွတ်ဆန္ဒခံယူပွဲ လုပ်ခဲ့ပြီး ပြည်သူလူထု ၉၂ ရာနိုင်နှုန်းက ထောက်ခံသည်ဟု ကြေညာခဲ့ရာ ထို ၉၂ ရာနိုင်နှုန်းသော ပြည်သူသည် ဘယ်သူတွေ ဖြစ်သည်ကို ပြပါဟု မီဒီယာတွေ မေးခွင့် မသာခဲ့ပေ။

ထို ဆန္ဒခံယူပွဲမှာပဲ ၉၂ ရာနိုင်နှုန်း ရသည်ဟုသာ ပြောသံကြားရပြီး ထိုမဲတွေကို ဘယ်သူ့ရှေ့တွင် ဘယ်သူတွေက ရေတွက်ခဲ့သနည်း။ ကြီးကြပ်သော ဒိုင်အဖွဲ့မှာ မည်သူတွေနည်း။ လွှတ်လပ်သော ကြားနေသော ရွေးကောက်ပွဲ ကော်မရှင်မှာ ဘယ်မှာလဲဟု မေးခွန်းများစွာ ရှိပေသည်။

တကယ်တော့ ကိုယ့်ဖာကိုယ် ကုလားဖန်ထိုး၊ ကိုယ့်တာသာချီး၊ ကိုယ့်ဘာသာ ဝေ၊ ကိုယ့်ဘာသာကြည့်ကာ တစ်သုံးလုံးဖြင့် နိုင်ပါပြီဟု ကိုယ့်ဘာသာ အရှက်မရှိ ကြေညာခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ပြည်သူလူထု ၉၂ ရာခိုင်နှုန်း ဆိုသည်မှာကား မည်သည့် ကမ္ဘာမှ ပြည်သူတွေ ဖြစ်လေသနည်း ဆိုသည်ကို မေးခွင့်မသာခဲ့ပါချေ။

တတိယမဏ္ဍိုင်ဖြစ်သော တရားစီရင်ရေးမဏ္ဍိုင်သည်ကား လက်ရုပ်သံ မျှော်သော အပြောင်းအလဲ ဖြစ်သော ပွဲထွက်မလာစကောင်းဟု ပြည်သူများက မျှော်လင့်မိပါသည်။ ထိုမျှော်လင့်ချက်မှာလည်း တက်တက်စင် လွဲဘိသည်။ လွှတ်လပ်၍ တရားမျှတသော တရားစီရင်ရေးဖြစ်စေရမည်ဟု ကြွေးကြော်ခဲ့ကြ သော်လည်း လက်တွေ့တွင်မူ အုပ်ချုပ်ရေးမဏ္ဍိုင်သည် တရားစီရင်ရေးမဏ္ဍိုင်သို့ ဩဇာလွှမ်းမိုးထားကြောင်း စာနယ်ဇင်းသမားများကို ထောင်ချခြင်း၊ လွှတ်လပ်စွာ ဆန္ဒထုတ်ဖော်သူများကို လိုလျှင် လိုသလို လွှတ်ပေးခြင်း၊ မလိုလျှင်မလိုသလို ထောင်ဒဏ်အပြစ်ပေးခြင်း၊ မူးယစ်ဆေးဝါးအမှုများတွင် အုပ်ချုပ်ရေးဝိုင်းမှ လူကြီးများ၏ ပတ်သက်ရာ ပတ်သက်ကြောင်းဆိုလျှင် လွှတ်ပေးပြီး (အင်တာနက် တွင် ပေါ်လာသော မူးယစ်စစ်ချက်များတွင် လူကြီးသားသမီးများကို အရေးယူကြောင်း မကြားရပေ) သရုပ်ဆောင် ရဲတိုက်ကဲ့သို့ အကာအကွယ်မဲ့နေသူများကို နှစ်ရှည် ထောင်ဒဏ်ချမှတ်ခြင်းများ ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

Eleven Media Group မှ သတင်းထောက် မနိုင်ကို ထောင်သုံးလချခြင်း၊ DVB သတင်းထောက်ကို ထောင်ဒဏ်တစ်လ ချခြင်း၊ Unity ဂျာနယ် အယ်ဒီတာနှင့် သတင်းထောက်များကို ရုံးတင်စစ်ဆေးနေခြင်းသည် တရားစီရင်ရေး အပြောင်းအလဲ မဟုတ်ဘဲ တကယ်တက်မလိုက်ဘဲ လုပ်ဆောင်နေတာမှ ဟုတ်ပါလေစ။ ယခင် ခေတ်ကလို အမိန့်ရအလိုကျ လိုက်ပါအသုံးတော်ခံနေတာများလားဟု တွေးစရာ ဖြစ်ပေသည်။

တရားသူကြီးများ အချုပ်ခန်းနှင့် အကျဉ်းထောင်များသို့ သွားရောက် ကြည့်ရှု စစ်ဆေးကြသော်လည်း ကြိုတင်အကြောင်းကြားပြီးမှ ပျော်ပွဲစား ထွက်သည့်သဖွယ် သွားရောက်ကြည့်ရှုကြရာ "အားလုံးကောင်းပါသည် ခင်ဗျား" မှ လွဲ၍ မည်သည့်အရာမှ မြင်တွေ့နိုင်မည် မဟုတ်ချေ။

ဆိုရလျှင် အရာအားလုံးသည် လူကြားကောင်းအောင် စေတနာမပါဘဲ လုပ်နေကြခြင်း ဖြစ်သည်။ တစ်လောကလည်း တရားရေးမဏ္ဍိုင်တွင် လာဘ်စားသော အမှုမှာ တစ်နိုင်ငံလုံးမှ သုံးမှုသာ ရှိပါသည်ဟု အံ့ဩဖွယ် ကျက်စီမိုတ် ကြေညာ သွားလေသည်။

ရွေးကောက်ပွဲ ကော်မရှင်သည်လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရပါမည်ဟု ကမ္ဘာသိ ကြွေးကြော်လိုက်လေသည်။ မသိသူများ ထံမှ လက်ခုပ်သံ ဖြိုးတိုးဖြောက်တောက်ကား ပေါ်ထွက်လာပေမည်။ အကြောင်း သိများက ပြုံးကြပေမည်။ မပြေးသော် ကံရာရှိ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌမှာ ယခင် စစ်အစိုးရအဖွဲ့မှ ဒုတိယ ဗိုလ်ချုပ်ကြီး(ငြိမ်း) ဖြစ်ပေသည်။

ပြောရလျှင် ဒိုင်လူကြီးမှာ စစ်သားဖြစ်သည်။ ကြံ့ခိုင်ရေးပါတီမှာလည်း စစ်သားဟောင်းများ ဖြစ်သည်။ ယခင်က လည်ပင်းဖက်နေကြသော အစ်ကိုကြီး၊ ညီလေးတို့အဖွဲ့ ဖြစ်၍ ဘက်လိုက်မှု၊ မလိုက်မှုမှာ များစွာ သံသယဝင်ဖွယ်ကောင်း လေသည်။

ဝို၍ သံသယဝင်ဖွယ်ကိစ္စမှာကား စစ်ဗိုလ်ဟောင်း ပြည်ခိုင်ဖြိုးအမတ် တစ်ဦးက ရွေးကောက်ပွဲ မဲဆွယ်ရာ၌ N.L.D အမတ်များသည် ဗိုလ်ချုပ်အောင်ဆန်းပုံ မသုံးသင့်၊ ကိုယ့်ပုံသာ ကိုယ်သုံးသင့်သည်ဟု ဝေဖန်လိုက်ပြီး မကြာမီပင် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ရွေးကောက်ပွဲတွင် ပါတီဥက္ကဋ္ဌများ လာရောက်မဲဆွယ်ခြင်း မပြုရ။ ကိုယ့်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမတ်လောင်းကိုယ်တိုင်သာ မဲဆွယ်ဟောပြောခွင့်ပြုသည် ဟူသော စည်းမျဉ်း (အမှန်က ညစ်ကွက်)ကို ထုတ်ပြန်ကောင်း ထုတ်ပြန်မည်ဖြစ်ကြောင်း စည်းဝါးကိုက် ကြေညာလိုက်လေ၏။

မြန်မာနိုင်ငံတွင် သုခုမ သဘင်သည်များမှအစ အုပ်ချုပ်သူများအလယ် လွှတ်တော်၊ ရွေးကောက်ပွဲကော်မရှင်၊ တရားသူကြီးများအဆုံး အားလုံးသည် "အဆင်ပြေရင် လက်ခုပ်သံလေး ကြားချင်တယ်" ဆိုသော အဆော့မှ မတက်ကြသေးချေ။ လူကြားကောင်းရုံ လက်ခုပ်သံနိုင်ငံရေးကို လုပ်နေကြပေသည်။

နိုင်ငံရေး လက်ခုပ်သံ ဆိုသည်မှာ အထူးအထွေ လိမ်လည်တောင်းခံနေစရာ မလိုပါ။ ပြည်သူသာ အဓိ ပြည်သူသာ အဖဟု တကယ်ယုံကြည်၍ ပြည်သူလူထုကို သန်းခေါင်စာရင်းထဲမှ ကိုယ့်မိဘအရင်းလို ကောင်းတာလေးတွေ မျှဝေလျက် လေးလေးစားစား လူရာသွင်း ဆက်ဆံကြလျှင်ဖြင့် ပြည်သူလူထုသည် ပွဲမတောင်း လည်း လက်ခုပ်သံ မဲအပေါင်းကို သောင်းသောင်းဖြဖြ ရွေးကောက်ပွဲ မဲရုံအဝ၌ ပေးကြမည်သာဖြစ်ပါကြောင်း၊ ဆက်၍ လိမ်လည်နေကြလျှင်ဖြင့် ကိုယ့်ထိုက်နှင့် ကိုယ့်ကံသာ ဖြစ်ပါကြောင်း။

စောင့်ကြည့်ဂျာနယ် (၂၉-၄-၂၀၁၄)

❑

## ထူးကြီး မူးကြီး ဆွေးနွေးခန်း
## (ယိုသူမရှက် မြင်သူရှက်)

ထူးကြီး - မူးကြီးရေ၊ ရန်ကုန်မြို့ရဲ့ လူဦးရေဟာ ရှစ်သန်းကောင် ရှိသွားပြီတဲ့ကွ။

မူးကြီး - ဟော - ဟုတ်လားဟ။ ငါတို့ အရင်က သိထားတာ ရန်ကုန်မြို့ရဲ့ လူဦးရေက ခြောက်သန်းပါ။ နှစ်သန်းက ဘယ်က တိုးလာတာတုံးဟ။

ထူးကြီး - အရင်တုန်းကဟာက ခန့်မှန်းခြေလေကွာ။ အခုဟာက သန်းခေါင်စာရင်းနဲ့ ဘာနဲ့ စနစ်တကျ သေသေချာချာ စာရင်းကောက်လိုက်တော့ သိရတာပေါ့။ သန်းခေါင်စာရင်းရဲ့ အကျိုးကျေးဇူးပေါ့ကွာ။

မူးကြီး - အင်း- ဒီလို တိတိကျကျ သိလိုက်ရတော့ ရန်ကုန်မြို့ကြီးအတွက် ရင်လေးမိတယ်ကွာ။

ထူးကြီး - ဘယ်လို ဖြစ်လို့တုံးဟ။

မူးကြီး - ရန်ကုန်မြို့ကြီးဟာ တစ်နေ့ထက်တစ်နေ့ လူတွေများသထက် များလာတယ်လေ။ ဒါပေမဲ့ အဲဒီလို ကြီးထွားလာတဲ့ လူဦးရေအတွက် ဘာမှ စနစ်တကျ ပြင်ဆင်ထားတာမှ မရှိဘဲ။ ဥပမာကွာ၊ ရေစီးရေလာ ကောင်းစေဖို့ ရေနုတ်မြောင်းစနစ် ကောင်းကောင်း မရှိဘူး။ ခြင်တွေကလည်း တစ်မြို့လုံး ကိုက်

လိုက်တာ ရစရာမရှိဘူး။ မိလ္လာနဲ့ ရေဆိုးစွန့်ထုတ်ဖို့ ရေဆိုးထုတ်စနစ် မရှိဘူး။ မြို့ပတ်ရထားစနစ် ကောင်းကောင်း မရှိဘူး။ ဘတ်စ်ကားစနစ် ကောင်းကောင်း မရှိဘူး။ ရေပေး ဝေရေးစနစ် ကောင်းကောင်း မရှိဘူး။ တယ်လီဖုန်းဆက်သွယ်ရေးစနစ် ကောင်းကောင်း မရှိဘူး။ ကြိုးဖုန်းတစ်လုံးကို ခြောက်သိန်းခွဲတဲ့ အခုထိ ဈေးမကျသေးဘူး။ အများပြည်သူ အပန်းဖြေ အနားယူနိုင်ဖို့ ပန်းခြံတွေ၊ ကစားကွင်းတွေ ကောင်းကောင်းကန်းကန်း မရှိသေးဘူး။ အများပြည်သူ သွားလာနေတဲ့ နေရာတွေမှာ လူဦးရေနဲ့ အချိုးညီတဲ့ အများသုံး သန့်စင်ခန်းတွေ မရှိသေးဘူး။

ထူးကြီး - ဟုတ်တယ်ဟ၊ သင်္ကြန်တွင်းတုန်းက ရေပက်ခံမဏ္ဍပ်တွေဟာ တစ်နေကုန်တော့ ကစားဖို့၊ စားဖို့၊ သောက်ဖို့တော့ နေရာရှိပါရဲ့။ အပေါ့အလေးသွားဖို့ အများသုံးအိမ်သာတွေ အလွယ်တကူ မရှိတာကြောင့် အတော် ဒုက္ခရောက်ကြတယ်ဆိုပဲကွ။ သင်္ကြန်ပြီးတဲ့ အခါမှာ ကန်တော်ကြီးစောင်းနဲ့ ကမ္ဘာအေးဘုရားလမ်း၊ အင်းလျားကန်ပေါင်ဘေးမှာ မစင်ပုံတွေ၊ အညစ်အကြေးတွေဟာ မြင်မကောင်းအောင် ဖြစ်ကျန်ခဲ့တယ်တဲ့ဟ။ ကောင်းကြသေးရဲ့လား။

မှူးကြီး - ဒါတွေဟာ မြို့ပြစီမံခန့်ခွဲတဲ့သူတွေ မဖြစ်မနေလုပ်ဆောင်ရမယ့် အချက်တွေပေါ့။ ရန်ကုန်မြို့ရဲ့ လူဦးရေနဲ့ တွက်ချက်ပြီး လူတစ်သောင်းကို အိမ်သာတစ်လုံး ဆောက်မယ်ဆိုရင်တောင် လူ့ရှစ်သန်းအတွက် အများသုံးအိမ်သာ အလုံးပေါင်း (၈၀၀) လိုအပ်မယ်ဟ။ ဒါတောင် လူတစ်သောင်းကို အိမ်သာတစ်လုံး နှုန်းနဲ့ အနိမ့်ဆုံးထားပြီး တွက်တာနော်။ တကယ်ဆိုရင် တစ်ထောင်ကို တစ်လုံးလောက် ဖြစ်သင့်တယ်။ အခုဆိုရင် ငါသိသလောက်က ရန်ကုန်မှာ အများသုံးသန့်စင်ခန်း ဆိုတာ လက်ချိုးရေလို့ ရတယ်။ စုစုပေါင်း အလုံး (၃၀)ထက် မပိုပါဘူး။ အဲဒါဟာ မြို့ပြစီမံခန့်ခွဲမှုမှာ အကြီးမားဆုံးအလွဲပဲဟ။

ထူးကြီး - အေးကွ၊ လူတွေဟာ မစားလို့ ရတယ်။ မသွားလို့မှ မရဘဲ။ ဒီကိစ္စကို ရန်ကုန်တိုင်းအစိုးရအဖွဲ့ရယ်၊ ရန်ကုန်မြို့တော်ဝန်ရယ် အလေးထား ဆောင်ရွက်စေချင်တယ်။

မှူးကြီး - အလေးထားပုံကတော့ကွာ။ ငါ ရန်ကုန်မြို့ထဲလာရင် အပေါ့ အလေး သွားနေကျ ဆူးလေ ကားမှတ်တိုင်နားက အများသုံးအိမ်သာ

ဟာ တစ်နေတော့ ဖြုန်းဆိုမရှိတော့ဘူးကွ။ ဘူဒိုဇာကြီးနဲ့ ထိုးဖြိုခဲ့လိုက်ရသဟ။ နောက်မှ သေသေချာချာ ကြည့်တော့ ကုန်သည်ကြီးများဟိုတယ် နောက်တစ်ခု ထပ်ဆောက်ဖို့ အိမ်သာကို အပြတ်ရှင်းပစ်လိုက်တာကိုး။

ထူးကြီး - အဲဒီ အိမ်သာလေးက အဆင်ပြေနေတာကွာ။ လုပ်ပဲ လုပ်ရက်ပလေ။ လူတွေ နောက်ဖေးသွားဖို့ထက် Traders Hotel ဒေါ်လာ ရရှိက ပိုပြီး အရေးကြီးနေသလားဟ။ ဒါနဲ့တောင် ပြည်သူ့သာအမိ၊ ပြည်သူ့သာအဖ ဘာညာနဲ့ ပြောနေသေးတယ်နော်။

မူးကြီး - ပန်းခြံတွေလည်း ဝင်ကြေးတွေတက်ကုန်ပြီ မောင်။ အရင်က ကန်တော်ကြီး ပန်းခြံထဲဝင်ရင် ဝင်ကြေးတစ်ယောက် (၃၀၀)ကျပ် ပေးရတာ သင်္ကြန်တွင်းက စပြီး ဈေးတက်သွားတာ တစ်ယောက် (၅၀၀)ကျပ်တဲ့။ သေပြီ ဆရာ။ တစ်ယောက် ငါးရာ ဆိုတော့ တောဘက်က မိသားစု ဆယ်ယောက်လောက် လာတဲ့အဖွဲ့ဆို ဝင်ကြေးတင် ငါးထောင်ချော်ပြီ မောင်။ ဒါတောင် စားတာ သောက်တာ၊ အခြား ကုန်ပေါက်တွေ မပါသေးဘူး။
ပြီးတော့ ကန်တော်ကြီးထဲမှာလည်း အများသုံးအိမ်သာ ကောင်းကောင်းမရှိဘူး မောင်။ အဝင်ဝက အိမ်သာလေးတစ်လုံး ကလည်း အထဲမှာ အိမ်သာကမှတ် တစ်ခုပဲရှိလို့ လူများရင် တန်းစီစောင့်ရတယ်။ ရှိတဲ့ကမှတ်ကလည်း ရေမကျလို့ နောက်ဖေး သွားပြီးရင် အတော် ဒုက္ခရောက်သဟ။ နိုင်ငံခြားသားတွေဆို အဲဒီ အိမ်သာထဲက ထွက်လာရင် မျက်နှာကို ရှုံ့မဲ့နေတာပဲ။
မျှော်စင်ကျွန်းမှာလည်း ရှိုးပွဲတွေ၊ အငြိမ့်ပွဲတွေ မကြာခဏ လုပ်ပေမယ့် အများသုံးအိမ်သာ မရှိဘူးတဲ့။ အံ့ဩကုန်နိုင်ဖွယ် ပါပဲကွာ။

ထူးကြီး - အေးကွာ၊ ဝင်ကြေးတွေကောက်ပြီး သန့်စင်ခန်းတော့ အဆင့်မီမီ လုံလုံလောက်လောက် ရှိသင့်ပါတယ်။

မူးကြီး - ငါ့သဘောကတော့ကွာ၊ မဟာဗန္ဓုလပန်းခြံလို၊ အင်းလျား ကန်ပေါင်လိုပဲ မြန်မာပြည်တစ်ပြည်လုံးက ပန်းခြံတွေကို ဝင်ကြေး အခမဲ့ လုပ်ပေးသင့်ပါတယ်။ အဲဒီထဲမှာမှ အိမ်သာ ကောင်းကောင်း ဆောက်ပေးပြီး အိမ်သာဝင်ကြေး ကောက်ပေါ့ကွာ။ အခြား မျှော်ဖြေရေးတွေ (ဥပမာ တိရစ္ဆာန်ဥယျာဉ်ငယ်တို့၊ ကလေး

ကစားကွင်းတို့ ဘာတို့) ဆိုရင် ဝင်ကြေးသတ်သတ် ကောက်ချင် ကောက်ပေါ့ကွာ။ ပန်းခြံထဲဝင်ရုံနဲ့ ငွေငါးရာပေးရတယ် ဆိုတာကတော့ မကောင်းပါဘူး။

ထူးကြီး - အေးလေ၊ မြန်မာနိုင်ငံသားတွေ ဒီလောက်ကလေးမှ အခွင့်အရေး မရှိတော့ဘူးလား။ သစ်တောတွေ၊ သဘာဝဓာတ်ငွေ့တွေ၊ ကျောက်မျက် ရတနာတွေ ထုတ်ရောင်းတဲ့နှုန်းက တို့နိုင်ငံသားတွေ လည်း တစ်ပြားမှ ရတာမဟုတ်ဘူး။ အစိုးရရဲ့ ခရိုနီပဲ မျှယူ ကြတာ။ အခုလို အပန်းဖြေစရာ နေရာလေးတွေတော့ အခမဲ့ ဖြစ်သင့်တာပေါ့ကွာ။

မှူးကြီး - အင်း - လူရှုပ်သန်းနေတဲ့ မြို့ဆိုတော့ မြို့လူထု အပန်းဖြေစရာ Green Zone တွေ၊ Public Transport လို့ခေါ်တဲ့ ဘတ်စ်ကား လိုင်းတွေ၊ မြို့ပတ်ရထားတွေ အဆင့်မီဖို့လိုတယ်ကွ။ အခုတော့ ရန်ကုန်ဟာ မြန်မာနိုင်ငံရဲ့ အကြီးဆုံး စီးပွားရေးမြို့တော်ကြီး ဖြစ်ပြီး ခြေနင်းခုံမှာ လူတွေတွဲလောင်းခိုပြီး ကားစီးနေရတုန်းဟာ။ အဲဒီ မြင်ကွင်းကို နိုင်ငံခြားသားတွေက ဓာတ်ပုံတွေ ရိုက်ရင် သက်ဆိုင်ရာလူကြီးတွေတော့ ဘယ်လိုနေမလဲ မသိဘူး၊ ငါတော့ တအားရှက်တာပဲ ထူးကြီးရာ။

ထူးကြီး - အင်း - ယိုသူမရှက် မြင်သူရှက်ဆိုတာ ဒါပေါ့။

မှူးကြီး - ပြီးတော့ ရှိသေးတယ်ကွ။ လူရှုပ်သန်းနေတဲ့မြို့ကြီးလို့သာ ပြောတယ် ရန်ကုန်မှာ စနစ်တကျ ကားရပ်နားဝင်း (Parking Lot) ဘယ်နှခုရှိပါသလဲ၊ ငါ့ကို ပြောစမ်းပါကွာ။

ထူးကြီး - အင်း - ရန်ကုန်လေဆိပ်မှာတစ်ခု၊ ဓမ္မစေတီလမ်းမှာတစ်ခု၊ စိန့်ဂျွန်းမှာတစ်ခု၊ မြို့တော်ခန်းမရှေ့မှာ မရိုမပိုလေးတစ်ခု၊ ဗိုလ်ချုပ်ဈေးဘေး FMI ဝင်းထဲမှာ တစ်ခု၊ အင်း - မင်းပြောမှ သတိထားမိတယ်။ ယာဉ်ရပ်နားစရာနေရာ တယ်ရှားတာပဲဟ။ ဒါကြောင့် ကားတွေက လမ်းဘေးမှာ ဖြစ်သလို ကြုံသလို ကားတွေရပ်နေလို့ ယာဉ်ကြောပိတ်ဆို့နေတာပဲ။ ယာဉ်ရပ်နား ကွင်းတွေ မရှိတဲ့ ပြဿနာပဲ။ အဲဒါကို မဖြေရှင်းကြဘူးလား။

မှူးကြီး - ဖြေရှင်းတယ်လေ။ သူတို့ ဖြေရှင်းနည်းက ပလက်ဖောင်းတွေကို ဖျက်ပြီး နေရာကျဉ်းပစ်လိုက်တယ်။ ဒါဆို ကားသွားဖို့ လမ်းကျယ် သွားပြီပေါ့။

ထူးကြီး - တယ်မိုက်တဲ့ ကောင်တွေပါလားကွာ။ ဒီလိုလုပ်တော့ လမ်းသွား လမ်းလာတွေ သွားရ လာရတာ တအားကျဉ်းသွားမှာကို မစဉ်းစားမိတော့ဘူးလား။ စင်္ကာပူမှာဆိုရင် လမ်းသွားလမ်းလာတွေ အဆင်ပြေအောင် အောချက် လမ်းမကြီးရဲ့ ဘေးတစ်ဖက် တစ်ချက်မှာ သစ်ပင်တွေ၊ မြက်ခင်းတွေနဲ့ တကယ်ကို တောအုပ်ကလေးလိုဖြစ်အောင် ပလက်ဖောင်းကို အကျယ်ကြီး ဖောက်ပေးထားတယ်တဲ့။ တို့နိုင်ငံကလူကြီးတွေက ဘာလို့ ပလက်ဖောင်း တွေ ဖြိုချနေတာလဲဟင်။

မှူးကြီး - ဒါကတော့ အသိပညာနဲ့ ဆိုင်တယ်ကွ။ မင်းကို ပြောရတာနဲ့ ငါးရာငါးဆယ် ဇာတ်တော်ထဲက 'မကသဇာတ်' ဆိုတဲ့ ဘုရားဟော နိပါတ်တော်ကို သတိရမိသကွ။

ထူးကြီး - တယ်ဆိုတဲ့ ဇာပါလားဟ။ အရက်သမားပါးစပ်က ၅၅၀ ဇာတ်တော်တွေ ဘာတွေထွက်လို့။ ကဲ - ပြောစမ်းပါဦး။

မှူးကြီး - အတိုချုပ်ပြောရရင်ကွာ၊ ရှေးတုန်းက ကာသိတိုင်းက ရွာတစ်ရွာမှာ လက်သမားသားအဖ ရှိတယ်တဲ့။ တစ်နေ့တော့ လက်သမား အလုပ်လုပ် နေရင်း ခြင်ကိုက်လို့ အဖေက ဟဲ့ - ငါ့သား၊ အဖေ့ နဖူးမှာ ခြင်ကိုက်လို့ ရိုက်လိုက်စမ်းလို့ ပြောသတဲ့။ အဲဒီမှာ သားက လက်ထဲမှာ အလုပ်လုပ်ရင်း ကိုင်ထားတဲ့ပုဆိန်နဲ့ ခြင်ကို ခုတ်လိုက်တာ အဖေဖြစ်သူလည်း ခေါင်းနှစ်ခြမ်း ကွဲပြီး သေပါလေရော။ အဲဒီအခါမှာ အဖြစ်အပျက်ကို အစအဆုံး မြင်လိုက်တဲ့ ဘုရားလောင်း ပညာရှိကုန်သည်က ဟောဒီလို မှတ်ချက်ချလိုက်သတဲ့။

ထူးကြီး - ဘယ်လို မှတ်ချက်လဲဟ။

မှူးကြီး - "ပညာမရှိသော မိတ်ဆွေထက်၊ ပညာရှိသော ရန်သူက မြတ်သေး၏"တဲ့။

ထူးကြီး - အတိအကျပါပဲကွာ။ အဲဒါနဲ့ ငါ့ပါးမှာ ခြင်ကိုက်နေတယ်ဟေ့။

မှူးကြီး - မြို့တော်ဝန်ကို သွားခေါ်လိုက်မယ်ဟေ့ (အဲလေ) ငါလာပြီဟေ့။

ထူးကြီး - ငါလည်း ပြေးပြီဟေ့။

ဟစ်တိုင်ဂျာနယ် (၂-၅-၂၀၁၄)

❑

## ထူးကြီး မူးကြီး ဆွေးနွေးခန်း
## (မှန်တိုင်းကြားမှ စိန်ခေါ်သံ)

ထူးကြီး - မူးကြီးရေ၊ ဝန်ကြီးချုပ်တော့ နုတ်ထွက်သွားပြီဟေ့။ သူ ကိုယ်တိုင် နုတ်ထွက်စာ တင်သွင်းပြီး ရာထူးက ဆင်းသွားတာ။

မူးကြီး - ဟုတ်လား။ ဖြစ်သင့်တာပေါ့ကွာ။ ကိုယ်မှားမှန်းသိရင် ကိုယ့်တာဝန် ကိုယ်ယူရဲရမှာပေါ့။ ဒါမှ နိုင်ငံကို တကယ်ချစ်တဲ့သူ၊ သူရသတ္တိရှိတဲ့ လူကွ။ သူ ကျူးလွန်ထားတာတွေအတွက် လိပ်ပြာ မလုံလို့ ထွက်တာနေမှာပေါ့။
ကြည့်လေ၊ မြို့တော်ခန်းမရှေ့က မိကျောင်းကန်သပိတ်စခန်းကို ဝေလီဝေလင်း အချိန်ကြီး စွမ်းအားရှင်လူမိုက်တွေနဲ့ အကြမ်းဖက် ဖြိုခွင်းသတဲ့။
ညဘက်မှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတဲ့ မြင်ကား မောင်းတွေကို ပြည်သူတွေက ကြောက်ရွံ့နေရတယ်။
ရန်ကင်းဘက်မှာလည်း အိမ်ပေါ်တက်ပြီး ရက်ရက်စက်စက် လူသတ်မှု ကျူးလွန်သွားတယ်။ မြောက်ဥက္ကလာ၊ မြရတနာ လမ်းက အုပ်စုဖွဲ့လူသတ်မှုကလည်း တရားခံအစစ်ကို မဖော်ထုတ် နိုင်သေးဘူး။ အရင် အမှုဟောင်းဖြစ်တဲ့ စိမ်းလဲ့ကန်သာ

ငါးလောင်းပြိုင် လူသတ်မှုကလည်း ခုထိ မပေါ်သေးဘူး ဆိုတော့ ဒီ ဝန်ကြီးချုပ် ထွက်သင့်ပြီပေါ့။

ထူးကြီး - ဟေ့ကောင် မူးကြီး၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ။

မူးကြီး - မင်းပဲ ဝန်ကြီးချုပ် နုတ်ထွက်သွားပြီဆို။

ထူးကြီး - အေးလေ ငါပြောတာက -

မူးကြီး - မင်းကလည်း ငါ မမူးသေးပါဘူး။ ငါလည်း အဲဒီကိစ္စပဲ ပြောနေတာလေကွာ။ သူ့ဘာသာသူ တာဝန်တသိနဲ့ ထွက်တော့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို ချီးကျူးရမှာပေါ့ဟ။

ထူးကြီး - ဟေ့ကောင် မူးကြီး၊ မင်းဟာ မူးဖို့ကလွဲပြီး ဘာမှ ရေရေရာရာ မသိတဲ့ကောင်။ ဝန်ကြီးချုပ်တာဝန်သိသိနဲ့ နုတ်ထွက်သွားတယ် ဆိုတာတော့ ဟုတ်တယ်။ ဒါပေမဲ့ မြန်မာပြည်မှာ မဟုတ်ဘူး။ တောင်ကိုရီးယားမှာဟ။ တောင်ကိုရီးယား ဝန်ကြီးချုပ် ချောင်ဟောင်ဝမ်ဟာ ခရီးသည် ၄၇၆ ယောက် လိုက်ပါလာတဲ့ ခရီးသည်တင် ဖယ်ရီသင်္ဘော နစ်မြုပ်မှုမှာ ကိုင်တွယ်ပုံ ညံ့ဖျင်းတယ်လို့ ဝေဖန်ခံရပြီးတဲ့နောက် သင်္ဘောမှောက်မှုမှာ၊ ပျောက်ဆုံးနေတဲ့ မိသားစုဝင်တွေရဲ့ ဝေဖန်ခံရမှုမှာ သူကိုယ်သူ တာဝန်ရှိကြောင်း ကြေညာချက်ထုတ်ပြီး တာဝန်သိသိ ရာထူးက ဆင်းသွားတာဟေ့။ အဲဒီအကြောင်းကို ပြောနေတာ၊ မင်းက ထင်ရာမြင်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေ ဘာတွေ ဘာလို့ လျှောက်ပြောနေတာလဲ။

မူးကြီး - ငါလည်း မင်းက သဲသဲကွဲကွဲမပြောတော့။ ဟို အဘကို သွားမြင်မိလို့ပါ။

ထူးကြီး - မမြင်နဲ့၊ ဒါ မြန်မာ၊ ဟိုဟာက ကိုရီးယား။ ငါတို့ မြန်မာတွေဟာ အမျိုးဂုဏ် ဇာတိဂုဏ် အင်မတန် မြင့်မားတယ်ကွ။ သူများတွေ လုပ်တိုင်း လိုက်မလုပ်တတ်ဘူး။ မြန်မာနဲ့ ကိုရီးယားဆိုလည်း အဝေးကြီးပဲ။ ပင်လယ်ကြီးတောင် ခြားနေသေးတယ်။ ငါတို့ လူကြီးတွေက ဘာဖြစ်လို့ သူတို့လုပ်တိုင်း လိုက်လုပ်ရမှာလဲ။ သူတို့ဘာသာ အသုံးမကျတာတွေ လုပ်မိလို့ ကိုယ့်လိပ်ပြာ ကိုယ် မလုံလို့ ထွက်တာနေမှာပေါ့။

တို့ဆီမှာက တပ်မတော်က ထွက်လာခဲ့တဲ့ ခေါင်းဆောင်တွေပီပီ

စစ်ရေး စွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ရယ်လို့ အဘက်ဘက်က တတ်မြောက်ထားပြီးသဟာမင့် ဘာကြောင့် ပိုကွက် ဟာကွက် မှားကွက် ရှိပါဦးမလဲကွ။ မင်း နည်းနည်းတော့ စဉ်းစားဖို့ ကောင်းတယ်။

မှူးကြီး - ဪ - တို့လူကြီးတွေက ဘုရားလောင်းလောက်ကို တော်တာ ပေါ့နော်။

ထူးကြီး - ဒါပေါ့ကွ၊ မင်း မြန်မာ့ရာဇဝင် သင်ဖူးတယ် မဟုတ်လား။

မှူးကြီး - အေး- နည်းနည်းပါးပါးတော့ သင်ဖူးပါတယ်။

ထူးကြီး - အေး- ငါတို့နိုင်ငံမှာ ကိုယ့်တာဝန်ကိုယ်ယူပြီး ကျွန်တော် မှားပါတယ် ဆိုပြီး ထွက်သွားတဲ့ ဘုရင်တွေ၊ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေ ဘယ်နှယောက် ရှိသလဲ။

မှူးကြီး - နေဦး၊ ငါ လက်ချိုးရေကြည့်ဦးမယ်။ တစ်ယောက်၊ နှစ်ယောက်၊ အဲ- တစ်ယောက်မှ မရှိဘူး။

ထူးကြီး - အဲဒါကို ပြောတာပေါ့၊ အဲဒါ မြန်မာကွ၊ မြန်မာဟာ ဘယ်တော့မှ မမှားဘူး။ မင်း မြဲမြဲမှတ်ထားလိုက်။

မှူးကြီး - ဒါဆို နာဂစ်မုန်တိုင်း တိုက်ပြီးခါစတုန်းက မြစ်ဝကျွန်းပေါ်ဒေသက ဒုက္ခရောက်နေတဲ့ သူတွေကို အမေရိကန်နဲ့ ပြင်သစ်သင်္ဘောကြီးတွေက ကူညီပါရစေဆိုပြီး ပင်လယ်ဝကနေ စောင့်နေတာ ဝင်ခွင့် မရလို့ ပြန်လှည့် သွားရတာ၊ ဒုက္ခသည်တွေ ငတ်ကြ သေကြတာ ကျတော့ကော။

ထူးကြီး - ဒါကတော့ကွာ တို့ မြန်မာနိုင်ငံသား မြစ်ဝကျွန်းပေါ်သားတွေဟာ ငါးပိရည်နဲ့ ထမင်းကြမ်းစားပြီး ကြီးလာကြတာကွ။ အမေရိကန်တွေ၊ ပြင်သစ်တွေ လာပေးတဲ့ ပေါင်မုန့်တွေ၊ ဒိန်ခဲတွေ၊ နို့စ်တွေ မစားဖူးစားပြီး ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ရရင် ဘယ်လို လုပ်မလဲ။ နိုင်ငံတော် အကြီးအကဲတွေက ဒါတွေမြင်လို့ စေတနာနဲ့ ဝိတ်ပင်တာကို မင်းတို့၊ ငါတို့က သဘောပေါက်ဖို့ လိုတယ်ကွ။

မှူးကြီး - ဪ ... ကြီးမားလိုက်တဲ့ စေတနာပါတကားဟ၊ ထိုင်တောင် ဦးချရဦးမလိုလိုပါလား။ ကဲ - ထားတော့။ မေလ (၂)ရက်နေ့မှာ နာဂစ်မုန်တိုင်း တိုက်လို့ လူတွေ ဒုက္ခရောက်ပြီး စိတ်အားငယ်နေတဲ့ အချိန်၊ စားစရာ နေစရာမရှိတဲ့အချိန်မှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ

ဥပဒေ လွှတ်ဆန္ဒခံယူပွဲကြီးကို မေလ (၁၀) ရက်နေ့မှာ ကျင်းပခဲ့တာကတော ဘာသဘောလဲကွာ။

ထူးကြီး - အဲဒါက နိုင်ငံတော်ရဲ့ စေတနာကွ။

မူးကြီး - ဟုတ်မှလည်း လုပ်ပါကွာ။

ထူးကြီး - တကယ်ပါကွ၊ လူတွေဟာ မုန်တိုင်းဒဏ်ကြောင့် စိတ်အားငယ်နေကြတယ်လေကွာ။ လူတွေကို စိတ်ဓာတ်မြှင့်တင်ပေးတဲ့အနေနဲ့ ငါတို့နိုင်ငံဟာ အားပလာနိုင်ငံကြီး မဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဘာနဲ့ အင်မတန် အဆင့်အတန်းမြင့်တဲ့ နိုင်ငံကြီးအဖြစ် ဂုဏ်ယူကြပေတော့ဆိုပြီး ဖွဲ့စည်းပုံကို မုန်တိုင်းကြားကနေ အတည်ပြုခဲ့တာကွ။ မုန်တိုင်းကြားမှ စိန်ခေါ်သံပေါ့ကွာ။

မူးကြီး - မသိရင် မှတ်တောင်ထားရဦးမယ်။ တရုတ်သိုင်းကားအမည်လိုလိုဘာလိုလိုပါလားဟ။ ကဲ- ဒါဆိုရင် ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးတုန်းက ဘုန်းဘုန်းတွေကို သေနတ်ဒင်နဲ့ ပွစော်လှူဒါန်းတာ၊ လက်ထိတ်နဲ့ ဆွမ်းလောင်းတာတွေကျတော့ကော သာသနာရေးဝန်ကြီးတို့၊ ပြည်ထဲရေးဝန်ကြီးတို့ နုတ်ထွက်တယ် မကြားရပါလား။

ထူးကြီး - ဒါကလည်း သူတို့ ကြေညာပြီးပါပြီ။ ဆန္ဒပြတဲ့ ကိုယ်တော်တွေဟာ သံဃာအစစ်တွေ မဟုတ်ပါဘူး၊ သံဃာယောင်ဆောင်ထားတဲ့ သံဃာအတုတွေ၊ ပါရာဇိကကျပြီး ကိုယ်တော်တွေပါတဲ့။

မူးကြီး - ငါသိတာတော့ စာသင်တိုက်ကြီးတွေက စာချဆရာတော်ကြီးတွေတောင် ပါပါတယ်။ ဘယ်က သံဃာအတုရမှာလဲ။

ထူးကြီး - မင်း တယ်ရှုပ်ရှည်ပါလား။ လူကြီးတွေက အတုဆို တုလိုက်ကွာ။

မူးကြီး - အေး- ထားပါတော့။ ဒါနဲ့ သံဃာအတု ဆိုတာနဲ့ သတိရလို့ မေးရဦးမယ်။ ဒီပဲယင်း လုပ်ကြံမှုကြီး ဖြစ်ပွားတုန်းက ဒေါ်အောင်ဆန်းစုကြည် ယာဉ်တန်းကို ကျီးရွာအနီးမှာတွက်ပြီး အတင်းရပ်နိုင်းခဲ့တဲ့ ဘုန်းကြီးတွေက တကယ့် ဘုန်းကြီးအစစ် မဟုတ်ဘဲ သံဃာအတုတွေဆို၊ တချို့ဆို သင်းပိုင်အောက်မှာ ဘောင်းဘီတွေတောင် ဝတ်ထားတယ်ဆို။

ထူးကြီး - ဘယ်ကလာ ဘုန်းကြီးအတုရမှာလဲ။ အဲဒါက တကယ့် ပရမတ္ထ သံဃာတော်တွေတဲ့ဟ။

မှူးကြီး - မင်းကို ဘယ်သူပြောလဲ။

ထူးကြီး - ငါလည်း ဒီလိုပဲ အစိုးရသတင်းစာရှင်းလင်းပွဲတွေမှာ ကြားတာပဲ။

မှူးကြီး - ထားပါတော့ကွာ။ ဒီပဲယင်းလုပ်ကြံမှုက ဝေးပါသေးတယ်။ လက်ယန်းဟောင်း ဟောင် သပိတ်စခန်းကို ညကြီးမင်းကြီးဖြိုခွဲတော့ မီးလောင်ဗုံးတွေနဲ့ ပစ်ခတ်နှိမ်နှင်းလို့ သေရာပါအောင် ဒဏ်ရာတွေ ရကြတဲ့ သံဃာတော်တွေကကော သံဃာအတုတွေပဲလား။ အဲဒီကိစ္စမှာ ဘယ်သူမှ တာဝန်သိသိ နုတ်ထွက်တယ် မကြားမိဘူးနော်။

ထူးကြီး - ထွက်စရာလားကွ၊ အဲဒီနေရာက တားမြစ်နယ်မြေကွ၊ ဝမ်ပေါင်ဂုဏော အနေနွှေဆိုတဲ့ နေရာဟ။ ဘုန်းကြီးတွေက ကိုယ်နဲ့ မဆိုင်တဲ့ နေရာကို သွားတာကိုးဟ။ ငါတို့လူကြီးတွေနဲ့ ဘာတွေ ဆိုင်လို့ နုတ်ထွက်ရမှာလဲ။

မှူးကြီး - နိုင်ငံခြားက ဒီမိုကရေစီနိုင်ငံတွေမှာတော့ ရထားမှောက်လည်း သက်ဆိုင်ရာ ဝန်ကြီးတွေ နုတ်ထွက်တယ်နော်။ ဒီမှာတော့ အဟီး အဟီး။

ထူးကြီး - ဟာ- ရထားဆိုတာ မှောက်တတ်တာမျိုးပဲကွ။ ဘာဆိုင်လို့ အတာက ထွက်ရမှာလဲ။

မှူးကြီး - အဝေးပြေးလမ်းမှာ ခဏ ခဏ ယာဉ်တိုက်မှုတွေ၊ လူသေမှုတွေ ဖြစ်ရင်လည်း ပို့ဆောင်ရေးဝန်ကြီးတို့၊ ဆောက်လုပ်ရေးဝန်ကြီးတို့ နုတ်ထွက်ကြတယ်နော်။ ဒီမှာတော့ အဟီး။

ထူးကြီး - မှူးကြီးရေ၊ မင်းမသိဘဲ လျှောက်မပြောနဲ့။ သူ့ဘာသာ ကမြင်းကြော ထပြီး အမြန်လမ်းမှာ အမြန်မောင်းလို့ မာလကီးယားကြတာ၊ ငါတို့ အဘတွေနဲ့ ဘာဆိုင်လို့လဲ။ မနုတ်ထွက်နိုင်ပေါင်။

မှူးကြီး - ဟို နိုင်ငံတွေမှာတော့ သားက လာဘ်စားပြီး အရှမ်းချမ်းသာ နေလို့တဲ့ အဖေဖြစ်တဲ့ ဝန်ကြီးက တောင်းပန်ပြီး ရာထူးကနေ ထွက်သွားသတဲ့။ ငါတို့ဆီမှာတော့ အဟီး။

ထူးကြီး - မင်းဟာ အလကားနေရင်း ပြည်ပ အားကိုးနေပါလားကွ။ သူ့ဘာသာ အတိုတ်ကံကောင်းလို့ ချမ်းသာတာ၊ မင်းက မနာလို မဖြစ်ပါနဲ့။ သားသမီး စီးပွားရေး ခွင်မိတိုင်းသာ အဖေတွေက နုတ်ထွက်ရရင် ငါတို့နိုင်ငံမှာ ဝန်ကြီးတစ်ယောက်မှ ရှိမှာ မဟုတ်ဘူး။

မူးကြီး - မြန်မာပြည်မှာဖြစ်တဲ့ ရခိုင်ပဋိပက္ခလို၊ မိတ္ထီလာအရေးအခင်းလို၊ စစ်တွေ အရေးအခင်းလိုတွေသာ ထိန်းမနိုင် သိမ်းမရဖြစ်ရင် တခြားနိုင်ငံတွေမှာဆို ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး၊ သာသနာရေးဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေ ရာထူးက အလိုအလျောက် ထွက်ပြီပဲ။

ထူးကြီး - ယုံရခက်ကြီးပါလားဟ။

မူးကြီး - Air Bagan လေယာဉ်ကြီး မီးလောင်ပြီး ညွှလမ်းညွှန် နွယ်လင်းရှိန်နဲ့ ဦးပြားတို့ ကွယ်လွန်ကြတုန်းကတောကွာ လူကြီးတွေ ရာထူးက မထွက်သင့်ဘူးလား။

ထူးကြီး - ဒါက မြူကြောင့်ကိုးကွ။

မူးကြီး - ပုစွန်တောင် စက်ဆန်းဘက်မှာ ကုန်လှောင်ရုံကြီး ထပေါက်ကွဲတုန်းကကောကွာ။

ထူးကြီး - ဒါကတော့ ပရဆေးတွေကြောင့်ကွ၊ လူကြီးတွေနဲ့ မဆိုင်ဘူး။

မူးကြီး - ဟိုတစ်လောက GTU က ကျောင်းသားစုံတွဲအမှုလိုဟာမျိုးသာ ကိုရီးယားတို့၊ ဂျပန်တို့မှာဖြစ်ခဲ့ရင် ပညာရေးဝန်ကြီးတော့ ရှက်ပြီး ရာထူးကထွက်ပြီနော်။ ဒီမှာတော့ အေးဆေးပဲ အဟဲ။

ထူးကြီး - ဘာဆိုင်လို့လဲကွ၊ နေသာသမှ လေညာကပါကွ။

မူးကြီး - မီး ခဏ ခဏ ပျက်ရင်လည်း နိုင်ငံခြားမှာဆို လျှပ်စစ်ဝန်ကြီး နုတ်ထွက်လောက်ပြီ။

ထူးကြီး - မဆိုင်လိုက်လေကွာ၊ ဖယောင်းတိုင်ထွန်းနေကြပေါ့။

မူးကြီး - မြန်မာပြည်မှာ ကိုယ့်တာဝန်ကိုယ်ယူ၊ ကိုယ့်အမှားကို ကိုယ်ပြောခဲ့တဲ့ သူက အခုအခါမှာ သက်ရှိထင်ရှားထဲက တစ်ယောက်ပဲ ရှိသကွ။

ထူးကြီး - ဘယ်သူတုံးဟ။

မူးကြီး - အဆိုတော် စည်သူလွင်လေ။ သူ ပြောတာက "အချစ်ရေ ကိုယ့်ကြောင့်"တဲ့။ ဘယ်သူများ သူလို ကိုယ့်အမှားကို ကိုယ် ဝန်ခံဖူးလို့လဲ။

ထူးကြီး - ဟုတ်ရှားဘား။

ဟစ်တိုင်ဂျာနယ် (၉-၅-၂၀၁၄)

□

# အလိဘာဘာနှင့် ခိုးသားအသချေ်

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာစသော ကမ္ဘာပေါ်ရှိ ဘာသာကြီးလေးခုတွင် မည်သည့် ဘာသာကမျှ သူတစ်ပါးပစ္စည်းအား ခိုးဝှက်ခြင်းကို အားမပေးပေ။ တားမြစ်ထားကြသည်သာ ဖြစ်သည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ခါးဝတ်ပုဆိုးကဲ့သို့ လိုက်နာဆောင့်ထိန်းရသော ငါးပါးသီလ (ခေါ်) ပဉ္စသီလတွင် အဒိန္နာဒါနာ ဟူသော သိက္ခာပုဒ် ပါဝင်ပါသည်။ အနက် အဓိပ္ပာယ်မှာ "အဒိန္နာဒါနာ - ပိုင်ရှင်သည် ကိုယ်၊ နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါး ဥစ္စာကို ယူငင်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ - ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ - ဆောက်တည်ပါ၏" ဟူ၍ ဖြစ်သည်။

ပိုင်ရှင်သည် ကိုယ်၊ နှုတ်တို့ဖြင့် မပေးအပ်သော သက်ရှိ၊ သက်မဲ့ ပစ္စည်းကို ခိုးယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ အာဏာဖြင့်ယူခြင်း၊ အလေးတင်းတောင်း ချိန်ခွင်တို့ဖြင့် လိမ်လည်လှည့်စား၍ယူခြင်း၊ ရောင်းကုန်များ၌ ရေ စသည် ရောနှော၍ ရောင်းချခြင်း၊ မျှင်းအသူတို့၏ ပစ္စည်းကို လိမ်ညာ၍ယူခြင်း၊ ခြောက်လှန့်၍ယူခြင်း၊ နှိုက်၍ယူခြင်း စသော မတရားရယူမှု အားလုံးသည် ခိုးယူခြင်း ဖြစ်သည်။

ထို အဒိန္နာဒါနာ အမှုကို ပြုသောသူသည် သေသောအခါ ငရဲ၌ ဖြစ်ရ လေသည်။ ငရဲမှလွတ်၍ လူပြန်ဖြစ်ခွင့်ရလာလျှင်သော်မှ-

(၁) မွဲတတ်ခြင်း၊
(၂) ကိုယ်စိတ်ဆင်းရဲခြင်း၊
(၃) ငတ်မွတ်ခြင်း၊
(၄) အလိုရှိသောအရာကို မရခြင်း၊
(၅) ဥစ္စာပျက်စီးခြင်း၊
(၆) ရန်သူမျိုးငါးပါး ဖျက်ဆီးခံရခြင်း

စသော မကောင်းကျိုးများ ခံစားရသည်ဟု ဘုရားဟော လာရှိပေသည်။

တစ်ဖန် ခိုးမှုကျူးလွန်ရာတွင် မည်သည်ကို ခိုးမှုဟုခေါ်ပါသလဲဟူသော အဓိဋ္ဌာဒါနှာ အင်္ဂါ (၅)ပါးလည်း ရှိသေး၏။ ခိုးမှုမြောက်ရန် အောက်ပါအင်္ဂါငါးပါး (အချက်ငါးချက်)နှင့် ကိုက်ညီရန် လို၏။

(၁) သူတစ်ပါးဥစ္စာဖြစ်ခြင်း
(၂) သူတစ်ပါးဥစ္စာဟု သိမှတ်ခြင်း
(၃) ခိုးယူလိုသော စိတ်စေတနာရှိခြင်း
(၄) ခိုးယူကြောင်းဖြစ်သော ကိုယ်၊ နှုတ် လုံ့လတစ်ခုခုကို ပြုလုပ်ခြင်း
(၅) ခိုးယူခြင်း တို့ ဖြစ်ပါသည်။

ငယ်စဉ်မှစကာ သူခိုးဟု ဆိုလိုက်သည်နှင့်၊ အဓိဋ္ဌာဒါနာဟု ဆိုလိုက်သည်နှင့် ကျွန်တော်တို့ မျက်စိထဲ၌ ပေါ်မြင်လိုက်သည်မှာ အကာလ ညအခါတွင် မှောင်ရိပ်ခို၍ အိမ်များကို ဖောက်ထွင်းဝင်ရောက်မည့် လက်နက်ကိရိယာများကို ကိုင်ဆောင်ထားသော မျက်နှာတွင် မျက်နှာဖုံးတပ်ထားသည့် ပုဆိုးခါးတောင်းကျိုက်ထားသော အင်္ကျီဗလာနှင့် လူတစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်သည်။ 'သူခိုး ဆိုတာ ဒီလိုပုံမျိုး၊ ဒီလိုပုံဆိုလျှင် သူခိုး'ဟု ကျွန်တော်တို့ အသိဉာဏ်က လက်ခံထားခဲ့ကြသည်။

သို့သော်၊ အသိဉာဏ် အတော်အတန် ရင့်သန်လာ၍ လူ့ဘုံခန်းဝါ လူတို့ရွာတွင် မာယာမရိယာယ် အတော်ကြွယ်ဝလာသောအခါတွင်တော့ သူတစ်ပါး၏ ပစ္စည်းကို ခိုးယူနေသူတိုင်းမှာ ကျွန်တော်တို့ မျက်စိထဲတွင် စွဲနေသော သူခိုး တစ်ယောက်၏ ပုံယန်းသဏ္ဌာန်အတိုင်း ထပ်တူမကျနိုင်တော့ဘဲ ကွဲပြားခြားနားသော အသွင်သဏ္ဌာန် ရှိကြောင်းလည်း သိလာခဲ့ရပေသည်။

အထူးသဖြင့် သန်းခြောက်ဆယ်သော ပြည်သူလူထု၏ နိုင်ငံတော်ပိုင် ပစ္စည်းများကို ကိုယ့်မိသားစုပိုင်သဖွယ် ခိုးကြ ဝှက်ကြ ကိုယ့်အတွက်ကဲ့ကြသော ပုဂ္ဂိုလ်များသည် ကာတွန်း၊ ပန်းချီ၊ ရုပ်ပြတွေထဲက သူခိုးတွေလို စုတ်ပြတ်သတ်မနေ၊ ညသန်းခေါင် မှောင်ခိုကာ မျက်နှာဖုံးလည်း တပ်မထား၊ နေ့ခင်းကြောင်တောင်

Air Con ရုံးခန်းထဲမှာထိုင်ကာ တချို့က တိုက်ပုံအင်္ကျီနှင့် မောင့်ကျက်သရေ ခေါင်းပေါင်း ဆောင်းကာ၊ အချို့က ခေါ်လာထောင်နှင့်ချိတ်၍ ပေးရသော အနောက်တိုင်း ဝတ်စုံများဝတ်ကာ နောက်ဆုံးပေါ် စိမ်ခံကားကြီးများဖြင့် သွားလာနေကြောင်း အမှန်ကို ပြက်ပြက်ထင်ထင် သိမြင်လိုက်ရပေတော့သည်။

ဤအကြောင်းကို ကဗျာဆရာ မောင်ယဉ်မွန်ကလည်း -

**သူနိုးဖမ်းပါ၊**

**လမ်းကြားမှာလား၊**

**ပန်ကာအောက်တွင် ထိုင်နေသည်။**

ဟု သုံးကြောင်းကဗျာ စပ်ဆိုခဲ့ရာ လူကြိုက်များခဲ့လေ၏။

ယခုအခါ ပန်ကာခေတ် မဟုတ်တော့ဘဲ သူခိုးသည် အဲကွန်းခန်းထဲတွင် ထိုင်နေသည်သာ ကွာခြားသွားတော့သည်။ သူခိုး၏ ပုံသဏ္ဌာန်နှင့် အဓိပ္ပာယ်ဖွင့်ဆို ချက်များမှာလည်း များစွာ ကျယ်ပြန့်သွားချေပြီ။ သို့သော် အဓိကအချက်ဖြစ်သော ခိုးမှုမြောက်စေမည့် အင်္ဂါရပ် (၅)ခုနှင့် ဆန့်ခါချလိုက်သောအခါတွင်မူကား၊ မည်မျှ ကြီးမားသော ပုဂ္ဂိုလ်ကြီးပင်ဖြစ်စေ ခိုးသူမှန်ပါက ဆန်ခါငါးထပ်နှင့် စစ်လိုက်သော အခါ ကားရားကြီး မိနေပေတော့သည်။ ကြည့်ကြပါစို့။

**ခိုးမှုမြောက်ရန် နံပါတ်တစ်နှင့် နံပါတ်နှစ် လက္ခဏာ လိုအပ်ချက်မှာ သူတစ်ပါးဥစ္စာဖြစ်ခြင်း၊ သူတစ်ပါးဥစ္စာဟုသိခြင်း ဖြစ်ပါသည်။**

နိုင်ငံတော်ဘဏ္ဍာများကို သုံးကြသောလူများသည် မိမိ ခိုးလိုက် ဝှက်လိုက်၊ စာရင်းလိမ်လိုက်၊ စာရင်းဖြောင်လိုက်သော ပစ္စည်းများမှာ နိုင်ငံတော်ပိုင်၊ ပြည်သူလူထုသာပိုင်သော ပစ္စည်းများ ဖြစ်သည်ကို သိကြပါသည်။ သူတို့သည် အရူးများ မဟုတ်ကြသဖြင့် ဤပစ္စည်းများ၊ ဤဘဏ္ဍာငွေများ ဆိုသည်ကို သူတို့ သိကြပါသည်။ မိုးပေါ်မှ အလိုလို ကျလာသော ပိုင်ရှင်မဲ့ပစ္စည်းများ မဟုတ်ကြောင်းကို သူတို့ သိကြပါသည်။ ဤသို့ သိပါက ခိုးမှုကျူးလွန်ရန် အချက်နှစ်ချက် ပြည့်စုံပေပြီ။

**တတိယအချက်မှာ ခိုးယူလိုသော စိတ်စေတနာရှိခြင်း ဖြစ်ပါသည်။**

စေတနာသည် ကံဖြစ်၏ဟု ဘုရားဟော ရှိပါသည်။ ခိုးယူလိုသောစိတ် ရှိမှသာ ရှေ့ဆက် လက်တွေ့ခိုးကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ခိုးချင်စိတ်မရှိဘဲ ခိုးမှုမမြောက်၊ နိုင်ငံပိုင်ဘဏ္ဍာငွေများ ကိုယ့်အိတ်ထဲ၊ ကိုယ့်ဘဏ်စာရင်းထဲသို့ ရောက်လာအောင် လုပ်ကြခြင်းမှာ ခိုးချင်စိတ် ပြင်းပြင်းထန်ထန်ရှိနေ၍ ဖြစ်ပါသည်။ မခိုးချင်သူသည် စာရင်းများကာ ကိုယ့်ထံ ရောက်လာသည့်ငွေကိုပင် ပြန်ပေးလိမ့်မည်။

အောက်ဆိုက် ဝင်တယ်၊ အောက်ဆိုက် ရတာယ်ဆိုသော ငွေများ၊ နားလည်မှုဖြင့် ပေးသည်၊ နားလည်မှုဖြင့် ဂါရဝပြုသည်၊ လုပ်ငန်းအောင်မြင်စေရန် ကန်တော့သည် ဟူသော ငွေများ အားလုံးသည် ခိုးရာပါငွေများပင် ဖြစ်သည်။

ထိုသို့ ဂါရဝငွေကို လက်ခံခြင်း၊ ဝေစုယူခြင်း၊ ဖြတ်စုန်းခြင်း၊ နိုင်ငံတော်စီမံကိန်းများတွင် အသုံးပြုရမည့် ဘဏ္ဍာငွေများကို မိမိအတွက် ကဲ့ယူထားခြင်း၊ လိုတာထက် ပိုတောင်းခြင်း၊ ပိုငွေကို ပြန်မအပ်ခြင်း၊ အာဏာဖြင့် ခြိမ်းခြောက်ခြင်း၊ လာဘ်မပေးလျှင် လုပ်ငန်းနှောင့်နှေးရန် ပညာပြခြင်း၊ အလုပ်မလုပ်ခြင်း စသည်များမှာ **ခိုးမှုမြောက်ရန် စေ့ဆော် လိုအပ်ချက်ဖြစ်သော ကိုယ်၊ နှုတ် လုံ့လ တစ်ခုခုကို ပြုလုပ်ခြင်းပင် ဖြစ်သည်။**

**နံပါတ် (၅)အချက်မှာ လက်တွေ့ခိုးယူခြင်း ဖြစ်သည်။**

မြန်မာစကား၌ နားခံသာစေရန် အောက်ဆိုက်ရသည်၊ မိုးခါးရေသောက်သည်၊ အဂတိလိုက်စားသည်၊ လာဘ်ပေးသည်၊ လာဘ်ယူသည်၊ လိုင်းဝင်သည်၊ Under Table ကြေးပေးသည်။ လက်ဖက်ရည်ဖိုး ပေးရသည်၊ ရေလောင်းသည်၊ လူကြီးကို ကန်တော့ကြေး စသည်ဖြင့် ပြောကြသော်လည်း အမှန်မှန်မှာ ခိုးမှုကျူးလွန်ခြင်း ဖြစ်သည်။ အဒိန္နာဒါနာကံကို ကျူးလွန်ချိုးဖောက်ခြင်း ဖြစ်သည်။ ပိုင်ရှင်ရှိသော မြေယာများကို အဓမ္မသိမ်းယူခြင်းသည်လည်း ခိုးမှုကျူးလွန်ခြင်းပင် ဖြစ်သည်။

လူတစ်ဦး တစ်ယောက်ချင်းစီမှ ဥစ္စာပစ္စည်းကို ခိုးယူခြင်းထက် နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးယူခြင်းက ပို၍ အပြစ်ကြီးလေးပေသည်။

အဘယ်ကြောင့်နည်းဟူမူ ခိုးမှု၏ အပြစ်ကြီးမှု၊ အပြစ်ငယ်မှု အကုသိုလ်အတိမ်အနက်သည် အခိုးခံရသူ ဥစ္စာရှင်၏ အကျင့်သီလ၊ ဂုဏ်သိက္ခာကိုလိုက်၍ လည်းကောင်း၊ ဥစ္စာတန်ဖိုး အနည်းအများကိုလိုက်၍ လည်းကောင်း ဖြစ်၏။

အကျင့်သီလ၊ သိက္ခာဂုဏ်နှင့် ပြည့်စုံသူ၏ဥစ္စာကို ခိုးယူမိပါက အပြစ်ကြီး၏။ အကျင့်သီလ၊ သိက္ခာဂုဏ် နည်းပါးသူ၏ ပစ္စည်းကို ခိုးယူခဲ့သော် အပြစ်ငယ်၏ဟု ကျမ်းဂန်တို့၌ ပါရှိ၏။

ထို့ကြောင့် လူတစ်ယောက်၏ပစ္စည်းကို ခိုးသည်ထက် အများပိုင်၊ ပြည်သူပိုင်ပစ္စည်း၊ နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးသူတို့သည် ပို၍ အပြစ်ကြီး၏။ အဘယ်ကြောင့်ဆိုသော် သန်းခြောက်ဆယ်သော မြန်မာနိုင်ငံသား ပြည်သူလူထုထဲတွင် ရဟန်း သံဃာများ၊ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံသော သူတော်ကောင်းများ များစွာပါဝင်နေသောကြောင့် အကုသိုလ်အဆသည် ပို၍ ပြင်းထန်ပေလိမ့်မည်။

သံဃိကပိုင် ကျောင်းမြေ၊ သိမ်မြေကို သိမ်းသူသည်လည်း အကုသိုလ် အကျိုးပေး ဝိပါက် အပြစ်ကြီးပေလိမ့်မည်။

ကမ္ဘာကျော် တစ်ထောင့်တစ်ညပုံပြင်ထဲ၌ အလီဘာဘာနှင့် ခိုးသား လေးဆယ် ပုံဝတ္ထုသည် ထင်ရှား၏။ ဇာတ်ကြောင်းအကျဉ်းကို ပြောရလျှင် တစ်ရံရောအခါ ပါရှားပြည်၌ ညီအစ်ကိုနှစ်ယောက်ရှိ၏။ အစ်ကိုမှာ ကာဆင် ဟုခေါ်ပြီး ညီဖြစ်သူ၏ အမည်မှာ အလီဘာဘာဟု ခေါ်သည်။ အလီဘာဘာတို့ လင်မယားသည် ဆင်းရဲသဖြင့် ထင်းခုတ်ပြီး အသက်မွေးဝမ်းကျောင်း ရသည်။ တစ်နေ့တွင် တောထဲ ထင်းခွေသွားရင်း အလီဘာဘာသည် သူခိုးအယောက် လေးဆယ် (ခိုးသား လေးဆယ်)နှင့် တွေ့၏။ သူခိုးများသည် ခိုးရာတိုက်ရာမှ ရရှိသော ရွှေ၊ ငွေ၊ ရတနာပစ္စည်းများကို ကျောက်ဂူကြီးတစ်ခုထဲတွင် လာ၍ ဝှက်ထား၏။ ခိုးသား လေးဆယ်တွင် ခေါင်းဆောင်ဖြစ်သူက "တံခါးပွင့်လော့ နှမ်းစေ့များ" (Open, Sesame!) ဟု စကားဝှက် ဂါထာကို ရွတ်လိုက်သည်နှင့် ဂူတံခါးပွင့်သွား၏။ "ပိတ်လော့နှမ်းစေ့များ" (Shut, Sesame!) ဟု ဆော်လိုက်သည်နှင့် ကျောက်ဂူ တံခါးပိတ်သွား၏။ ထိုလျှို့ဝှက်ချက်ကို သိသွားသော အလီဘာဘာသည် ခိုးသား (၄၀) မရှိတော့သောအချိန်တွင် ဂူထဲသို့ တိတ်တဆိတ်ဝင်ရောက်ကာ သူခိုးလက်က သူဝှက်လုဆိုသကဲ့သို့ ရွှေများကို နိုင်သလောက် ကုံယူလာခဲ့၏။ ဤအကြောင်းကို သူ့အစ်ကို ကာဆင် သိသောအခါ အလီဘာဘာ လုပ်သလို ကျောက်ဂူကြီးကို ပွင့်စေပြီး ရွှေ ငွေများကို လောဘတကြီး ယူဆောင်တော့သည်။ သို့သော် ကျောက်ဂူ တံခါးကို ပွင့်စေသော ဂါထာကို မေ့နေသဖြင့် ဂူထဲမှထွက်၍ မရပေ။ အဖန်ဖန် စဉ်းစားသော်လည်း မမှတ်မိသဖြင့် ဂူထဲ၌ ပိတ်မိနေရာ ခိုးသားလေးဆယ် ရောက်လာ သောအခါ အသတ်ခံလိုက်ရတော့သည်။ ထို ခိုးသားလေးဆယ်သည် အလီဘာဘာ နောက်သို့ လိုက်ပြီး လုပ်ကြံသတ်ဖြတ်သော်လည်း သစ္စာရှိသော ကျွန်ယုံတော် မော်ဂီယာနာဆိုသော မိန်းမပျို၏ ရဲရင့်မှုနှင့် ဖြတ်ထိုးဉာဏ်ကြောင့် ခိုးသားများ အားလုံးအပေါ် အနိုင်ယူနိုင်လိုက်ပြီး အလီဘာဘာသည် သူဌေးကြီး ဖြစ်သွားသော ဇာတ်လမ်း ဖြစ်သည်။

ဤပုံပြင် ဇာတ်လမ်းကို အကြောင်းပြု၍ ကမ္ဘာပေါ်တွင် ခိုးတတ်သူများကို အလီဘာဘာနှင့် ခိုးသားလေးဆယ်ဟု ပြောစမှတ်ပြုကြသည်။ မြန်မာနိုင်ငံတွင်တော့ သူခိုးကြီး ငတက်ပြားမှာ နာမည်ကြီးသည်။ အနောက်တိုင်းမှာတော့ သူခိုးကြီး ရှိင်ယာဘောလစ်မှာ နာမည်ကြီးသည်။

ယနေ့ မြန်မာနိုင်ငံအခြေအနေကို အရှိကို အရှိအတိုင်း ဝေဖန်ရပါက အစိုးရဗျူရိုကရေစီ ယန္တရားတွင် လည်ပတ်နေသော ဝန်ထမ်းများ၏ (၉၀) ရာခိုင်နှုန်းမှာ အကျင့်ပျက် ခြစားနေကြ၏။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် အလီဘာဘာ၏ ဂိုဏ်းသားများ ဖြစ်နေကြ၏။ တောက်ပြားအရွဲ့ဝင်များ ဖြစ်နေကြ၏။ ဒိုင်ယာဘောလစ် လက်သစ်များ ဖြစ်နေကြ၏။ Thieves များ ဖြစ်နေကြ၏။ မောသော ဟူသော ခိုးသားများ ဖြစ်နေကြ၏။ ခိုးသားများမှာ များလွန်းသဖြင့် ဖမ်းလို့လည်း မနိုင်၊ ဖမ်းပြီးလျှင်လည်း ထောင်ဆံ့မည် မဟုတ်ပေ။ ထိုသူများ သေ၍ ငရဲကျခဲ့လျှင် ငရဲသည် များပြားသော လူအုပ်ဖြင့် အထူးစည်ကားပေလိမ့်မည်။

ကဲငါးပါးအနက် မြန်မာပြည်၌ ခိုးဖောက်မှု အများဆုံးမှာ အဒိန္နာဒါနာကံ ဖြစ်ဖွယ်ရှိ၏။

သင်သည် အလုပ်ကိစ္စဖြင့် ရုံးတစ်ခုသို့ သွားရသည် ဖြစ်အံ့၊ သင် မကြည်ဖြူပါဘဲ ငွေစကြေးစများကို ပေးကမ်းခဲ့ရပေမည်။

တရားရုံးသို့သွားသောအခါ ရှေ့ဖတ်စာရေးမှစကာ တရားသူကြီးအထိ "တံခါးပွင့်လော့ နှမ်းစေ့များ" (Open Sesame!) လုပ်ကြရပေ၏။

ရဲစခန်းသို့သွား၍ အာမခံလုပ်သောအခါ "နှမ်းစေ့များ ပွင့်ပါလော့" ဟု အလီဘာဘာကဲ့သို့ ပြုကျင့်သူတို့ကို ပေးရကမ်းရပြန်သည်။ စည်ပင်သာယာရုံးသို့ သွားပြီး အိမ်ပြင်ဆင်ခွင့် တောင်းသောအခါ လိုင်းဝင်ရပြန်သည်။ အခွန်ရုံးသို့ ရောက်သောအခါ Under Table ဆိုသော အလွန်အရုပ်ဆိုးသော ကျင့်စဉ်တစ်ခုကို ဖြတ်သန်းရပြန်သည်။

ပုံစံတစ်ဆယ် ပြုလုပ်ရာတွင်သော် လည်းကောင်း၊ ရာထူးအပြောင်းအရွှေ့ ကိစ္စတွင်သော် လည်းကောင်း၊ ရာထူးတက်လိုလျှင်သော် လည်းကောင်း လိုင်းဝင်ရပြန်သည်။

သို့သော် ဤအရာများမှာ အများအနားသာ ဖြစ်သည်။ အကယ်စင်စစ် အလီဘာဘာ ဂိုဏ်းချုပ်ကြီးများမှာကား စားသောပမာဏ အလွန်များသဖြင့် စားလို့ စားမှန်းပင် မသိနိုင်ကြတော့ပေ။ နိုင်ငံတော်၌ ဆည်မြောင်း၊ တာတမံကြီး တစ်ခု တည်ဆောက်လိုက်တိုင်း အလီဘာဘာပေါင်း ထောင်နှင့်ချီ၍ ပေါ်ပေါက်လာ၏။ နိုင်ငံတော်၌ တံတားကြီးတစ်စင်း ဆောက်လိုက်တိုင်း ဦးတက်ပြားတို့သည် ထားစရာ မရှိအောင် ချမ်းသာကုန်ကြလေ၏။ နိုင်ငံတော်၌ မြို့တော်အသစ်ကြီးကို တည်ဆောက်ကြသောအခါ ဒိုင်ယာဘောလစ်များ လက်ခမောင်း ခတ်ကြကုန်၏။ တစ်နိုင်ငံလုံး၌

တည်ဆောက်ပြုပြင် မြန်မာပြည်တစ်ခွင်ဟု လုပ်ကြသောအခါ နို့သားလေးဆယ်သည် အဆပေါင်းများစွာ ပွားများကာ နို့သားလေးကုဋေခန့် ဖြစ်လာပေ၏။ ခေါင်က မလုံသောအခါ မိုးယိုပုံမှာ ယုံနိုင်ဖွယ်ရာပင် မရှိပေ။

စည်ပင်သာယာရုံး တစ်ရုံးသည် မြို့ရေပေးရာတွင် ရေအကြည်ခံသော ကန်ထဲသို့ ထည့်ရမည့် ကျောက်ချဉ်များကို ရေထဲသို့ မခတ်ဘဲ ပရဆေးဆိုင်တွင် လာရောင်းစားတာ စာရေးသူကိုယ်တိုင် တွေ့ဖူး၏။

ဆည်မြောင်းဌာနမှ ကားမောင်းသူများသည် ဆည်ပေါင်ပေါ်တွင် လမ်းကြိတ်စက်ဖြင့် အခေါက်တစ်ရာ ကြိတ်ရမည်ဆိုလျှင် ဆယ်ခေါက်လောက်ပဲ အကြိတ်ပြီး ထပ်မကြိတ်တော့ဘဲ စက်သုံးဆီများကို အောက်ဆိုက်အဖြစ် ကြိတ်ပစ်လိုက်၏။

ဆည်မြောင်းပေါင်ပေါ်တွင် နိုင်ငံခြားမြက်များစိုက်ရန် စာရင်းပြပြီး လက်တွေ့တွင် သဘာဝအလျောက် ပေါက်သော မြက်များကိုသာ စိုက်ထားသော မြက်အဖြစ် ပြကြတာလည်း တွေ့ဖူး၏။ အလုပ်သမား (၂၀) လောက်ကိုသာ ငှားရမ်းအသုံးပြုပြီး စာရင်းထဲတွင် အလုပ်သမား အယောက် (၁၀၀)ခန့် စာရင်း ပြထားတာလည်း ရှိ၏။ လေဆိပ်ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲမှ သံချောင်းများကို အောက်ဈေးဖြင့် လာရောင်းရာမှ မြောက်ဥက္ကလာပမှ ကုန်မာဆိုင်တစ်ဆိုင်သည် နိုးရာပါပစ္စည်း လက်ခံမှုဖြင့် ဆိုင်ပိတ်ခံလိုက်ရ၏။

နိုင်ငံတော်ပိုင် သဘာဝဓာတ်ငွေ့များ ရောင်းချမှုမှရသော နိုင်ငံခြားငွေ ဒေါ်လာများသည် ယခင်ခေတ်က တစ်ဒေါ်လာလျှင် မြန်မာငွေ ခြောက်ကျပ်ဈေးဖြင့် နိုင်ငံတော်ဝင်ငွေစာရင်းထဲသို့ ရောက်သွား၏ (ထိုစဉ်က ပေါက်ဈေးမှာ တစ်ဒေါ်လာ မြန်မာငွေတစ်ထောင်ကျပ် ဖြစ်သည်)။ နိုင်ငံတော်သို့ ငွေခြောက်ကျပ်ဝင်တိုင်း သူတို့စာရင်းထဲသို့ ငွေကိုးရာကျော်ဝင်သွားသည့်သဘော ဖြစ်သည်။

ထိုသူတို့သည် တိုင်းပြည်ပစ္စည်းကို ခိုးရာ၌ နှစ်ကျော့ပြန်ဖြစ်သည်။ ပထမတစ်ကျော့၌ တိုင်းပြည်၏ သယံဇာတပစ္စည်းများကို ဖြိုင်ဘက်မရှိ အချို့ အချောင်ဈေးဖြင့် သူတို့ရှုံးရ၏။ ဤကား လူထုပစ္စည်းကို ကိုယ့်ပစ္စည်းသဖွယ် လှည့်ပတ်ရယူခဲ့သော ပထမ အဒိန္နာဒါနကံ ဖြစ်၏။

နောက်တစ်ကြိမ်တွင်မူကား တိုင်းပြည်သို့ ပေးသင့်ပေးထိုက်သော အခွန်အခကို မပေးဘဲ အခွင့်ထူးခံကာ ရှောင်တိမ်းကြပြန်၏။ ဤသို့ နှစ်ကြိမ် ခိုးသူတို့သည် ဤဘဝ၌ ကောင်းစားကောင်း ကောင်းစားနိုင်သော်လည်း သေလွန်သည်

၏ အခြားမှဲ့၌ အဝီစိ၊ မဟာအဝီစိ၊ ယောဇုဝ၊ မဟာယောဇုဝ၊ တာပါန၊ မဟာတာပါန စသည်ဖြင့် ငရဲတွင် နှစ်ကြိမ် နှစ်ထပ် ခံစားရပေလိမ့်မည်။

အိမ်သို့ ဆွမ်းခံကြွသော ကိုယ်တော်ထံ၌ သီလယူရာ ကျွန်တော်က အဒိန္နာဒါနာကံကို မရှင်းသဖြင့် ဤသို့ မေးလျှောက်ခဲ့ဖူး၏။

"အရှင်ဘုရား၊ တပည့်တော် မရှင်းသဖြင့် မေးလျှောက်ပါရစေ။ သူ့ဥစ္စာကို ခိုးသည်ဟူရာ၌ တစ်ယောက်ပစ္စည်းကို တစ်ယောက်က လျှို့ဝှက်စွာ ယူဆောင်မှုကိုသာ ဆိုလိုသလား ဘုရား။ သန်းခေါင်စာရင်းဆယ်သော ပြည်သူပိုင်ဖြစ်သည့် ဘတ်ဂျက် ဘဏ္ဍာငွေများကို စာရင်းလိမ်တောင်းခြင်း၊ မိမိငွေစာရင်းထဲသို့ ထည့်ခြင်း၊ သယံဇာတ များကို အောက်ဈေးဖြင့် ထုတ်ရောင်းခြင်း၊ ရုံးဌာနများ၏ ငွေကို ကိုယ်ကျိုးအတွက် နည်းမျိုးစုံဖြင့် ရယူ အကြံအဖန်လုပ်ခြင်း၊ လာဘ်စားခြင်း၊ ဒုက္ခသည်များအတွက် လှူဒါန်းငွေကို ဖြတ်သုံးခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်း၊ တန်ရာတန်ကြေးမပေးဘဲ မြေယာများကို သိမ်းယူခြင်း စသည်တို့သည် အရှင်ဘုရားတို့ ဟောနေသော ခိုးမှု မမြောက်ပါသလား ဘုရား"

ထိုအခါ ဆွမ်းခံကိုယ်တော်သည် သူ့ကို အမှုပတ်မှာ စိုးသောကြောင့်လေ လော မသိ။ ကျွန်တော့်မေးခွန်းကို အောက်ပါအတိုင်း သံပေါက်လင်္ကာလေးဖြင့် တိုတိုတုတ်တုတ် မိန့်ကြားပြီး ပြန်ကြွသွားလေ၏။

ဘုန်းဘုန်း မိန့်တော်မူသည်မှာကား -

"သူ့ဥစ္စာကို သိလျက်သားနဲ့
လောဘစိတ်ထား ခိုးယူလို။
လုံ့လပြုကာ ခိုးယူမိက
အဒိန္နာဒါန အကုသိုလ်။
လွန်ကျူးမိလျှင် တာ့ကာယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လည်း ဥစ္စာမဲ့ ဆင်းရဲ ဖြစ်တိုင်းကိုယ်။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့" ဟူသတည်း။

မောင်ကြည်ဂျာနယ် (၁၃-၅-၂၀၁၄)

❑

## တစ်သက်တာ ထာဝရ ခိုးလို့ မဝကြသူများ

၈.၆.၂၀၁၄ ရက်နေ့က ပြည်မြို့၊ ရွှေဘုန်းပွင့်စာကြည့်တိုက်အသင်းမှ အခမ်းအနားတစ်ခု ဖိတ်သဖြင့် ကျွန်တော် သွားရ၏။ အခမ်းအနားမှာ စာဆိုတော်ဂုဏ်ပြုဆုပေးပွဲအခမ်းအနား ဖြစ်နေသည်။ ထိုဆုကိုရသူမှာ ပြည်မြို့မှ ဆိုက်ကားဆရာ တစ်ဦးဖြစ်သည်။ အခမ်းအနားတွင် မှဒိတာစကားပြောနိုင်းသဖြင့် ကျွန်တော်နှင့် စာရေးဆရာမြဝင်း (ဒသသန)တို့ ဂုဏ်ပြုအမှာစကား ပြောခဲ့ရသေးသည်။ ဂုဏ်ပြုပွဲ ဖြစ်ပေါ်လာရခြင်း အကြောင်းမှာ ဤသို့ ဖြစ်သည်။

ပြည်မြို့ နဝင်းရပ်၊ ဖောင်တော်ဦးဘုရားလမ်းတွင် နေထိုင်သူ ဦးဆန်းဝင်း (၅၇)နှစ် သည် ဆိုက်ကားနင်း၍ အသက်မွေးဝမ်းကျောင်းသူတစ်ဦး ဖြစ်သည်။ အားလပ်ချိန်များတွင် ဘုရားလှည့် အလှူခံထွက်ရာတွင် နိဗ္ဗာန်ဆော်အဖြစ်လည်း ဆောင်ရွက်လေ့ရှိသည်။

၃၁.၆.၂၀၁၄ နေ့တွင် သူသည် ဆိုက်ကားနင်းရင်း ပြည်မြို့၊ မြန်မာ့ စီးပွားရေးဘဏ်ရှေ့တွင် ရပ်နေသည်။ ထိုအချိန်တွင် အမျိုးသမီးတစ်ယောက်သည် ဘဏ်ထဲမှ ငွေထုတ်၍ ထွက်လာပြီး ဘဏ်ရှေ့ အများသုံးဖုန်းရုံတွင် ဖုန်းဆက် နေသည်။

ထို အမျိုးသမီးသည် ပြည်တစ်ဖက်ကမ်း ပန်းတောင်းမြို့မှ အစိုးရ ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ထို အမျိုးသမီးသည် သူ၏ ရုံးတွင် ဝန်ထမ်းလစာပေးရန် ငွေသိန်း (၉၀) ကို လာထုတ်ခြင်း ဖြစ်သည်။

ဖုန်းပြောနေစဉ် သူ၏ ရှေ့မှ ကားတစ်စီးရောက်လာကာ ခုဝန်ကြီး မကြာမီ ရောက်လာတော့မည် ဖြစ်သဖြင့် အမြန်သွားကြရမည်ဟု ပြောသဖြင့် ဘေးတွင် ချထားသော ငွေထုပ်ကိုမေ့ကာ လူချည်းပဲ ကားပေါ်သို့ တက်ကာ လိုက်ပါသွားခဲ့သည် ဆို၏။ ကျပ်သိန်း (၉၀) ပါသော ငွေထုပ်သည် လမ်းဘေးဝယ် ပိုင်ရှင်မဲ့အဖြစ် ကျန်ရစ်ခဲ့ပါ၏။

ထို ငွေထုပ်ကို ဆိုက်ကားဆရာ ဦးဆန်းဝင်းက တွေ့သည်။ ငွေထုပ် မှန်းတော့ မသိ။ ဘယ်သူ ကျန်ခဲ့မှန်းလည်း မသိ။ ပိုင်ရှင်လာယူနိုးဖြင့် သူ စောင့်ကြည့်နေသော်လည်း အချိန်အတော်ကြာသည်အထိ မည်သူမျှ လာမယူသဖြင့် မသမာသူများ ရယူသွားမှာစိုးသဖြင့် အထုပ်ကို ယူကြည့်မိသည်။ အထဲကို ဖွင့်ကြည့် သောအခါ ငွေတွေအများကြီးပါသော ငွေစက္ကူထုပ်ကြီး ဖြစ်နေသည်။

ငွေအိတ်ပေါ်တွင် ပန်းတောင်းမြို့ဟု ရေးထားသဖြင့် ပြည်-ပန်းတောင်း ကားဂိတ်သို့ ဆိုက်ကားဖြင့် သူ လိုက်သွားသည်။ အထုပ်တစ်ထုပ် ကောက်ရထား ကြောင်း၊ ပျောက်ဆုံးသူ ရှိ မရှိ သူ စုံစမ်းသည်။ သို့သော် မည်သူကမျှ ပျောက်သည်ဟု ပြောသံ မကြားရ။ ထို့ကြောင့် ဘဏ်ရှေ့သို့ ပြန်လာခဲ့သည်။

သို့သော် သူ့နောက်သို့ အမျိုးသား တစ်ယောက်၊ အမျိုးသမီးနှစ်ယောက်၊ စုစုပေါင်း လူသုံးဦးရောက်လာပြီး အမျိုးသမီးနှစ်ဦးက ပျောက်ဆုံးသွားသော အထုပ်မှာ သူတို့ပစ္စည်း ဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့ကိုပေးပါဟု လာတောင်းသေးသည်။ ထိုအခါ ဦးဆန်းဝင်းက ကိုယ့်ပစ္စည်းမှန်လျှင် ပြန်ပေးပါမည်။ သို့သော် ယခုလို လွယ်လွယ်မပေးနိုင်။ အထဲမှာ ဘာပစ္စည်းတွေပါသည်ကို တိတိကျကျပြောရမည်။ ပြောနိုင်လျှင် ရဲရှေ့တွင် အထုပ်ကို ပြန်လွှဲပေးမည်ဟု ပြောလိုက်ပါသည်။ ထိုအခါ ဥစ္စာရှင်လိုလို ဘာလိုလိုနှင့် အရောင်လာနှိုက်သော လူသုံးဦးလည်း ရှေ့ဆက် မတိုးရဲတော့ဘဲ ဟိုလိုလို သည်လိုလိုနှင့် လှည့်ပြန်သွားကြသည်။

ငွေထုပ်ပေါ်တွင် ဘဏ်တံဆိပ်ပါသဖြင့် ဘဏ်ထဲသို့သွားကာ လုံခြုံရေး ဝန်ထမ်းများ ရှေ့တွင် ဘဏ်မန်နေဂျာအား အပ်နှံလိုက်ပါသည်။

ထိုအချိန်တွင်မှ ငွေထုပ်ပျောက်သည်ကိုသိသော ဝန်ထမ်းအမျိုးသမီးသည် ကမန်းကတန်း ဘဏ်သို့ ပြန်လိုက်လာပါသည်။ ဖုန်းဆက်သောနေရာတွင် ကြည့်ရာ ပိုက်ဆံထုပ်ကို မတွေ့ရတော့ပေ။ ဘဏ်ထဲသို့ဝင်၍ စုံစမ်းရာ ဘဏ်မန်နေဂျာပြောသဖြင့် လူတစ်ယောက် ပိုက်ဆံထုပ် ကောက်ရသဖြင့် လာအပ်ထားကြောင်း သိရပြီး အထောက်အထား ခိုင်လုံစွာ ပြောနိုင်သောကြောင့် ပိုင်ရှင်ဖြစ်ကြောင်း သေချာသဖြင့် အများရှေ့တွင် ပြန်လည်အပ်နှံခဲ့ပါသည်။

ထို ဝန်ထမ်းအမျိုးသမီးက ကျေးဇူးတင်လွန်းသဖြင့် သူမ၏ လခ တစ်လစာ ငွေတစ်သိန်းကျပ်အား ဦးဆန်းဝင်းကို ပေးအပ်ကန်တော့ခဲ့ပါသည်။ ဦးဆန်းဝင်းက အကြိမ်ကြိမ် ငြင်းဆန်သော်လည်း ကျေးဇူးဆပ်သည့်အနေဖြင့် ချီးမြှင့်ပါရစေဟု ပြောကြားခဲ့ပါသည်။

ထို အဖြစ်အပျက်ကို ကြားသိရသော မြို့ခံ ရပ်မိရပ်ဖများ၊ လူငယ်များသည် အလွန် နှစ်သောင်းအားရရှိသောကြောင့် စေတနာရှင်များ စုပေါင်းကာ ဦးဆန်းဝင်းအား စာရိတ္တ ဂုဏ်ရည်ဆုအဖြစ် အခမ်းအနား ကျင်းပကာ ဂုဏ်ပြုခြင်း ဖြစ်သည်။ စေတနာရှင် (၇၀) ဦးခန့်မှ နည်းများမဟူ ဝိုင်းဝန်းလှူဒါန်းကြရာ ဦးဆန်းဝင်းအား စာရိတ္တဂုဏ်ရည်ဆုတံဆိပ်နှင့်အတူ ခုနစ်သိန်းငါးထောင်ကျပ်ကို စုပေါင်း ချီးမြှင့်နိုင်ခဲ့ပါသည်။ ရိုးသားခြင်းဂုဏ်ရည်ကို ဆိုက်ကားဆရာဦးဆန်းဝင်းသည် ချက်ချင်း လက်ငင်း အကျိုးခံစားရလေပြီ။

ထို အခမ်းအနားသို့ ဖိတ်ကြားသဖြင့် ကျွန်တော် တက်ရောက်ခဲ့ရာ အလွန်ပင် မင်္ဂလာရှိလှပါသည်။

တကယ်တော့ ဤလို အခမ်းအနားမျိုးသည် လူငယ်တစ်စုက ရွှေဘုန်းပွင့် စာကြည့်အသင်းနှင့် ပေါင်းကာ အကျဉ်းချုံး ကျင်းပရမည် မဟုတ်။ နိုင်ငံခြား တိုင်းပြည်များတွင် မြို့တော်ဝန်၊ မြို့တော်ကောင်စီ စသော မြို့နယ်နှင့်ဆိုင်သည့် အာဏာပိုင်အဖွဲ့အစည်းက ခမ်းခမ်းနားနား ကြီးမှူးကျင်းပရမည့်ပွဲ ဖြစ်သည်။ မြန်မာပြည်မှာတော့ တာဝန်ရှိသူများသည် မင်းပွဲ စိုးပွဲများ၊ လမ်းတံတား ဖွင့်ပွဲများတွင် တက်ရောက် မဲကြီးဖြတ် အမှာစကား ပြောကြားသည်မှတစ်ပါး အခြားကိစ္စများ၌ သိပ်ပြီး အချိန်ပေးနိုင်ဟန် မတူချေ။

တကယ်တော့ ကျွန်တော်တို့သည် လူ့အသိုင်းအဝိုင်းတွင် စာရိတ္တ မကောင်း သူများ (ခိုးသူများ)ကို သက်ဆိုင်ရာက ထောင်ဒဏ် အပြစ်ပေးသလို ရိုးသားသူ များကိုလည်း သက်ဆိုင်ရာမှပင် အားပေးဂုဏ်ပြုသင့်ပေသည်။

ဦးဆန်းဝင်း၏ ရိုးသားမှုကို တွေ့ရသောအခါ လူတော်တော်များများ အံ့သြကြ၏။ သူဌေးတစ်ယောက်က ထိုငွေများကို ပြန်ပေးသည်ဟုဆိုလျှင် သိပ်ပြီး အံ့သြမည်မဟုတ်သော်လည်း လက်လုပ်လက်စား ဆိုက်ကားသမားတစ်ယောက်က သူ့ဘဝတစ်သက်လုံး ပြောင်းလဲသွားနိုင်သော ငွေပမာဏ ယူထားရှဲရလျက်နှင့် ရိုးရိုးသားသား ပြန်ပေးတာကို အံ့သြကြသည်။

သို့သော် ရိုးသားခြင်း ဆိုသည်မှာ ရင်ထဲမှ လာပါသည်။ ဂုဏ်တွေ၊ ငွေတွေ၊ ပကာသနတွေထဲမှလာတာ မဟုတ်ပါဟု ယူဆမိပေသည်။ ပိုက်ဆံ

ကျိုကျိုတက် ချမ်းသာသော်လည်း သူတစ်ပါးပစ္စည်းကို အချောင်လိုချင်သော လောဘသားများလည်း ဤမြေ ဤရေပေါ်တွင် ခုနှစ်ဒေးရှိနေသေးတာ မကြာခဏ ကြားရ ဖတ်ရပေသည်။

ဟိုတစ်လောက ကျွန်တော်ကိုယ်တိုင် ပစ္စည်းတစ်ခု ပျောက်ဖူးသည်။ ပြည်မြို့မှ ရန်ကုန်သို့ တိုးရစ်နှစ်ဦးနှင့် လာရာတွင် မှော်ဘီအဝင်တွင် လမ်းဘေး လက်ဖက်ရည် ဆိုင်တစ်ဆိုင်တွင် ကားရပ်၍ လက်ဖက်ရည်သောက်ပါသည်။ ထို့နောက် ထွက်လာခဲ့ကြရာ ရန်ကုန်ရောက်မှ ကျွန်တော့်ကျောပိုးအိတ် ပျောက်နေမှန်း သတိထားမိပါသည်။ သေသေချာချာ ပြန်စဉ်းစားသောအခါ မှော်ဘီမြို့အနီး လမ်းဘေး လက်ဖက်ရည်ဆိုင်တွင် ကျန်ခဲ့မှန်း သတိရပါသည်။

သို့သော် ကျွန်တော်သည် နိုင်ငံခြားသားကို ရန်ကုန်တွင် Sightseeing လိုက်လံပြသနေရသဖြင့် အချိန်မအားသောကြောင့် ကျောပိုးအိတ်ကျန်ခဲ့ရာ နေရာသို့ ချက်ချင်း ပြန်မသွားဖြစ်ပါ။ နှစ်ရက်ကြာမှ ပြန်သွားဖြစ်ပါသည်။ ထို လက်ဖက်ရည် ဆိုင်ကို တော်တော်ပင် အရှန်အဆန် လိုက်ရှာရပါသည်။

နောက်ဆုံးတွင် ဆိုင်ကို တွေ့ပါသည်။ အကျိုးအကြောင်း ပြောပြရာ ဆိုင်ရှင်က သူတွေ့သဖြင့် သိမ်းထားပါသည်ဟုဆိုကာ ကျောပိုးအိတ်ကို ပြန်ပေး ပါသည်။ ကျောပိုးအိတ်ထဲတွင် ပိုက်ဆံအိတ်ပါရှိပြီး ပိုက်ဆံအိတ်ထဲတွင် ဒေါ်လာ အနည်းငယ်နှင့် မြန်မာငွေကျပ် ရှစ်သောင်းခန့် ပါပါသည်။ မှတ်ပုံတင်ကတ်ပြားနှင့် ညှိလမ်းညွှန်လိုင်စင်လည်း ပါဝင်ပါသည်။ အခြားအရာများထက် ဂိုက်ဒ်လိုင်စင်နှင့် မှတ်ပုံတင်ကို နှမြောသဖြင့် ကျွန်တော် ပြန်လာရှာခြင်း ဖြစ်ပါသည်။

ကျွန်တော့် ကျောပိုးအိတ်ကို ဆိုင်သိမ်းချိန်တွင် လက်ဖက်ရည်ဆိုင် စားပွဲအောက်တွင် တွေ့ရှိကြောင်း၊ စားပွဲထိုး ချာတိတ်က လာအပ်သဖြင့် သိမ်းထား ကြောင်း ပြောကာ ဆိုင်ရှင်လူငယ်က ပြန်ပေးပါသည်။ ပိုက်ဆံအိတ်ကို စစ်ဆေး ကြည့်လိုက်သောအခါ မှတ်ပုံတင်နှင့် ဂိုက်ဒ်လိုင်စင်များ ရှိသေးသော်လည်း ငွေစက္ကူများမှာ တစ်ပြားတစ်ချပ်မှ မရှိတော့ပါ။ လက်ဖက်ရည် လာသောက်သူ တစ်ယောက်ယောက်က ငွေများကိုယူပြီး ကျောပိုးအိတ်ကို စားပွဲခုံအောက် ပစ်ချ ထားလိုက်သည်လား၊ နှစ်ရက် ကြာအောင် လာမယူသဖြင့် ဆိုင်ရှင်လူငယ်ပဲ ယူထားလိုက်ပြီလား ကျွန်တော် မဝေခွဲတတ်ပါ။

ကိုယ်တန်ဖိုးထားသော မှတ်ပုံတင်နှင့် လိုင်စင်ပြန်ရသည်ကိုပဲ ကျေနပ် ဝမ်းသာကာ စားပွဲထိုးချာတိတ်ကလေးအား မုန့်ဖိုးပေးခဲ့ပြီး ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။ မည်သူ့ကိုမျှ အပြစ်မတင်လိုပါ။ ကြုံတွေ့ခဲ့ရတာကို မျှဝေခြင်း ဖြစ်ပါသည်။

ပြောလိုသည်မှာ သိန်း (၉၀) မဆိုထားနှင့် ပျောက်သွားလျှင် ငွေ ရှစ်သောင်း၊ ကိုးသောင်းပင် ပြန်ရဖို့ မလွယ်တော့ပါ။

မန္တလေးတွင် ကြုံရပုံမှာလည်း သုံးမှုထူးပါသည်။ သုံးခါကြုံရသဖြင့် တစ်မှုထူးသည်ဟု မပြောဘဲ သုံးမှုထူးသည်ဟု ပြောရခြင်း ဖြစ်ပါသည်။ မြန်မာငွေ သိန်း(၉၀)နှင့် ညီမျှသော ဒေါ်လာတစ်သောင်းခန့် နိုင်ငံခြားသားပျောက်ဆုံးစဉ် မန္တလေးတွင် ပြန်ရဖူးပါသည်။ နိုင်ငံခြားသား လင်မယားက မန္တလေးဆီဒိုးနားဟိုတယ်တွင် တည်းခိုခဲ့ပြီး ငွေများကို ဟိုတယ်အခန်းထဲရှိ မီးခံသေတ္တာထဲတွင် မေ့ကျန်ခဲ့ခြင်းဖြစ်၍ ပျောက်ပြီး နောက်တစ်ရက်တွင်မှ ကျွန်တော့်ကို ပုဂံတွင် ပြောပြပါသည်။ ဘယ်မှာ ပျောက်သည်ဟု သူတို့လည်း သေသေချာချာ မမှတ်မိပါ။

သို့သော် ထိုငွေများ အားလုံး ပြန်ရပါသည်။ မန္တလေး ဆီဒိုးနားဟိုတယ်မှ တွေ့သဖြင့် ပုဂံသို့ လူကြုံဖြင့် လာပို့ပေးပါသည်။ ရိုးသားသော မန္တလေးသားများ ဖြစ်ပါသည်။

နောက်တစ်ကြိမ် ငွေပျောက်တော့ မန္တလေးမှာပင် ဖြစ်သည်။ ဟိုတယ်တစ်ခုတွင် တည်းခိုနေထိုင်စဉ် စားပွဲပေါ်တွင် မေ့ကျန်ခဲ့သော နိုင်ငံခြားသား၏ ပိုက်ဆံအိတ်ကို ဟိုတယ်ဝန်ထမ်းက နိုးယူဂုက်သိမ်းထားလိုက်ခြင်း ဖြစ်သည်။ ထိုအမှုပေါ်သဖြင့် ဝန်ထမ်း ကောင်လေးလည်း ထောင်ရှစ်နှစ် ကျသွားပါသည်။

နောက်တစ်ကြိမ် ငွေ ပျောက်ဖူးသည်မှာလည်း မန္တလေး-လားရှိုး ရထားပေါ်မှာ ဖြစ်ပါသည်။ ကျွန်တော် ဧည့်လမ်းညွှန်အဖြစ် လိုက်ပါရသော ဗြိတိန်နိုင်ငံမှ အဘိုးကြီးသည် ရထားပေါ်တွင် အိမ်သာတက်ပါသည်။ အိမ်သာမှ ထွက်လာပြီး အေးအေးလူလူပင် ကိုယ့်ခုံမှာ ကိုယ်ထိုင်နေပါသည်။

နာရီဝက်ခန့် ကြာသောအခါ လူတစ်ယောက်သည် ကျွန်တော်တို့ ထိုင်နေသောခုံသို့ ရောက်လာပြီး အိမ်သာထဲတွင် ခါးပတ်ပိုက်ဆံအိတ်တစ်အိတ် တွေ့ကြောင်း၊ ပုံစံအနေအထားအရ နိုင်ငံခြားသား၏ ပိုက်ဆံအိတ်မျိုးဖြစ်၍ ခုနက အိမ်သာတက်သွားသော ကျွန်တော့်ဧည့်သည်၏အိတ် ဟုတ်၊ မဟုတ် လာမေးပါသည်။

အင်္ဂလိပ်အဘိုးကြီးသည် သူ့ပိုက်ဆံအိတ်ကို မြင်သဖြင့် ဝမ်းသာလွန်းလို့ ထခုန်သည်။ လာပြန်ပေးသောသူကို အကြိမ်ကြိမ် လက်ဆွဲနှုတ်ဆက်သည်။ လက်ဆောင်ပေးသော်လည်း ထိုလူက မယူပါ။ သူတို့နိုင်ငံမှာဆို ပြန်မရဘူး၊ ကုန်ပါပြီဟု တိုးရစ်အဘိုးကြီးက တဖွဖွပြောသည်။ ထို ပိုက်ဆံအိတ်ထဲတွင် နိုင်ငံကူးလက်မှတ်နှင့်တကွ သူ ပိုင်ဆိုင်သော ပိုက်ဆံအားလုံးပါသည်ဖြစ်ရာ ထိုငွေများ ပျောက်သွားပါက မတွေးရဲစရာပင် ဖြစ်သည်ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်တော့်ဘဝတွင် စည့်လမ်းညွှန်ဘဝဖြင့် နိုင်ငံခြားသား၏ ပိုက်ဆံအိတ် သုံးကြိမ် ပျောက်ဖူးရာ ငွေအမြောက်အမြားပါဝင်သော နှစ်ကြိမ်မှာ တွေ့သူက ပြန်ပေး၍ ချက်ချင်းပြန်ရပြီး ဒေါ်လာသုံးရာသာပါသော တစ်ကြိမ်မှာသာ ဝန်ထမ်းက ယူထားသဖြင့် အနိုးခံရပါသည် (နောက်တော့ ဟိုတယ်က ပြန်ပေးသဖြင့် နိုင်ငံခြားသားမှာ ပိုက်ဆံ ပြန်ရပါသည်)။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံတွင် ပိုက်ဆံပျောက်ပါက ပြန်ရတတ်ပါသည်။ ပြန်မရတော့တာလည်း ရှိပေမည်။ ပြည်သူလူထု၏ စာရိတ္တသည် နိုင်ငံက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ဖြစ်နေသည့်တိုင် ကမ္ဘာ့အဆင်းရဲဆုံး စာရိတ္တပိုင်ရှင်များ ဖြစ်မသွားသေးပါ။ မြင့်မြတ်သော စိတ်ထားပိုင်ရှင်များ (နည်းနည်းပဲ ဖြစ်ဖြစ်) ရှိနေကြဆဲ ဖြစ်သည်။

သို့သော် ထိုစာရိတ္တဂုဏ်ရည်ကို စံပြုထိုက်သော ဖြစ်ရပ်များသည် မြန်မာနိုင်ငံတွင် နည်းသည်ထက် နည်းလာနေပါသည်။ ခေါင်းဆောင်နွားလား ဖြောင့်ဖြောင့်မသွားသောအခါ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့် လိုက်နိုင်ကြတော့မည် မဟုတ်ပါ။ ခေါင်က မလုံသောအခါ နိုင်ငံတော်ဆိုသော အိမ်ကြီးသည် မည်သို့မျှ မိုးလုံနိုင်တော့မည် မဟုတ်ပေ။ အားလုံးကို မဆိုလိုသော်လည်း မြင်မြင်သမျှ ကြည့်လေရာရာတွင် လူချမ်းသာဟုဆိုသော ခေတ်ပျက် သူဌေးများ၊ အာဏာပိုင် အတော်များများသည် အဒီနွားဒါနောက်နှင့် ကင်းကြသူများ မဟုတ်ပါ။

အဂတိလိုက်စားမှုသည် တစ်နိုင်ငံလုံးတွင် ကူးစက်ရောဂါဆိုးတစ်ခုလို တငွေ့ငွေ့ လောင်ကျွမ်းနေပါသည်။ ဝန်ကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများသည် မည်သို့မည်ပုံ ချမ်းသာလာမှန်း မသိဘဲ သူတို့ လုပ်ခလစာနှင့် ဆယ်သက်စုဆောင်း၍မှ အိပ်မက်ပင် မမက်နိုင်သော စည်းစိမ်ဥစ္စာများကို ပိုင်ဆိုင်နေကြပါသည်။ သူတို့ စီးသောကား၊ သူတို့နေသောအိမ်၊ သူတို့ပိုင်ဆိုင်သော မြေဥစ္စာ၊ သူတို့ခံစားနေသော စည်းစိမ်များ၊ သူတို့စုဆောင်းထားသော ဘဏ်စာရင်း၊ ရွှေ ငွေ ကျောက်မျက်ရတနာများသည် ပြည်သူ့ဘဏ္ဍာငွေများကို နိုးဝှက်ထားခြင်း မဟုတ်ကြောင်း၊ အလွဲသုံးစား လုပ်ထားခြင်း မဟုတ်ကြောင်း ကျမ်းကျိန်၍ ပြောဝံ့ကြပါသလားဟု မေးချင်ပါသည်။

ယခုအခါ ဒုတိယသမ္မတ ဦးဆောင်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကို ဖွဲ့ထားသည်ဟု ကြားရပေသည်။ အဂတိလိုက်စားသည် ဆိုခြင်းမှာ နိုင်ငံတော်၏ ဘဏ္ဍာ၊ ပြည်သူပိုင်ငွေကို နိုးယူခြင်းတစ်မျိုး ဖြစ်ပါသည်။ ထိုငွေများသည် ပိုင်ရှင်မဲ့ငွေများ မဟုတ်သဖြင့် မည်သို့ပဲ အကြောင်းပြစေကာမူ နိုးမှုက နိုးမှုပဲ ဖြစ်သည်။ ဟိုတယ်ဝန်ထမ်းကောင်လေး ဒေါ်လာသုံးရာပါသော ငွေအိတ်ကို

တဒင်္ဂလောဘဖြင့် ဝှက်ယူထားလိုက်တော့ ထောင်ရှစ်နှစ် ကျသလို ပြည်သူလူထု၏ ကျယ်သိန်းပေါင်း သိန်းနှင့်ချီသော ဘဏ္ဍာငွေများကို ခိုးယူ ကိုယ်ကျိုးရှာ အကြံအဖန် လုပ်ကြသူများကိုလည်း နှံ့ရှုံ့မှုံ့၍ စစ်ဆေးအရေးယူ အပြစ်ပေးမှသာ တရားမျှတမှု ရှိပေလိမ့်မည်။ မကောင်းသူပယ်၊ ကောင်းသူကယ်သော ဖြစ်ရပ်များ တိုးပွားလာသင့် ပေသည်။ သူခိုးတစ်ယောက်ကို အကာအကွယ်ပေးနေခြင်းသည် သူလို သူခိုးပေါင်း များစွာ ပွားများလာစေရေးအတွက် နည်းပေးလမ်းပြလုပ်သလို ဖြစ်နေစေပါသည်။

ဂျာနယ်များ၌ ဖတ်ရသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနမှ ပုံနှိပ်စက် ဝယ်ယူမှု၌ ငွေကြေးအလွဲသုံးစားမှုများရှိကြောင်း Eleven Media Group မှ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်သို့ တိုင်ကြားချက်များ (Daily Eleven သတင်းစာ ၁၂-၆-၂၀၁၄)၊ မှသိမ်လေယာဉ်ကွင်းအတွက် သိမ်းထားသောမြေကို ကိုယ်ကျိုးအသုံးပြုခဲ့သဖြင့် မျာပုံမြို့နယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ချုပ်စိုးနိုင် (ငြိမ်း)၏ သား ပိုင်ဆိုင်နေမှုကို စသုံးလုံးမှ စစ်ဆေးနေမှုများ (မြန်မာသံတော်ဆင့် ၁၄-၆-၂၀၁၄)၊ ကျပ်သိန်းသုံးထောင်ကျော် အလွဲသုံးစားမှုဖြင့် ဆက်သွယ်ရေးဝန်ထမ်းများအား နေပြည်တော်မှာ စစ်ဆေး ဟူသော သတင်းများ (သစ်ထူးလွင်၊ ဖွန် ၄)ကို ကြားသိရပေသည်။

ထို စွပ်စွဲချက်များ မှန်ကန်မှု ရှိ၊ မရှိ၊ ဟုတ်သည်၊ မဟုတ်သည်ကို လွတ်လပ်၍ ဘက်မလိုက်သော စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် စစ်ဆေး ဖော်ထုတ်လိုက်လျှင် ပေါ်လာမည် ဖြစ်သည်။ အလားတူ အမှုမျိုးလည်း မြန်မာနိုင်ငံတွင် ရေတွက်၍ မရအောင် ရှိနေခဲ့၊ ရှိနေဆဲ၊ ရှိနေလတ္တံ့ ဖြစ်ပေသည်။

အကယ်၍ နိုင်ငံတော်ကသာ လာဘ်ပေးလာဘ်ယူမှုကို ရာဇဝတ်မှု တစ်ခုအဖြစ် ဟန်ပြသက်သက် မဟုတ်ဘဲ အပြင်းအထန် ဖော်ထုတ်အရေးယူခဲ့ပါလျှင် ယခုထက် ပိုမို တိကျခိုင်လုံသော တိုင်ကြားမှုများ ပေါ်ပေါက်လာပေဦးတော့မည် ဖြစ်သည်။

လူတစ်ယောက်တွင် အကျင့်စာရိတ္တပျက်စီးလျှင် အရာရာပျက်စီးခြင်း မည်ပေ၏။ နိုင်ငံတစ်နိုင်ငံတွင် အကျင့်ပျက်ခြစားမှုကို သာမန်လုပ်ရိုးလုပ်စဉ် တစ်ခုလိုသဘောထား လက်ပိုက်ကြည့်နေခဲ့ပါလျှင် ထိုနိုင်ငံသည် ဘယ်တော့မှ အညွန့်လူလာနိုင်တော့မည် မဟုတ်။ ဆိုက်ကားဆရာ ဦးဆန်းဝင်းလို ဆင်းရဲသား လက်လုပ် လက်စားတစ်ဦးက ငွေသိန်း(၉၀)ကို အချောင်မယူဘဲ ရိုးသားစွာ ဖွန့်လွှတ်နိုင်မှု သတင်းကို ကြားရခြင်းအတွက် မိမိတစ်သက် စားမကုန်အောင် ကျိုကျိုတက် ချမ်းသာနေပါလျက် နိုင်ငံတော်ပိုင် မနဥစ္စာများကို အဆီတစ်ထပ်

အသားတစ်ထပ် စားမဝ၊ နိုးမဝ၊ ကဲ့မဝ၊ ဝှက်မဝအောင် တစ်သက်တာ ထာဝရ နိုးလို့ မဝကြသူများမှာ ရှက်တတ်ကြလျှင်ဖြင့် ကိုယ့်မျက်နှာကို ဓားနှင့်လှီးကာ သတ်သေဖို့ပင် ကောင်းပါကြောင်း။

ဓောင်ကြည့်ဂျာနယ် (၂၄-၆-၂၀၁၄)

❑

# မပမ်းချင်လျှင် လွှတ်မည့်ခေတ်

၂၀၁၀ ရွေးကောက်ပွဲသည် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခါနီးကာလနှင့် တိုက်ဆိုင်နေခဲ့ပါသည်။ မူလအစီအစဉ်အရ ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်သည် ရွေးကောက်ပွဲအပြီး ၂၀၀၉ ခုနှစ်၊ မေလ (၂၇) ရက် နေ့တွင် နေအိမ်အကျယ်ချုပ်ကာလမှ နှစ်စေ့၍ ပြန်လွတ်လာမည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၀ ရွေးကောက်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်မည်။ ထိုအခါ ကြံ့ခိုင်ရေးပါတီတစ်ခုတည်းသာ ကြီးစိုးထားသော ရွေးကောက်ပွဲမျိုး မဟုတ်တော့ဘဲ ခြားနားသည့် ရွေးကောက်ပွဲ ရလဒ်ထွက်ပေါ်ကာ ပြည်သူလူထုမျှော်လင့်တောင့်တသော အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာမည်။

ဤသည်တို့ကား တိုင်းပြည်ကို ကောင်းစား တိုးတက်စေချင်သော မည်သည့် နိုင်ငံသားမဆို ယုံကြည် ရည်မှန်းထားခဲ့သည့် အရာများပေတည်း။

သို့သော် အရာအရာသည် တိုင်းသူပြည်သားများ ထင်သလို ဖြစ်လာသည် မဟုတ်။ မြှုပ်ကွက်၊ ရှုပ်ကွက်များကလည်း များစွာ ရှိသေးသည်။ ထို့ကြောင့် ပညာရှင်အချို့က Politics is a dirty game(နိုင်ငံရေးဆိုသည်မှာ ညစ်ကွက်များသော ကစားပွဲ)ဟု ပြောခဲ့ခြင်း ဖြစ်သည်။

ဆက်ကြပါစို့။ ထိုအခြေအနေတွင် အများ ထင်မှတ်မထားခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တော (John

William Yettaw)သည် ၂၀၀၉ ခုနှစ်၊ မေလ (၃) ရက် ညတွင် အင်းလျားကန်ကို လက်ပစ်ကူးကာ ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်တွေ့ဆုံခဲ့ခြင်းအတွက် ဂျွန်ယက်တောအဖမ်းခံရကာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ခါနီး နေအိမ်အကျယ်ချုပ်သက်တမ်း နောက်ထပ် တစ်နှစ်ခွဲ ထပ်မံတိုးချဲ့ကျခံစေရန် အမိန့်ချမှတ်ခြင်း ခံရပါသည်။ ဒေါ်အောင်ဆန်းစုကြည် မလွတ်သဖြင့် N.L.D လည်း ရွေးကောက်ပွဲကို သပိတ်မှောက်ကာ ယခုအခြေအနေသို့ ဆိုက်ရောက်လာခဲ့ခြင်း ဖြစ်သည်။ အဆိုက လက်သည်တရားခံ ဂျွန်ယက်တောကော ဘယ်လို ဖြစ်သွားသနည်း။ ရှင်းပါသည်။ လိုချင်သော ဇာတ်လမ်းဇာတ်ကွက်အတိုင်း ဖြစ်လာပြီးသောအခါ ဇာတ်ပို့မလိုတော့သဖြင့် မြင်ကွင်းမှ ပျောက်လိုက်သော မြန်မာ့ဗွီဒီယိုဇာတ်ကားတွေလိုပင် ဇာတ်ရုံကြီး ယက်တောကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ပြီးခါမှ လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးလိုက်သည်။ သူ့ခိုးကို လွှတ်ပေးလိုက်ပြီး အိမ်ရှင်ကို အပြစ်ပေးလိုက်သော တရားစီရင်ရေးကား အံ့မခန်း ရှိလှပါပေ၏။ ဤကား မဖမ်းချင်လျှင် လွှတ်မည်ဆိုသော ပြဇာတ်၏ ပထမ ဇာတ်ဝင်ခန်း ဖြစ်ပါ၏။

ဂျွန်ယက်တော၏ အနေအထားမှာလည်း သံသယဖြစ်ဖွယ် အများကြီး ရှိသည်။ သူသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် များစွာကြည်ညို ကရုဏာသက်သူမှန်လျှင် ၂၀၁၀ နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီးသောအခါ ဝမ်းသာကြည်နူးရပါသည်ဟု တစ်ခါမှ ကြေညာသည် မကြားရပေ။ မြန်မာပြည်မှာဆို မသိတာလားဟုတွေးကာ တွေ့တွေ့သမျှ အမေရိကန်မိတ်ဆွေများကို မေးတော့လည်း ဂျွန်ယက်တောအကြောင်းကို အမေရိကန်မှာပင် သူတို့ ဘာမှ မကြား။ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ချင်လွန်းသဖြင့် အသက်ကို မမှုဘဲ ရေကူးလာခဲ့ပါသည်ဆိုသော ပုဂ္ဂိုလ်ကြီးသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာသော်လည်း ဝမ်းမသာနိုင်တာ ထူးဆန်းလှသည်။ ဇာတ်ဝင်ခန်းတစ်ခု ဖြစ်ပါသည်။ U 2 ဇောဂီတာအဖွဲ့မှ ဘိုနိုဆိုလျှင် ဒေါ်စု လွှတ်မလာစီကလည်း လွှတ်ပေးဖို့ ကမ္ဘာသိ တောင်းဆိုသည်။ လွှတ်လာတော့လည်း ဝမ်းသာအားရ နှုတ်ဆက်ကြိုဆိုသည်။ ဂျွန်ယက်တောလို သူ့ကဏ္ဍပြီးသည်နှင့် စုပ်စမြုပ်စ ပျောက်မသွားပေ။

ငွင်းဖြစ်စဉ် မတိုင်မီ ခုနှစ်နှစ် (၂၀၀၃) က ပေါ်ပေါက်ခဲ့သော ကမ္ဘာကျော် ဒီပဲယင်းအရေးအခင်း လုပ်ကြံမှုကြီးတွင်လည်း လုပ်ကြံသတ်ဖြတ် တိုက်ခိုက်ခြင်း ခံရသော N.L.D ပါတီဝင်များမှာ မည်သို့မျှ ဥပဒေ၏ အကာအကွယ်မရဘဲ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး အပါအဝင် အဖွဲ့သား တော်တော်များများ ထောင်ကျတန်းကျခံခဲ့ရသည်။ လုပ်ကြံမှုကြီးတွင် ပါဝင်ခဲ့သူများကတော့ မဖမ်းချင်

သဖြင့် လွှတ်သည်ဟူသော စာတ်ညွှန်းလိုပင် ယခုထက်တိုင် မသိကျိုးကျွံ ပြုနေခဲ့ကြပေသည်။ အမှုတစ်ခုတွင် တရားခံကို ထောင်ချ၍ တရားလိုကို လွှတ်ပေးသော နောက်ထပ်စာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ စစ်အစိုးရလက်ထက် တွင် ထူးဆန်းသောဖြစ်ရပ် ဟူ၍တော့ မဆိုသာ။

နောက်ထပ် ထင်ရှားသောအမှုမှာ ရန်ကုန်မြို့၊ အင်းလျားလမ်း၊ စိမ်းလဲ့ကန်သာ နိုင်ငံတော် ဧည့်ဂေဟာအနီးရှိ ရတနာကုန်သည် မိုးကုတ် ဦးမြမောင်၏သမီး မိသားစုအသတ်ခံရသော ငါးလောင်းပြိုင်လူသတ်မှုဖြစ်သည်။ ရန်ကုန်မြို့လယ်ကောင်တွင် ဖြစ်ခြင်း၊ နေ့ခင်းကြောင်တောင်တွင် ဖြစ်ခြင်း၊ သေနတ်ကို အသုံးပြု၍ သတ်ခြင်း၊ သေနတ်တွင် အသံတိတ်ကိရိယာအသုံးပြုခြင်း၊ အိမ်သား အားလုံးကို အိမ်ဖော်ပင်မကျန်အောင် သတ်သွားခြင်း၊ လုံခြုံရေး အပြည့်ချထားသော နိုင်ငံတော်ဧည့်ဂေဟာအနီးတွင် လူသတ်မှုဖြစ်ပွားခြင်းတို့ကြောင့် ဤအမှုသည် မကြာမီ ရက်ပိုင်းအတွင်း ပေါ်တော့မည်ဟု တစ်ပြည်လုံးက ယူဆနေကြသော်လည်း ယခု အချိန်အထိ တရားခံ မပေါ်ပေါက်ပေ။ တိုက်ဆိုင်တာလားတော့ မသိ ငါးလောင်းပြိုင် လူသတ်မှုကို တရားခံမဖော်နိုင်သော ထိုစဉ်က ရဲချုပ်မှာ ယခု အစိုးရလက်ထက်တွင် ဝန်ကြီးအဖြစ် ရာထူးလေးငါးဆင့်တက်ကာ တာဝန်ပေးခြင်းခံရပါသည်။

ပြီးခဲ့သော လက အင်တာနက်တွင် သတင်းများ တက်လာပါသည်။ ရုပ်ရှင်နှင့် အနုပညာလောကမှ နိုင်ငံကျော်မင်းသား၊ မင်းသမီးများ၊ အဆိုတော်များ၊ မော်ဒယ်လ်များ မူးယစ်ဆေးဝါး သုံးစွဲကြသော သတင်း ဖြစ်ပါသည်။ ဤသတင်းတွင် ကောလာဟလ အဆင့်သာမကတော့ဘဲ သက်ဆိုင်သူ နာမည်ကျော် သရုပ်ဆောင် များ၏ မူးယစ်နှိမ်နင်းရေး တပ်ဖွဲ့များတွင် အစစ်ခံချက် (တရားဝင်ဖြောင့်ချက်) များပင် ပါဝင်ပါသည်။ ဖြောင့်ချက်များမှာ တစ်စုံတစ်ဦးက လုပ်ကြံရေးသားထားသည့် သဘော မဟုတ်ဘဲ ကိုယ်တိုင်ဝန်ခံချက် အပြည့်အစုံပင် ဖြစ်သည်။ မင်းသမီးများ၏ ပတ်စပို့ဆိုက်ဓာတ်ပုံများ၊ ရုံးတံဆိပ်များပင် ပါဝင်ပါသည်။ မတွေ့ကြုံဖူးသော ရုပ်ရှင် မင်းသမီးသုံးယောက်၏ စစ်ချက်တွင် တစ်ပုံစံတည်း အတိအကျပါဝင်သည်မှာ နိုင်ငံတော်အဆင့်မြင့်ခေါင်းဆောင်တစ်ဦး၏ သားမှာ မူးယစ်ဆေးဝါးများကို အဓိကသုံးစွဲနေပြီး အခြားသူများ သုံးစွဲနိုင်အောင်လည်း ကူညီဖြန့်ဝေပေးနေကြောင်း ဖြစ်သည်။

ထိုအမှုတွဲသည် လက်သိပ်ထိုး ပြီးသွားခဲ့ပြီး မူးယစ်ဆေးဝါးသုံးစွဲသော လူကြီးသားကိုရော၊ နိုင်ငံကျော် သရုပ်ဆောင်များရော မှုတစ်ပေါက် မစွန်းခဲ့ကြပါ။ မဖမ်းချင်သောအခါ လွှတ်ခဲ့ကြပါသည်။

မကြာခင်ကတော့ သရုပ်ဆောင် ရဲဝိုက်မှာ ဆေးခြောက် တစ်ကျပ်သား လက်ဝယ်တွေ့ရှိမှုဖြင့် ထောင်ခြောက်နှစ် ကျခံရပါသည်။ ဖမ်းချင်သောအခါ မိပေပြီ။ မဖမ်းချင်လျှင် လွှတ်မည်ဖြစ်သည်။ ဖမ်းချင်လျှင် ပထမကမ္ဘာစစ်လောက်က ပြဋ္ဌာန်းထားသော ဥပဒေမှဒ်မကိုပင် ထုတ်သုံးပေဦးမည်။

နောက်ထပ် ထင်ရှားသော အမှုတစ်ခုကို ပြဆိုပေဦးအံ့။ ညှိနှိုင်းပွဲ တစ်ခုသို့ တက်ရောက်လာသော နိုင်ငံကျော်ရုပ်ရှင်မင်းသမီးတစ်ဦးကို သတင်းထောက် အမျိုးသမီးတစ်ဦးက အင်တာဗျူး၏။ အင်တာဗျူးမေးခွန်းတွင် မင်းသမီး မခံနိုင်သော အိမ်ထောင်ရေးမေးခွန်းတစ်ခု ပါသွားရာ မင်းသမီးက သတင်းထောက်ကို လူပုံအလယ်တွင် ပါးရိုက်လိုက်၏။ ထိုအခါ သတင်းထောက်က မင်းသမီးကို ဥပဒေအတိုင်း တရားစွဲသည်။ အမှုကို နှစ်ပေါက်အောင် စစ်ဆေးပြီးသောအခါ စီရင်ချက်ချလိုက်သည်မှာ ဒဏ်ငွေတစ်ထောင်ကျပ် ပေးဆောင်ရန် ဖြစ်သည်။ မင်းသမီးသည် သူ၏ ပါးရိုက်မှုပြစ်ဒဏ်အတွက် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာမျှနှင့်ညီမျှသော ဒဏ်ကြေးငွေဖြင့်သာ ပေးဆောင်ခွင့်ရလိုက်သည်။ တိုတိုပြောရလျှင် မင်းသမီးသည် ထောင်ကျရန် ဇာတာမပါသောအခါ အမှုမှာ ငွေတစ်ထောင်ဖြင့် ပြီးမြောက်သွားပေ၏။ မဖမ်းချင်သောအခါ လွှတ်ပေ၏။

သို့သော် မြန်မာနိုင်ငံသားများသည် ဤသို့ အမြဲ ကံကောင်းနေသည်ကား မဟုတ်ပေ။ Eleven Media မှ လှိုင်ကော်မြို့သတင်းထောက် မနိုင်သည် သတင်းယူရန် ရှေ့နေတစ်ယောက်၏အိမ်သို့ သွားရောက်ရာ စကားပြော အဆင်မပြေဖြစ်ရာမှ အိမ်ရှင်က ပိုင်နက်ကျူးလွန်မှု၊ ဆဲဆိုမှုတို့ဖြင့် တရားစွဲသောကြောင့် ထောင်သုံးလ ကျသွား၏။ မဖမ်းချင်လျှင် လွှတ်သည် ဟူသော ဇာတ်ညွှန်းတွင် ပါဝင်ကပြခွင့် မရရှာသူတစ်ယောက် ဖြစ်ပေသည်။ D.V.B သတင်းဌာနမှ သတင်းထောက် ကိုဇော်ပေနှင့် ကျောင်းသားမိဘတစ်ဦးမှာလည်း အများသူငါ ဝင်ထွက်သွားလာခွင့်ရှိသော မြို့နယ်ပညာရေးမှူးရုံးသို့ သွားရောက် သတင်းယူရာတွင် ပိုင်နက်ကျူးလွန်မှု၊ ဝတ္တရားနှောင့်ယှက်မှုတို့ဖြင့်ပင် တရားစွဲ ထောင်ချခံရပြန်ပေသည်။ ကံကောင်းသော တရားခံစာရင်းတွင် သူတို့နှစ်ယောက် မပါပေ။

ယခုအခါ Unity ဂျာနယ်မှ သတင်းထောက်နှင့် အယ်ဒီတာအဖွဲ့ဝင်များ ဖမ်းဆီးခံထားရကာ တရားရင်ဆိုင်နေရပေသည်။ သူတို့လွှတ်မည်လား။ ထောင်ကျမည်လား။ မည်သည့် ဥပဒေပညာရှင်မှ မဖြေနိုင်ပါ။

စီးလောင်မှုများကို ကြည့်လိုက်သောအခါ ကံဆိုးသူသည် ထောင်ကျပြီး ကံကောင်းသူသည် အမှုပင် ရင်မဆိုင်ရဘဲ တွေ့ရပေမည်။ ရန်ကုန်တစ်မြို့လုံး

လျှောင်လှုပ်သလို သိမ့်သိမ့်တုန်သွားသော ပုဇွန်တောင် စက်ဆန်းကုန်လှောင်ရုံ မီးလောင်မှု၊ မကြာမီက ဖြစ်ပွားခဲ့သော လေဆိပ် ဆီသိုလှောင်ရုံဝင်းအတွင်း မီးလောင်ပေါက်ကွဲမှု၊ အိုးရှင်းကုန်တိုက်အနီး တပ်မတော်အင်ဂျင်နီယာ GEဝင်းအတွင်း မီးလောင်မှုတို့တွင် မီးလောင်တရားခံကို အရေးယူသည် မကြားရပေ။ အရပ်ထဲတွင် ဖြစ်ပွားသော မီးလောင်မှုတွင်မူကား မီးလောင်မှုသတင်းပါသည်နှင့် မည်သူ့ကို မီးပေါ့ဆမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း တစ်ပါတည်း တွေ့ရပေ၏။ ဥပမာ ဧပြီ ၂၅ ရက်နေ့က ဖြစ်ပွားခဲ့သော မုံရွာမြို့၊ သလ္လာ အမှတ် (၄) ရပ်ကွက်၊ စိတ္တသုခလမ်းသွယ်ရှိ ငါးခန်းတွဲနေအိမ် မီးလောင်မှုတွင် အိမ် (၂၄)လုံး မီးလောင်ကျွမ်းခဲ့ပြီး နေအိမ်အငှားနေထိုင်သူ စည်သူအောင် (ခ) ဗိုလ်တူးကို မုံရွာမြို့ အမှတ် (၂)ရဲစခန်းမှ အမှုအမှတ် (ပ) ၁၅၃/၂၀၁၄၊ ပုဒ်မ (၂၈၅)ဖြင့် အမှုဖွင့် စစ်ဆေးအရေးယူနေကြောင်းဟု 7 Day Daily ၂၇-၄-၂၀၁၄ တွင် ပါရှိခဲ့၏။ အရပ်သား မီးလောင်တော့ အရေးယူမှု ဖြစ်သည်။

တစ်ဖန် မန္တလေးမြို့၊ ၂၄ လမ်း ၆၅ လမ်းထောင့်၊ တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းရှိ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အိမ်ကို ဧပြီလ (၁၉)ရက် ည ၈ နာရီ ၃၀ မိနစ်ခန့်က မီးလောင်ကျွမ်းခဲ့ရာ သတင်းသမားများ သတင်းယူခွင့် မပြုရုံမက မီးလောင်သတင်းကို မီးသတ်ဦးစီးဌာနမှ မထုတ်ပြန်ရဘဲ တိုင်းအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကသာ ကိုင်တွယ်ကြောင်း မီးသတ်ဌာနက ပြောကြားခဲ့သည်။

ရာထူးကြီးကြီး လက်ကိုင်ရှိသူတစ်ဦး၏ မီးလောင်မှုနှင့် သာမန် အရပ်သား တစ်ယောက်၏ မီးလောင်မှုသည် ကနဦး ကိုင်တွယ်တုံ့ပြန်ပုံမှာပင် ကွဲပြားခြားနားလျှက် နေခဲ့လေပြီ။ နောက် သုံးရက်လောက်ကြာမှ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကို မီးပေါ့ဆမှုနှင့် အမှုဖွင့် အရေးယူထားသည်ဟု သတင်းထွက်လာသည်။ ထိုအမှုသည် လည်း Gone with the wind လေနှင့်အတူ ပျောတော့သည်ဟုပဲ ဖြစ်မလား။ ရုပ်ရှင်မင်းသမီး ပါးရိုက်မှုလို ဒဏ်ငွေတစ်ထောင် ဖြင့် ပြီးမလား။ N.L.Dပါတီဝင်တွေ အမှုဖြစ်သလို၊ ဂျာနယ်လစ်တွေ ထောင်ချခံရသလို အိုးဘိုထောင်အထိ ရောက်မလား တရားစီရင်ရေးကို စောင့်ကြည့်ရပေမည်။ သေချာသည်ကတော့ မဖမ်းချင်လျှင် လွတ်ပေလိမ့်မည်။

၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်းက ဖြစ်ပွားခဲ့သော ဘူးသီးတောင်၊ မောင်တောအရေးအခင်း၊ တောင်ကုတ်အရေးအခင်းတို့တွင် လျှပ်တစ်ပြက်ဂျာနယ်က

သတင်းစာတပ်ပုံတစ်ခု ဖော်ပြခဲ့ရာ မုဒိမ်းကျင့် လူသတ်ခံရသော ရခိုင်အမျိုးသမီး မသီတာထွေး၏ အလောင်းဓာတ်ပုံကို ဖော်ပြခဲ့၏။

ထိုသို့ ဖော်ပြခြင်းသည် သတင်းသမားကျင့်ဝတ်နှင့် မညီညွတ်ဟုဆိုကာ လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြင့်မိုင်အား နိုင်ငံတော်မှ တရားစွဲခဲ့သည်။ သို့သော် တစ်ချိန်တည်းမှာပင် တောင်ကုတ်မြို့၌ အစ္စလာမ်ဘာသာဝင် (၁၀)ဦး အသတ်ခံရသောကိစ္စနှင့် ပတ်သက်၍ သတင်းဖော်ပြရာတွင် အစိုးရပိုင် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများ၌ သေသူများကို "မွတ်စလင်ကုလားများ" ဟု ရှင်းသီးစွာ သုံးစွဲခဲ့သည်။ ထိုသို့ မွတ်စလင်ကုလား ဟူသော အသုံးအနှုန်းကို ပုဂ္ဂလိကဂျာနယ်များကသာ အသုံးပြုပါက စွဲချက်ပေါင်းစုံဖြင့် ဖော်စကိုသို့ ရောက်မည် ဖြစ်သည်။ သို့သော် ထိုစာလုံးကို သုံးသူမှာ အစိုးရသတင်းစာ ဖြစ်နေသဖြင့် နောက်တစ်နေ့တွင် အမှားပြင်ဆင်ချက် ထည့်ပေးခြင်းမှတစ်ပါး တရားစွဲခံရသည် မရှိခဲ့ပေ။ ဤသည်လည်း မဖမ်းချင်က လွတ်သည့်အမှု နောက်တစ်ခု ဖြစ်ပေသည်။

ပြည်မြို့ နဝဒေးတံတားအောက်တွင် ဖြစ်ပွားခဲ့သော လုယက်မှု၊ လူသတ်မှု တို့တွင်လည်း အခင်းဖြစ်ပွားပြီးပြီးချင်းပင် မသင်္ကာစရာ တရားခံနှစ်ဦးအား အရပ်က ဝိုင်းဝန်းဖမ်းဆီးပြီး ရဲစခန်းသို့ အပ်နှံခဲ့သော်လည်း ထိုသူများမှာ တပ်မတော်သားများ ဖြစ်နေပြီး စစ်တပ်မှ လာရောက်ခေါ်ငင်သွားခဲ့ကာ ထိုလူသတ်မှု၏ လက်သည် တရားခံမှာလည်း အမှုဖြစ်ပွားခဲ့၍ တစ်နှစ်ပြည့်လာခဲ့သည့်အချိန်တိုင် ပေါ်ပေါက် မလာတော့ပေ။

အမှန်စင်စစ် တရားခံကို ဖမ်းဆီးရမည့်တာဝန်မှာ ရဲတပ်ဖွဲ့၏ တာဝန်ဖြစ်ပြီး အပြစ်ရှိ၊ မရှိ ဆုံးဖြတ်ရမည့်တာဝန်မှာ တရားသူကြီး၏တာဝန် ဖြစ်ပါသည်။ ယခု အမှုတွင် တရားခံကို တရားရုံးတင်ခွင့်ပင် မရလိုက်ဘဲ တပ်မတော်မှ ထိုသူများမှာ အပြစ်မရှိဟု ဝင်ရောက် ဆုံးဖြတ်သွားခြင်းဖြစ်ရာ တရားရုံး၏အလုပ်ကို စစ်တပ်က ဝင်လုပ်သည့်သဘော ဖြစ်နေပေသည်။

ထိုသို့ လုပ်နိုင်ခွင့်ကိုလည်း ၂၀၀၈ အခြေခံဥပဒေက ခွင့်ပြုထားပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၄၇) တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေ အရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာ အကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ဖော်ပြထားပေသည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၁၉)တွင် ပုဒ်မ ၂၉၃ ပုဒ်မခွဲ (ခ) အရ စစ်ဘက်ဆိုင်ရာ တရားရုံးများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေအရ ဖွဲ့စည်း၍ တပ်မတော်သားများအတွက် တရားစီရင်ရမည်ဟု

ဖော်ပြပါရှိပေသည်။ သဘောမှာ စစ်သားတစ်ယောက် ဘာအမှုပဲ ကျူးလွန်သည် ဖြစ်စေ (မြို့လယ်ကောင်တွင် လူသတ်စေဦး) အရပ်ဘက်က အရေးယူခွင့် မရှိ။ စစ်ဘက်ဆိုင်ရာရုံးကပဲ အရေးယူမည်ဟူသည့် သဘော ဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၃၄၃)အရ စစ်ဘက်တရားစီရင်ရာ၌-

(က) တပ်မတော်သားများအတွက် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

(ခ) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်ဟု ရေးသားထားရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အရပ်ဘက် နိုင်ငံတော်တရားသူကြီးချုပ်ထက် ပါဝါမြင့်နေသည့်သဘော ဖြစ်သည်။ တစ်နည်းပြောရလျှင် ဥပဒေအထက်တွင် ကာကွယ်ရေးဦးစီးချုပ် ရှိနေခြင်း ဖြစ်သည်။ အခြေခံဥပဒေကို ပြင်ဆင်မည်ဆိုသော် ဤအချက်ကို အလေးအနက်ထား၍ ပြင်ဆင်သင့်ပါသည်။ တပ်မတော်သားမှ ဥပဒေကို ကျူးလွန်သည်ပင် ဖြစ်စေ အမှုဖြစ်ရာနေရာသည် မြို့နယ်တစ်ခု၏ ငြိမ်ဝပ်သာယာရေး နယ်နိမိတ်ထဲတွင်ရှိလျှင် အရပ်ဘက်ဥပဒေတရားရုံးဖြင့် အရေးယူ ဆောင်ရွက်နိုင်ခွင့် အာဏာသည် တရားရုံးများ၌ ရှိသင့်ပေသည်။ ထိုသို့ မဟုတ်လျှင် ဥပဒေဆိုသည်မှာ စက္ကူစုတ် တစ်ခုလောက်သာ တန်ဖိုးရှိပေတော့မည်။ ဥပဒေအထက်တွင် တပ်မတော်က ရှိနေခြင်းကား မဖြစ်စကောင်းပါ။

စစ်အစိုးရလက်ထက်တွင် လူတစ်ယောက်သည် တပ်မတော်မှ ဗိုလ်မှူး တစ်ယောက် သူ၏မိန်းမနှင့် အိမ်ထောင်ရေးဖောက်ပြန်သည်ဟု ယူဆကာ နယ်စပ်မှ ဝယ်လာသော လက်ပစ်ဗုံးဖြင့် ထိုဗိုလ်မှူးကို သွားရောက်ပစ်ခတ် လုပ်ကြံခဲ့ဖူးသည်။ ထိုအမှုတွင် စစ်တပ်က တရားခံကို လိုက်ဖမ်းသောအခါ တရားခံသည် တစ်ဖက် နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးသွားခဲ့သည်။ ထိုအမှုတွင် ကျူးလွန်သူ တရားခံကို မမိသဖြင့် မဆီမဆိုင် ထိုတရားခံ၏ ညီအရင်းဖြစ်သူ တက္ကသိုလ် အဆိုတော် တစ်ယောက်ကို ဖမ်းဆီး၍ နှစ်ရှည်ထောင်ဒဏ်ပေးခဲ့သည်။

ထို အဆိုတော်လေးမှာ ကိုယ်က မကျူးလွန်ရသော ပြစ်မှုအတွက် ထောင်ထဲတွင် လူငယ်ဘဝတစ်ခုလုံး ကုန်ဆုံးအောင်နေရရာ မကြာခင်ကမှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာခဲ့သည်။

ဤသို့ ဤနယ်ပင် ကံမကောင်း အကြောင်းမလှပါက မြန်မာနိုင်ငံတွင် ထောင်ကျခံရကိန်းလည်း ရှိပါသည်။ ကံဇာတာ စန်းလာ် ကြီးမွှားတိုးတက်လာလျှင် မူကား မည်သို့သော အကြောင်းနှင့်မျှ ရာဇဝတ်ဒဏ်သင့်ဖို့ မရှိပါပေ။

အကာယ်ဓင်စစ် လူတစ်ယောက် ထောင်ကျတန်းကျခြင်း၊ ထောင်ဒဏ်မှ လွတ်ငြိမ်းခွင့်ရခြင်း၊ ဥပဒေ၏ အာဏာစက်မှ ကင်းလွတ်နေခြင်းတို့သည် ဥပဒေ ပညာရှင်များ အမြင်တွင် မည်သို့ရှိမည် မသိသော်လည်း ကျွန်တော် တစ်ယောက် တည်း၏ အမြင်မှာမူ ကံကောင်းခြင်း၊ ကံမကောင်းခြင်း တစ်ခုတည်းပေါ်တွင် မူတည်နေပြီး ကံကောင်းသောအခါ လွတ်မည်။ ကံမကောင်းသောအခါတွင် အကျဉ်းထောင်သို့ ရောက်မည်။ လွတ်ခြင်း၊ မလွတ်ခြင်း၊ အဖမ်းခံရခြင်း၊ မခံရခြင်းတို့သည် ကျူးလွန်သောအပြစ်နှင့် လားလားမှမဆိုင်၊ အတိတ်ကံနှင့်သာ ဆိုင်သယောင်ရှိ၏။

ဤ ဒွန္ဒယာကြီးဝယ် အပြစ်ရှိသူတစ်ယောက် ထောင်ကျတိုင်း အလားတူ အပြစ်ရှိပါလျက် လွတ်နေသူ ထောင်နှင့် သောင်းနှင့် ချီ၍ ရှိ၏။ လွတ်ခြင်း၊ ကျခြင်းသည် အပြစ်ပြုခြင်း၊ မပြုခြင်းထက် ဖမ်းချင်သလား၊ မဖမ်းချင်သလား ဟူသော ကံကြမ္မာတို့၏အရှင်၊ ဥပဒေတို့၏ နာယက၊ လောကဦးသျှောင်၏ အလိုတော်အတိုင်းပါတကား။

မောင်ကြည့်ကျွန်ယ် (၂၀-၅-၂၀၁၄)

❑

# ကိုယ်နှင့်မဆိုင်တာကို လုပ်သောခေတ်

ယခုခေတ်သည်ကား ကိုယ်နှင့်မဆိုင်တာကို လုပ်သောခေတ် ဖြစ်သည်။ စာပေ ဟောပြောပွဲတစ်ခုတွင် ဟောပြောမည့်ပုဂ္ဂိုလ်များကို ကြေညာထားရာ၌ ဟောပြောမည့်ပုဂ္ဂိုလ်မှာ ဂီတာဖေဝင်း ဖြစ်နေသည်။ နောက်တစ်ပွဲ၌ စာပေဟောပြောသူမှာ သရုပ်ဆောင် ဇေလှ ဖြစ်နေသည်။ သူတို့သည် ဂီတနယ်ပယ်၊ ရုပ်ရှင်နယ်ပယ်၌ သူလိုင်းနှင့်သူ ထူးချွန်ကျော်ကြားသူများ ဖြစ်သည်မှန်သော်လည်း စာရေးဆရာ၊ စာပေပညာရှင်များ မဟုတ်ကြ။ တစ်ပုဒ်ကောင်း၊ နှစ်ပုဒ်ကောင်း ရေးသားခဲ့သော စာပေလက်ရာများ ရှိချင်ရှိမည်။ သို့သော် စာပေသည် သူတို့၏ အဓိကအလုပ် မဟုတ်။ သူတို့နေရာသည် ဂီတနယ်ပယ်၊ ရုပ်ရှင်နယ်ပယ် ဖြစ်သည်။

နိုင်ငံရေးသမားကလည်း ယခုခေတ်တွင် စာပေဟောပြောပွဲများတွင် ဝင်ရောက် ဟောပြောကြသည်။ သူတို့သည် လူထုထောက်ခံမှု ရထားသော နိုင်ငံကျော် ပုဂ္ဂိုလ် ဖြစ်သဖြင့် ပြည်သူလူထုကို စကားပြောတာ သဘာဝကျပေသည်။ သို့သော် ပါတီဖွင့်ပွဲ၊ နိုင်ငံရေးတရားပွဲ၊ ရွေးကောက်ပွဲ၊ မဲဆွယ်ပွဲတို့တွင်သာ ပြောသင့် ဟောသင့်လှသည်။ စာပေဟောပြောပွဲ အမည်တပ်ပြီး စာပေနယ်မှ မဟုတ်သူများ ဝင်ဟောကြပြောကြခြင်းမှာ မရောင်ရာ ဆီလူးသလို ဖြစ်နေသည်။ ဘုန်းကြီးနှင့် ဘီးလို ဖြစ်နေသည်။

တချို့ကလည်း ဆင်ခြေပေးကြသည်။ သူတို့သည် နိုင်ငံရေးသမား၊ ရုပ်ရှင်သရုပ်ဆောင် ဖြစ်သော်လည်း စာအုပ်ရေးဖူးသည်။ စာအုပ်ထုတ်ဖူးသည်။

ထို့ကြောင့် သူသည် စာရေးဆရာ ဖြစ်သည်ဟု ဆိုကြ၏။ မှန်သင့်သလောက် မှန်သည်။ အပြည့်အဝတော့ မှန်သည်ဟု မဆိုသာ။

နိုင်ငံတကာတွင်တော့ Celebrity ဟုခေါ်သော လူသိများ ထင်ရှားသူများသည် သူတို့ဘဝဇာတ်ကြောင်း အတွင်းရေးများကို စာအုပ်ထုတ်ရောင်းကြသည်။ ထိုစာအုပ်များ လက်မလည်အောင် ရောင်းရသည်။ တကယ့်ရသ အနုပညာစာအုပ်များ ထက်တောင် စောင်ရေများစွာ ရိုက်နှိပ် ရောင်းချရသည်။ ဒေးဗစ်ဘက်ခမ်းလည်း စာအုပ်ထုတ်သည်။ ဘီလ်ကလင်တန်လည်း စာရေးသည်။ ဆာအဲလက်ဖာဂူဆန်လည်း စာအုပ်ထုတ်သည်။ သို့သော် မည်သူကမျှ သူတို့ကို စာရေးဆရာဟု မသတ်မှတ်ကြ။ သူတို့ကလည်း သူတို့ကိုယ် သူတို့ စာရေးဆရာပါဟု တစ်ခါမျှ မကြွေးကြော်ခဲ့ကြ။ ကိုယ့်နေရာနှင့်ကိုယ်နေသည်။ ကိုယ့် Main profession ကို လေးစားသည်။ မြန်မာနိုင်ငံတွင်တော့ ပြောင်းပြန်ဖြစ်သည်။ လူ အတော်များများသည် ကိုယ်နှင့်မဆိုင်သော အလုပ်များကို အလွဲလွဲအမှားမှား ဝင်ရောက်လုပ်ကိုင်နေကြတာ အသားကျနေသဖြင့် ပုံမှန်လိုပင် ဖြစ်နေပေသည်။

မဂ္ဂဇင်းတစ်စောင်၏ ဝါရင့်အယ်ဒီတာဆရာကြီးသည် မိန်းမလှများ မယ်ရွေးပွဲတွင် ဒိုင်လူကြီးဝင်လုပ်နေ၏။ မကြာ မကြာ ကျင်းပလေ့ရှိသော ကုမ္ပဏီ ညစ်ခံပွဲများ၊ ကံစမ်းမဲနှိုက်ပွဲများ တွင် အယ်ဒီတာများ မဲနှိုက်ပေးနေကြသည်။ စာရေးဆရာ၊ အယ်ဒီတာက ဖက်ရှင်ပြိုင်ပွဲ ဒိုင်လုပ်၍ ဟာသသရုပ်ဆောင်က စာပေဟောပြောကြသော ခေတ်ကြီးပေတကား။

စာရေးဆရာ ချစ်ဦးညိုက သူ၏ ဟောပြောပွဲတစ်ခုတွင် "ကျွန်တော် သီချင်းဆိုပြပါမယ်။ စာပေအကြောင်းကိုတော့ စိုးမြတ်သူဇာက ဟောပါလိမ့်မယ်" ဟု ဟာသနှောဖူးသည်။ စာပေဆိုသည်မှာ နယ်နိမိတ်ကန့်သတ်ထား၍မရ၊ လူတိုင်း ခံစားချက်ရှိပါက စာရေးသား ထုတ်ဝေနိုင်သည်။ သို့သော် စာပေလောကကို လမ်းဘေးအပေါ်သွားသော သန့်စင်ခန်းလို ဓလောလာပြီး ဓလေမြန်ထွက်သွားကြသူများကိုမူကား စာရေးဆရာဟု သတ်မှတ်ဖို့ ခက်ပေလိမ့်မည်။ ဝင်းဦး၊ မောင်သင်စသော ရုပ်ရှင်ရော စာပေပါ ထူးချွန်သူများလည်း ရှိသည်။ အဓိက ကတော့ တကယ်ဝါသနာပါပြီး ရေရှည်လုပ်ကြဖို့ ဖြစ်သည်။

ကျွန်တော်တို့ နိုင်ငံတွင် ကိုယ့်အလုပ် မဟုတ်ပါဘဲ မဆီမဆိုင်သော အလုပ်ကို လုပ်နေသူများလှသည်။ နိုင်ငံတကာတွင် မီးသတ်ရဲဘော်များ၏ တာဝန်မှာ မီးသတ်ခြင်း၊ ရေကြီး၊ လျှော်လှုပ် စသော သဘာဝဘေးအန္တရာယ် ကျရောက်

သောအခါ ပြည်သူလူထုကို ကူညီကယ်ဆယ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသူများ၊ အဆောက်အအုံထဲတွင် ပိတ်မိနေသူများကို ကူညီကယ်ဆယ်ခြင်းများ ပြုလုပ်လေ့ရှိကြသည်။

ကျွန်တော်တို့ နိုင်ငံတွင် မီးသတ်သည် 'စွယ်စုံသုံး' ဖြစ်နေသည်။ ဧည့်စာရင်းစစ်ရာတွင်လည်း မီးသတ်ပါသည်။ သူခိုးဖမ်းရာတွင်လည်း မီးသတ်ပါသည်။ ဘုရားပွဲလှည့်ရာတွင်လည်း မီးသတ်ပါသည်။ ဘုံကထိန်လှည့်ရာတွင်လည်း မီးသတ်ပါသည်။ စုပေါင်းရှင်ပြုပွဲတွင်လည်း မီးသတ်ပါသည်။ ရပ်ကွက်ကင်းစောင့်ရာတွင်လည်း မီးသတ်ပါသည်။ မီးလောင်သောအခါ မီးသတ်ကို အလွယ်တကူတွေ့ရဖို့ ခဲယဉ်းသော်လည်း အခြားကိစ္စများတွင် မီးသတ်ရဲဘော်များကို တွင်တွင်ကျယ်ကျယ် တွေ့ရလေ့ရှိသည်။

နိုင်ငံကူးလက်မှတ် လျှောက်ထားသောရုံးတွင် ပတ်စပို့တွင် အသုံးပြုရန် ဓာတ်ပုံ ရိုက်ပေးသော ဌာနတစ်ခုရှိရာ ဓာတ်ပုံရိုက်နေသူမှာ ရဲဝန်ထမ်းတစ်ယောက် ဖြစ်နေသည်။ ရဲနှင့် ဓာတ်ပုံဆရာအလုပ် ဘာဆိုင်သလဲဟု ကျွန်တော် အပြန်ပြန် အလှန်လှန် တွေးနေမိသည်။ ထိုရုံးမှ မရိုက်မနေရ စနစ်ဖြင့် ရိုက်ရသော ပတ်စပို့ ဓာတ်ပုံများမှာလည်း ကာယကံရှင်၏ရုပ်ပါဟု ကျိန်တွယ်ပြောရမည့်ပုံများ တစ်ခါတလေ ထွက်တတ်တာ အံ့သြစရာ မရှိပေ။

ထိုရုံး၌ မိတ္တူကူးစက်လုပ်ငန်းလည်း ရှိရာ မိတ္တူကူးစက်လုပ်ငန်း လုပ်နေကြသူများမှာ လည်း ရဲဝန်ထမ်းတွေ ဖြစ်နေပေသည်။

ဂျွဲပုံ တော်တော်များများလည်း ရှိသေး၏။ ကျွန်တော်တို့ ရပ်ကွက်ထဲတွင် အမျိုးသမီး အချို့သည် ဘုန်းကြီးတစ်ပါး ဆွမ်းခံကြွချိန်တွင် ဆွမ်း၊ မုန့် စသော လှူဖွယ်လေးများကို ကိုင်၍ ရိုရိုသေသေစောင့်နေကြ၏။ ဘုန်းကြီးကြွလာသောအခါ လှူဖွယ်များကို သေသေချာချာ ဆက်ကပ် လောင်းလှူပြီး ဤသို့ ရိုရိုသေသေ တင်လျှောက်၏။

"ဒီနေ့ ဘာတစ်လုံးကောင်းလဲ ဘုရား"

"သုံး၊ ကောင်းတယ်၊ သုံးပတ်ပတ်၊ ဘုန်းဘုန်းလည်း သုံးပဲထိုးတယ်"

ဆရာနှင့် ဒကာ အစပ်အဟပ်မိနေသည်ကို မနေနိုင် မထိုင်နိုင် သွားစပ်စု နားစွင့်မိသော စာရေးသူ မိမိ၏ အမှားပါပေတကား။

အလုပ်သမား၊ လယ်သမား တရားစီရင်ရေးတွင် ပါဝင်ရမည်ဟူသော မ.ဆ.လ ခေတ်က ဟာသတစ်ခုလည်း ရှိသည်။

တရားရုံးတစ်ရုံးတွင် တရားသူကြီးသုံးပါးစုံ၍ အမှုတစ်ခု စစ်နေရာ တရားသူကြီး တစ်ပါးသည် ဂနာမငြိမ်ဘဲ တရားရုံး အပြင်ဘက်သို့ ခဏ ခဏ လှမ်းကြည့်ကြည့်နေသည်။

သူ၏ ဘေးမှ တရားသူကြီးက "မိတ်ဆွေ၊ ခင်ဗျား ဘာဖြစ်နေသလဲ၊ အမှုစစ်တာ စိတ်ဝင်စားမှုပေါ့" ဟု ပြောရာ တရားသူကြီး ပြန်ပြောသည်မှာ-

"ခင်ဗျားအမှုက အသာထားဦး၊ ဟောဟိုမှာ ရပ်ထားတာ ကျွန်တော့် ဆိုက္ကားဗျ၊ သော့လည်း ခတ်မထားခဲ့မိဘူး၊ ဆိုက္ကားပျောက်မှာစိုးလို့ လှမ်းကြည့် နေရတာ" ဟူသတည်း။

ကိုယ်နှင့် မဆိုင်တာကို လုပ်ကြသူများထဲတွင် စည်ပင်သာယာဝန်ထမ်း များလည်း ပါသည်။ အိမ်တစ်အိမ် ပြင်ဆင်ဖို့ အုတ်ခဲလေးအနည်းငယ်၊ ဘိလပ်မြေ အနည်းငယ်၊ အုတ် သဲ၊ ကျောက်ဆိုင်မှ ဝယ်သွားသည်နှင့် စည်ပင်ဝန်ထမ်းသည် အမဲသားကောင်အနံ့ကိုရသော တောလိုက်ခွေးကြီးသဖွယ် အိမ်ရှေ့သို့ ရောက်လာပြီး စည်ပင်အိမ်ပြင်ဆင်ခွင့် အမိန့်စာကို တောင်းတော့သည်။ ထုံးစံအတိုင်း အိမ်ရှင်က အလိုက်တသိ ကျိတ်ရှင်းလိုက်သောအခါမှ ဝမ်းသာအားရ ပြန်သွားပေသည်။

ထိုသို့ အိမ်ပြင်နေသော နေရာများကို မည်သူမျှ သတင်းမပေးပါဘဲ စည်ပင် ဝန်ထမ်းများသည် စုံထောက်ကြီးဦးစံရှားထက် သာအောင် စုံစမ်း ထောက်လှမ်းနိုင်ပေသည်။ သို့သော် စည်ပင်၏ မူလအလုပ်ဖြစ်သော အမှိုက်သိမ်းခြင်း၊ ရေပေးခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်းကိစ္စများ၌ ရပ်ကွက်ထိပ်တွင် ရောမအမှိုက်ပုံကြီး ဖြစ်နေသည့်တိုင် စည်ပင်လူကြီးသည် သုဝဏ္ဏသာမ၏ မိဘများဖြစ်သော ဒုကူလနှင့် ပါရိကာ တို့ကဲ့သို့ နဂါးငွေ့သင့်ကာ မျက်စိနှစ်ကွင်း အလင်းမရရှာချေ။ ပတ်ဝန်းကျင်ကို ကောင်းကောင်း မမြင်တော့ပေ။

နေ့ရာသီကျောင်းပိတ်ရက်များတွင် ကျောင်းဆရာ၊ ဆရာမများ အိမ်နှင့် နားကြရမည်ဟု ကျွန်တော် ထင်မှတ်ထား၏။

ဆရာမတစ်ယောက်သည် နွေကျောင်းပိတ်ရက်မှာပင် ကျောင်းသို့ သွားနေရာ ကျွန်တော်က ဘာကြောင့် သွားရသနည်းဟု မေးကြည့်ရာ၌ ကျောင်းပိတ်ထားသော်လည်း ကျောင်းလုံခြုံရေး ဂျူတီကျသဖြင့် တစ်ရက်လျှင် နှစ်ယောက်နှုန်းဖြင့် လာရောက်စောင့်ပေးနေရပါကြောင်း ပြောလေသည်။ အံ့ဩဖွယ် ရှိပေစွတကား။ အစိုးရ မူကြိုကျောင်းတစ်ကျောင်းမှ ဆရာမကြီးတစ်ဦးမှာမူ ကျောင်းစာသင်ချိန်တွင် သွားချင်ရာသို့ လျှောက်သွားကာ ကျောင်းကို ကျောင်းသားမိဘ အမျိုးသမီးတစ်ဦးကို အပ်ခဲ့သည်။ ထိုမိန်းမသည် ကျောင်းဆရာ မဟုတ်ပါဘဲ

ကလေးများအပေါ် မင်းမှုကာ လက်ဝိုက်၊ လက်ခြောက်၊ အိပ်စမ်း၊ ခေါင်းထောင် မကြည့်နဲ့ စသည်ဖြင့် အမိန့်များပေးနေတာ ကိုယ်တိုင်တွေ့ဖူးသည်။ ကိုယ်နှင့်မဆိုင်တာ လုပ်ကြပုံများမှာ မူကား အောချလောက်၏။

စိတ်ရှုပ်လာ၍ ရုပ်မြင်သံကြားကြည့်သောအခါ လွှတ်တော်အစည်းအဝေး များ ကျင်းပကြပုံ ပေါ်လာပေ၏။ လွှတ်တော်ထဲတွင် တိုက်ပုံအင်္ကျီနှင့် ခေါင်းပေါင်း ပေါင်းထားသော ရွှေကောက်ခံ လွှတ်တော်အမတ်များကြားဝယ် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သားများသည် ရင်ကိုကော့ ခေါင်းကိုမော့ကာ ခပ်တည်တည်ထိုင်နေကြ၏။ ထို အစိမ်းရောင်အစုံ့ကို မြင်ရတွေ့ရသောအခါ ယခင်က အမြီးအမောက် မတည့်တာတွေကို အပြစ်တင်မိသောစိတ်သည် ပျောက်သွား၏။ ကိုယ်နှင့် မဆိုင်တာတွေ လုပ်နေသော လူများကို ကျွန်တော် ခွင့်လွှတ် နားလည်သွားသည်။ အပြစ်တင်မှားလေခြင်းဟုလည်း တွေးမိသည်။ နိုင်ငံကိုက ကိုယ်နှင့်မဆိုင်တာတွေ လုပ်ကြသော နိုင်ငံပေတကား။

ဟစ်တိုင်ဂျာနယ် (၂၃-၅-၂၀၁၄)

❑

# အချိန်ပို

"အမေရယ်၊ သားကို ဟိုဘက် စောင်းပေးပါလား"

အိပ်ရာထက်တွင် ပက်လက်ကလေးလဲနေသော ခုနစ်တန်း ကျောင်းသားလေး မောင်ညီညီက သူ့အမေကို ပြောလိုက်သည်။ ထိုအခါ သူ့မိခင်က အိပ်ရာထက်မှာ လဲနေသော သားငယ်ကို ယုယစွာတွဲ၍ တစ်ဖက်သို့ စောင်းပေးသည်။ ထိုအခါမှ ပက်လက်အနေအထားမှ တစောင်းအနေအထားသို့ ပြောင်း၍ရသည်။

အသက်ဆယ့်နှစ်နှစ်သားလေး မောင်ညီညီ အိပ်ရာထဲလဲနေသည်မှာ အတော်ကြာပြီ။ ကြံကြံဖန်ဖန် တင်ပါးဆုံရိုးထဲတွင် (Bone T.B) ခေါ် အရိုးတီဘီရောဂါ ဖြစ်သဖြင့် အိပ်ရာထက်မှာ ငြိမ်ငြိမ်လေး လှဲနေရသည်။ လှုပ်လိုက်လျှင် တင်ပါးဆုံရိုးထဲမှ အသည်းခိုက်အောင် နာလှသောကြောင့် ဟိုဘက် ဒီဘက် လှည့်တာ စောင်းတာပင် လူအကူအညီနှင့် တွဲ၍ လှည့်ရသည်။

လူအကူအညီ ဆိုသော်လည်း တွေ့သည့်လူ၊ ကြုံသည့်လူက အရမ်းဆွဲ၍ လှည့်၍ ရသည် မဟုတ်။ သူ့အတောကိုသိသော မိခင်ကြီးက ညင်သာစွာ ခပ်ဖြည်းဖြည်း လှည့်ပေးရခြင်း ဖြစ်သည်။ ခပ်ကြမ်းကြမ်းလှုပ်လျှင် မျက်ရည်တောက်တောက်ကျသည်အထိ နာကျင်မှုဝေဒနာကို ခံစားရသည်။

ဤလို အနေအထားမှ အိမ်နှင့် တစ်မိုင်ခန့်ဝေးသော ကျောင်းသားကျန်းမာရေး ဆေးခန်းသို့ နေ့စဉ်သွားကာ ဆေးထိုးခံရသော ဒုက္ခကား တွေးကြည့်တာ

နှင့် ရင်မောစရာ ကောင်းလှသည်။ ဤ ဒုက္ခအားလုံးကို မောင်ညီညီ၏ မိခင်က မညည်းမညူ ပြုစုစောင့်ရှောက်ပေးသည်။ ဆိုက္ကားငှား၍ နေ့စဉ် ဆေးခန်းသို့ ပို့ပေးသည်။ နောက်တော့ နေ့စဉ် ဆိုက္ကားခ မတတ်နိုင်သဖြင့် တစ်နာရီ တစ်ကျပ် ပေးရသော စက်ဘီးတစ်စီးကို နာရီဝက် ငှားငါးဆယ်ဖြင့် ငှားကာ ဆေးခန်းပိတ်ခါနီး လူရှင်းသောအချိန်ကို ကိုက်၍ နေ့စဉ်သွားရသည် (၁၉၈၀ ပြည့်နှစ် ခန့်က ဖြစ်ပါသည်)။

ဤကဲ့သို့ ဆေးကုသနေသော်လည်း မိဘများစိတ်ထဲတွင် သူတို့သားလေးကို အသက်ကယ်နိုင်တော့မည် မဟုတ်။ အသက်သေချင် သေမည်။ ကံကောင်း၍ အသက်ရှင်လျှင်လည်း လမ်းမလျှောက်နိုင်သော ဒုက္ခိတ မုချ ဖြစ်တော့မည်ဟု မှတ်ယူထားကြ၏။ စထရက်တိုမိုင်စင် ထိုးဆေးများမှာလည်း မောင်ညီညီ၏ တင်ပါး၌ အသိရာချင်းထပ်ကာ မှနေလေပြီ။ ကျောင်းမတက်နိုင်တော့သဖြင့် တစ်နှစ် ကျောင်း နုတ်ထားလိုက်ရ၏။

"သား ဘာလုပ်ချင်လဲ ပြောပါ"

"သား ကိုရင်ဝတ်ချင်တယ် အမေ"

သေမလား၊ ရှင်မလားဖြစ်နေသော အခြေအနေတွင် သင်္ကန်းဆီးမပေးလိုက်ရဘဲ သေသွားခဲ့လျှင် နောင်တရ ကြေကွဲမဆုံးဖြစ်မှာစိုးသဖြင့် မိဘများက မောင်ညီညီကို သင်္ကန်းဆီးပေးလိုက်ကြသည်။ သင်္ကန်းတန်ခိုးကြောင့်လား၊ ဇနစ်တာကျ ဆေးကုလို့လား၊ သေကံမပါ၍လား မသိ။ ကိုရင် လူထွက်သည့်နေ့မှစကာ မောင်ညီညီတစ်ယောက် တစ်စ တစ်စ ကျန်းမာလာ၏။ လမ်းလျှောက်နိုင်လာ၏။ နှစ်နှစ်ခန့်ကြာတော့ အရိုးတီဘီရောဂါ အမြစ်ပြတ် ပျောက်သွားသည်။ ထိုနေ့ ထိုအချိန်မှစကာ မောင်ညီညီ၏ ကျန်းမာရေးသည် အထူးကောင်းမွန်၏။ နှာစေး ချောင်းဆိုး တစ်ခါတစ်ရံ ဖြစ်သည်မှအပ ကြီးမားသော ရောဂါများ တစ်ခါမှ မဖြစ်တော့။ ဤအတွက် အသိကကျေးဇူးတင်မိသည်မှာ မိဘနှစ်ပါး၏ ခေတ်မီသော ဆေးပညာဗဟုသုတ ဖြစ်သည်။ တီဘီရောဂါကြောင့် အရိုးထဲမှ အောင့်သည်ကို အိမ်နီးချင်း ဆိုက္ကားဆရာတစ်ဦးက အရိုးလွဲနေသည်ထင်ပြီး အနှိပ်ကောင်းကောင်းနှင့် နှိပ်ချပစ်ဖို့ အကြံပေးသည်ကို မိခင်ကြီးသည် ခါးခါးသီးသီး ငြင်းပယ်ခဲ့လေ၏။ ထို့အစား ဆေးပေးခန်းသို့ သွားကာ သွေးစစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းတို့ကို မရှိမဲ့ ရှိမဲ့ကြားမှ ဆောင်ရွက်ခဲ့ကာ ရောဂါအမှန်ကို ဖော်နိုင်၍ ဇနစ်တာကျ ဆေးကုသ ပေးခဲ့ခြင်း ကျေးဇူးကား ကြီးမားလှပေသည်။

ထို မောင်ညီညီကား စာရေးသူ သရုပ်ဖော် ကိုယ်တိုင်ပင် ဖြစ်သည်။ ထို အဖြစ်အပျက်မှာ လွန်ခဲ့သော (၃၅)နှစ်ခန့်ကဖြစ်ရာ ယခုအခါ ကျွန်တော့်အသက်ပင် (၄၇)နှစ်ရှိလာပြီ ဖြစ်သည်။ ယခု သက်တမ်းသို့ ရောက်လာသောအခါ ငယ်ငယ်က မိမိထက် ကျန်းမာရေးအလွန်ကောင်းသော သူငယ်ချင်း သုံးပုံ နှစ်ပုံမှာ လူ့လောက၌ မရှိကြတော့ပေ။ အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်ခဲ့ကြပေပြီ။ အချို့က (၉၆)ပါးရောဂါဖြင့်၊ အချို့က အရက်အလွန်အကျွံသောက်၍၊ အချို့က မတော်တဆမှုများဖြစ်ပွား၍ သေကုန်ကြပါသည်။ သေခြင်းတရားကို အံ့ဩမိသည်နှင့်အတူ ငါ ဘာကြောင့် ခုထိ အသက်ရှင်နေရတာလဲဟု စတင် စဉ်းစားမိပါသည်။ တစ်ဆက်တည်းပင် လူဟာ ဘာအတွက် အသက်ရှင်နေတာလဲဟူသော မေးခွန်းကို စဉ်းစားမိပေသည်။

သေတွင်းသေပေါက်ဝမှ လွတ်မြောက်လာဖူးသူ တစ်ယောက်အနေနှင့် လောကကြီးတွင် နေထိုင်အသက်ရှင်ရသောအခါ "ငါ၏ လူ့ဘဝသက်တမ်းသည် လွန်ခဲ့သော ၃၅နှစ်ကပင် စေ့ခဲ့ပြီ။ ယခု နေထိုင်ရသည်မှာ အပိုဆုကြေးအဖြစ် ထပ်ဆောင်းနေထိုင်ခွင့်ရနေခြင်း"ဟု ခံယူကာ အသက်ရှင်နေရသော စက္ကန့်တိုင်းကို ကျေနပ်မိပါသည်။

ဥပမာအားဖြင့် ပြောရလျှင် ဘောလုံးပွဲတစ်ပွဲတွင် သာမန်ကစားချိန် မိနစ် (၉၀)ပြည့်ပြီးနောက် အချိန်ပို ထပ်ဆောင်းပေးထားသည်နှင့် တူလှပေသည်။ အသင်းနှစ်သင်းသည် ရှုံး၊ ပေးဂိုးတွေ၌ သရေကျနေရာ ရထားသော အချိန်ပိုအတွင်း ကိုယ့်ဘက်က အနိုင်ဂိုးသွင်းနိုင်အောင် ကြိုးစားရပေမည်။

ထို့ထက် ပို၍ အရေးကြီးသည်ကား အချိန်ပိုတွင် မိမိဘက်က ဂိုးမပေးရဖို့ အလွန် အရေးကြီးလှသည်။ ဒိုင်လူကြီးက အချိန်စေ့ပြီဟု ဝီစီမှုတ်လိုက်လျှင် ကျွန်တော်တို့ ဘာမှ တတ်နိုင်ကြမည် မဟုတ်တော့ပေ။

**Street View ဂျာနယ် (၁၄-၅-၂၀၁၄)**

❑

# ဂျွန်ဝီလျံယက်တော၏ ဘဝဇာတ်ကြောင်း

၂၀၀၉ ခုနှစ်၊ မေလ (၄)ရက်တွင် ထိုစဉ်က နေအိမ်အကျယ်ချုပ်မှ သက်တမ်းစေ့ လွှတ်မြောက်ရန် ရက်သတ္တ နှစ်ပတ်ခန့်သာ လိုတော့သော မေလ (၂၇) ရက်တွင် လွှတ်မြောက်တော့မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ဂျွန်ယက်တောသည် ကျူးကျော်ဝင်ရောက်ခဲ့ပါသည်။ ထိုအမှုကြောင့် ဂျွန်ယက်တောလည်း မေလ (၆)ရက်နေ့တွင် ဖမ်းဆီးခံရကာ ဒေါ်အောင်ဆန်းစုကြည်အားလည်း မေလ (၁၃)ရက်နေ့တွင် နေအိမ် အကျယ်ချုပ် သက်တမ်း ထပ်မံတိုးချဲ့ ချထားခြင်း ခံရသည်။

မေလ (၁၄) ရက်တွင် ဂျွန်ယက်တောကို တားမြစ်နယ်မြေသို့ ကျူးကျော်ဝင်ရောက်မှု၊ တရားမဝင်ရေကူးမှု၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေချိုးဖောက်မှုတို့ဖြင့် တရားစွဲဆိုခဲ့ပြီး မေလ (၁၈) ရက်နေ့တွင် ဂျွန်ယက်တောကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကိုမူကား နောက်ထပ် အကျယ်ချုပ်သက်တမ်း ဆယ့်ရှစ်လ ထပ်မံ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ၄င်းနှစ် ဩဂုတ်လ (၁၄) ရက်တွင် အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်ဝက် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ဂျွန်ယက်တော လွှတ်မြောက်ရေး မြန်မာအာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းမှု အောင်မြင်သဖြင့် ဩဂုတ်လ (၁၆) ရက်နေ့တွင် ယက်တောကို လွှတ်ပေးပြီး ပြည်နှင်ဒဏ်ပေးကာ ဂျင်ဝက်နှင့် ပြန်ထည့်ပေးလိုက်သည်။

ဤဖြစ်ရပ်ကို မြန်မာစစ်အစိုးရက ပြည်ပရောက် မြန်မာအတိုက်အခံအင်အားစုများက အစိုးရ သိက္ခာကျ အရှက်ကွဲစေရန်နှင့် နိုင်ငံတကာမှ ဖိအားပေးလာစေရန် တမင်အကွက်ချ စီစဉ်သောလုပ်ရပ်ဟု စွပ်စွဲခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းက ဒေါ်အောင်ဆန်းစုကြည်ကို သနားကရုဏာသက်ကြပြီး ဤအကျယ်ချုပ်သက်တမ်းတိုးခြင်း ပြစ်ဒဏ်သည် ၂၀၁၀ တွင် ကျင်းပမည်ဆိုထားသော ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် မပါဝင်နိုင်စေရန် အကွက်ချလုပ်ကြခြင်းဟု ယူဆကြသည်။

## ဂျွန်ယက်တော၏ ဘဝဇာတ်ကြောင်း

ဂျွန်ဝီလျံယက်တော (John William Yettaw) ကို အမေရိကန်ပြည်ထောင်စု မီဇူရီပြည်နယ်၊ ဒက်ထရိုက်မြို့တွင် ၁၉၅၅ ခုနှစ်၌ မွေးဖွားသည်။ ကယ်လီဖိုးနီးယားရှိ သူ့အမျိုးများအိမ်တွင် နေခဲ့ပြီး ထိုအိမ်မှ အမေရိကန်တပ်မတော်သို့ ဝင်ရောက် စစ်မှုထမ်းခဲ့သည်။ တစ်နှစ်ကျော်ကျော်မျှသာ စစ်မှုထမ်းခဲ့ရပြီး တပ်မတော်မှ ထုတ်ပယ်ခံခဲ့ရသည်။ သူ့မိသားစု အပြောအရ ယက်တောသည် သူ တပ်မတော်တွင်ရှိစဉ် အရှေ့တောင်အာရှနိုင်ငံ တော်တော်များများတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်ဟု မိသားစုအား ပြောခဲ့သည်။

သို့သော် တပ်မတော်မှတ်တမ်းများအရ ယက်တောမှာ တပ်မတော်၌ရှိစဉ် ဂျာမနီတွင်သာ တာဝန်ထမ်းဆောင်ခဲ့ရသည် ဆို၏။ အသက် (၂၀) တွင် ပထမအကြိမ် စတင်လက်ထပ်ခဲ့ပြီး နောက်ပိုင်းတွင် ခရစ်ယာန်ဂိုဏ်းကွဲတစ်ခုဖြစ်သော Church of Jesus Chirst of Latter-day Saints (LDS) ဘာသာသို့ ကူးပြောင်းခဲ့သည်။

ယက်တောသည် အတွေ့တွေ့ ကန့်ထရိုက်တာလိုင်စင်လည်း ရရှိခဲ့သည်။ ယက်တောတွင် အိမ်ထောင်ဖက် အသီးသီးနှင့် ရခဲ့သော ကလေး (၄) ယောက်ရှိပြီး ၂၀၀၉ ခုနှစ်တွင် တရားရုံးမှ ထိုကလေးများကို အုပ်ထိန်းခွင့်ပြုခဲ့သည်။ ထိုကလေးများနှင့် ၂၀၀၉ ခုနှစ်တွင် မစ်ဇူရီပြည်နယ်၌ နေထိုင်ခဲ့သည်။ ယက်တောသည် ၁၉၉၇ ခုနှစ်တွင် Drury တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။ ပါရဂူဘွဲ့အတွက် Professional psychology ဘာသာရပ်ဖြင့် လျှောက်ထားခဲ့ပြီး ၂၀၀၇ တွင် ထို လျှောက်ထားမှုကို ရုပ်သိမ်းခဲ့သည်။

## ၂၀၀၈ ခုနှစ် ခရီးသွားခြင်း

၂၀၀၈ ခုနှစ်၊ မေလတွင် ယက်တောသည် ဆယ်ကျော်သက်အရွယ် သူ၏ သားငယ်နှင့်အတူ အာရှတိုက်သို့ ခရီးရှည် ထွက်ခဲ့သည်။ သူ၏သားသည်

ကျောင်းများ ပြန်ဖွင့်သည့် စက်တင်ဘာလအထိ အိမ်သို့ ပြန်ရောက်မလာခဲ့ပေ။ ၄င်းနောက် ယက်တောသည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ ရောက်ရှိလာပြီး ဟိုတယ်တစ်ခုတွင် ကာလကြာ နေထိုင်ခဲ့သည်။ မော်တော်ဆိုင်ကယ်တစ်စီးကိုလည်း မယ်ဆိုင်တွင် ဝယ်ယူခဲ့ကာ ထိုင်းမိတ်ဆွေများနှင့် ခင်မင်ရင်းနှီးခဲ့သည်။ သူသည် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအပေါ်တွင် စိတ်ဝင်စားမှု ပိုလာခဲ့ပြီး သူ၏ မိတ်ဆွေများအား နိုင်ငံတကာက ဒေါ်အောင်ဆန်းစုကြည် အနေအထားကို ပိုပြီး အာရုံစိုက်လာအောင် သူ လုပ်ပြမည်ဟု ပြောကြားခဲ့သည်။ ထိုင်း NGOများတွင် အလုပ်ရရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

သူသည် အဓိနှိပ်ခံပြည်သူများဘက်က ခုခံကာကွယ်ရမည့် ပုဂ္ဂိုလ်ဟု ကိုယ့်ကိုယ်ကိုယ် ယူဆခဲ့ပြီး ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလတွင် မဲဆောက်မှ ထွက်ခွာလာရာ ဟိုတယ် အခန်းခများကို မရှင်းခဲ့ပေ။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်တွင် ဗန်ကောက်ရှိ မြန်မာသံရုံးက သူ့ကို မြန်မာဗီဇာ ထုတ်ပေးလိုက်သည်။ နိုဝင်ဘာ (၇) ရက်နေ့တွင် ရန်ကုန်သို့ လေယာဉ်ဖြင့် ထွက်ခွာသွားတော့၏။

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ ပထမဆုံးအကြိမ်အဖြစ် အင်းလျားကန်ကို ဖြတ်ကျော် ရေကူးပြီး ရောက်ရှိသွားသည်။ သူသည် ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းအတွင်းသို့ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားမြိုင်လမ်းကို ဆက်သွယ်ထားသော ရေဆိုးထုတ်မြောင်းမှတစ်ဆင့် ရောက်ရှိသွားသည်။ သူ့တွင် ခေတ်မီဆက်သွယ်ရေး အထောက်အကူပြုကိရိယာ ဘာမှ ပါမသွားဘဲ ဒေါ်စုအိမ်အနောက်ဘက် ခြံစည်းရိုးကိုကျော်ကာ တားမြစ်နယ်မြေထဲသို့ ဝင်ရောက်နိုင်သွား၏။

မြန်မာအာဏာပိုင်တို့သည် သူတို့ အကျဉ်းချထားသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ဝင်းအတွင်းသို့ မည်သူကိုမျှ ဝင်ခွင့်ပြုသည် မဟုတ်ပေ။ အစောင့်စစ်သားများ ဒါဇင်နှင့်ချီ၍ ရှိနေသော်လည်း ရံဖန်ရံခါ ကင်းလှည့်စောင့်ကြည့်နေသော တပ်မတော် မော်တော်ဘုတ်များ အင်းလျားကန်ကို စောင့်ကြည့်နေသည့်ကြားမှ ဂျွန်ယက်တောသည် ဒေါ်အောင်ဆန်းစုကြည် ခြံထဲသို့ ဝင်လာနိုင်ခဲ့ခြင်း ဖြစ်သည်။ ဒေါ်စုနှင့်အတူနေသော အမျိုးသမီးနှစ်ဦးက သူ့အား ဒေါ်စုနှင့် ပေးတွေ့ဖို့ လက်မခံဘဲ ငြင်းဆန်ခဲ့သည်။ သို့သော် ယက်တောသည် ဒေါ်စုအိမ်တွင် (၂) ရက်ကြာ နိုလုံ နေထိုင်ခဲ့သည်။

ယက်တော၏ နိုးဝင်လာသော ခရီးစဉ်အတွင်း ယက်တောသည် ဒေါ်အောင်ဆန်းစုကြည်အား (အမျိုးသမီးအဖော်နှစ်ဦးမှတစ်ဆင့်) နောက်ဆုံးထုတ်

အင်္ဂလိပ်စာ (၆) အုပ်နှင့် ယက်တောသမီးလေး ရေးပေးလိုက်သော စာတစ်စောင်ကို ပေးသွားရစ်ခဲ့သည်။ ဒေါ်စုက ယက်တော ရောက်လာကြောင်းကို သူ၏ ဆရာဝန်အား အကြောင်းကြားခဲ့သည်ဟု ဆို၏။ ဆရာဝန်က အာဏာပိုင်များကို သတင်းပို့ခဲ့သော်လည်း မည်သို့မျှ အရေးမယူခဲ့ပေ။

ယက်တောသည် ထိုနောက် လာသောလမ်းအတိုင်း ပြန်ထွက်ခဲ့၏။ ဒေါ်အောင်ဆန်းစုကြည် အိမ်မှ ပြန်အထွက်တွင် လုံခြုံရေးအရာရှိများက သူ့ကို သေနတ်နှင့်ချိန်ကာ ရပ်တန့်နိုင်းပြီး "ဒီနေရာမှာ ဘာလုပ်နေတာလဲ"ဟု မေးခဲ့သည် ဆို၏။

သို့သော် သူ့ကို သွားခွင့်ပေးခဲ့သည်။ ထိုင်းနိုင်ငံ၊ မဲဆောက်သို့ ပြန်ရောက်သောအခါ သူသည် လူအတော်များများအား ဒေါ်စုအိမ်သို့သွားခဲ့သည့်အကြောင်း၊ ဒေါ်စုနှင့် မတွေ့ခဲ့ရသည့်အတွက် နောက်တစ်ခေါက် ထပ်သွားဦးမည်ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းပင် ပြောကြားခဲ့သည်။ ထိုင်း-မြန်မာ နယ်စပ်၌ ရှိနေစဉ် မြန်မာဒုက္ခသည်စခန်းသို့ မကြာခဏ သွားရောက်လည်ပတ်ခဲ့သည်။ မယ်တော်ဆေးခန်းသို့လည်း ဆယ့်နှစ်ခေါက်ထက်မနည်း သွားရောက်လည်ပတ်ခဲ့ရာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းမှ ကိုတိုကြည်နှင့် ခင်မင်သိကျွမ်းခဲ့သည်။

## ၂၀၀၉ ခုနှစ် ခရီးနှင့် အဖမ်းခံရခြင်း

၂၀၀၉ ခုနှစ်၊ ဧပြီလလယ်လောက်တွင် ယက်တောသည် မစ်စူရီမှ ကယ်လီဖိုးနီးယားသို့ သူ၏ ဇနီးဟောင်းနှင့် တွေ့ဆုံရန် သွားရောက်ခဲ့သည်။ ယက်တောက သူ့ဇနီးဟောင်းအား သူရေးသားနေသော 'ခွင့်လွှတ်ခြင်း'ဆိုသည့် စာအုပ်အတွက် အထောက်အထား စာရွက်စာတမ်း များ ရယူနိုင်ရန် အာရှသို့ နောက်တစ်ခေါက် ပြန်သွားရမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။

သူ၏ သားသမီးများကို မိတ်ဆွေအချို့အိမ်တွင် အပ်နှံထားခဲ့ပြီး ၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၀) ရက်တွင် ယက်တောသည် ဗန်ကောက်သို့ လေယာဉ်ဖြင့် ထွက်လာခဲ့၏။ သူ၏ မိသားစုကိုမူကား သူသည် ဗီယက်နမ်စစ်ပွဲအတွင်းက စစ်မြေပြင်တွင် ပျောက်ဆုံးသွားသော အမေရိကန်များကို လိုက်ရှာသည့်စာအုပ်ကို ရေးသားနေသည်ဟု ပြောဆိုခဲ့သည်။

ယက်တော၏ဇနီးပြောပြချက်အရ ယက်တောသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး ခွင့်လွှတ်ခြင်းနှင့် ကောင်းသောအခြေအနေသို့ ပြန်ရောက်ခြင်း အကြောင်းကို အင်တာဗျူးလိုသည်ဟု သိရသည်။

မကြာမီ သူသည် ထိုင်းနိုင်ငံရှိ မြန်မာပြည်ပြေးအဖွဲ့များနှင့် သွားရောက်တွေ့ဆုံပြီး သူရေးနေသော သူ့ရဲ့ကောင်းဝါဒဟူသော စာအုပ်အကြောင်း ပြောပြခဲ့သည်။ ဇန်နဝါရီတွင် တစ်ပတ်ခန့် စောင့်ဆိုင်းပြီး မြန်မာဗီဇာ ရယူခဲ့သည်။

၂၀၀၉ ခုနှစ်၊ မေလ (၃)ရက်ညနေတွင် ယက်တောသည် ၂ ကီလိုမီတာ (၁.၂ မိုင်) ဝေးသော အကွာအဝေးကို အင်းလျားကန်ရေပြင်အား ဖြတ်ကျော်ရေကူးပြီး မြန်မာအစိုးရက ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် ဖမ်းဆီးချုပ်နှောင်ထားရာ တက္ကသိုလ်ရိပ်သာ လမ်း နေအိမ်သို့ သွားရောက်ခဲ့ပါသည်။ သူသည် ထိုလမ်းကြောင်းကို Google Earth မှတစ်ဆင့် မြေပုံကြည့်ပြီး သွားခဲ့ခြင်းဖြစ်သည်။ ရဲသားများက သူ ရေကူးနေသည်ကို တွေ့မြင်ခဲ့ပြီး အချို့က ခဲဖြင့် ပစ်ကြသည် ဆို၏။

၂၀၀၈ ခုနှစ်က လာခဲ့သော လမ်းကြောင်းအတိုင်းပင် ဝင်ရောက်ခဲ့ရာ အစောင့်အကြပ် ထူထပ်စွာချထားသော ဒေါ်အောင်ဆန်းစုကြည်အိမ်ဝင်းထဲသို့ မေလ (၄) ရက်နေ့ မနက် (၅) နာရီတွင် ရောက်ရှိခဲ့သည်။ ရေတံလျှောက်အား ဖက်တက်ပြီး အိမ်ပေါ်သို့ သူ ရောက်ခဲ့၏။ အိမ်တွင်းသို့ ရောက်သောအခါ ဒေါ်အောင်ဆန်းစုကြည်နှင့် ရော၍ အကျဉ်းကျနေသော နှစ်ဦးတည်းသော အဖော်ဖြစ်သည့် ဒေါ်ခင်ခင်ဝင်းနှင့် သမီးဖြစ်သူ မဝင်းမြမြတို့ကို တွေ့ရသည်။ သူက ဒေါ်ခင်ခင်ဝင်းတို့ သားအမိအား သူသည် အလွန်မောပန်း ဆာလောင်နေပြီး ဆီးချိုရောဂါလည်း ဖြစ်ထနေကြောင်း အကြောင်းကြားခဲ့သည်။

ထို အမိုးသမီးနှစ်ဦးက သူ့ကို အစားအစာများကျွေးကြသည်။ ထိုအိမ်တွင် ရက်အနည်းငယ်ခန့် နေခွင့်ပြုပါမည့်အကြောင်း ယက်တောက ဒေါ်အောင်ဆန်းစုကြည်ထံ ခွင့်တောင်းသည်။ ဒေါ်အောင်ဆန်းစုကြည်က လက်မခံနိုင်ပါဟု အကြောင်းပြန်သည်။ ဒေါ်စု၏ အဖော်အမျိုးသမီးနှစ်ယောက်က ယက်တောကို ထွက်မသွားလျှင် အာဏာပိုင်များလက်သို့ အပ်မည်ဟု ခြိမ်းခြောက်လိုက်သည်။

သို့သော် သူ့ခြေထောက် ကြွက်တက်နေကြောင်း ပြောသဖြင့် ဒေါ်အောင်ဆန်းစုကြည်က ယက်တောအား နေအိမ်အောက်ထပ်တွင် ခေတ္တနေဖို့ သဘောတူလိုက်သည်။ သူ့နေထိုင်စဉ်အတွင်း အိမ်ရှင်များသည် မာတ်ဆားရည်နှင့် ထမင်းဟင်းများ ကျွေးကြသည်။ သူကတော့ အချိန်အတော်များများ ဘုရားရှိခိုး၊ ဆုတောင်းခြင်းဖြင့် အချိန်ကုန်စေသည် ဟူ၏။

ဒေါ်စုနှင့် သူ၏ အဖော်နှစ်ယောက်အတွက် ဂျွန်ယက်တောသည် မဖိတ်ခေါ်ဘဲလာသည့် သူတို့နှင့်မပတ်သက်သော မလိုလားအပ်သည့် ဧည့်သည်

ဖြစ်သည်။ ဂျွန်ယက်တော၏ ဇနီးဖြစ်သူက ပြောရာ၌ သူ့ယောက်ျားတွင် မကောင်းသော ရည်ရွယ်ချက် မရှိပါ။ သို့သော် ဖြစ်လာနိုင်သည့် အကျိုးဆက်များကို ယက်တောသည် သတိမူမိခဲ့ခြင်းလည်းမရှိပါ ဟူ၍ ဖြစ်သည်။

ယက်တောသည် မေလ (၄) ရက် ည (၁၁း၄၅)တွင် ဒေါ်အောင်ဆန်းစုကြည် အိမ်မှ ပြန်လည်ထွက်ခွာသွားသည်။ အင်းလျားကန်ပေါင် တန်သာယာဆေးရုံနှင့် ကပ်လျက် ခြံဝင်းရှိ အမေရိကန်ကောင်စစ်ဝန်အိမ်သို့ သူ ရေကူးသွားသည်။ မေလ (၅) ရက်နေ့ မနက် (၅) နာရီတွင် ကောင်စစ်ဝန်အိမ်နှင့် ကိုက် ၁၀၀ ခန့် အကွာ အင်းလျားကန် အနောက်ဘက်ကမ်း International Business Centre (IBC)အနီးတွင် ယက်တောကို ရဲက ဖမ်းမိသွားသည်။

## ထိန်းသိမ်းခံရခြင်း

မူလက ဇွန်လ (၂၄)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသို့ ပြန်မို့ဖြစ်သော်လည်း ယက်တောမှာ မေလ (၆) ရက်နေ့တွင် အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခံခြင်းရတော့၏။ မေလ (၁၄) ရက်နေ့တွင်တော့ ကန့်သတ်နယ်မြေကို ဝင်ရောက်မှု၊ တရားမဝင်ရေကူးမှု၊ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဖောက်ဖျက်မှုတို့ဖြင့် တရားစွဲဆိုခြင်းခံရတော့သည်။

တားမြစ်နယ်မြေ တရားမဝင် ဝင်ရောက်မှုက အမြင့်ဆုံးထောင်ဒဏ် (၅) နှစ်အထိ ကျခံရနိုင်သည်။ လူဝင်မှုဥပဒေအရ ထောင်ဒဏ် (၁) နှစ် ကျခံရနိုင်သည်။ ယက်တောသည် ထောင်ထဲတွင် အခြားအကျဉ်းသမားနှစ်ယောက်နှင့်အတူ နေရ၏။ သူက အကြားအမြင်အာရုံများ ပိုမိုရရှိစေရန် အစာမစားချေ။

ယက်တောကို ဖမ်းမိရာတွင် သူနှင့်အတူ သိမ်းဆည်းရမိသော ပစ္စည်းများမှာ ရေကူးရာတွင် အသုံးပြုရန် ၅ လီတာဝင် ရေဘူးနှစ်ဘူး၊ အိတ်အသေးနှစ်လုံး၊ သူ၏ အမေရိကန်ပတ်စ်ပို့စာအုပ်၊ ပလတ်စတစ်အိတ်ဖြင့် ပတ်ထားသော ကင်မရာတစ်လုံး၊ ပလာယာတစ်ချောင်း၊ ဝက်အူလှည့်တစ်ချောင်း၊ ခေါက်ပလာယာတစ်ချောင်း၊ မန်နိုမီကာဝတ်ခြောက်ခု၊ ဓာတ်မီးတစ်လက်၊ ဓာတ်ခဲအခြောက် ၂၈ ပြား၊ ဦးထုပ်တစ်လုံး၊ အဖြူရောင်အင်္ကျီ လက်ရှည် တစ်ထည်၊ ဘောင်းဘီရှည် နှစ်ထည်၊ အင်္ဂလိပ်စာများ ရေးထားသော စာရွက်ခုနစ်ရွက်၊ ပုံနှိပ်ထားသော စာများ ပါသည့် စာရွက်နှစ်ရွက်၊ စာအိတ်နှစ်အိတ်၊ ဒေါ်လာ ၁၀၀ တန်နှစ်ရွက်၊ ၁၀ ဒေါ်လာတန် နှစ်ရွက်၊ ဒေါ်လာ ၅၀ တန်တစ်ရွက်၊ ကျပ်တစ်ထောင်တန် ငွေစက္ကူ ကိုးဆယ့်သုံးရွက်၊ လိပ်စာကတ်

ဆယ်ခု၊ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံ၊ ခွပ်ဒေါင်းပုံ၊ စာအုပ်စင်အပါအဝင် ရိုက်ထားသော ကင်မရာထဲမှ ဓာတ်ပုံများ ဖြစ်ကြသည်။

ဤကဲ့သို့ ဖွန်ယက်တော ၂၀၀၉ ခုနှစ်တွင် လာရောက်မှုသည် ဒေါ်အောင်ဆန်းစုကြည် လိုက်နာရမည့် နေအိမ်အကျယ်ချုပ် စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အာဏာပိုင်များက ယူဆခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်လည်း ထောင်သုံးနှစ်မှ ငါးနှစ်အထိ ကျခံရနိုင်သော နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးသူများ၏ ဘေးအန္တရာယ်များမှ ကာကွယ် စောင့်ရှောက်ခြင်း ဥပဒေဖြင့် တရားစွဲခံရသည်။ အမှုစစ်နေစဉ် ကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် အဖော်နှစ်ဦးဖြစ်သော ဒေါ်ခင်ခင်ဝင်း၊ မဝင်းမြမြတို့အား အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင် ချုပ်နှောင်ထားခဲ့သည်။

ရဲချုပ် မြင့်သိန်းက နိုင်ငံတော်လူကြီးများသည် ယက်တောအမှု မဖြစ်မီကပင် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးဖို့ ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ သို့သော် ဤအဖြစ်အပျက်သည် တည်ဆဲဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မလွဲသာမရှောင်သာဖြင့် စိတ်မကောင်းခြင်းကြီးစွာ ဥပဒေအရ အရေးယူတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူများကတော့ အစိုးရသည် ဤကိစ္စရပ်တွင် တမင်သက်သက် ရမယ်ရှာ၍ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် မပါနိုင်အောင် ဖယ်ထုတ်သည့်လုပ်ရပ်ဖြစ်သည်ဟု အနိုင်အမာပြောဆိုကြသည်။ အချို့ကလည်း ဤကိစ္စ၏ လက်သည်တရားခံအစစ်မှာ အစိုးရပင်ဖြစ်ပြီး ဤသို့ ဖြစ်ပေါ်စေရန် တမင်သက်သက် အကွက်ချ၍ ဖန်တီးခဲ့သည်ဟု သံသယဖြစ်ကြသည်။

မြန်မာအစိုးရဘက်မှ ဤအချက်ကို ငြင်းဆိုခဲ့ပြီး ဖွန်ယက်တော ကိစ္စသည် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် နိုင်ငံတကာ ဖိအားများ တိုးပွားလာစေဖို့ ပြည်တွင်း၊ ပြည်ပ အစိုးရဆန့်ကျင်ရေးအုပ်စုများ၏ လုပ်ရပ်ဟု စွပ်စွဲခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေ ဦးကြည်ဝင်းက "အားလုံးက ဒီအမေရိကန်ကို ဒေါသဖြစ်နေကြတယ်။ ပြဿနာအားလုံးဟာ သူ့အမှားကြောင့် ဖြစ်လာတာ၊ ဒီကောင်က အရူးပဲ၊ ဒေါ်အောင်ဆန်းစုကြည်က သူ့ကို ပြန်ထွက်သွားဖို့ ပြောခဲ့တယ်။ ဒါပေမဲ့ သူက မောနေသလေး၊ ဘာလေးနဲ့ လုပ်ခဲ့တယ်။ အိမ်အောက်ထပ်မှာ ပေကတ်ပြီး အိပ်နေခဲ့တယ်" ဟု ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က အမှုကျူးလွန်သူ ဖွန်ယက်တောကိုရော သူ့မိသားစုအပေါ်ပါ

အပြစ်မယူဘဲ ခွင့်လွှတ်ပါကြောင်း သူ့ကို ပြောကြားခဲ့သည်ဟု ရှေ့နေ ဦးဉာဏ်ဝင်းက ပြောကြားခဲ့သည်။

စစ်အစိုးရက ယက်တော၏ ကိစ္စအပြီးတွင် လုံခြုံရေးကျိုးပေါက်မှုကို အတွင်းကျကျ စုံစမ်းစစ်ဆေးခဲ့ပြီး ဩဂုတ်လ (၇)ရက်နေ့ ထုတ်ပြန်ကြေညာချက်အရ လုံခြုံရေးတာဝန်ရှိသူ (၆၁) ဦးကို စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ဒုရဲမှူးကြီးတစ်ဦးကို ရာထူးမှ တစ်ဆင့်လျှော့ချခဲ့ကြောင်း၊ လုံခြုံရေး တာဝန်ရှိသူများကိုလည်း တာဝန်ဝတ္တရား ပေါ့လျော့မှုဖြင့် သုံးလမှ ခြောက်လအထိ ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

သို့သော် မည်သူကို မည်သည့် ပြစ်ဒဏ်ပေးသည် ဟူ၍ကား အသေးစိတ် မဖော်ပြပေ။ အခြား ရဲအယောက် နှစ်ဆယ်အားလည်း ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေဖြင့် အရေးယူ အပြစ်ပေးခဲ့သည်ဟု ကြေညာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းကို ခေါ်ယူစစ်ဆေးခဲ့သော်လည်း အမှု စွဲဆိုသောအခါ ပြန်လွှတ်ပေးခဲ့သည်။

တရားရင်ဆိုင်ရခြင်း

၎င်း အမှုကို ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၉ ဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် အမှုစွဲဆို စစ်ဆေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ရော ဂျွန်ယက်တော ကပါ သူတို့တွင် အပြစ်မရှိကြောင်း အသီးသီးထွက်ဆိုကြသည်။ ပထမနေ့တွင် သက်သေနှစ်ယောက်ဖြစ်သော ရဲအရာရှိနှစ်ဦးကို စစ်ဆေးရာ ဒေါ်အောင်ဆန်းစုကြည် အိမ်ဘက်မှ ရေကူးလာသူတစ်ယောက်ကိုတွေ့ရာ ပထမ၌ သူခိုးထင်၍ ဖမ်းခဲ့သော်လည်း နောက်မှ နိုင်ငံခြားသားဖြစ်နေသဖြင့် အထူးတပ်ဖွဲ့ (SB)လက်သို့ အပ်ခဲ့ကြောင်း ပြောသည်။ ယက်တောကင်မရာထဲမှ သိမ်းဆည်းမိသော ဗွီဒီယိုဖိုင်တစ်ခုတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံဘေး၌ရပ်နေသော ဂျွန်ယက်တောကို တွေ့ရပြီး သူက ပရိသတ်ကို ပြောပြဟန်ဖြင့် -

"ကျွန်တော် အခု ဒေါ်အောင်ဆန်းစုကြည်အိမ်ကို ရောက်နေပါတယ်။ ဒေါ်စုကို ဗွီဒီယိုရိုက်ဖို့ ခွင့်တောင်းပေမယ့် သူမက ငြင်းဆိုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ စိတ်လှုပ်ရှားနေပုံရပါတယ်။ ဒီအတွက် ကျွန်တော်စိတ်မကောင်းပါဘူး"

ဟု ယက်တောက ပြောခဲ့သည်။ ယက်တောက ထိုဗွီဒီယိုကို You Tube တွင် တင်ရန် ရိုက်ကူးခဲ့ကြောင်း ထွက်ဆိုသည်။

မေလ (၂၆) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်က ကိုယ်တိုင်လျှောက်လဲချက်ပေးရာ၌ ယက်တောကို အိမ်မှထွက်ခွာသွားရန် သူပြောခဲ့ကြောင်း၊ သူ့အိမ်တွင် ခဏနားနေပြီး ညသန်းခေါင်မတိုင်ခင် ထွက်သွားကြောင်း၊ ကျန်ရှိခဲ့သောပစ္စည်းများမှာ မေ့ကျန်ခဲ့သလား၊ သူ့အတွက် တမင်ထားသွားသလား ဆိုတာမစ္စတာယက်တောပဲ သိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေလ (၂၇)ရက်နေ့တွင် ဂျွန်ယက်တောကိုစစ်ရာ သုံးနာရီကြာထွက်ဆိုချက် ပေးပါသည်။ သူက ဒေါ်အောင်ဆန်းစုကြည်ကို အကြမ်းဖက်သမားများလုပ်ကြံမှု ဘေးရန်မှကာကွယ်ရန် ဘုရားသခင်က သူ့ကိုစေလွှတ်ခဲ့သည်ဟု ပြောဆိုခဲ့သည်။ ဒေါ်စုအိမ်သို့ ရေကူးအသွား၌ ရဲများက သူ့ကို မြင်တွေ့ခဲ့ကြသော်လည်းသေနတ်ဖြင့်မပစ်ဘဲ ကျောက်ခဲဖြင့် ပစ်ပေါက်ခဲ့ကြသည်ဆို၏။ ယခင် ၂၀၀၈ခုနှစ်ကလည်း ဒေါ်စုအိမ်မှအပြန် ရဲအရာရှိတစ်ယောက်က ရပ်တန့်စစ်ဆေးခဲ့ပြီးသူ့ကိုသွားခွင့်ပြုခဲ့သည်ဟု ထွက်ဆိုခဲ့သည်။

ထို့နေ့တွင်ပင် ဒေါ်အောင်ဆန်းစုကြည်က ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ ၂၀၀၈ တွင် ယက်တော လာရောက်ကြောင်းကို လုံခြုံရေးတပ်ဖွဲ့ထံသို့ သတင်းပို့ခဲ့သော်လည်း အာဏာပိုင်များက ဘာမှ အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း၊ ထို့ကြောင့် ဤအမှုတွင် အပြစ်တင်လိုလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပေါ့လျော့မှုကိုသာ အပြစ်တင်သင့်ကြောင်း ကြေညာခဲ့သည်။

ဇွန်လ (၂၈) ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေကြီးဦးကြည်ဝင်းက လျှောက်ထားရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရလက်အတွင်း ကျဆင်းနေသော အကျဉ်းသားဖြစ်၍ ယခုအမှုတွင် အစိုးရတွင်သာ အပြစ်ရှိပါကြောင်း၊ ယက်တော ထားရစ်ခဲ့သော ပစ္စည်းများမှာလည်းဒေါ်အောင်ဆန်းစုကြည်နှင့် မဆိုင်ကြောင်း၊ ယခု အရေးယူထားသော ပုဒ်မမှာလည်း၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရေးဆွဲထားသောပုဒ်မဖြစ်ရာ ထို အခြေခံဥပဒေမှာအသက်မဝင်တော့သဖြင့် ဥပဒေမှာလည်း သက်တမ်းမရှိတော့ကြောင်း၊ မရှိတော့သောဥပဒေနှင့် အရေးယူ၍ မရပါကြောင်း လျှောက်ထားခဲ့သည်။

ဂျွန်ယက်တောအမှုတွင် တရားသူကြီးသည် တရားခံရှေ့နေဘက်မှတင်သွင်းခဲ့သော သက်သေ (၄) ဦးအနက် တစ်ဦးကိုသာ ကနဦး လက်ခံခဲ့ပြီးအစိုးရဘက်မှ တရားလိုပြသက်သေ (၂၃)ဦးအထိ တင်ပြခွင့်ပြုခဲ့သည်။ ဤအမှုကိုဩဂုတ်လ (၁၁) ရက်နေ့တွင် စီရင်ချက်ချခဲ့ပြီး ဂျွန်ယက်တောကို ထောင်ဒဏ်

(၇)နှစ်၊ ဒေါ်အောင်ဆန်းစုကြည်ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၃)နှစ် ချမှတ်ခဲ့သည်။

သို့သော် အချိန် (၅)မိနစ်ခန့် ကြာသောအခါ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အထူးကြေညာချက်ဟုဆိုကာ ဒေါ်အောင်ဆန်းစုကြည်အား ညှာတာ ထောက်ထားသော အားဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၃)နှစ်အစား နေအိမ်အကျယ်ချုပ် တစ်နှစ်ခွဲ သက်တမ်းတိုး ကျခံစေရန်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမြတို့လည်း နေအိမ်အကျယ်ချုပ် ဆယ့်ရှစ်လ ကျခံစေရန် အမိန့်ပြန်တမ်း ထုတ်ခဲ့လေသည်။

ဒေါ်အောင်ဆန်းစုကြည်တို့မှာ ဆိုခဲ့သည့်အတိုင်း အကျယ်ချုပ်သက်တမ်း ဆယ့်ရှစ်လ တိတိ ထပ်မံကျခံရသော်လည်း ပြစ်မှုကျူးလွန်သူ ရွှန်ယက်တောမှာမူ အမေရိကန် အထက် လွှတ်တော်အမတ် ဂျင်ဝက်၏ ကြားဝင်စေ့စပ်မှုကြောင့် အဖမ်းခံရပြီး သုံးလအကြာ (စီရင်ချက် ချပြီးနောက် သုံးရက်) ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် နိုင်ငံတွင်းမှ လွှတ်လပ်စွာ ထွက်ခွာခွင့်ရခဲ့ပါသည်။ ရွှန်ယက်တော၏ အမှု၌ အတိုက်အခံတို့ စွပ်စွဲသလို စစ်အစိုးရက အကွက်ချ စီမံခဲ့သလား၊ ရွှန်ယက်တောသည် စိတ်ရူးပေါက်ကာ သူတစ်ယောက်တည်း ထင်ရာလုပ်ခဲ့သလားဆိုသည်ကတော့ ယခုထက်တိုင် ပဟေဠိ ဖြစ်နေပါကြောင်း။

စောင်ကြည့်ဂျာနယ် (၂၇-၅-၂၀၁၄)

❑

ကိုးကား *http://en.wikipedia.org/wiki/Suu_Kyi_trespasser_incidents*

# ထူးကြီး မူးကြီးဆွေးနွေးခန်း
## (ကားသစ်ကြီးကို စီးလို့ပါ)

တစ်နေ့တွင် ထူးကြီးနှင့် မူးကြီးသည် အရက်ဆိုင်မှ ကံစမ်းမဲပေါက်ကာ ရရှိထားသော BMW ကားအမည်း အသစ်ကြီးကိုစီးကာ ရန်ကုန်မှ နေပြည်တော်သို့ အပန်းဖြေခရီးထွက်ခဲ့ပေ၏။ နေပြည်တော်သို့ရောက်လျှင် နာမည်ကြီးလှသော ဘုရားကြီးဥယျာဉ်ဆိုလား ဇာဟာရီဥယျာဉ်ဆိုလား နာမည်ဆန်းဆန်းနှင့်ဥယျာဉ် သွားမည်။ ရေပန်းဥယျာဉ်သို့ သွားမည်။ ကျောက်မျက်ဈေးတွင် ဈေးဝယ်မည်။ မြို့မဈေးတွင် လက်ဖက်ရည်သောက်မည် စသည်ဖြင့် စိတ်ကူးယဉ်ကာ ကားမောင်းလာပေ၏။ ကားတံခါးများကို ပိတ်ကာ လေအေးပေးစက်ဖွင့်၍ မောင်းလာခဲ့ခြင်းဖြစ်ရာ ကားကလည်းကောင်း၊ လမ်းကလည်း အဝေးပြေးလမ်းကြီး ဖြစ်သဖြင့် တဖြည်းဖြည်းနှင့် ကားမှာ မြန်သထက် မြန်လာသည်ကို သတိမထားမိကြပေ။

ထိုသို့ မောင်းလာကြရင်း ကားတာယာနှင့် ကွန်ကရစ်လမ်းပွတ်တိုက်မှု အရှိန်ဖြင့် လာရာမှ ဒိုင်းခနဲ ကားတာယာပွင့်ထွက်သွားကာ BMW ကားကြီးလည်း သေမင်းတမန် လမ်းမကြီးဟု နာမည်ကျော်သော နေပြည်တော် အမြန်လမ်းမကြီး ဘေးသို့ တလိမ့်ခေါက်ကွေး ထိုးကျကာ သစ်ပင်နှင့် ဝင်ဆောင့်တော့၏။

ဝုန်း …

ဒုန်း…

အမယ်လေး…

အား…

ထို့နောက် ထူးကြီးနှင့် မှူးကြီးသည် အမှောင်တိုက်ထဲတွင် အတန်ကြာ မျောလွင့်နေပြီး ရုတ်တရက် သတိရလာသောအခါ လင်းထိန်နေသော အခန်းကြီး တစ်ခုထဲတွင် ရောက်နေကြောင်း သတိထားလိုက်မိ၏။ အရပ်ဆယ်ပေခန့်ရှိသော လူနီကြီးများသည် သူတို့ကို ဝန်းရံထား၏။

ထူးကြီး - ငါတို့ ဘယ်ရောက်နေတာလဲဟ။

မှူးကြီး - နေပြည်တော်အမြန်လမ်း ကြက်ခြေနီတပ်ဖွဲ့က ငါတို့ကို ကယ်တင်ထားလို့ ဆေးရုံကို ရောက်နေတာ နေမှာပေါ့။

ငရဲထိန်း - တိတ်တိတ်စမ်း၊ ပေါက်ကရတွေ လျှောက်မပြောနဲ့။ မင်းတို့ အခု ရောက်နေတာ ငရဲပြည်ကွ ငရဲပြည်၊ ဟိုမှာထိုင်နေတာ ငရဲသနင်း။ ယမမင်းပဲ၊ သူ့မေးတာ မှန်မှန်ဖြေနော်၊ ငါကတော့ ငရဲထိန်းပဲ။

ငရဲမင်း - ဟေ့ - ထူးကြီးနဲ့ မှူးကြီး၊ မင်းတို့ ဘာလို့ ငရဲကိုကျလာတာလဲ သိလား။

ထူးကြီး - ငါးလောင်းပြိုင် လူသတ်မှုက ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ငရဲမင်း လူမှားမယ် သတိထားပါ။

မှူးကြီး - ဒီပဲယင်း အရေးအခင်းကလည်း ကျွန်တော်နဲ့အဝေးကြီးပါ။ ကျွန်တော်က ပိုက်ဆံရလို့ စွမ်းအားရှင်ထဲတော့ လိုက်ဖူးပါတယ်။

ထူးကြီး - ဟုတ်ပါတယ်၊ ရွှေဝါရောင်တော်လှန်ရေးတုန်းက စွမ်းအားရှင် အဖွဲ့မှာ တစ်နေ့ ငါးထောင်၊ ဒံပေါက်တစ်ထုပ်ရလို့ လိုက်ဖူးပါတယ်။ ဒါပေမဲ့ ဘုန်းကြီးတွေကို ရိုက်တဲ့အထဲမှာ ကျွန်တော် မပါပါဘူး အွင်မင်း။

ငရဲမင်း - နင့် အမေလင် အငဲမင်းလား၊ ငရဲမင်းကွ။ မင်းတို့ ဒီနေရာကို ရောက်လာတာ ကားစီးလို့ကွ၊ သိပြီလား။ ရှင်းအောင်ပြောရရင် ဘုရားရင်ပြင်တော်ပေါ်အထိ ကားနဲ့ တက်လာတဲ့အတွက်ပဲ။ မင်းတို့အပြစ် မင်းတို့ သိလား။

ထူးကြီး - ဟုတ်ကဲ့၊ ဟိုနေ့က ရွှေမြင်တင်ဦး ရွှေဦးစေတီတော်ကို သွားအဖူးမှာ စေတီ ရင်ပြင်တော်ပေါ်အထိ ကျွန်တော်မျိုးကြီးတို့နှစ်ယောက် ကားနဲ့ မောင်းတက် မိပါတယ်။

ငရဲမင်း - အေး - ဒါဆို မင်းတို့ ငရဲမကျသင့်ဘူးလား ဟေ့။

ထူးကြီး - ဒါက ဒီလိုရှိပါတယ်။ ကျွန်တော်မျိုးက ယေ်စဉ်ကတည်းက သွက်ချာပါဒ လေငန်းရောဂါရှိပါတယ်။ ခြေအိတ်တို့၊ ဖိနပ်တို့ မပါဘဲ သမံတလင်းပေါ် လမ်းလျှောက်ရင် အောက်ပိုင်းချည့်သလို ဖြစ်ပြီး ရောဂါဟောင်းက ပြန်ပြန် ထတတ်ပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော်တွေကို ဖူးမြော်ချင်စိတ် သဒ္ဓါတရားကလည်း တအားကို ယိုဖိတ်လာတာမို့ တိုင်းသူ ပြည်သားတွေ အမြင်မတော်လို့ ပြောချင်ခါမှ ပြောကြရော မြတ်စွာဘုရားကိုတော့ ရှိသေလွန်းလို့ မရရအောင် သွားဖူးကြမယ် ဆိုတဲ့ သူတော်ကောင်း စိတ်ဓာတ်နဲ့ ထွက်လာခဲ့တာပါ။ ဒါကြောင့် ခက်ခက်ခဲခဲ ဘုရားဖူးလာရှာတဲ့ ဒုက္ခိတ (ဒစ်အေးဘဲလ်) တစ်ယောက်အပေါ်မှာ ခွင့်လွှတ်ရုံမက ဆုလာဘ်များပါ ချီးမြှင့် သင့်ပါတယ်။

ငရဲမင်း - အံမယ် သူ့ကိုတောင် ဆုချရဦးမယ့်အပေါက်။ ကဲ - ပြောစမ်း မူးကြီး၊ မင်းကကော ဘာပြောဦးမလဲ။

မူးကြီး - ကျွန်တော်လည်း ထူးကြီးပြောတဲ့ အတိုင်းပါပဲ။ တစ်ခုဖြည့်စွက် ပြောချင်တာ ကတော့ ဒီကိစ္စမှာ ကျွန်တော်တို့အပြစ် မဟုတ်ပါဘူး။ ဘုရားထက်ကြီးတဲ့ ဘုရားလူကြီးအပြစ်လည်း ပါပါတယ်။ တကယ်ဆို ဘုရားပေါ်ကို ကားနဲ့ တက်ခွင့်မရှိဘူးဆိုရင် စောစော ကတည်းက ဂေါပကတွေက တားမြစ်သင့်ပါတယ်။ သူတို့ လက်ခံလို့ ကျွန်တော်တို့ တက်ခဲ့တာပါ။ တကယ်ဆိုရင် အိမ်ရှင် ဖြစ်ပြီး မတားမြစ်ခဲ့တဲ့ ဂေါပကလူကြီးတွေကိုသာ ငရဲမင်းကြီး ပြစ်ဒဏ်စီရင်သင့်ပါတယ်။

ငရဲမင်း - မင်းက ငါ့ကို ဦးနှောက်မရှိဘူးလို့ ဆိုလိုတာလား။ ငါ့အလုပ်ကို ငါ နားမလည်ဘူးလို့ ဆိုလိုတာလား။ မင်းတို့လူ့ပြည်မှာပဲ လုပ်ငန်းမကျွမ်းကျင်ဘဲ မိုးကျရွှေကိုယ်စနစ်နဲ့ တပ်ထွက်တွေကို အလုပ်ခန့်လို့ ရချင် ရမယ်။ ငရဲပြည်မှာတော့ မရဘူးကွ။ ငါလည်း တပ်ကထွက်ပြီးမှ ယမမင်းဖြစ်လာတာ။

မူးကြီး - မ ... မ ... မ ... မဟုတ် ... ။

ငရဲမင်း - အေး ... မင်းတို့ရဲ့ ဝဲယာဘေးနှစ်ဖက်ကို ကြည့်လိုက်စမ်း။

ထူးကြီးနှင့် မူးကြီးသည် သူတို့ဘေးနှစ်ဖက်သို့ ကြည့်လိုက်ရာ

လက်ပြန်ကြိုး အတုပ်ခံရပြီး ကြောက်ရွံ့စွာ ဒူးတုပ်ထိုင်နေကြသော ဘုရားဂေါပကများကို တွေ့ရလေသည်။

ထူးကြီး - ဘယ်လိုဖြစ်ကြတာတုံး ဘုရားလူကြီးတွေရဲ့။

ဂေါပက - မြင်တဲ့အတိုင်းပဲလေကွာ။ မင်းတို့ လာတုန်းက ငါတို့လည်း ဖားပြီး ဘုရားပေါ်အထိ ကားစီးခွင့်ပြုခဲ့လို့ လူပြည်ကနေ မာလကီးယားပြီး ခုလို ငရဲပြည်ရောက်နေကြတာပဲ။ မင်းတို့ကလည်း ဘယ်လို ဖြစ်လာကြတာလဲ။

မှူးကြီး - ဒုတိယကမ္ဘာစစ်တုန်းက သေမင်းတမန် ရထားလမ်းလို့ နာမည်ကျော်တဲ့ ထိုင်း-မြန်မာ ရထားလမ်းကြီးလို ၂၀ ရာစု သေမင်းတမန် ကားလမ်းကြီးလို့ နာမည်ကျော်တဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ကားမောင်းရင်း အစဉ်အလာမပျက် ကားမှောက်ပြီး ငရဲပြည်ကို ရောက်လာတာ ပေါ့ သိပြီလား။

ငရဲမင်း - ပေါ့ကောင်တွေ၊ မင်းတို့ကို ကြွတုန်း လူပြည်က အသိမိတ်ဆွေ တွေ ပြရဦးမယ်။ ဒီမှာ ကြည့်စမ်း၊ ငရဲသားတစ်ယောက် တွေ့လား။ ပါးတွေ နားတွေကို ငရဲထိန်းတွေက ခွေးနဲ့တိုက်ပြီး ကိုက်ခိုင်း နေတာ။

ထူးကြီး - သနားပါတယ်ဗျာ၊ သူက ဘာအတွက် ခံရတာလဲ။

ငရဲမင်း - လူပြည်တုန်းက နယ်လှည့်ပါးရိုက်လာတဲ့လူပဲ့။ သေတော့ ဒီကိုရောက်ပြီး ခံနေရတာပဲ။

မှူးကြီး - ဟောဟိုက ဗိုက်မှာ ဒဏ်ရာကြီးနဲ့ အူတွေပွင့်နေတဲ့သူကကော ခင်ဗျာ။

ငရဲမင်း - သူကတော့ သူများအကြောင်း မကောင်းပြောလို့ သူ့ဗိုက်ကို လှန်လှန်ပြတဲ့ သူကွဲ့။

ဂေါပက - ဒါဆို ဟောဟိုမှာ ချိန်ခွင်နဲ့ မသေမရှင် ဇိုင်းခုတ်သတ်ခံနေရတဲ့ လူကကော။

ငရဲမင်း - အဲဒါက ဈေးလူကြီးဈေးကောက်ခွံမှာ ဘက်လိုက်တဲ့ ဒိုင်လူကြီးပေါ့။ လာဘ်စားတဲ့ တရားသူကြီးတွေလည်း ပါတယ်။

ထူးကြီး - ဟိုး .. ရေတွင်းကြီးထဲမှာ မှောင်ကြီးမည်းကြီး တစ်ယောက်တည်း ဖယောင်းတိုင်လေးနဲ့ ငုတ်တုတ်ထိုင်နေတဲ့သူကကော။

ငရဲမင်း - သူကတော့ လူတွေကို မီးမလာရင် ဖယောင်းတိုင်ထွန်း နေနိုင်းတဲ့ပုဂ္ဂိုလ်ပါ။

မှူးကြီး - အဝေးပြေးလမ်းမကြီးကို ဖောက်ခဲ့တဲ့ တာဝန်ရှိသူတွေကော မခေါ်ဘူးလား ခင်ဗျ။

ငရဲမင်း - ငရဲပြည်မှာ မဟုတ်ကဟုတ်က လမ်းသစ်တွေခင်းနေမှာစိုးလို့ လောလောဆယ် မခေါ်သေးဘူး။ ဒါပေမဲ့ စာရင်းရှိပြီးသားပဲကွာ၊ ငါတို့လက်က ဘယ် လွတ်ပါ့မလဲ။ ကဲ - ကြာတယ်ကွာ၊ မင်းတို့မှာ အပြစ်ရှိလား၊ မရှိလား ပြော။

ထူး၊ မှူး - ဟုတ်ကဲ့ အပြစ်ရှိပါတယ်။

ငရဲမင်း - ကောင်းပြီ၊ ကိုယ့်အပြစ်ကိုယ်ဝန်ခံလို့ သက်သာတဲ့အပြစ်ဒဏ် ချမှတ်လိုက်မယ် နာခံစေ။ အမိန့်။ မောင်ထူးကြီးနှင့် မောင်မှူးကြီး သည် မော်တော်ကားအမည်းကြီးပေါ်မှ မဆင်းလိုဘဲ ဘုရား ရင်ပြင်တော်ပေါ်အထိ တက်ရောက်မောင်းနှင်ခဲ့သောကြောင့် ယခု ကားသစ်အမည်းကြီးနှင့်ပင် ဂေါပကလူကြီးများကိုခေါ်၍ မဟာယောရုဝငရဲတွင် ကမ္ဘာပျက်သည်အထိ ကားထဲမှ မထွက်ဘဲ အစာမစား၊ ရေမသောက်၊ အခင်းကြီး အခင်းလေး သွားခွင့် မပြုဘဲ မစင်ဘင်ပုပ်တောအလယ်၌ နေကြစေသတည်း။

ထူး၊ မှူး - သေပြီ ဆရာ။

ဟာစ်တိုင်ဂျာနယ် (၃၀-၅-၂၀၁၄)

❑

# ထူးကြီး မူးကြီးဆွေးနွေးခန်း
## (နှစ်ထောင် တစ်ယောက် လောက် မလောက်)

တစ်နေ့သ၌ ထူးကြီးသည် ဗိုက်ဆာဆာ ရှိသည်နှင့် လမ်းထိပ်သို့ ထွက်လာရာ လမ်းထိပ် လက်ဖက်ရည်ဆိုင်၌ ရောက်နှင့်နေသော မူးကြီးနှင့်တွေ့၍ ရောက်တတ်ရာရာ စကားများကို အောက်ပါအတိုင်း ပြောဆိုကြလေသည်။

ထူးကြီး - မူးကြီးရေ၊ အတော်ပဲကွာ မင်းရောက်နေတာနဲ့။ ဒါနဲ့ မင်းမှာ ပိုက်ဆံ ဘယ်လောက် ပါသလဲကွ။

မူးကြီး - ဦးညာဏ်ထွန်း တစ်ရွက် ပါတယ်။ ဒါပေမဲ့ သမ္မတကြီး တစ်ခွက် ဝယ်သောက်လို့ သိပ်မကျန်တော့ဘူး။

ထူးကြီး - ဘာလဲကွ ရှုပ်နေတာပဲ။ ပိုက်ဆံဘယ်လောက်ပါလဲ မေးတာ ဘာတွေ လျှောက်ပြောနေတာလဲ။

မူးကြီး - မင်း တော်တော် အုံးဝေးသေးတာပဲ ထူးကြီး။ ဦးညာဏ်ထွန်း တစ်ရွက်ပါတယ် ဆိုတာ ငွေနှစ်ထောင်ပါလာတာကို ပြောတာဟ။

ထူးကြီး - သမ္မတကြီးတစ်ခွက် ဝယ်သောက်လိုက်ပြီ ဆိုတာကော။

မူးကြီး - မသိရင် မှတ်ထား၊ သမ္မတကြီးတစ်ခွက်ဆိုတာ နွားနို့တစ်ခွက် ဝယ်သောက် လိုက်တာ။

ထူးကြီး - ဩော် - အေး၊ ရှင်းပါပြီကွာ၊ မင်းကလည်း စကားကို ရှင်းအောင်မပြောဘူး။ ပြောလိုက်ရင် သမ္မတရဲ့ ပြောရေးဆိုခွင့်ရှိသူ

ပြောသလိုပဲ မရှင်း မရှင်းနဲ့ ရှေ့ကပြော နောက်က လိုက်ဖာနဲ့ လုံးလည်ချာလပတ် လိုက်နေတယ်။

မှုးကြီး - ဟောကောင်၊ ငါ့ကို မခေဖန်နဲ့၊ ဦးအုန်းမြင့်စိတ် ပေါက်နေတဲ့ အခိုက်ဆို မင်းကို ပါးရိုက်မိမယ်။ ကောင်းကောင်းနေ၊ ဘရိုတ်ဖတ် စားမှာဖြင့် စား၊ လက်ထဲသေနတ်ရှိလို့ကတော့ ဘူးလက် ဗိုလ်အောင်ဒင်လို သေနတ်နဲ့ မင်းကို ထပစ်မိမယ်။

ထူးကြီး - မိဘပြည်သူများ ကယ်တော်မူပါ။ အဲလေ - မြတ်စွာဘုရား ကယ်တော်မူပါ။ လူတွေလည်း ဘာစိတ်ပေါက်ကုန်ကြပြီလဲ မသိတော့ပါဘူး။

မှုးကြီး - ဒါနဲ့ ဒု-သမ္မတကြီး ပြောသွားတဲ့ လူတစ်ယောက်ဟာ တစ်နေ့ကို ငွေနှစ်ထောင်ကျော်ရှိရင် လောက်တယ်ဆိုတဲ့စကားကို မင်း ဘယ်လို ယူဆလဲ။

ထူးကြီး - လောက်တာပေါ့ကွာ။ တချို့ဆို ငါးပြားမှ မဝင်ဘဲနဲ့တောင် အလှူအိမ်တွေ လိုက်စားပြီးနေလို့ ရသေးတာပဲ။ နေတတ်ရင် ရတာပေါ့။

မှုးကြီး - ဟုတ်ရဲ့လားကွာ။

ထူးကြီး - မယုံရင် ငါလက်တွေ့ပြမယ်ကွာ။ မင်းမှာ ငွေနှစ်ထောင်ပါလာတယ် မဟုတ်လား။

မှုးကြီး - အေး - ဟုတ်တယ်၊ နွားနို့ဖိုး ရှင်းရဦးမယ်။

ထူးကြီး - ရတယ်ကွာ မရှင်းနဲ့။ ဟောကောင်တွေ စားပွဲထိုးလာဦး။ ဒီမှာ နွားနို့တစ်ခွက်၊ နောက်ထပ် ငါ့ဖို့ မုန့်ဟင်းခါးတစ်ပွဲ၊ လက်ဖက်ရည် ရှယ်တစ်ခွက်လုပ်ပြီးတော့ ငါတို့စားတာ မှတ်ထားလိုက်၊ နောက်မှရှင်းမယ်။ ဆိုင်ရှင်ကို ပြောလိုက်၊ ရာဇိမ်မျူး ထူးကြီးတို့အဖွဲ့ စားသွားတယ်လို့ ဟုတ်ပြီလား။

စားပွဲထိုး - အရင် အကြွေးတွေကော မဆပ်သေးဘူးလား ဆရာ။

ထူးကြီး - စကားမရှည်နဲ့ ဦးအုန်းမြင့်နဲ့ တွေ့သွားမယ်။ လွှတ်တော်က ဖွဲ့စည်းပုံ ပြင်တဲ့နေ့ကျရင် ငါလာဆပ်မယ် ကြားလား။

စားပွဲထိုး - ဒါဆို ဆုံးပြီပေါ့ ဆရာရယ်။

ထူးကြီး - စကားမရှည်နဲ့ကွာ။ လာ မှုးကြီး။

မှုးကြီး - ဘယ်လဲကွ။

ထူးကြီး - ဟိုဘက်ရပ်ကွက်မှာ ကိုနိုင်ဦးအမေဆုံးလို့ အသုဘရက်လည် ဆွမ်းကျွေးတာ သွားစားကြမယ်။ ကြက်သားဟင်းနဲ့ ပဲကုလားဟင်းတဲ့ကွ။ ငွေတစ်ပြားမှ မကုန်ဘဲ နေ့လယ်စာတစ်နပ် ကြိတ်ရမှာ အမိုက်ပဲ။

မူးကြီး - အေးဗျ ငါတို့ ဒုသမ္မတကြီးက ငွေနှစ်ထောင်နဲ့ လောက်တယ်ဆိုတာ ဒါကြောင့် ပြောတာနေမှာ၊ သူ ငယ်ငယ်တုန်းကလည်း ငါတို့လို အလှူအတန်း လိုက်စားပုံရတယ် အဟေး။

ထူးကြီး - မနက်စာနဲ့ နေ့လယ်စာတော့ ဟန်ကျပြီ။ နေ့လယ်ဘက် လက်ဖက်ရည် သောက်ရအောင် ကြံပါဦးဟ။

မူးကြီး - ဒီအချိန် ဆရာသစ္စာနီ အိမ်မှာ ရှိလောက်တယ်ကွ။ နေ့ခင်းဘက် အလည်လာ သလိုလို၊ စာပေဆွေးနွေးသလိုလို ဘာလိုလိုနဲ့ သူ့အိမ် သွားလည်ရင် လက်ဖက်ရည်တိုက်မှာ သေချာတယ်။

ထူးကြီး - ဖြစ်ပါ့မလားကွာ။

မူးကြီး - ဖြစ်ပါတယ်ဟ၊ မောင်ကျော်သာ(ပဲခူး)တို့၊ ပန္နမ်ဒီရိုင်းတို့၊ နေဦး ကျော်ခေါင် တို့တောင် အဲဒီလို ကပ်သောက်နေကျပဲ။ ဖြစ်ပါတယ်။ ဆရာသစ္စာနီက သဘောကောင်းပါတယ်။ နောက်ပြီး လူမိုက်ကြီး ဆိုတော့ အမြဲ ငွေပိုငွေလျှံ လက်ထဲမှာ ဆုပ်ဆုပ်ခဲခဲ ကိုင်မိတယ် မောင်။ ဘာမှမပူနဲ့၊ လာ သွားကြမယ်။ ငွေနှစ်ထောင် လောက်အောင်သုံးဖို့ဆိုရင် ဒီလိုလုပ်မှ အကုန်အကျ သက်သာပေ မပေါ့။

ထူးကြီးနှင့် မူးကြီးသည် ထိုသို့ တစ်နေ့လုံး ဟိုအိမ်ဝင် ဒီအိမ်ထွက်ဖြင့် ထမင်း၊ လက်ဖက်ရည်၊ မုန့် စသည်တို့ကို အရှက်မရှိ ဝင်ရောက်စားသောက်ကြရာ အတော်ပင် ဟန်ကျလျက် ရှိနေကြချေ၏။

ထူးကြီး - မူးကြီးရေ၊ ဒီနည်းက အတော်ဟန်တယ်နော်။

မူးကြီး - ဟုတ်တယ်ကွ။ ဒုသမ္မတကြီးပြောတာ သွေးထွက်အောင် မှန်တာပဲ။ တကယ်ဆိုရင် တို့လူမျိုးဟာ အလကားနေရင်း မာနကြီးပြီး တလွဲ ဆံပင်ကောင်းနေလို့ကွ။ အခုလိုသာ အကွက် အကွင်းကျကျ လိုက်ပြီး စားသောက်တတ်မယ်ဆိုရင် စား ဝတ် နေရေး ဘာမှစရာလိုတော့မလဲကွာ။ ကိုယ်အလုပ်လုပ်လို့ ရလာမယ့်

တစ်နေ့နှစ်ထောင်ကို အသားတင် စုရုံပဲပေါ့။

ထူးကြီး - ညနေစာအတွက် စဉ်းစားပါဦး မူးကြီး။

မူးကြီး - အကြံရပြီကွ၊ ဟစ်တိုင်ဂျာနယ်ပိုင်ရှင် ဦးကိုလေး (၇၄)ဆိုလား (၄၇)ဆိုလား အဲဒီ လူကြီးက သိပ်သဘောကောင်းတာကွ။ သတင်းဆောက်တွေဆိုရင်လည်း သတင်းတစ်ပုဒ် တစ်သောင်းခွဲ တောင် ပေးတာ။ ဆောင်းပါးခတွေ ဘာတွေ ဆိုရင်လည်း လေးငါးသောင်း ပက်ခနဲပဲတဲ့။

အေး - အဲဒီ ဦးကိုလေးက သူ့မွေးနေ့ အထိမ်းအမှတ် ဒီနေ့ ပေါက်စေတီ ဘုန်းကြီးကျောင်းမှာ စတုဒိသာ ကျွေးမှာတဲ့။ ဝက်သားဟင်းနဲ့ တညင်းခွက် ဆီပြန်တဲ့ကွ။ အဟုတ်၊ အလတ်၊ အမြတ်မရွေး လာသမျှလူကို ဧည့်ခံနေသတဲ့ ဒီနားလေးတင် ရှစ်မိုင်တင်ကွာ၊ လာလာ အမြန်သွားရင် မီသေးတယ်။

ထူးကြီးနှင့် မူးကြီးသည် ဒိုင်နာမော်တော်ယာဉ်ကို ပိုက်ဆံမပေးဘဲ ပေးပြီး ယောင်ဆောင်၍ နိုးစီးကာ ရှစ်မိုင်လမ်းဆုံသို့ ရောက်သွားကြလေ၏။ ပေါက်စေတီကျောင်းရှေ့တွင် စတုဒိသာလာသော လူအများ စုပြုံတိုးဝေ့နေကြရာ သူတို့နှစ်ယောက်လည်း ဝင်ရောက်တန်းစီလေ၏။

အလှူရှင် - မတိုးကြပါနဲ့ အားလုံး စားရမှာပါ။ အားလုံး ဘုန်းကြီးကျောင်းပေါ် ကြွကြပါ။

ထူး/မူးကြီး - အိမ်ကို ပါဆယ်ထုပ်သွားလို့ မရဘူးလားဗျို့။

အလှူရှင် - ရပါတယ် ရပါတယ် ကြွပါ ကြွပါ။

ထူးကြီးနှင့် မူးကြီးသည် စတုဒိသာ အလှူမှ ကျွေးသမျှကို ပါးဖြဲနားဖြဲ စားသောက်ပြီး ဒုတိယ သမ္မတကြီး၏ လမ်းညွှန်ချက် အောင်မြင်ပုံ၊ မြန်မာတို့၏ အလှူအတန်းရက်ရောပုံ၊ ဘာသာရေး ကိုင်းရှိုင်းပုံတို့ကို ချီးမွမ်းပြောဆိုနေကြရင်း ဘုန်းကြီးကျောင်းပေါ်မှ ဆင်းလာကြလေ၏။

ထူးကြီး - တကယ်ပါကွာ၊ တစ်နေ့ နှစ်ထောင်ရှိရင် လောက်ပါတယ်ကွ။ သုံးတတ်ရင် ပိုတောင် ပိုပါသေးတယ်။

မူးကြီး - ဟုတ်တယ်ကွ၊ ငါတို့ မြန်မာလူမျိုးတွေဟာ ရိုးသားကြပြီး ဘာသာရေး ကိုင်းရှိုင်း၊ ဟင် - ငါ့ဗီနပ် မရှိတော့ဘူးဟ။

ထူးကြီး - ငါ့ဖိနပ်လည်း မတွေ့တော့ဘူး ပျောက်ပြီဟ။ အမယ်လေး လုပ်ရက်ကြပါပေ့။ ငါ့ ဖိနပ်အသစ်ကြီး ခြောက်ထောင်တောင် ပေးရတာယ်။ မနေ့ကမှ ဝယ်ထားတာ။

မှူးကြီး - ငါ့ဖိနပ်လည်း အလတ်ကြီးရှိသေးတယ်။ အကောင်းစား မြမာလာ ဖိနပ်ပါဟ၊ အမယ်လေး ကောင်းကြသေးရဲ့လား။

ထူးကြီး - အမယ်လေး ဒုသမ္မတကြီးရဲ့၊ ကျွန်တော်တို့ တစ်နေ့နှစ်ထောင်နဲ့ လောက်အောင် အလှူအိမ်မှာ ဝင်စားခါမှ ဖိနပ်တွေ လူခိုးလို့ ပျောက်ကုန်ပြီဗျ။

မှူးကြီး - သေခြင်းဆိုး သူခိုးတွေ မြန်မြန် သေပါစေဟယ်။

ဟာစ်တိုင်ဂျာနယ် (၆.၆.၂၀၁၄)

□

# ထူးကြီး မူးကြီး ဆွေးနွေးခန်း
## (သုံးလက်မပဲ ကွာတော့တယ်)

ထူးကြီးနှင့် မူးကြီးတို့ ရွာနတစ်ခုတွင် ဝါဒဖြန့်ချိရေး အရာရှိပေါက်စများ ဝင်လုပ်နေရာ တစ်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ နိုင်ငံခြားဧည့်သည်တော်များ ရောက်ရှိလာ၏။

ထိုသူများ ရောက်ရှိမလာမီ သူတို့ရွာနမှ အကြီးဆုံး အရာရှိကြီးက ထူးကြီးနှင့် မူးကြီးအား ခေါ်၍ -

အရာရှိ - "တပ်မတော်တစ်ပိုင်း လူတစ်ပိုင်း၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်း နဲ့အစိုးရ လက်ထက်မှာ စည်းကမ်းပြည့်ဝသော ဟိုမိုကရေစီ စနစ်ကြီးကို ကျင့်သုံးနေတာကာ"

ထူးကြီး - ဒီမိုကရေစီပဲ ကြားဖူးပါတယ်။

အရာရှိ - ဟိုလိုလို ဒီလိုလိုမို့ ဟိုမိုကရေစီကွာ ... ကဲ - ရှင်းပလား။ အဲဒီတော့ နိုင်ငံခြားသားတွေ အထင်ကြီးလာအောင် ဟုတ်တာ မဟုတ်တာ အပထား။ တို့ နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်နေပါပြီ ဆိုတာကို သူတို့တွေ ယုံချင်ယုံ၊ မယုံချင်နေ ခပ်တည်တည်နဲ့ ပြောရမယ်သိလား။ အဲဒီလို ပြောတာဖြန်းတာ တော်လွန်းလို့ မင်းတို့လို အရက်သမားနှစ်ယောက်ကို အလုပ်ခန့်လိုက်တာပဲ။

မူးကြီး - စိတ်ချပါ ဆရာ။ ကျွန်တော်တို့ ဆရာလိုပဲ တတ်နိုင်သမျှ နိုးပါ့မယ်၊ အဲလေ ဖြီးပါ့မယ်။

အရာရှိ - ကောင်းတယ်၊ ကောင်းတယ်။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ရွတ်စက်သာ ဖြီးကြတော့။ အရင်ကတော့ ငါတို့ ဖြီးတာဖြန်းတာ ညံ့တော့ စက်မှုဇုန်က ထုတ်တဲ့ ကားတွေကို ငါတို့ထုတ်တာလို့ နိုင်ငံတကာက မယုံဘူးကွ။ အဲဒါကြောင့် မင်းတို့ကို တာဝန်ပေးတာပဲ။ ပြောရင်းဆိုရင်း အမေရိကန်တွေ လာနေပြီ။

ထူးကြီး - လေးဒီး အင် ဂျန်ဂဲမန်း ကြွပါ ကြွပါ။

အမေရိကန် - ဂျန်ဂဲလ်မန်းဆိုတော့ ကျုပ်တို့ကို တောကလာတာလို့ ဆိုလိုချင်တာလား။ ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ကျုပ်တို့က တက္ကဆက်ပြည်နယ်ဘက်က လာတာဆို့ တောသားဆိုလည်း မမှားပါဘူး။

မူးကြီး - သိနေတယ်လေ၊ ခင်ဗျားတို့ မအူမလည်တွေဆိုတာ။ ကဲ-ကျုပ်ပြောမယ်၊ အိုင်ဆေး၊ ယူဆေး နှစ်ယောက်ဆေး။

ထူးကြီး - နှစ်ယောက်ဆေးတော့ ပန်းကန်ပြောင်တာပေါ့ဗျာ။ ဒါနဲ့ ခင်ဗျားတို့ လာရင်းကိစ္စက ဘာကိတ်။

အမေရိကန် - ရှေ့ပုဇွန်ကိတ်၊ အဲလေ မြန်မာဖြီဂျိုး ထိုးထက်နေပြီဆိုလို့ လာကြည့်တာပါ။

ထူးကြီး - အင်္ဂလိပ်လိုပဲ ပြောပါဗျာ။ မြန်မာလိုပြောတာကလည်း တံတွေးတွေ စဉ်လို့ပါ။

အမေရိကန် - မြန်မာပြည် တိုးတက်နေပြီဆိုလို့ လာကြည့်တာပါ။

မူးကြီး - ပြောရရင် ခင်ဗျားတို့ ယုံမှာတောင် မဟုတ်ဘူး။

အမေရိကန် - အဲ့စကတည်းက ယုံတာတော့ သိပ်မယုံပါဘူး ခင်ဗျာ။

ထူးကြီး - မယုံလည်း ပြန်တော့ဗျာ။

အမေရိကန် - စိတ်မရှိပါနဲ့ ပြောပါ ပြောပါ။ စပိပါ စပိပါ။

မူးကြီး - အိမ်း တိုတိုပြောရမယ် ဆိုရင်တော့ ကျုပ်တို့ မြန်မာပြည်ကြီး တိုးတက်ပုံဟာ အမေရိကန်နဲ့ သိပ်မကွာတော့ဘူး။ American Standard နဲ့ မြန်မာ စတန်းဒတ်ဟာ ယောဒီလောက်ပဲ ကွာတော့တယ်။ (မူးကြီးက ဝန်ကြီးတစ်ပါး၏ ဟန်ပန်ကို အတုခိုးကာ လက်ညှိုးနှင့် လက်မကို ခပ်ဟဟ လုပ်ပြသည်။ သောက်လိုက်ကမ်းဆိုး မသိသော အမေရိကန်များက မူးကြီး လက်ညှိုးနှင့်

လက်မကြား ဟနေသောနေရာကို ပေကြိုးထုတ်၍ တိုင်းရာ သုံးလက်မတိတိသာ ကွာတော့ကြောင်း ခေါင်းတညိတ်ညိတ်ဖြင့် အသိအမှတ် ပြု၏)

အမေရိကန် - နှစ်နိုင်ငံကြား ကွာခြားမှုက သုံးလက်မပဲရှိတော့တယ်ဆိုတာ ဟုတ်ပါ့မလား။ ကျုပ်တို့က လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက် ကတည်းက လကမ္ဘာကို ရောက်ပြီးနေပြီနော်။

မူးကြီး - အမေရိကန်တွေက ဉာဏ်နည်းလို့ ခတ်ဆီအကုန်ခံပြီး လကမ္ဘာကို ကိုယ်တိုင်သွားတာပါ။ ကျုပ်တို့ မြန်မာတွေက နက္ခတ်ဗေဒင် ပညာနဲ့ ဂြိုဟ်ကြီးကိုးလုံးအကြောင်း ကျောက်သင်ပုန်းတစ်ချပ်နဲ့တင် လေ့လာ ပြီးသွားပါပြီ။ ပြီးတော့ မြန်မာနိုင်ငံက လမ်းတွေဟာ ချိုင့်တွေများလွန်းလို့ လကမ္ဘာလို ဖြစ်နေတာကြောင့် ဝေးဝေး သွားကြည့်စရာ မလိုပါဘူး။ ဒီမှာတင် လကမ္ဘာအကြောင်း သိနိုင်ပါတယ်။

အမေရိကန် - ခင်ဗျားတို့ နိုင်ငံက အင်တာနက်လိုင်းတွေ သိပ်နှေးတယ်ဆို။

ထူးကြီး - အင်တာနက် အမြန်လိုင်းက သီးသန့်ရှိပါတယ်။ လူငယ်တွေ မှေ့ဘွတ်ပဲ အချိန်ရှိတိုင်း ကလိနေမှာစိုးလို့ နိုင်ငံတော်က စေတနာနဲ့ နှေးချင်ယောင် ဆောင်ထားတာပါ။

အမေရိကန် - အမြန်လမ်းမကြီးကလည်း ခဏ ခဏ လူသေတယ်ဆို။

မူးကြီး - ဒါကလည်း တစ်မိုင်ကို တစ်ယောက်နှုန်း လမ်းအစောင့်အဖြစ် ထားဖို့ စတေးတဲ့အနေနဲ့ လွှတ်ထားတာပါ။ ရန်ကုန်-မန္တလေး မိုင် ၄၀၀ ကို လူ ၄၀၀ သေပြီးတာနဲ့ အန္တရာယ်မဖြစ်အောင် ကွန်ထရိုးလ်လုပ်မှာပါ။

အမေရိကန် - မြန်မာ့လွှတ်တော်မှာလည်း တပ်မတော်သားတွေ ဝင်ပါနေတယ်ဆို။

မူးကြီး - ဒါကလည်း နားလည်မှုလွဲတာပါ။ တပ်မတော်သားတွေဟာ ရှေ့တန်းမှာ တိုက်ပွဲတွေကြောင့် အေးအေးဆေးဆေး မအိပ်ရဘူး။ ဒါကြောင့် နောက်တန်း ပြန်ရောက်တဲ့အခါ လွှတ်တော်ထဲမှာ အဲကွန်းကလည်း ကောင်းတော့ အေးအေးဆေးဆေး အလှည့်ကျ လာအိပ်နေကြတာပါ။

အမေရိကန် - မီးတွေလည်း ခဏ ခဏ ပျက်တယ်ဆို။

ထူးကြီး - မြေကမ္ဘာနေကို ဂုဏ်ပြုတဲ့အနေနဲ့ ခဏ မီးအမှောင်ချထားတာပါ။ ပျက်တာ မဟုတ်ပါဘူး။

အမေရိကန် - ဗမြေးတွေကလည်း ခေါင်းနိုက်နေတယ်ဆို။

မူးကြီး - ဒါက Day After Tomorrow ရုပ်ရှင်ဇာတ်ကားတို့၊ 2010 ရုပ်ရှင်ဇာတ်ကားတို့၊ Noah ဇာတ်ကားတို့ထဲကလို ကမ္ဘာပျက်တဲ့အခါ မြေကြီးဆိုလို့ မြန်မာတစ်နိုင်ငံပဲ ကျန်ခဲ့မှာဆိုတော့ အဲဒီကျရင် မြေတွေ ရှားလာမှာကို ကြိုတင်တွက်ဆပြီး ကမ္ဘာပျက်မြေရှေး ကြိုယူထားတာပါ။ ကြိုပို့ငှံ့စနစ်ပေါ့။

အမေရိကန် - ဒါနဲ့ လာဘ်ပေးလာဘ်ယူတဲ့ နေရာမှာ မြန်မာပြည်ဟာ ကမ္ဘာမှာ အဆင့်(၅) ချိတ်တယ်ဆို။

မူးကြီး - အနန္တော အနန္တငါးပါးကို ဦးထိပ်ထားတဲ့ အနေနဲ့ အဆင့်(၅) နေရာကို ယူထားတာပါ။

အမေရိကန် - ရတနာသုံးပါးဆိုပြီး အဆင့်(၃)များ တက်ယူဦးမလား မသိဘူး။ နောက်ပြီးတော့ တရားစီရင်ရေးမှာလည်း အုပ်ချုပ်ရေးက ဝင်စွက်နေတယ်ဆို၊ အမေရိကန်မှာဆို ဒီလို ဝင်စွက်ဖက်တာကို ဘယ်တရားသူကြီးကမှ လက်မခံဘူး။

ထူးကြီး - ဒါက ဒီလိုရှိပါတယ်။ တရားသူကြီးတွေ ဆံပင်ဖြူမှာစိုးလို့ ဆုံးဖြတ်ရ ခက်အောင် နက်နဲခက်ခဲတဲ့ အမှုတွေမှာ အဘတို့က ဝင်ပြီး ကူညီတာပါ။

အမေရိကန် - ငါးလောင်းပြိုင် လူသတ်မှုကြီးက ခုထိ မပေါ်သေးဘူးဆို။

မူးကြီး - မိတော့မှာပါ။ လူသတ်သမားဟာ အင်္ဂါဂြိုဟ်ကနေလာပြီး ကျူးလွန်တာမို့ အင်္ဂါဂြိုဟ်အထိ လိုက်စုံစမ်းဖို့ လုပ်နေပါပြီ။ သံဖြူဆိုင်မှာ အာကာသယာဉ် တည်ဆောက်ခိုင်းထားပါတယ်။

အမေရိကန် - ခင်ဗျားတို့ နိုင်ငံမှာ Thesis တို့ Term-Papaer တို့ တစ်ကြောင်းမှ မရေးတတ်ဘဲ ပါရဂူဘွဲ့တွေ ယူထားကြပြီး နာမည်ရှေ့မှာ ဒေါက်တာတွေ ခပ်တည်တည် အရှက်မရှိ တပ်ထားကြတယ်ဆို။

ထူးကြီး - ကျုပ်တို့ မူဝါဒကိုက တွေးသမျှလူ ပါရဂူ၊ မြင်မြင်သမျှ ပါမောက္ခ ပဲဗျ။ မြန်မာတွေဟာ ဉာဏ်ရည်မြင့်လွန်းတော့ နိုင်ငံခြား တက္ကသိုလ်တွေက မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ဒေါက်တာဘွဲ့တွေ ပေးကြတာပေါ့။ ကျုပ်တို့ လူတွေကလည်း ပထဝီဘာသာရပ်မှာ

တစ်ဖက်ကမ်းခပ်အောင် ကျွမ်းကျင်ကြတယ်လေ။ ဒေါက်တာ မောင်မောင်သိမ်း(ငွေကမ္ဘာ)ဆို ကြည့်ပါလား။ မြေပုံကြည့်ပြီး မြေတွေ၊ ယာတွေ သိမ်းတဲ့ နေရာမှာ အရမ်းကို တော်ပါတယ်။ အာရှမှာ ဖြိုင်ဘက်ကင်းပါတယ် ခင်ဗျာ။

အမေရိကန် - ဟူးကောင်းချိုင့်ဂုမ်းတောင်မချန် မြေတွေ ယာတွေ မတရား သိမ်းယူကြတယ်ဆို။

မူးကြီး - လယ်သမား၊ ယာသမားတွေ ကျားကိုက်မှာစိုးလို့ ခရိုနီတွေက တောရှင်းပေးတာပါ။

အမေရိကန် - ဒါပေမဲ့ လုပ်ခလစာတွေ အင်မတန်နည်းတယ် ဆိုပါလား။ ကျုပ်တို့ U.S.A မှာဆိုရင် တစ်နာရီလုပ်အားခ ဒေါ်လာ ၂၀ လောက် ရကြတယ်။ ဒီမှာ တစ်နေ့ နှစ်ထောင်သုံးရင်တောင် လောက်တယ် ဆိုပါလား။

ထူးကြီး - တစ်နေ့ နှစ်ထောင်ဆိုတာ ဒေါ်လာနှစ်ထောင်ကို ပြောတာပါ။

အမေရိကန် - ဟိုက် … တယ်မြင့်ပါလား။

မူးကြီး - ကြာတယ်ဗျာ၊ ခင်ဗျားတို့က အမေရိကန်စတန်းဒတ်နဲ့ မြန်မာ စတန်းဒတ် သိပ်မကွာဘူးဆိုတာ မယုံဘူးပေါ့။ ဒီလောက်တောင် ရိုင်းတာ ကျုပ်နောက်ကို လိုက်ခဲ့ကြ၊ လက်တွေ့ပြမယ်။ ကင်မရာ တွေ ဘာတွေလည်း သေသေချာချာ အသင့်ပြင်လာခဲ့ကြ မှတ်တမ်း ဓာတ်ပုံရိုက်ရအောင်။

ထူးကြီးနှင့် မူးကြီးသည် အမေရိကန်အဖွဲ့အား မြို့တော်ခန်းမဘေး မဟာဗန္ဓုလ ပန်းခြံထဲမှ အများသုံးအိမ်သာသို့ ခေါ်လာခဲ့၏။

အမေရိကန် - ဘယ်ကို ခေါ်လာတာလဲဗျ။ ကျုပ်တို့ အိမ်သာ မတက်ချင်သေးဘူး။

မူးကြီး - အိမ်သာတက်ခိုင်းမလို့ မဟုတ်ပါဘူး။ လိုက်မှာသာ လိုက်ခဲ့စမ်းပါ။ ကဲ - လာခဲ့ အားလုံး သန့်စင်ခန်းထဲ ဝင်ခဲ့ကြ၊ ဒီမှာကြည့်ကြ။

အမေရိကန် - ဘယ်ကို ကြည့်ရမှာလဲ။ ကျုပ်တို့ ဓား မဟုတ်ဘူးနော်။

ထူးကြီး - အပေါ့သွားတဲ့ ကမုတ်အိုးတွေကို ကြည့်ကြ။ ဘာရေးထားသလဲ ဖတ်ကြည့်စမ်း။

အမေရိကန် - American Standard လို့ ရေးထားတယ်ဟ။

မူးကြီး - ကဲ - အပေါ့သွားကြည့်စမ်း ဘယ်လိုနေသလဲ။

အမေရိကန် - ကျုပ်တို့ အမေရိကန်အရပ်နဲ့ဆိုရင် ဆီးအိုးကမုတ်က နည်းနည်း နိမ့်နေသလိုပဲ။
ထူးကြီး - တိတိကျကျ ပြောစမ်း၊ ဘယ်နှလက်မလောက် နိမ့်နေသလဲ။
အမေရိကန် - သုံးလက်မလောက် နိမ့်နေပါတယ်။
မူးကြီး - အဲဒါ အဖြေပဲ၊ အဲဒါ အဖြေပဲ။ American Standard နဲ့ မြန်မာ Standard အဲဒီလောက်ပဲ ကွာပါတယ်လို့ ကျုပ်ပြောတုန်းက ခင်ဗျားတို့က မယုံကြဘူး။ ကျုပ်ပြောတဲ့ American Standard ဆိုတာ အိမ်သာမှာ ကပ်ထားတဲ့ ကမုတ်အိုးတံဆိပ်ကို ပြောတာဗျ။ မသေမချင်း မှတ်ထားကြ။
ကန်အဖွဲ့ - အိုးမိုင် ကမုတ် (အဲလေ) Oh My God !

New Watch စောင့်ကြည့်သတင်းဂျာနယ် (၁၀-၆-၂၀၁၄)

❑

## ဒေဝေါကြီးနှင့် ဒေဝေါလေး

ထိုင်းနိုင်ငံတွင် စစ်အာဏာသိမ်းသည့်ကိစ္စနှင့် ပတ်သက်၍ အစိုးရလိုလားသူဟု နာမည်ကြီးသော စီးပွားရေးသမား စာရေးဆရာတစ်ယောက်နှင့် ကျွန်တော် စကားစပ်မိသောအခါ သူက ယခုလို မေး၏။

"ထိုင်းမှာ စစ်တပ်က အာဏာသိမ်းတာ ခင်ဗျား ဘယ်လိုမြင်သလဲ"

"ကျွန်တော် စိုးရိမ်တယ် ဦးလေး"

"ဟုတ်တာပေါ့၊ စိုးရိမ်ရမှာပေါ့။ ကျုပ်တို့ နိုင်ငံမှာလည်း ဒီလို ဆူပူမှုတွေ မဖြစ်စေချင်လို့ တပ်မတော်က ဝင်ထိန်းနေရတာ မဟုတ်လား"

"ကျွန်တော် စိုးရိမ်တာက အဲဒါကို မဟုတ်ဘူး ဦးလေး။ ထိုင်းမှာ ဖြစ်တာကို လက်ညှိုးထိုးပြီး ကလေးတွေကို လူကြီးတွေက ဒေဝေါကြီးလာပြီ၊ ဒေဝေါကြီး ကိုက်လိမ့်မယ်လို့ မမြင်ရတဲ့ဟာကို ပြပြီး ခြောက်သလို မြန်မာပြည်မှာလည်း စစ်အာဏာရှင်စနစ်ကို ဖက်တွယ်ထားချင်တဲ့သူတွေက ထိုင်းကို လက်ညှိုးထိုးထိုးပြပြီး နိုင်ငံရေးဒေဝေါကြီးနဲ့ ခြောက်မှာ၊ လှန့်မှာ၊ အာဏာ လက်မလွှတ်ချင်တာကို စိုးရိမ်တာပါ"

ထိုအခါမှသာ ဦးလေးအရွယ် ပုဂ္ဂိုလ်ကြီးသည် ကျွန်တော် သူ့ဘက်သား မဟုတ်သည်ကို သဘောပေါက်ပြီး ဘာမှ ဆက်မပြောတော့ဘဲ ထွက်သွားခဲ့ပါသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ထိုင်းနိုင်ငံ စစ်တပ်သည်လည်းကောင်း၊

မြန်မာ့တပ်မတော်သည်လည်းကောင်း ဒေဝေါကြီးကို ပြပြီး ခြောက်လှန့် အာဏာသိမ်းနေသည်မှာ အကြိမ်ကြိမ်ရှိနေပြီ ဖြစ်သည်။

ထိုင်းနိုင်ငံတွင် အာဏာသိမ်းရန် ကြိုးပမ်းအားထုတ်မှုပေါင်း (၁၉)ကြိမ် အထိ ရှိခဲ့ပြီး ယခုအကြိမ်နှင့်ဆိုလျှင် အောင်မြင်သော အာဏာသိမ်းမှု (၁၂)ကြိမ် တိုင်တိုင် ရှိခဲ့ပြီ ဖြစ်သည်။ ကမ္ဘာပေါ်တွင် အာဏာသိမ်းမှု အများဆုံးဖြစ်ပွားခဲ့သော နိုင်ငံဟုပင် ဂင်းနစ်မှတ်တမ်း ရေးထိုးနိုင်မည် ဖြစ်သည်။

သို့သော် တစ်ခု ခံသာသည်မှာ ထိုင်းစစ်တပ်သည် အာဏာသိမ်းပြီးတိုင်း ရွေးကောက်ပွဲများလုပ်ပြီး ပြည်သူလူထု ရွေးကောက်တင်မြှောက်သော အစိုးရကို အာဏာ ပြန်လည် လွှဲပြောင်းပေးခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံလောက် စစ်တပ်အာဏာသိမ်းသော အကြိမ်အရေအတွက် မများခဲ့။ စစ်အာဏာသိမ်းသည့် အခြေအနေ(၄)ကြိမ် ကြုံခဲ့ရပြီး နှစ်ကြိမ် အာဏာသိမ်းပွဲ ဖြစ်ခဲ့သည်။ ၁၉၅၈ ခုနှစ် ဦးနုအစိုးရ လက်ထက်တွင် တပ်မတော်မှ အာဏာသိမ်းရန် အသံများ ထွက်ခဲ့ပြီး ဦးနုက တပ်မတော်အား ယာယီအာဏာ အပ်နှံခဲ့သည်။ တစ်ဖန် ၁၉၇၇ တွင် ဗိုလ်ကြီးအုန်းကျော်မြင့် ခေါင်းဆောင်သော မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များသည် ဦးနေဝင်း အစိုးရထံမှ အာဏာသိမ်းရန် ကြိုးစားခဲ့ရာ အောင်မြင်မှု မရှိခဲ့ဘဲ စစ်ခုံရုံးဖြင့် အရေးယူ သေဒဏ်ပေးခံခဲ့ရသည်။

၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင်တော့ တပ်မတော် အာဏာသိမ်းပွဲများ မြန်မာပြည်တွင် ဖြစ်ပွားခဲ့သည်။ ၁၉၆၂ အာဏာသိမ်းရာတွင် နိုင်ငံတော်အာဏာကို ၁၉၈၈ အထိ (၂၆ နှစ်) ရယူခဲ့ပြီး ၁၉၈၈ အာဏာသိမ်းရာတွင် ၂၀၁၀ အထိ (၂၂)နှစ် အာဏာ ရယူခဲ့သဖြင့် မြန်မာနိုင်ငံသည် အာဏာသိမ်းသည့် အရေအတွက် ထိုင်းထက် (၆)ဆခန့် လျော့နည်းခဲ့သော်လည်း အာဏာရယူထားသည့် ကာလမှာ ထိုင်းထက် အဆများစွာ ကြာမြင့်ခဲ့သည်။

ထို့ကြောင့် လူရွှင်တော်များ ပြက်လုံးထုတ်သလို "ငါကောင်မလေးကတော့ ဘဝမှာ တစ်ကြိမ်တစ်ခါပဲ မှားဖူးတယ်ကွာ။ ဘယ်သူနဲ့လဲဆိုတော့ လှည်းသား (၅၀၀)နဲ့" ဆိုသလို မြန်မာ့စစ်အာဏာသိမ်းမှုသည်လည်း တစ်ခါဆို ဆိုသလောက် သမန်ရှည်ကြာသဖြင့် လူထုက ထိတ်လန့်နေပေသည်။

တစ်ဖန် အာဏာသိမ်းခြင်း အကြောင်းပြချက်များမှာလည်း အငြင်းပွားစရာ များစွာ ရှိလေသည်။ ၁၉၆၂ အာဏာသိမ်းစဉ်က တိုင်းရင်းသားများ တောင်းဆိုသော ဖက်ဒရယ်မူကြောင့် တိုင်းပြည်ပြိုကွဲမှုက်စီးရန်၊ ချောက်ထဲကျရန် လက်နှစ်လုံးအလိုတွင်

တပ်မတော်က မလွဲမရှောင်သာ အာဏာသိမ်းလိုက်ရပါသည်ဟု ကြေညာ ဝါဒ ဖြန့်ခဲ့သည်ကို ယုံသူတွေလည်းရှိ၏။ (အများစုက) ထိုအကြောင်းပြချက်ကို မယုံကြည်ကြချေ။

တိုင်းရင်းသားများသည် သူတို့၏ ရပိုင်ခွင့်ကို ဥပဒေဘောင်အတွင်းမှ ဆွေးနွေးနေကြစဉ် အာဏာအရသာသိနေသော ဗိုလ်ချုပ်ကြီးနေဝင်းက ဒီမိုကရေစီကို ခြေဖြင့် နင်းခြေဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲမှုများစွာ ရှိသည်။ သက်သေသာဓက အဖြစ် ဗိုလ်ချုပ်နေဝင်းသည် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပမပေးဘဲ ၁၉၆၂ မှ ၁၉၇၄ အထိ (၁၂)နှစ်တာ ကာလကို အခြေခံဥပဒေမရှိဘဲ စစ်အုပ်ချုပ်ရေးဖြင့် အချိန်ဆွဲ အုပ်ချုပ်ခဲ့သည်။ ၁၉၇၄ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့သော်လည်း ထို ဖွဲ့စည်းပုံဥပဒေမှာ ပါတီစုံစနစ်ကို ဖျက်သိမ်းပြီး မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် တစ်ပါတီကိုသာ အာဏာပေးထားသော၊ ဗိုလ်ချုပ်နေဝင်းမှ ဦးနေဝင်းသို့ အာဏာလွှဲပြောင်းပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်နေခဲ့ပါသည်။ လူတို့သည် လက်နက်ကိုကြောက်၍ ငြိမ်နေကြသော်လည်း တစ်ပါတီအာဏာရှင် စနစ်ကို မည်သူမျှ မကြိုက်နှစ်သက်ကြပေ။ အလုပ်သမား၊ ကျောင်းသားများသည် အခွင့်သာတိုင်း တော်လှန်ခဲ့ပါသည်။ တိုင်းပြည် ချောက်ကမ်းပါးထဲသို့ကျဖို့ လက်နှစ်လုံးပဲ လိုပါတော့သည်ဆိုသော ဒေဝါကြီးဖြင့် မြန်မာပြည်သူများ ပထမဆုံး စတင် ခြောက်လှန့်ခြင်း ခံခဲ့ရ၏။

ထို ဒေဝါကြီးသည် ၁၉၈၈ တွင် တစ်ဖန် ပြန်လှည့်လာ၏။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် စစ်အာဏာရှင်တစ်စုကြောင့် တိုင်းပြည်သည် တစ်ချိန်က အရှေ့တောင်အာရှတွင် အချမ်းသာဆုံးနိုင်ငံ တစ်နိုင်ငံဘဝမှ ကမ္ဘာ့အဆင်းရဲဆုံး (Least Developed Country) အဖြစ် ကျရောက်သွား၏။ အဘက်ဘက်မှ ယိုယွင်းလာသော အခြေအနေများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆုံးရှုံးမှုများအတွက် တစ်နိုင်ငံလုံး လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ၈.၈.၁၉၈၈ ရက်နေ့တွင် စတင်ဆန္ဒပြကြသည်။ စစ်တပ်သည် ထုံးစံအတိုင်းပင် တိုင်းပြည် ချောက်ထဲ ကျရောက်ရန် လက်တစ်လုံးအလိုသို့ ရောက်လာသဖြင့် မလွဲမရှောင်သာ အာဏာ သိမ်းရပါသည်ဟု ဆိုကာ (၂၂)နှစ်ခန့် အာဏာကို ရယူထားလိုက်တော့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ပြည်ဖြိုး၊ ဝေပုလ္လရာမဆရာတော်နှင့် စစ်ထောက်လှမ်းရေး တို့ အပြန်အလှန် ပြောကြသော စကားများမှာ မှတ်သားဖွယ်ကောင်းသဖြင့် ဖော်ပြချင်သည်။ ဆရာတော်ကိုယ်တိုင် ပြန်ပြောသဖြင့် သိရခြင်း ဖြစ်သည်။

ပြည်မြို့သို့ ၈၈ အရေးအခင်းနောက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ ရောက်လာရာ ဝေပုလ္လဆရာတော်အား ဒေါ်စုနှင့် ဦးတင်ဦး လာရောက်ဖူးမြော်ကြ၏။ ဒေါ်အောင်ဆန်းစုကြည် ပြန်သွားသောအခါ စစ်ထောက်လှမ်းရေးမှ လူတစ်စုသည် ဆရာတော် ရှိရာသို့ ရောက်လာကြ၏။

ထောက်လှမ်းရေး - အောင်ဆန်းစုကြည်က ဘာတွေ ပြောသွားလဲ ဘုရား။

ဝေပုလ္လဆရာတော် - မင်းတို့သိချင် သူ့သွားမေးပါလား။ မင်းတို့မှာ သေနတ်ရှိတာပဲ။ အာဏာရှိတာပဲ။

ထောက်လှမ်းရေး - တပည့်တော်တို့ တပ်မတော်က အာဏာကို လိုချင်လို့ ယူခဲ့တာ မဟုတ်ပါဘူး။ သမိုင်းပေးတာဝန်အရ ယူခဲ့တာပါ ဘုရား။

ဆရာတော် - မင်းတို့ သမိုင်းက ပေး ပေးလှချည်လားကွ။

ထောက်လှမ်းရေး - တပည့်တော်တို့က သူ့ကျွန်ဘဝ ကျရောက်မှာစိုးလို့ပါ။

ဆရာတော် - မင်း သူ့ကျွန်ဘဝမှာ နေဖူးလား။

ထောက်လှမ်းရေး - မနေဖူးပါဘူး။

ဆရာတော် - "ငါ နေဖူးတယ်ကွ။ အင်္ဂလိပ်လက်အောက်မှာ ငါနေဖူးတယ်။ ထောပတ်တွေ၊ ပေါင်မုန့်တွေ၊ ငါးသေတ္တာတွေ သိပ်ပေါတယ်။ မြို့ကလည်း တအားသန့်ရှင်းတယ်၊ မင်းတို့ လက်ထက်ထက် အများကြီးသာတယ်" ဟု အရှဲ့တိုက် ပြောဆိုလိုက်လေ၏။

ထောက်လှမ်းရေးလည်း ဝေပုလ္လဆရာတော်ကို နိုင်အောင် မပြောနိုင်သဖြင့် ကပျာကယာ ကျောင်းပေါ်မှ ဆင်းပြေးသွားသည်။

ပြောလိုရင်းမှာ တပ်မှတော်ဘက်မှ အာဏာသိမ်းမှုကို သမိုင်းပေးတာဝန်လိုလို ဘာလိုလို အကြောင်းပြပြောဆိုနေသော ဒေဝေါကြီးကိုက်လိမ့်မယ်ဆိုသော သဘောတရားကို သာသနာ့ဝန်ထမ်း ရဟန်းသော်မှ သဘောမတူ၊ ဘဝင်မကျ၊ မြင်ပြင်းကတ်နေဟန်ရှိကြောင်း ဖြစ်သည်။ သာမန် ပြည်သူများမှာမူ ပြောစရာမလိုတော့ပေ။

ယခုအခါ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးလှုပ်ရှားသံများ တစ်ပြည်လုံးတွင် သောသောညံနေ၏။ အဓိက ထောက်ပြသောအချက်များမှာ ဤ ၂၀၀၈ အခြေခံဥပဒေသည် တပ်မတော်ကို အသာစီးရစေရန် တမင်သက်သက် ရည်ရွယ်ချက်ဖြင့် ရေးဆွဲထားသော ပုဒ်မတော်တော်များများ ပါနေသည်ဟူ၍

ဖြစ်သည်။ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမည့် အခြေခံဥပဒေဟုလည်း ပြောဆိုဝေဖန်ကြသည်။

ထို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တပ်မတော်မှ အာဏာသိမ်းခွင့်ကို တရားဝင် ခွင့်ပြုထားသည်။ လွှတ်တော်တွင် ရွေးကောက်ပွဲမဝင်ဘဲ တပ်မတော်သား ၂၅ ရာနှုန်း ပါဝင်ခွင့်ပြုထားသည်။ လက်နက်ကိုင်တပ်ဖွဲ့များကို ကွပ်ကဲရသော ဝန်ကြီးသုံးပါး (ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ရေးရာ)ကို စစ်တပ်မှ တိုက်ရိုက်ခန့်အပ်ခွင့်ပြုထားသည်။ ဒုသမ္မတလောင်းတစ်ဦးကို တပ်မတော်မှ ရွေးပေးရန် ခွင့်ပြုထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ မထောက်ခံဘဲ ပြင်ဆင်၍ မရရန် စနစ်တကျ ရေးဆွဲထားသည်။ ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်စေရန် ကန့်သတ်ချက်များစွာ ထည့်ထားသည်။

အစိုးရအဖွဲ့၊ လွှတ်တော်တို့တွင် တပ်မတော်သည် အတွင်းဝင် ပူးသတ်ကာ နေရာကောင်းများ ယူထားကြသည်။ အချို့က တပ်မတော်ကို ထိုနေရာများမှ ထွက်ခွာကာ မိမိ၏ မူလတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးကိုပဲ အဓိကထား လုပ်စေချင်သည်။ ပြည်တွင်း ပြည်ပက လေးစားရသော ဂုဏ်သိက္ခာရှိသည့် တပ်မတော် ဖြစ်စေချင်သည်။ သို့သော် အာဏာအရသာကို သိသွားပြီဖြစ်သော အာဏာရှင် မျိုးဆက်အချို့ကတော့ နွားအုပ်ကို ကျားချောင်းသလို အလစ်ဝင်ခွဲ၍ ရမည့်အခိုက်ကို လှည့်ပတ်ချောင်းနေသည်။ ပွဲလန့်တော့ ဖျာခင်းရန် ပွဲကို အမျိုးမျိုးလှန့်နေသည်။ မလန့်လန့်အောင် ပြည်တွင်းကို လက်ညှိုးထိုးလိုက်၊ ထိုင်းနိုင်ငံ၊ ဆီးရီးယား၊ ယူကရိန်းစသော ပြည်ပနိုင်ငံများကို လက်ညှိုးထိုးလိုက်ဖြင့် စစ်အာဏာရှင် ဝါဒကို ပြန်လည်အသက်သွင်းလိုကြသည်။ ကျွန်တော်တို့ ပြည်သူများကတော့ သူတို့ အကြောင်းပြ ခြောက်လှန့်နေသော ဒေဝေါကြီးက တကယ်ရောက်မလာဘဲ ကျောကော့အောင် ခံရဖူးသော ပို၍ ဆိုးသည့် ဒေဝေါလေးအကြောင်းကို သိနေပြီမို့ ပြည်သူ့ရှုဉ်ဖတ် ဒေဝေါလေးပြန်လာမှာကိုတော့ သေမှာထက်ပင် ကြောက်လန့်မိပါ ကြောင်း။

ဟစ်ဝိုင်ဂျာနယ် (၁၃.၆.၂၀၁၄)

□

# ပြည်သူ့ဟစ်တိုင် ဆိုသည်မှာ

မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ပြည်သူလူထု လွတ်လပ်စွာ ရင်ဖွင့်ပြောဆိုနိုင်သော ပြည်သူ့ဟစ်တိုင်တစ်ခုကို ရန်ကုန်မြို့ ကျိုက္ကသံကွင်းအနီးတွင် ဖွင့်လှစ်ရန် စီစဉ်နေကြောင်း သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ၄င်းအတူပင် မြန်မာနိုင်ငံ၏ ၁၉၆၂ နောက်ပိုင်း ပထမဆုံး ဆောက်လုပ်သည့် ပြည်သူ့ဟစ်တိုင်ကို ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မုံရွာ-ရေဦး ကားလမ်းမကြီးပေါ်ရှိ မိခင်ကလေးစောင့်ရှောက်ရေးရုံးအနီးတွင် ဆောက်လုပ်နေပြီး ဇွန်လ ပထမပတ်တွင် ဖွင့်လှစ်နိုင်မည်ဟု ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်က မေလ (၂၈) ရက်က အသိပေးပြောဆိုလိုက်သည်ဟု မဇ္ဈိမသတင်းဌာနက ၂၀၁၄ ခု၊ မေလ ၂၉ရက်နေ့ သတင်းတွင် ရေးသား ဖော်ပြသွားပါသည်။ ကျွန်တော် သတိထားမိသော အချက်မှာ ဟစ်တိုင်တွင် စကားပြောလိုလျှင် ကြိုတင်ခွင့်ပြုချက် ရယူရမည် ဆိုသော သဘောမျိုး အာဏာပိုင်များက အောက်ပါအတိုင်း ပြောကြား သွားခြင်း ဖြစ်သည်။

ဟစ်တိုင်တွင် လာရောက်ပြောဆိုမည့်သူများသည် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့် ဥပဒေအတိုင်း မြို့နယ်အုပ်ချုပ်ရေးရုံးတွင် စာတင်ကာ ခွင့်ပြုချက် ရယူရမည် ဖြစ်သည်။ ဟစ်တိုင်တွင် လာရောက်ပြောဆိုမှုတွင် အများကို ထိခိုက်စေသည့် အပြောအဆို၊ ဖော်ကားရာ ရောက်သည့် ပြောဆိုမှုများ မရှိရန်နှင့် ဟစ်တိုင်တွင်

လာရောက်ပြောဆိုသူများ၏ လုံခြုံရေးအတွက် ရဲလုံခြုံရေးပါ ချထားပေးမည်ဟု ဆိုသည်။

ဤနေရာ၌ နိုင်ငံတကာရှိ ဒီမိုကရေစီနိုင်ငံများ၂ ဟစ်တိုင်စနစ်နှင့် ယှဉ်ကြည့်လျှင် ပြောစရာနှစ်ချက် တွေ့ရ၏။ ပထမအချက်မှာ နိုင်ငံတကာတွင် ပြည်သူ့ဟစ်တိုင်များကို အများပြည်သူ လူစည်ကားသော၊ သွားရေးလာရေး အဆင်ပြေသည့် မြို့လယ်ကောင် လမ်းဆုံများတွင် ထားပေးခြင်း ဖြစ်သည်။ ဥပမာ- ဖ.ဆ.ပ.လ အစိုးရလက်ထက်က ဟစ်တိုင်ကို မဟာဗန္ဓုလပန်းခြံထဲတွင် ထားရှိပေးခဲ့ပါသည်။ မည်သည့်နိုင်ငံမှ ပြည်သူ့ဟစ်တိုင်ဆိုသော လွတ်လပ်စွာ ပြောခွင့်ရသည့်နေရာကို မြို့လယ်ကောင်နှင့် အလှမ်းဝေးသော ချောင်ထဲသို့ မပို့ပါလေ။ နောက်တစ်ချက်မှာ လွတ်လပ်စွာ ပြောဆိုခွင့်ကို အားပေးလိုသော ဒီမိုကရေစီ အလေ့အထကို မွေးမြူပေးခြင်းဖြစ်ရာ ဟစ်တိုင်မှန်လျှင် မည်သည့်နိုင်ငံတွင်မှ ကြိုတင်ခွင့်ပြုချက် တောင်းခံ ရသည်ဟု မကြားဖူးချေ။ ဟစ်တိုင်ဆိုသည်မှာ မိမိရင်ထဲ အသည်းထဲမှ ပြောချင်စိတ် ပေါက်လာသော စကားများကို အတားအဆီးမရှိ ချက်ချင်း ရင်ဖွင့်ပြောဆိုခြင်းဖြစ်ရာ ကြိုတင် ခွင့်ပြုချက် တောင်းနေရလျှင် ဟစ်တိုင်ဟု ခေါ်ဆိုနိုင်တော့မည် မဟုတ်ချေ။ တစ်ကိုယ်တော်ဆန္ဒပြ ဟောပြောသလိုသာ ရှိနေပေလိမ့်မည်။ သူ ဘာပြောရမည်၊ ဘာမပြောရဟု ချုပ်ချယ်ခြင်းမှာလည်း ဟစ်တိုင်၏ တကယ့်အနှစ်သာရ မဟုတ်ချေ။ ဟစ်တိုင်ဆိုလျှင် -

(၁) မြို့လယ်ကောင်တွင် ရှိရမည်။

(၂) ကြိုတင်ခွင့်ပြုချက်မလိုဘဲ ပြောနိုင်ရမည်။

(၃) မိမိစိတ်ထဲရှိသမျှကို ဆင်ဆာမဖြတ်ဘဲ လွတ်လွတ်လပ်လပ် ပြောနိုင်ရမည်။

ထိုမှသာ ဟစ်တိုင်အစစ်ဟု ခေါ်ဆိုနိုင်ပေမည်။ အကန့်အသတ် အချုပ်အချယ်များလွန်းပြီး မြို့စွန် လူမရှိသော နေရာသို့ ပို့ထားသောဟစ်တိုင်ကား ဒီမိုကရေစီအတု၊ ဟစ်တိုင်အတုသာ ဖြစ်ပေ၏။ အကြောင်းကြုံကြိုက်သဖြင့် ကျွန်တော် ကြုံတွေ့ဖူးခဲ့သော ဒီမိုကရေစီဘိုးအေ နိုင်ငံကြီးဖြစ်သည့် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ Speaker's Corner ခေါ် ပြည်သူ့ဟစ်တိုင် အကြောင်းကို ပြန်ပြောင်း ပြောဆိုရပေအံ့။

ဟိုက်ပါတ်ခ် (Hyde Park) ဥယျာဉ်သည် လန်ဒန်တွင် အလွန်ကျော်ကြားသော နေရာဖြစ်၍ ထိုနေရာသို့ ကျွန်တော်သည် ၁၄-၇-၂၀၀၆ ခုနှစ်က ရောက်ရှိခဲ့ဖူးပါသည်။ ဥယျာဉ်ကြီးကား တစ်ချိန်က အင်္ဂလန်ဘုရင်ပိုင်သော ကိုယ်ပိုင်အမဲလိုက်ဥယျာဉ်ကြီး ဖြစ်သည်။ အတော်လည်း ကျယ်ဝန်းသည်။ ဥယျာဉ်

ဝင်ပေါက်၌ စုပေါင်းစိုက်ပျိုးထားသော သစ်ပင်ကြီးများ ဝန်းရံထားသော လျှောက်လမ်းကလေးကို တွေ့တော့ နှစ်သက်စရာပင်။ အတွင်းသို့ ဝင်သွားတော့ သစ်ပင်ပန်းပင် သိပ်မရှိဘဲ ကုန်းပြောင်ပြောင်တွေသာ အတွေ့များသည်။ တာပင်တိုင်း (Serpentine) ဟုခေါ်သော လှပသော ရေကန်ကလေးကား ရှိ၏။ ကန်ကို သာယာလှပစွာ ပြုပြင်ထားသည်။ ဘဲငန်းကလေးတွေလည်း ရေထဲ၌ ကူးခပ်နေကြသည်။ ကျွန်တော်သည် မြန်မာပြည်အနှံ့ ရောက်ဖူးသူဖြစ်ပြီး စိမ်းလန်းစိုပြည်သော နိုင်ငံမှ လာခဲ့သူဖြစ်ရာ အင်္ဂလိပ်တို့၏ ဟိုက်ဒ်ပါတ်ခ်မှာ မြန်မာပြည် ပြင်ဦးလွင်မှ ရုက္ခဗေဒဥယျာဉ်ကို မမီဟု ရဲရဲကြီးပြောဝံ့ပါသည်။ သစ်ပင်၊ ပန်းမန် ရှားပါးသော အရပ်မို့သာ ဤဥယျာဉ်ကြီး ကျော်ကြားနေခြင်း ဖြစ်ဟန်တူပါသည်။ အရွယ်ပမာဏကား ဇမ္ဗူလပန်းခြံ၏ ဆယ်ဆခန့် ရှိပေလိမ့်မည်။

**ဟစ်တိုင် (ခေါ်) စကားပြောသူတို့၏နေရာ (Speaker's Corner)**

ယခင်က ကြားဖူးပေါင်းများပြီး တစ်ခါမှ မမြင်ဖူးသော Speaker's Corner ခေါ် တစ်ကိုယ်တော် ဟောပြောပွဲများကိုလည်း မျက်မြင်ကိုယ်တွေ့ လေ့လာခဲ့ရ၏။ မည်သူမဆို ကြိုတင်ခွင့်ပြုချက် တောင်းစရာမလိုဘဲ သတ်မှတ်ထားသော ခုံလေးပေါ်သို့တက်ကာ ကိုယ်စိတ်ထဲရှိတာကို အားရပါးရ ပြောနိုင်၏။ ဆဲစရာရှိလျှင် ဆဲနိုင်၏။ မကျေနပ်တာရှိလျှင် ဖွင့်ချနိုင်၏။ မည်သူကမျှ အရေးယူလိမ့်မည် မဟုတ်။

နားထောင်သူများကလည်း တကယ်တမ်း အလေးအနက် နားထောင်ကြခြင်း မဟုတ်။ အထူးအဆန်း အပျော်အပြက်သဘော နားထောင်ကြခြင်း ဖြစ်သည်။ အချို့ကတော့ တကယ်ပင် သမ္မတလောင်းက လူထုပရိသတ်ကြီးကို နှုတ်ဆက်နေပုံမျိုးနှင့် အားရပါးရ ဒေါနှင့်မောနှင့် ပြောနေ၏။

တနင်္ဂနွေနေ့တွင် ပုံမှန်အားဖြင့် စကားပြောသူများ ပိုများတတ်သည်ဟု သိရသည် (စကားပြောစင်မြင့်အသေးလေးမှာ တစ်ခုသာမဟုတ် ကိုးခု၊ ဆယ်ခုခန့် ရှိပေသည်)။ ကျွန်တော် ရောက်သွားသောနေ့မှာ သော်ကြာနေ့ဖြစ်၍ ပြောသူနှစ်ဦးခန့်သာ ရှိသည်။ သူက ခရစ်ယာန်ဘာသာကောင်းကြောင်း၊ ယေရှုခရစ်သည် ဘုရား၏ တမန်တော်မဟုတ်၊ ဘုရားသခင် (God) ပင် ဖြစ်သည်ဟု အထောက်အထား အကိုးအကားများနှင့် အာပေါင်အာရင်းသန်သန် ဟောပြောနေ၏။

ထိုသို့ နားထောင်နေစဉ် ထို တရားဟောဆရာနှင့် အပေါင်းပါဖြစ်ဟန်တူသော တရုတ်မတစ်ယောက်က ကျွန်တော့်ကို ပြုံးပြပြီး ဘယ်နိုင်ငံက

လာတာလဲဟု မေးရာ ကျွန်တော်က မြန်မာနိုင်ငံဟု ဖြေလိုက်သည်။ မြန်မာနိုင်ငံက ထိုင်းစကားပြောလားဟု မေးသည်။ မပြောဘူး၊ မြန်မာက မြန်မာစာ၊ မြန်မာစကား သီးသန့်ရှိတာယ်ဟု ပြောတော့ ခါဆို ခဏနေပါဦးဟု ဆိုကာ သူ့စိတ်ဆွေ အင်္ဂလိပ်ကြီး နှင့် တီးတိုးတီးတိုး လုပ်နေ၏။ ခဏကြာတော့ သီချင်းစာအုပ်အရွယ် စာအုပ်ပါးလေး တစ်အုပ်ကို ယူလာပြီး ကျွန်တော့်ကိုပေးရာ ကျွန်တော့်မှာ အံ့သြလွန်းသဖြင့် ပါးစပ် အဟောင်းသား ဖြစ်သွား၏။ စာအုပ်ကလေးမှာ ဘာမှ ထူးဆန်းလှသည် မဟုတ်ပါ။ ခရစ်ယာန် ဓမ္မကျမ်းစာလေးသာ ဖြစ်သည်။ သို့သော် မြန်မာဘာသာဖြင့် အကျအန ကွန်ပျူတာစာစီ ရိုက်နှိပ်ထား၏။ ရှေ့မျက်နှာဖုံး၌ မြန်မာဘာသာဖြင့် "ဘုရားသခင်၏ ဖြေပေးတော်မူချက်" ဟု ရေးသားထားသည်။ အထဲမှာလည်း မြန်မာလိုပင် ရေးသားထားသည်။

ရေခြားမြေခြား အင်္ဂလန်လို နိုင်ငံတစ်ခုဝယ် မိမိစာ၊ မိမိစကားကို နိုင်ငံခြားသားက တခုတ်တရ ရေးသားပြန်ဆိုထားတာ တွေ့ရတော့ သူတို့ဘာသာကို မယုံလင့်ကစား အတော်တော့ အံ့သြလေးစားမိပါသည်။ ဘာသာပြန့်ပွားရေးအတွက် ကမ္ဘာလှည့်ခရီးသည်တို့ခုံရာ ဟိုဒ်ပါတ်ခ်အထိ လာရောက်စည်းရုံးကြသည်ပဲ။

ဘာသာပေါင်း (၁၅၀) ခန့်ဖြင့် ပြန်ဆိုထားသော စာအုပ်များ သူတို့ဆီမှာ ရှိသည်ဟု သိရသည်။ ထိုအထဲမှာ မြန်မာပါနေတာ တစ်မျိုး ဂုဏ်ယူရပေသည်။ ဤကား ကျွန်တော်ကြုံရသော အင်္ဂလန်နိုင်ငံမှ Speaker's Corner ခေါ် ပြည်သူ့ ဟစ်တိုင်ပေတည်း။

ထို့ကြောင့် ကောက်ချက်ဆွဲနိုင်သည်မှာ ပြည်သူ့ဟစ်တိုင်မှန်လျှင် လူစည်ကားရာ (ရန်ကုန်မြို့လယ်၊ မဟာဗန္ဓုလပန်းခြံလို) နေရာတွင် ရှိရမည်။ စကားပြောလိုသူသည် ကြိုတင်ခွင့်ပြုမိန့် တောင်းစရာမလိုဘဲ လွတ်လွတ်လပ်လပ် ချက်ချင်းတက်ပြောခွင့်ရှိရမည်။ ဘာအကြောင်းအရာကို ပြောပါ၊ ဘာအကြောင်းအရာ ကို ပြောခွင့်မရှိဟု ကန့်သတ်ချုပ်ချယ်မှု မလုပ်ရ။ လိုအပ်ပါက စာရွက်စာတမ်း လွတ်လပ်စွာ ဝေငှခွင့်ရှိရမည်ဟု အဖြေထွက်ပါသည်။ မြန်မာနိုင်ငံတွင် ဟစ်တိုင် လုပ်မည်ဆိုသော် ထိုအချက်များနှင့် ကိုက်ညီမှ လုပ်ပါ။ တောမရောက် တောင်မရောက် အမည်ခံသက်သက် ဟစ်တိုင်အတု၊ ဒီမိုကရေစီအတုတော့ ဟန်ပြသက်သက် မလုပ်ကြပါနှင့်ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

ဟစ်တိုင်ဂျာနယ် (၂၀.၆.၂၀၀၄)

❑

# သုနခ နိုင်ငံတော်

ကျွန်တော်၏မိတ်ဆွေ နိုင်ငံခြားသားတစ်ယောက်က မေးသည်မှာ မြန်မာနိုင်ငံ၏ သင်္ကေတသဖွယ် ဖြစ်သော တိရစ္ဆာန်တစ်ကောင်ကို ပြပါဆိုလျှင် ဘယ်အရာ ဖြစ်သနည်းဟူ၍ ဖြစ်သည်။ ကျွန်တော်သည် ပထမတော့ ဥဒေါင်းငှက်ကို ပြမလို့ စဉ်းစားသေးသည်။ ရှေးဘုရင်များ လက်ထက်က မြန်မာနိုင်ငံ၏ တံဆိပ်တော်မှာ ဥဒေါင်းငှက်ပုံ ဖြစ်သည်။ ထိုဥဒေါင်းသည် ခွပ်ဒေါင်းမဟုတ် ကဒေါင်း ဖြစ်သည်။ နိုင်ငံတော်အလံမှာလည်း ဒေါင်းအလံ ဖြစ်ခဲ့သည်။

သို့သော် ဒေါင်းအလံသည် မြန်မာနိုင်ငံသို့ ယူနီယံဂျက်အလံတွင် နိဒ္ဓိတံခဲ့ရသည်။ တိရစ္ဆာန်တစ်ကောင်အနေနှင့် စဉ်းစားကြည့်လျှင်လည်း မြန်မာနိုင်ငံတွင် ဒေါင်းမှာ ရှားပါးသတ္တဝါ ဖြစ်လာနေသည်။ တောထဲတွင်ပင် သိပ်ပြီး ပေါပေါများများ မတွေ့နိုင်တော့။ တိရစ္ဆာန်ရုံမှတစ်ပါး ဒေါင်းသတ္တဝါကို တွေ့နိုင်သော နေရာမှာ အတော်ပင် ရှားပါးသွားသည်။ ထို့ကြောင့် ဒေါင်းကို ပယ်လိုက်ရသည်။

ထိုအခါ ခြင်္သေ့ကို စဉ်းစားသေးသည်။ မြန်မာနိုင်ငံတွင် ဘုရားစေတီများ အားလုံးရှေ့တွင် ခြင်္သေ့ရုပ်တုများကို ကြွားကြွားဝင့်ဝင့် ပေါပေါများများ တွေ့နိုင်သည်။ ဒင်္ဂါးပြားကို္ဏပြင်ထဲတွင်လည်း ခြင်္သေ့သည် တောသုံးဆောင်ကို အနိုးရသော တောဘုရင် ဖြစ်သည်။ ခက်သည်က မြန်မာဒင်္ဂါးကို္ဏပြင်များတွင် ခြင်္သေ့သည် တော်တော်များများ ပါဝင်နေသော်လည်း တကယ်တမ်းတွင် မြန်မာနိုင်ငံ၌ ခြင်္သေ့ ဘယ်တုန်းကမျှ

မရှိခဲ့။ ခြင်္သေ့သည် ပုံပြင်ထဲမှာသာ ရှိသည်။ တကယ့်လက်တွေ့တွင် အာဖရိကတိုက်မှာသာ တွေ့နိုင်သော နိုင်ငံခြားသတ္တဝါ ဖြစ်သည်။ ခြင်္သေ့သည် မြန်မာ မဟုတ်။ မြန်မာသည် ခြင်္သေ့ မဟုတ်။ မြန်မာနိုင်ငံတွင် တွေ့ရသော ခြင်္သေ့မှာ ပိန်ချုံးချည့်နဲ့နေသော တိရစ္ဆာန်ရုံမှ ခြင်္သေ့များ ဖြစ်သည်။

နောက်ထပ် စဉ်းစားမိသော သတ္တဝါမှာ ဆင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမှတ်သင်္ကေတကို ဆင်ဟု သတ်မှတ်လျှင် ကောင်းမလား။ မြန်မာနှင့် ဆင်သည် အတော်ပင် နီးစပ်ခဲ့သည်။ သို့သော် ဆင်ကို နိုင်ငံသင်္ကေတအဖြစ် ထိုင်းနိုင်ငံ ထိုင်းလူမျိုးများကလည်း ကြွေးလုံးထုတ်နေကြသည်။ အာဖရိကမှ Cote d' Ivoure ဟုခေါ်သော အိုင်ဗရီကို့စ် နိုင်ငံကလည်း သူတို့ကိုယ် သူတို့ 100% Elephants ဟု ဆိုနေကြပြန်သည်။ မြန်မာကလည်း elephant ဆိုလျှင် သူများနောက်လိုက် ဖြစ်တော့မည်။ ပြီးတော့ မှန်ရာကိုဝန်ခံရလျှင် မြန်မာနိုင်ငံတွင် ခေတ်ပျက်သူဌေးကြီးများ အစွမ်းပြရျက်ကြောင့် သစ်တောများ ပြောင်သထက်ပြောင်လာကာ တောပြုန်းလာသဖြင့် ဆင်များလည်း နေစရာမရှိတော့ဘဲ ဆင်ကောင်ရေလျှော့နည်းကျဆင်းလာပေသည်။ အစရေးထဲ မုဆိုးများက ဆင်များကို နည်းမျိုးစုံဖြင့် သတ်ဖြတ်ကာ ဆင်စွယ်များကို တရုတ်ပြည်သို့ မှောင်ခို ပို့ဆောင်ရောင်းချနေကြသေးသည်။ ထို့ကြောင့် မှုးမကြာမီကာလတွင် မြန်မာနိုင်ငံ၌ ဆင်မျိုးသုဉ်းသွားနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ သင်္ကေတသည် ဆင်လည်း မဖြစ်နိုင်တော့ပါ။

ကျားသည်လည်း ဤနည်းနှင်နှင် မျိုးတုံးမည့် အန္တရာယ်ကို ရင်ဆိုင်နေရပါသည်။ တရုတ်ပြည်မှ ဈေးကောင်းပေးဝယ်ကြသောကြောင့် ကျားများသည် လူကို ပြန်ကြောက်နေရကာ ကျားရိုး၊ ကျားစွယ်၊ ကျားသားရေများသည် ထွက်သွားမစဲ တသဲသဲ ဆိုသလိုပင် ဂန္ဓာလရာဇ် ပြည်ကြီးသို့ နိုတက်ကုန်ကြပါသည်။ မြန်မာပြည်မှာ အနည်းငယ်ကျန်သော ကျားကောင်ရေ အနည်းငယ်သည် ဟူးကောင်းတောင်ကြားဒေသတွင် ပုန်းအောင်းနေရပါသည်။ ဤကြားထဲ ကျားများ ပုန်းအောင်းခိုလှုံရာ ဟူးကောင်းတောင်ကြားဒေသတွင်ပင် ခရိုနီများက မြေများကို သိမ်းယူနေသဖြင့် ကျားတို့ မျက်ခုံးလှုပ်နေကြပါသည်။ ထို့ကြောင့် နိုင်ငံတော် အမှတ်သင်္ကေတကား ကျား မဖြစ်နိုင်တော့ပါ။

ကျွန်တော့် မျက်လုံးသည် အဘယ်သတ္တဝါကို မြန်မာနိုင်ငံ၏ အမှတ်သင်္ကေတ ဖြစ်သင့်ပါသနည်းဟု ရည်စူးကာ ဟိုကြည့်သည်ကြည့် အကြံကုန်ဂဠုန်ဆားချက်သည့်ပမာ ကြည့်လိုက်သောအခါ ချစ်တီးခေါင်းပေါ်တွင် ဝိတ်နှိုးနားလိုက်သလို အကြံတစ်ချက် ကွက်ကွက်ကွင်းကွင်း လင်းခနဲ ပေါ်လာပါသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကလည်း ပေါများစွာရှိခဲ့။ ယခုလည်းရှိ နောင်လည်းရှိ၊ ပေါပေါများများ နေရာအနှံ့ တွေ့နေနိုင်သော သတ္တဝါမှာကား ကျွန်တော်တို့သည် နီးလျက်နှင့် မေ့နေပါချေသည်တကား။ မြန်မာ့သင်္ကေတကား ဒေါင်းလည်း မဟုတ်။ ခြင်္သေ့လည်း မဟုတ်။ ကျားလည်း မဟုတ်။ ဆင်လည်း မဟုတ်။ အောင်နက်၊ ကုပ်ကျား၊ ရှန်လုံ စသည်ဖြင့် အိမ်မှာရော၊ လမ်းမှာရော ဖောဖောသီသီတွေ့နိုင်သော သုနခဝိုဏ်းဝင် ခွေးတိရစ္ဆာန်တွေပါလား။ မြန်မာတို့၏ အထိမ်းအမှတ်ကား ခွေးဖြစ်တော့သတည်း။

ခွေးတို့သည် မြန်မာနိုင်ငံတွင် တောရော မြို့ပါ ပေါများကြပေကုန်၏။ ခွေးသန်းခေါင်စာရင်း ကောက်ယူမထားသဖြင့် ခွေးဘယ်နှကောင်ရှိမည် မသိသော်လည်း မြန်မာနိုင်ငံ၏ ကျောင်းသားများထက်ရော၊ ရဟန်းသံဃာများထက်ရော၊ တောင်သူလယ်သမား၊ အလုပ်သမားများထက်ရော ခွေးကောင်ရေ ပမာဏသည် ပိုမိုများပြားဟန်ရှိ၏။ လူတို့ တယုတယ မွေးမြူထားသော အယ်လ်ဆေးရှင်း၊ တယ်ရီယာ၊ ခွေးဘီလူး စသော နိုင်ငံခြား ခွေးမျိုးမှအစ ဈေးခွေး၊ လမ်းခွေး၊ ကျောင်းခွေး၊ ခွေးဝဲစား၊ ခွေးနာ၊ ခွေးနို့စို့၊ ခွေးမ၊ ခွေးရူး၊ ခွေးသမင်၊ ခွေးကျား၊ ခွေးသူခိုး စသည်ဖြင့် ပိုင်ရှင်ရှိ၊ ပိုင်ရှင်မဲ့ ကလေကလွင့် ခွေးတို့သည်လည်း မြန်မာနိုင်ငံတွင် မရေမတွက်နိုင်အောင် ရှိကြလေ၏။ စစ်တပ်က မိုင်းရှာရာတွင် သုံးသော စစ်ခွေးများပင် ရှိကြပေသေး၏။

စင်စစ် မြန်မာနိုင်ငံသည် ခွေးတို့ လွတ်လပ်စွာ ပေါက်ဖွားနိုင်သော ခွေးတို့ပျော်ရာ ရေကန်သာကြီးဖြစ်၏။ တစ်ခါတစ်ရံ စည်ပင်သာယာမှ အမဲလိုက် အဆိပ်ထည့်ကာ ကျွေးမွေးသုတ်သင်သည်မှတစ်ပါး ခွေးအခွင့်အရေး အပြည့်အဝ ရှိသော နိုင်ငံတော်ကြီးဖြစ်၏။ ခွေးတို့သည် ပင်စင်မရှိဘဲ ကြာမြင့်စွာ ခွေးအမှုထမ်းနိုင်၏။ ကြိုက်သည့်နေရာတွင် မိတ်ဆိုက်နိုင်၏။ သူတစ်ပါးကျွေးသော အစာကိုစား၍ အစာကျွေးသူကို ပြန်၍ မာန်ဖီကိုက်ခဲနိုင်၏။ ခွေးရာဇဝတ်မှု ဟူသည် မရှိ။ တရားစွဲခံရသည် ဟူသည် မရှိ။ ခွေးမှုဒိမ်းမှု ဟူသည် မရှိ။ ခွေးမယားခိုးမှု ဟူသည် မရှိ။

အဘယ့်ကြောင့်ဆိုသော် ခွေးတို့တွင် တစ်ဦးတစ်ယောက်ပိုင်မယား ဟူ၍၊ လင် ဟူ၍ မရှိသောကြောင့် ဖြစ်သည်။ ခွေးတို့ ခေတ်မီပုံမှာ ကိုယ်ပိုင်ပစ္စည်း ဟူ၍ မရှိ၊ အားလုံး ပစ္စည်းမဲ့ လူတန်းစားများသာ ဖြစ်သဖြင့် ကွန်မြူနစ်ဝါဒကို ယုံကြည်သူများတွင် ခွေးတို့ကို မည်သူကမှ မီနိုင်မည် မဟုတ်။ တစ်ယောက်နှင့် တစ်ယောက် ကိုက်ကြ ခဲကြရာတွင်လည်း နိုင်သူက ရှုံးသူကို အသေအကျေ

ကိုက်ကြသတ်ကြသဖြင့် မြန်မာနိုင်ငံမှ အချို့ နိုင်ငံရေးဖြစ်စဉ်များနှင့်လည်း ခပ်ဆင်ဆင် တူပေ၏။

ခွေးအချို့သည် ဘုန်းတော်ကြီးများ သွားလေရာ နောက်တွင်လည်း တကောက်ကောက် လိုက်တတ်ပေ၏။ အထူးသဖြင့် ခွေးတို့သည် ညကြီးသန်းခေါင် ဘုန်းကြီးကျောင်း၊ သပိတ်စခန်း၊ ကျုံးကျော်တဲ မည်သည့်နေရာကိုမဆို လွတ်လပ်စွာ ယောင်ပေပေ ဝင်ထွက်သွားလာနိုင်ပေ၏။ ခွေးမဝင်ရ ဟူသော နေရာလည်း မြန်မာပြည်တွင် မရှိပေ။ မျိုးတုံးမှာကိုကား လုံးဝ ပူစရာ မလို။ ခွေးမျိုးဆက်သစ်တွေ ကား ပေါများလှချေ၏။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမှတ်သင်္ကေတဖြစ်သော တိရစ္ဆာန် တစ်ကောင်ကို ရွေးပြပါဟုဆိုလာလျှင် ကျွန်ုပ်သည် ခွေးသတ္တဝါကိုသာ မဆိုင်းမတွ လက်ညှိုး ထိုး၍ ပြချင်လှ၏။

မြန်မာနိုင်ငံကား ခွေးနိုင်ငံဟုပင် ဆိုနိုင်ကောင်းချေသည်တမုံ့။

ဟစ်တိုင်ဂျာနယ် (၂၇-၆-၂၀၁၄)

□

## ထူးကြီး မူးကြီး ဆွေးနွေးခန်း
## (ဆားပုလင်း မူးကြီးနှင့် သန္တိဒုက္ခအရှုပ်တော်ပုံ)

တစ်နေ့သ၌ ကျွန်ုပ် မူးကြီးသည် ဂလေစီယာစီးကရက်ကို ဟန်ပါပါ ခဲလျက် အမှတ်ရှစ်သုံးလုံး၊ ဗိုလ်လိမ်လမ်း၊ ကျောက်မြောင်းနေအိမ်တွင် ထိုင်နေစဉ် မိတ်ဆွေကြီး မောင်ဖိုးထူးသည် ဌာနပိုင် အော်စတင်ကားစုတ်ကလေးဖြင့် ရေးကြီးသုတ်ပျာ ရောက်ရှိ၍ လာချေ၏။

မူးကြီး - အိုင်ဆေး ကိုထူးကြီး၊ ဘယ်က လှည့်လာသလဲ၊ လာပါ လာပါ။ ကာကာဆိုင်က အရပဲ ဓောင်းထားတဲ့ လက်ဖက်ရည်သောက်ပါ။

ထူးကြီး - ဟုတ်ကဲ့ပါ့ ဆားပုလင်း မူးကြီး၊ အခုတစ်လော နိုင်ငံအနှံ့ သိမ့်သိမ့်တုန်အောင် လူပြောများနေတဲ့ သန္တိဒုက္ခပုဂိုတယ်အမှု အကြောင်း သိချင်လို့ လာခဲ့တာပါ။

မူးကြီး - ကျွန်တော်လည်း ပုလိပ်မင်းကြီး မစ္စတာမော်ပင် တာဝန်ပေးချက်အရ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လိုက်လံစုံစမ်းနေပါတယ် ကိုထူးကြီး။ အမှုကွင်းဆက်ကတော့ တော်တော် ရုပ်လုံးပေါ်လာပါပြီ။ အခုက ပူးတွဲတရားခံတစ်ယောက်ကို မိတာနဲ့ အမှုက ပေါ်ပါပြီ။

ထူးကြီး - အမှုသွား အမှုလာ အခြေအနေလေး ပြောပြပါဦး။

မှူးကြီး - အမှုကတော့ ဖိုးသူတော်ကြီး ဦးခန္တီရဲ့ ပိုင်နက်ဖြစ်တဲ့ ဟိုတယ်ကြီးကို သူပိုင် ငါပိုင် အမွေလုကြတဲ့ အမှုပါ။ အဲဒီလို အမွေလုရင်း တစ်ခါ ဖိုးသူတော်များ အစည်းအရုံးက သူတို့နဲ့ ဆိုင်တယ်ဆိုပြီး ဟိုတယ်ကြီးကို ဓမ္မဓောဇ် ထိန်းသိမ်းထားပါတယ်။ ဖိုးသူတော်ကြီး ဦးခန္တီကလည်း သူ့ကို ဒကာကြီး ကိုဖိုးရှုပ်က လှူခဲ့တာဆိုပြီး အနိုင်အမာ ပြောနေပါတယ်။ ဒီကြားထဲမှာ ညကြီးမင်းကြီး ဖိုးသူတော်ကြီး မရှိတုန်း ဟိုတယ်ကို လူဆိုးတွေ ဝင်စီးရာက ပြဿနာတွေ တောက်လျှောက် ဖြစ်တော့တာပဲ။ လုယက်မှု၊ ပြန်ပေးဆွဲမှု၊ ခြိမ်းခြောက်မှု၊ မတရားဖမ်းဆီး ချုပ်နှောင်မှု စုံလို့ပဲဗျ။

ထူးကြီး - လူဆိုးခေါင်းဆောင်က ဘယ်သူလဲဗျ။

မှူးကြီး - မောင်အုံ့ဆိုတဲ့ လူလည်လူရှုပ်တစ်ယောက်ပါ။ ဖဲသုံးချပ်လိမ်အမှုနဲ့ ရဲဘက်က အလိုရှိနေတဲ့ တရားခံပြေးတစ်ယောက်ပေါ့။

ထူးကြီး - ဒါဆို ဒီအမှုက တော်တော်နက်နဲတာပဲ။ ဒါနဲ့ လက်ဝါးကိုကိုကြီးတို့ အဖွဲ့ကတော့ တရားခံတစ်ယောက်ကို ဖမ်းလိုက်ပြီဗျို့။ သူက တကယ်ကျူးလွန်တဲ့ တရားခံလားဗျ။

မှူးကြီး - ကိုကိုကြီးတို့၊ ရွှေသွားအောင်မြင့်တို့အကြောင်း ကျွန်တော်က ကောင်းကောင်း သိပါတယ်။ ဒီလူတွေက အမှုတစ်ခုကို ပေါ်အောင် လိုက်နိုင်တဲ့ အရည်အချင်း မရှိပါဘူးဗျ။ မိပြီးသား တရားခံကို ရိုက်စစ်ပြီး အတင်းဝန်ခံနိုင်းတဲ့ ခပ်ညံ့ညံ့ ပုလိပ်တွေလောက်ပဲ လုပ်တတ်တဲ့သူတွေ။ ချုပ်သာ သူတို့နေရာမှာ ဆိုရင်တော့ ဘာမှမဆိုင်ဘဲ ဖမ်းထားတဲ့ ပုသိမ်ဘက်က မောင်ဆီဆမ်းဆိုတဲ့ လူကို ချက်ချင်းလွှတ်ပစ်မှာပဲ။ မဟုတ်ရင် နောက်ကျမှ ဟိုက တရားပြန်စွဲလို့ မရှိမဲ့ ရှိမဲ့ ရာထူးလေးတွေ ပြုတ်နေပါဦးမယ်ဗျာ။

ထူးကြီး - သူတို့ကတော့ မောင်ဆီဆမ်းအမှု ကျူးလွန်တာကို သေချာပေါက် သိသလိုလိုမျိုးနဲ့ ပြောနေကြလေရဲ့ဗျ။ ကျုပ်ကတော့ ဒါ လိမ်ဆင်ကြီးလို့ပဲ ထင်တယ်။

မှူးကြီး - ဒါနဲ့ အိုင်ပက်ရေ။

ထူးကြီး - အိုင်ဝီ လုပ်ပါဗျ။

မှူးကြီး - ဩော် … အင်း … အင်း … ငယ်ငယ်က ငါးပက်တာ၊ အိုင်ပက်တာနဲ့ ရောသွားလို့ပါ။ ဒါနဲ့ မောင်ဆီဆမ်းကို လက်ဝါးကိုကိုကြီးတို့က ဘာအမှုနဲ့ တရားစွဲထားသလဲဗျ။

ထူးကြီး - ထုံးစံအတိုင်းပေါ့ဗျာ၊ အလွဲသုံးစားမှု၊ လာဘ်စားမှုပေါ့။ ရွာဘုရားပွဲတုန်းက အကြော်ဆိုင်မှာ အကြော်ဝင်စားတာ အကြော်ဖိုးပဲရှင်းပြီး ရေနွေးကြမ်းဖိုး ရှင်းမသွားတဲ့ အမှုတဲ့ဗျ။

မှုးကြီး - တယ် ကြီးမားနက်နဲတဲ့အမှုပဲဗျာ။ ဆားပုလင်း မှုးကြီးဘဝမှာ ကြုံဖူးသမျှ ဒီစွဲချက်က အနက်နဲဆုံးပဲ။ ဒါဆို ဘုရားပွဲမှာ ဖရီးစားကြတာ မောင်ဆီဆမ်း တစ်ယောက်တည်းမှ မဟုတ်တာ။ မောင်ဆီဆမ်းက ရေနွေးကြမ်းပဲ သောက်ရတာ။ ဦးပေါ်ဆန်းတို့အဖွဲ့ဆို ရပ်ကွက်သမဝါယမဆိုင်က ခွဲတမ်းတွေ ဇုန်းနေတာ ဘယ်လောက်ကြာနေပြီလဲ။ အရင် သမဝါယမမှာ မလုပ်ခင်က သတင်းစာအဟောင်းတွေ နိုးရောင်းပြီး ငွေမသွင်းလို့ အမှုနှာနဲ့ ပြဿနာတက်ကြသေးတယ်လေ။ ပြီးတော့ လျှပ်စစ် ဘက်ထရီအိုးကိုယ်စားလှယ် ဦးရိုက်ကြီးတစ်ယောက်လည်း ဘက်ထရီအိုးတွေ နိုးရောင်းစားတဲ့အမှု ရှိသေးတယ်မို့လား။

ထူးကြီး - ဟာ - ဆားပုလင်းကလည်း ဒါတင် ဘယ်ကမလဲ၊ ရွာဘုရားပွဲတုန်းက မြေနေရာ ခွင်ရိုက်သွားတဲ့ ကန်ထရိုက်ပွဲကြီး ဆိုရင်လည်း ကြည့်ဗျာ။ ရွာဘုရားပွဲနဲ့ မလွတ်လို့ဆိုပြီး ကျုပ်တို့ အိမ်ဝိုင်းမြေတွေကို ခြံဖေါ်ပြီး ယူသွားတာ။ ဘုရားပွဲပြီးရင် ပြန်ပေးမယ်မှတ်တာ တစ်ခါတည်း ရောင်းစားပစ်လိုက်တာပဲ။ အဲဒီ ငပွကြီးကျ အရေးယူတယ် မကြားရပါဘူး။

မှုးကြီး - ငပွကြီးက ပုလိပ်မင်းကြီး မစ္စတာဖော်ပင်ကို ဝိုင်တယ်လေ။ ဘယ်အရေးယူ ခံရမလဲ။ အခု အရေးယူခံရတဲ့ မောင်ဆီဆမ်းဆိုတာ နာမည်ကသာ မောင်ဆီဆမ်း၊ ဆီမလာ ပျားမလာလို့ အထက်လူကြီးတွေ အတော်မကျေမနပ် ဖြစ်နေတာ။

ထူးကြီး - ဘာ ဆီမလာ ပျားမလာလဲဗျ၊ ရှင်းအောင် ပြောစမ်းပါ။

မှုးကြီး - သြော် မောင်ဆီဆမ်းက မုန့်ဆီကြော်တွေ ဘာတွေ လက်ဆောင်ရရင် မစ္စတာဖော်ပင်တို့ကို မပေးဘူးဗျ၊ သူ့ဘာသာ ဘုန်းကြီးသွမ်းလောင်းပစ်လိုပစ်၊ စားပစ်လိုပစ်၊ အရပ်ကို ဝေလိုဝေလုပ်တာ၊ လူကြီးတွေကို ပေးစားတာ မဟုတ်ဘူးဗျ။ အဲဒါကြောင့် မစ္စတာဖော်ပင်က မကျေနပ်တာ။

ထူးကြီး - အေးဗျာ၊ တကယ်ဆို မစ္စတာဖော်ပင် တပည့်ထဲမှာ အကျင့်မကောင်းတဲ့ ကောင်တွေ အများကြီးပဲဗျ။ ဒီကောင်တွေကိုတော့

အရေးယူတယ် မကြားရပါဘူး။ တချို့ဆို ရွာကနိုးထားတဲ့ ပစ္စည်းတွေနဲ့ မြို့တက်ပြီး ကျိုကျိုတက် ချမ်းသာနေ ဆိုပဲ။

မှူးကြီး - သူတို့က လိုင်းဝင်ထားတယ်ဗျ။

ထူးကြီး - ဒါနဲ့ အမှုမှာ မဆီမဆိုင် ဖိုးသူတော်တွေ ထောင်ကျသေးတယ်ဆို။

မှူးကြီး - မောင်အံ့တို့ မတရားစွပ်စွဲပြီး ဖမ်းလိုက်တာပါ။ အခုတော့ ထွက်လာပါပြီ။

ထူးကြီး - ဒီအမှုရဲ့ ပူးတွဲတရားခံကိုတွေ့ရင် အမှုကရှင်းပြီဆို ဘယ်သူလဲဗျ။

မှူးကြီး - တခြားလူ ဟုတ်ရိုးလားဗျာ။ ဒီ သန္တိဒုက္ခပိုတယ်ကြီးကို စဆောက်တုန်းက အင်တိုက်အားတိုက်ပါပြီး အခုမှ ရှူးချင်ယောင်ဆောင်နေတဲ့ ရွာမြောက်ပိုင်းက မောင်ဖင်တွန့်ပေါ့ဗျာ။ အရင်တုန်းကတော့ သူလည်း ဖဲသုံးချပ်လိမ်အဖွဲ့ထဲမှာ ပါတာပေါ့။ သူ မရှုပ်မရှင်း မလည်ရှုပ်လုပ်လို့။ ဒီပြဿနာတွေ ပေါ်လာတာ။ ပိုတယ် ဆောက်ဖို့ သူပဲပေးတယ်။ ပြီးတော့ ဖိုးသူတော်ကြီးနဲ့ မတည့်တော့ ဖိုးသူတော်အသင်းကို သွားအတို့အဆောင်လုပ်ပြီး ပိုတယ်ကို ပြန်သိမ်းလိုက်တာ။ ပြီးမှ အရှုးကွက်နင်းပြီး နောက်ဆုတ်သွားတာ။

ထူးကြီး - သူ အခု ဘယ်ရောက်နေသလဲဗျ။

မှူးကြီး - မကြာပါဘူး၊ မိတော့မှာပါ။ ယော - ပြောရင်းဆိုရင်း လှေကားက လူတစ်ယောက် တက်လာသံ ကြားတယ်။ အိုင်ပီ ကန့်လန့်ကာ နောက် ဝင်ပုန်းနေစမ်း။ ကျုပ်က အချက်ပေးလိုက်တာနဲ့ ရအောင် ဝင်ဖမ်းတော့။ သတိတော့ထားနော် ဒီကောင်က ဉာဏ်များ သလောက် အန္တရာယ်ရှိတယ်။

(ထူးကြီးလည်း ကျွန်ုပ် မှာကြားချက်အရ အခန်းထဲဝယ် ပုန်းနေစဉ် တက္ကစီသမားတစ်ယောက်သည် အိမ်ထဲသို့ဝင်လာပြီး တက္ကစီ အသင့်ဖြစ်ပြီ ဖြစ်ကြောင်း ပြောကြားသောခဏဝယ် ကျွန်ုပ် ဆားပုလင်းမှူးကြီးသည် တက္ကစီသမားအား ကျင်လည်စွာ လက်ထိပ်ခတ်လိုက်လေ၏)

မှူးကြီး - မင်းကို C.A.T အဲလေ C.I.D က ဖမ်းလိုက်ပြီ ဖိုးရှုပ် (ခေါ်) မောင်ဖင်တွန့်၊ ခင်ဗျားကို မဟာသန္တိဒုက္ခပိုတယ် ပြန်ပေးဆွဲမှုနဲ့ ဖမ်းလိုက်ပြီ။ အိုင်ပီ ထူးကြီးရေ အခန်းထဲက ထွက်ခဲ့ပါ။

တဏှာစီသမား - ဟားဟား ဟားဟား ရယ်ရတယ်ကွာ။
မူးကြီး - အဖမ်းခံရတော့ စိတ်ဖောက်ပြန်သွားပြီးလား မောင်ဖင်တွန့်၊ ဥပဒေအထက်မှာ ဘယ်အရာမှ မရှိပါဘူးဗျ။
ဖင်တွန့် - ကျလည်းကျတဲ့ ကောင်ကွာ။ ငါ့ကို ဖမ်းဦးမတဲ့၊ ငါမသေဘူး ရေကူး တတ်တယ်ကွ။
မူးကြီး - ရေကူးဖြစ်ဖြစ်၊ လှည်းကူးဖြစ်ဖြစ် နောက်ဆုံးတော့ အင်းစိန်ကို ရောက်မှာပဲ မဟုတ်လား။
ဖင်တွန့် - အင်းစိန်ရောက်မှာ မင်းကွ။ ဟောကောင်တွေ လာကြစမ်း။ ဒီနှစ်ကောင်ကို ကုပ်လိုက်စမ်း (အိမ်ဘေးတွင် ပုန်းနေကြသော ရဲတပ်ဖွဲ့ဝင်များ ရောက်လာကာ ကျွန်ုပ်တို့နှစ်ယောက်အား ဖမ်းလိုက်သဖြင့် ကျွန်ုပ်တို့မှာ ဘုမသိ ဘမသိ အဖမ်းခံလိုက်ရ ပေသည်)
ထူးကြီး - ဒါက ဘာသဘောလဲ မောင်ဖင်တွန့်။
ဖင်တွန့် - ဘာသဘောလဲ ဆိုတော့ လိုင်းဝင်ထားတဲ့ သဘောပဲကွ။ လက်ဝါးကိုကိုကြီး တို့နဲ့ ငါနဲ့က နိုးဖော်နိုးဖက် ဂိုဏ်းတူတွေကွ။ ဒါ့အပြင် သက်ဆိုင်ရာကို ငါလည်း လိုင်းဝင်ပြီး ဂါရဝပြုထားသမို့ ဥပဒေအထက်တွေ၊ ငုံးဥပြုတ် အထက်တွေ လုပ်မနေနဲ့၊ ငါတို့ကို နောက်ကြောင်းပြန် အရေးယူခွင့် မရှိလို့ ဖွဲ့စည်းပုံဥပဒေမှာ ထည့်ဆွဲထားပြီကွ။ အဲဒါကြောင့် အမှုလိုက်အရာရှိကြီး ဆားပုလင်း မူးကြီးနဲ့ အိုင်ပီ ထူးကြီးတို့ပဲ အင်းစိန်ကို သွားကြပေတော့။
ထူး/မူး - ကျုပ်တို့ကို ဘာအမှုနဲ့ ဖမ်းတာလဲ။ ဝရမ်းပါသလား။ ပုဒ်မက ဘယ်လောက်လဲ၊ ရှေ့နေနဲ့ တွေ့ခွင့်ပြုသလား။
ဖင်တွန့် - အေး - ပုဒ်မကတော့ ငါတို့ အမြဲတမ်းသုံးတဲ့ ပုဒ်မပဲကွ၊ ဟောင်းပေမယ့်လည်း ကောင်းနေဆဲပဲကွ။
ထူး/မူး - ဘာပုဒ်မတုံးဗျ။
ဖင်တွန့် - သောက်မြင်ကတ် ပုဒ်မဟ။
ထူး/မူး - ဟိုက် … ။

ဟစ်တိုင်ဂျာနယ် (၄.၇.၂၀၁၄)

❑

# အာကာသရှင် ငါ့စကောနှင့် ခရိုနီအရည်းကြီးများ

မြန်မာနိုင်ငံရှိ ဗျူရှေးဟောင်းသုံးမြို့ ဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းရှေးဟောင်းမြို့သုံးမြို့ကို ကာတာနိုင်ငံ၊ ဒိုဟာမြို့တွင် ကျင်းပသော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးကြီးမှ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်ဒေသများအဖြစ် အသိအမှတ်ပြုလိုက်ကြောင်း ၂၃.၆.၂၀၁၄ ရက်နေ့တွင် သတင်းထွက်လာသောအခါ မြန်မာနိုင်ငံတစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ အချို့က သရေခေတ္တရာဆိုသည်မှာ ဘယ်နားမှာနည်း၊ ပြည်မြို့နှင့် ဘယ်လောက် ဝေးသနည်း မေးမြန်းကြသည်။ အချို့က ဗိဿနိုးမြို့ဟောင်းကို ဘယ်လိုသွားရသလဲ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ သုံးမြို့ပါသော ခရီးစဉ်တစ်ခုကို ဘယ်လိုဆွဲမလဲ စသည်ဖြင့် မေးကြသည်။ ကျွန်တော့်ထံ ဖုန်းများစွာ လာသည်။ မီဒီယာများ၊ ခရီးသွားကုမ္ပဏီများမှ ဖုန်းဆက်ပြီး မေးကြသည်များကို ဆက်တိုက် ဖြေကြား နေရပေသည်။ ဆိုရလျှင် သရေခေတ္တရာသည် ဖိုတိုင်းကြိုက်တဲ့ နှင်းဆီမိုင်ဘဝသို့ ယခုအခါ နေ့ချင်းညချင်း ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံဝယ် ကြီးနီစနစ်နှင့် ဗျူရိုကရေစီယန္တရားကြောင့် လုပ်ငန်း များသည် နှေးသည့်နေရာတွင် အလွန်နှေးကွေးသော်လည်း မြန်သည့် နေရာတွင်လည်း မည်သူမျှ လိုက်မမီနိုင်အောင် မြန်သောကိစ္စများလည်း ရှိပေ၏။ ယခုနက်စကိုမှ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်အဖြစ် သတ်မှတ်လိုက်ပြီး ငါးရက်မျှသာ ရှိသေးသော

အချိန်တွင် ရန်ကုန်မြို့မှ ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ ပါသော စီးပွားရေးသမားတစ်စုသည် ပြည်မြို့သို့ ပေါက်ချလာပါ၏။ သူတို့နှင့်အတူ အာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူတွေလည်း တစ်ခါတည်း ပါလာကြသည်။ သူတို့ လာကြ သည်ကား ပျူလူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုကို ချစ်မြတ်နိုးလွန်း၍ လာကြခြင်း ဟုတ်ဟန်မတူ။ အမဲသားကောင်၏ ရနံ့ကိုရသော မုဆိုးတို့၏ အတတ်ပညာကြောင့် ရောက်လာကြခြင်းဖြစ်ဟန် တူပေသည်။

ကျက်သရေရှိသော စိမ်းလန်းသည့် လယ်ကွင်းများဟု အမိပွာယ်ရသည့် သရေခေတ္တရာ မြို့ဟောင်းသို့ ခါတော်မီရောက်ရှိလာကြသော လူစိမ်းများသည် ရှေးဟောင်းဘုရားစေတီများ၊ သုတေသနတူးဖော်ကွက်များ၊ ရွာခံတို့၏ ပျဉ်ထောင်အိမ် များ၊ မိုးဦးကျစ စိမ်းလန်းသော စပါးခင်းများဘေးဝယ် ရပ်တန့်ကာ သရေခေတ္တရာ မြို့ဟောင်းကြီး တိုးတက်စည်ပင်ဝပြောရေးကို ဤသို့ တိုင်ပင်နှီးနှောကြပေကုန်၏။

"ဒီနားမှာ ဟိုတယ်ဇုန် လုပ်ရမယ်"

"ကျုပ်တော့ ဒီအကွက်ကြိုက်တယ်"

"ကျုပ်ဖို့ ဒီနေရာမှာ ဟိုတယ်အကွက်ရိုက်ပေးဗျာ"

"ကျုပ်ကတော့ ဟိုနေရာလေး ကြိုက်တယ် အဘ"

"ဟိုတယ်ကို ဒီနေရာမှာထားရင် တိုးရစ်တွေအတွက် Buggy ကားတွေ ဒီနေရာက စထွက်တာပေါ့ အဟီး"

"လမ်းကောင်းဖို့လည်း လိုတယ်နော်"

"မီးရဖို့လည်း စီစဉ်ပေးပါဦး"

"ကြေးတိုင်နဲ့ မြေစာရင်းက မြေပုံကြည့်ချင်တယ်။ ဘယ်နားက လွတ်သေးလဲလို့"

"နှစ်ရှည် ဂရန်လျှောက်သူရှိမှာပေါ့"

အနီးသို့ တိုင်ပင်နှီးနှောသံကို ကြားသောအခါ ဒေသခံရွာသားများမှာ ကြောက်ဒူး တဆတ်ဆတ်တုန်ကြကုန်၏။ လယ်ပိုင်ယာပိုင် လယ်သမားဘဝမှ နောင်လာလတ္တံ့သော ဟိုတယ်ကြီးများတွင် လုံခြုံရေးဂိတ်ပေါက်စောင့်ဘဝ၊ စားသောက်ဆိုင်ကြီးများတွင် စားပွဲထိုးဘဝသို့ ပြောင်းလဲရောက်ရှိသွားသော အခြား ဒေသများမှ သာဓကများကို သူတို့ ကြားဖူး၊ မြင်ဖူး၊ တွေ့ဖူးထားကြသည် မဟုတ် ပါလား။ ရန်ကုန်မှ ရောက်လာသော လူစိမ်း လောဘသားများသာ မဟုတ်၊ မြို့ခံအာဏာပိုင်အချို့နှင့် စီးပွားရေးသမားများမှာလည်း မြေပုန်းခုတ်နေကြချေ ၏။ ယခုတစ်လောတွင် အလုပ်အများဆုံးမှာ ပြည်မြို့ရှိ မြေစာရင်းရုံးပင် ဖြစ်ဟန်

တူပေသည်။ ပြည်မြေပုံကို တောင်းကြည့်သူများသည် မြေစာရင်းရုံးဝယ် ခေါ်ချင်း လိမ်နေကြပေ၏။ ငါးသလောက်ပေါင်း တစ်ကောင်ကို ပန်းကန်ထဲ ထည့်ကာ အတုံးကလေးတွေဖြစ်အောင် လှီးကြ ဖြတ်ကြသလို သရေခေတ္တရာ ပြည်မြို့ကြီး ကိုလည်း ပန်းကန်ထဲထည့်ကာ လှီးကြ ဖြတ်ကြ လယ်ယာမြေ ခေခြမ်းရေး လုပ်တော့မည့်ပုံ ပေါ်နေ၏။

မြန်မာတို့သည် ငါးပွက်ရာ ငါးစာချ၊ ကောက်ရိုးမီး တောက်လောင် သည့် နေရာတွင် ကမ္ဘာပေါ်၌ ပထမစွဲလောက်သည့်လူမျိုး ဖြစ်ဟန်တူပေ၏။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း ဟူသော အသံကြားသည်နှင့် သံချိုင်းမြေပါမကျန် ထားဝယ်၌ အရောင်းအဝယ်ဖြစ်ကြ၏။ ဈေးတို့ မတန်တဆတက်ကြ၏။ မြေလွတ်မြေရိုင်းတို့ကို အလုအယက် လျှောက်လွှာတင်၍ ရယူကြ၏။ အာဏာရှိသူနှင့် စီးပွားရေးသမားများ သူတော်ချင်းချင်း သတင်းလွှေလွှေ ပေါင်းဖက်တွေ့ကြ၏။

ထားဝယ်စီမံကိန်း ပျက်သောအခါ မြေဝယ်၍ ဈေးကစားသူများ ရရာဈေးဖြင့် ပြန်ရောင်းကာ သီလဝါ၊ ကျောက်ဖြူ စသည့်တက်သို့ လှည့်ကြပြန်သည်။

ယခုလည်း သရေခေတ္တရာဟူသော မြို့နာမည်ကို စာလုံးပေါင်းနိုင်းလျှင် မှန်အောင် မပေါင်းတတ်သူများ၊ ပျူလူမျိုးဆိုသည်မှာ အိမ်နေရာမှ ခေါင်းပြူကြည့်သော လူမျိုးများဟုပင် ထင်မှတ်ဦးမည့် သူတို့သည် ကျွန်တော်တို့မြို့တွင် ခေါ်ချင်းလိမ်ကာ လှုပ်ရှားနေကြပေ၏။ သူတို့ စိတ်ထဲတွင် ယူနက်စကိုမှ ရှေးဟောင်းနယ်မြေအဖြစ် ယနေ့ သတ်မှတ်လိုက်သည်နှင့် မနက်ဖြန်တွင် နတ်တို့ ဖန်ဆင်းလိုက်သလို စီးပွားရေး အကွက်အကွင်းများ မျက်လှည့်ပြသလို ပေါ်လာကြတော့မည်ဟု ထင်နေကြ၏။ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်တွေ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေ၊ ခရီးသွားကုမ္ပဏီတွေ ချက်ချင်းဆောက်ကြတော့မည်ဟု တွေးကာ မြေကွက် ရိုက်ရောင်းဖို့ကို စောကပ်နေကြ၏။

အမှန်စင်စစ် ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် လက်ခံ အသိအမှတ်ပြုလိုက်မှုတွင် နှောင်းသောအခါ ၂၀၁၅ တွင် မည်ကဲ့သို့သော စံသတ်မှတ်ချက်များနှင့် ပြည့်စုံရမည်။ ၂၀၁၆ တွင် မည်သည့်စံသတ်မှတ်ချက်များနှင့် ညီရမည်ဟု သတ်မှတ်ချက်များ ပါရှိပြီး ဖြစ်သည်။ ထိုအချက်များနှင့် ညီ၊ မညီ နိုင်ငံတကာပညာရှင်များက လာစစ်ဦးမည် ဖြစ်သည်။

၂၀၁၅ တွင် လာစစ်သောအခါ နိုင်ငံတကာ စံချိန် စံနှုန်းများနှင့် မညီဘဲ စီးပွားရေးတစ်ခုကိုပဲကြည့်ပြီး ထင်ရာစိုင်းထားသည်ဆိုလျှင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားခြင်းမှ ပြန်လည်ရုပ်သိမ်းနိုင်ပေသည်။ ထိုအခါ စီးပွားရေးသမားများက

ဖုတ်ဖက်ခါကာ နောက်ပြန်ဆုတ်သွားကြမည် ဖြစ်ပြီး ဂုဏ်သိက္ခာကျရမည်က နိုင်ငံတော်နှင့် လူမျိုးတစ်မျိုးလုံး ဖြစ်သည်။

ပုဂံမြို့သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့တော် အစစ်အမှန် ဟုတ်ပင် ဟုတ်ငြား သော်လည်း သမိုင်းတန်ဖိုးကို နားမလည်သော ခရိုနီနှင့် စစ်ဗိုလ်ချုပ်များ ထင်ရာစိုင်းကာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေထဲတွင် ဟိုတယ်များဆောက်ခြင်း၊ အဆောက်အအုံများ တိုးချဲ့ခြင်း၊ ပုဂံခေတ်လက်ရာ ဘုရားများတွင် မပါရှိသော ထီးတင်ခြင်း၊ ထီးလှူခြင်းများကို အပြိုင်အဆိုင်ဆောင်ရွက်ကြခြင်း၊ ဦးတေဇပိုင် Aureum Palace Resort ဟိုတယ်တွင် နန်းမြင့်မျှော်စင်ကြီး တည်ဆောက်ခြင်း၊ မြို့ကွက်ရိုက်ခြင်း၊ မြို့သစ်တည်ခြင်း၊ ဘုရားအပျက်များကို အသစ်ကဲ့သို့ ပြန်လည်တည်ဆောက်ခြင်း၊ လမ်းဖောက်ရန် ရှေးဟောင်းဘုရားများကို ဖယ်ရှားခြင်း စသည့် အမှားများကို တသီတတန်းကြီး ကျူးလွန်ခဲ့ကြသဖြင့် ပုဂံသည် မြန်မာ့ရှေးဟောင်း မြို့တော် မှန်ပေသော်လည်း ကမ္ဘာ့အလယ်တွင် ရှေးဟောင်းအမွေအနှစ် World Heritage Site အဖြစ် အသိအမှတ်ပြုခံရဖို့ ငြင်းပယ်ခံခဲ့ရသည်။ ကမ္ဘာ့ အမွေအနှစ်စာရင်းဝင်အဖြစ်မှ လွှာကျခဲ့ရပေသည်။ ဤအဖြစ်ကို ရှေးဟောင်း သုတေသနပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်းက "လျှင်ထက်ဆိုးသော လူတို့၏ ဖျက်ဆီးမှု" ဟု ကင်ပွန်းတပ်ခဲ့သည်။

ပုဂံခေတ် မြန်မာအင်ပါယာကြီးသည် တရုတ်ပြေးမင်းလက်ထက်တွင် လာရောက် တိုက်ခိုက်သော ကူဗလိုင်ခန်၏ မွန်ဂိုစစ်သည်များကြောင့် ပျက်စီးခဲ့ရသည်။ ထိုသို့ ပျက်စီးပြီး အနှစ်ရှစ်ရာခန့် ကြာသောအခါ နဝတ၊ နအဖ အစိုးရ၏ ဖျက်ဆီးမှုကြောင့် ဒုတိယအကြိမ် ပျက်စီးခဲ့ရပေ၏။ အရည်းကြီးတို့ကြောင့်ပင် မပျက်စီးခဲ့သော ဘုရားစေတီများသည် ယခုအခါ ဟိုတယ် အုတ်တံတိုင်းထဲဝယ် ရောက်ရှိနေကြ၏။ ဘုရားအချို့သည် ရှေးဘုရားလော၊ ခေတ်သစ်လက်ရာလောဟု ခွဲခြမရအောင် သစ်သစ်လွင်လွင် ဖြစ်နေကြ၏။ ဒေသခံများ ပိုင်ဆိုင်သောမြေများကို ခရိုနီများက အာဏာပိုင်တို့နှင့်ပေါင်းကာ မတရား ခွဲဝေယူထားကြ၏။ ဟိုတယ်တစ်ခု၏ အလွန်မြင့်မားလှသော မျှော်စင်ကြီးတစ်ခုသည် ရှေးဟောင်းနယ်မြေနှင့် မလိုက်အောင် အရုပ်ဆိုးစွာ တည်ရှိ၏။

သရေခေတ္တရာ ပြည်မြို့တွင်လည်း ပုဂံလို အမှားမျိုး ထပ်မံကျူးလွန်ကြမည်ကို စိုးရိမ်မိပါသည်။ ဒွတ္တပေါင်မင်းကြီးနှင့် ပျူတို့ဌာန သရေခေတ္တရာ နိုင်ငံတော်ကြီးသည် ဒွါရာဝတီထဲဝယ် ငါးစကောဟူသော စစ်တပ်ကြီး ချီတက်

လာသည်ဟူသော ကောလာဟလကြောင့် ပျက်စီးခဲ့ရသည်ဟု ရှေးရိုးစဉ်ဆက် ပြောစမှတ်ပြုကြ၏။

သို့သော် လက်တွေ့တွင်မူကား ဘုရားကျောင်းကန် စေတီ ပုထိုး၊ မြို့ရိုး၊ ဝူသံချိုင်းများ၊ သိတိုမယ်နှများ၊ ဗိသုကာလက်ရာများ၊ လယ်ယာမြေများသည် နဂိုရည်မပျက် အနည်းဆုံး နှစ်ပေါင်းတစ်ထောင့်လေးရာ ကျော်လာသည့်အချိန်အထိ မပျက်မစီး တည်ရှိနေဆဲ ဖြစ်သည်။

သို့ရာတွင် ငါ့စကောတယ်ကြီး ပျက်ဆီး၍ မပျက်စီးခဲ့သော သရေခေတ္တရာသည် ယခုခေတ်တွင်မှ ပေါ်ပေါက်လာသော ခေတ်သစ်အဖျက်သမားများဖြစ်သည့် အာဏာရှင် ငါ့စကောနှင့် ခရိုနီ အရည်းကြီးများ လက်ချက်ကြောင့် မရှုမလှ ပျက်စီးနိုင်သည့် ဘေးအန္တရာယ်သည် ထက်ကြပ်မကွာ ရှိနေပါကြောင်း တင်ပြအပ်ပါသည်။

ဟစ်တိုင်ဂျာနယ် (၁၁.၇.၂၀၁၄)

❑

# မမြင်ရသော လက်မည်းကြီးများ

မြန်မာနိုင်ငံ၌ မတည်ငြိမ်မှုများ၊ လူမှုရေး၊ ဘာသာရေး၊ ပဋိပက္ခများ ဖြစ်ပွားတိုင်း လူအများပြောဆိုလေ့ရှိသည်မှာ ဆူပူမှုများ၏ နောက်ကွယ်မှ ကြိုးကိုင်ဖန်တီးနေသော မမြင်ရသော လက်များအကြောင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခုအခါ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အခြေခံသော ဥပဒေစိုးမိုးသည့် နိုင်ငံတော်သစ်ကို ဖန်တီးလိုသူ၊ အပြောင်းအလဲကို လိုလားသူများက တစ်ဖက်၊ ယခင် စစ်အစိုးရလက်ထက်က ရရှိခဲ့သော အာဏာနှင့် စီးပွားရေး အထူးအခွင့်အရေးများကို လက်လွှတ်မခံချင်သော ခေတ်ဟောင်း စနစ်ဟောင်းကို တမ်းတကာ နောက်ကြောင်းပြန်သွားလိုသူများက တစ်ဖက် ဘက်နှစ်ဖက် လွန်ဆွဲနေသော ကာလကြီး ဖြစ်သည်။ ထိုသို့ ဘက်နှစ်ဖက် လွန်ဆွဲသလို အားပြိုင်နေသော အချိန်တွင် ပြုပြင်ပြောင်းလဲရေး သမားများက ပြည်သူလူထုကို အခြေခံကာ စည်းရုံးသဖြင့် အားသာလာသော အခြေအနေရောက်တိုင်း လူထုထောက်ခံမှု မရတော့သောအုပ်စုများက ညစ်ကွက်သုံးလာတတ်ကြသည်။ သူတို့၏ ညစ်ကွက်မှာ လူထုကို အာရုံလွှဲခြင်း၊ လူကောင်းကို လူဆိုးများဖြင့် တိုက်ခိုက်ခြင်း၊ ပဋိပက္ခများ ဖန်တီးခြင်း ဖြစ်သည်။

ဦးနေဝင်းလက်ထက် မြန်မာနိုင်ငံတွင် ဆန်ရှားပါးမှု အရေးအခင်းကြီး ဖြစ်ပေါ်လာသောအခါ လူထုကို အာရုံပြောင်းသည့်အနေဖြင့် တရုတ်-မြန်မာ အဓိကရုဏ်းကို ပုံဖော်ခဲ့သည်။ မြန်မာနိုင်ငံ၌ မမြင်ရသော လက်မည်းကြီးတစ်ခု

စတင်လှုပ်ရှားလာခြင်း ဖြစ်သည်။ ဖွင့်မပြောသော်လည်း တရုတ်-မြန်မာ အဓိကရုဏ်း၏ နောက်ကွယ်တွင် ဖန်တီးသူ ဘယ်သူဆိုတာ ပြည်သူလူထုက သိနေခဲ့ပါသည်။ ပေါက်ကွဲအုံ့ဆဲဆဲ လူထုဒေါသလှန်ရေးကို တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းဖြင့် ရှောင်လွှဲနိုင်ခဲ့သည်။

ထိုမြှုံနေသော အနာသည် ၁၉၈၈ ခုနှစ်တွင် အမှည့်လွန်ပြီး အနာဆိပ်တက်ခဲ့ပါသည်။ ၁၉၈၈ မှ ၂၀၁၀ ပြည့်နှစ်အတွင်း အာဏာရှင်အစိုးရ လက်အောက်တွင် ပြည်သူလူထုမှာ အကြောက်တရားဖြင့် ပြားပြားဝပ်ခဲ့ရသည်။ အစိုးရအမည်ကိုက ငြိမ်ဝပ်ပိပြား အရပ်စကားဖြင့် ခေါ်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရ ဖြစ်သည်။

''အချိန်မရှိ လမ်းပြင်
ကလိမ်ချေငြမ်းဆင်
ငြိမ်ပိလမ်းစဉ်'' ဟုပင် ပြောစမှတ်တွင်ခဲ့သည်။

ထို အစိုးရလက်ထက် တစ်ဖြစ်လဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင်လည်း နာမည်သာပြောင်းသော်လည်း လူမပြောင်း၊ မူမပြောင်းဘဲ အကြမ်းဖက်နည်းကိုသာ ဖိနှိပ်မှု ယန္တရားအဖြစ် ဆက်လက် အသုံးပြုခဲ့ကြသည်။

ထင်ရှားသော သာဓကအဖြစ် စည်းရုံးရေးအင်အား ကောင်းလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့၏ ပါတီစည်းရုံးရေး ခရီးစဉ်အတွင်း စနစ်တကျဖွဲ့စည်းထားသော လူတစ်စု၊ လူတစ်ဖွဲ့က လိုက်လံအကြမ်းဖက် နှောင့်ယှက်ခဲ့ကြသည်။ သို့သော် ထိုသူများမှာ ဘယ်သူတွေဖြစ်သည် ဆိုတာကို အာဏာရ အစိုးရသည် ထိထိရောက်ရောက် ဖော်ထုတ်ခဲ့ခြင်း မရှိပေ။ NLD၏ စည်းရုံးရေး ခရီးစဉ်တစ်လျှောက် မိုးကုတ်မြို့မှစ၍ လိုက်လံနှောင့်ယှက်ကြပုံကို ထိုစဉ်က NLDဥက္ကဋ္ဌဖြစ်သူ ဦးတင်ဦးက ဤသို့ ပြန်ပြောင်းပြောခဲ့၏။

''ကျွန်တော်တို့က အဲဒီကနေ ထွက်လာတဲ့ အချိန်ကျတော့ အခြေအနေက တော်တော်ကို ဆိုးတယ်။ ထွက်လာပြီး မကြာခင်မှာ ဒိုင်နာကားကြီးတွေနဲ့ ကျွန်တော်တို့ကားကို ရှေ့နဲ့နောက်နဲ့ ပိတ်ပြီးတော့ အပေါ်မှာရှိတဲ့ အသံချဲ့စက် ၄ ခုလောက် တပ်ထားပြီးတော့၊ အကြီးအကျယ် အော်ပြီးတော့ 'နယ်ချဲ့အားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒ ကန့်ကွက်ကြ၊ ပြည်ဖျက်မ စုကြည်' ဆိုတာတွေ ဘာတွေကို အော်တယ်။ အဲဒီမှာ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ရဲမှူးကြီး၊ တစ်ပွင့်၊ နှစ်ပွင့်၊ အကြပ်တွေလည်း ရှိတယ်။

သူတို့က ..... တို့၊ စွမ်းအားရှင်တို့ လုပ်တာကို မပြောရဲဘူး။ သူတို့ကြောက်တယ်။ ကျွန်တော်တို့ ကားတွေကို အတင်းပဲ သွားပါ သွားပါ ပြောတယ်။ သူတို့က သွားပါ သွားပါ ပြောပေမယ့် ရှေ့ကပိတ်ထားတော့ ဘယ်လို သွားလို့ရမလဲ။ အဲဒီနေရာမှာ တော်တော်ကို မှောင်သွားပြီ။ အဲဒီကနေ ထွက်လာတော့ ခဉ့်ကူးကို ဝင်သွားပြီ။ အဲဒီကားကြီးတွေကလည်း နောက်ကနေ အော်ရင်း လိုက်တယ်။ ခဉ့်ကူးအဖွဲ့ချုပ်ရုံးမှာ စည်းရုံးရေးအဖွဲ့ဝင်တွေနဲ့ တွေ့တယ်။ အဲဒီမှာ လူငယ်ဖွဲ့စည်းရေး လုပ်တယ်။ အဲဒီမှာ ည ၈ နာရီလောက် ရောက်သွားပြီ။ အဲဒီအချိန်မှာ ကျွန်တော်တို့ တည်းတဲ့အိမ်ကို လောက်လေးတွေနဲ့ ပစ်တယ်။ ခေါင်မိုးတွေကိုလည်း မှန်တယ်။

ပစ်လိုက်တဲ့ လောက်လေးဆန် ကျွန်တော်တို့နားလည်း ကျတယ်။ ဒေါ်အောင်ဆန်းစုကြည်က ရဲစခန်းကို အမှုဖွင့်ဖို့ ပြောတဲ့အခါကျတော့ ကျွန်တော် သွားပြီးတော့ အမှုဖွင့်တယ်။ အမှုဖွင့်တာကို ရဲစခန်းက လက်မခံဘူး။ လက်မခံတဲ့အခါကျတော့ ကျွန်တော်က ပြောတာက ပထမ FIR လာပြီး ဖွင့်ရင် တိုင်တဲ့ဟာကို လက်ခံရမယ်။ လက်မခံရင် တရားစွဲနိုင်တယ်လို့။ အဲဒီ တပ်ကြပ်က ကောင်းပြီဆိုပြီး လူကြီးတွေကို ပြောတော့ လက်ခံမယ်ပြောပြီး ရဲစခန်းမှူးတွေက လိုက်လာပြီး အမှုဖွင့်တယ်''

ဤအဖြစ်အပျက်တွင်လည်း ဦးတင်ဦး အမှုဖွင့်သော်လည်း တရားခံ မပေါ်ပေ။ ဆူပူမှုကို ဖြစ်ပေါ်စေသော နောက်ကွယ်မှ လက်မည်းကြီးမှာ နိုင်နှာ ကားကြီးများကို ငှားနိုင်ခြင်း၊ အသံချဲ့စက်များကို အသုံးပြုနိုင်ခြင်း၊ အာဏာပိုင်တို့က လျစ်လျူရှုနေခြင်းတို့ကြောင့် ပေါ့သေးသေးအဖွဲ့ မဟုတ်ကြောင်း သိနိုင်သည်။

၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ညတွင် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ လိုက်ပါလာသောအဖွဲ့ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ကျည်ရွာအနီး ချုံခိုတိုက်ခိုက် လုပ်ကြံခံခဲ့ကြရာ သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ကြသူများမှာ ယနေ့အချိန်အထိ တရားခံ မပေါ်ပေ။

ထိုအကြောင်းကို ဦးတင်ဦးက ပြန်ပြောရာ၌ -

''သင်္ကန်းဝတ် ရှယ်တူ ၄-၅ယောက်လောက်က သင်္ကန်းဝတ်၊ တုတ်နဲ့၊ သူတို့က ရှေ့ကဈာ။ နောက်က ကောင်တွေက ကြွေသံပေးတဲ့ အကောင်တွေ၊ လူငယ်လူလတ်ပိုင်းတွေ။ သူတို့က ပုဆိုးတိုတိုနဲ့ ခါးစည်းထားတယ်။ နောက်လက်မှာ အမှတ်အသားပါတယ်။ လက်မှာက ဝါးရင်းတုတ်တွေကို ကိုင်ထားတယ်။ နောက်ကနေ အော်နေတယ်။ ခဲတွေနဲ့ ပစ်တယ်။ ဒီကောင်တွေ ချကွာဆိုပြီး နောက်ကနေ အော်နေတယ်။ ဒုတိယအကြိမ် ရိုက်ဖို့ လုပ်ရာကနေ ရပ်သွားသေး

တယ်။ နောက်ကကောင်တွေက ရိုက်နိုင်းနေတယ် ဆိုတော့ ရိုက်မှာပဲဆိုတာ ဘာဘာ တွက်ထားတယ်''

ဦးတင်ဦး အဆိုအရ သက်နှင်းဝတ်ထားသူများက စပြီး ရိုက်သည်ဟု နိုင်မာစွာ ဆိုသည်။ ၄င်းအပြင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆက်သွယ်ပြောဆိုရာ၌ မန်း(၁) ဒီကိုလာစု၊ မန်း(၂) ဟိုဘက်မှာစုဟု ပြောကြောင်း သိရသဖြင့် လုပ်ကြံမှုသည် စနစ်တကျ အကွက်ချထားမှုန်း သိသာပေသည်။

ထို့နောက် ဦးတင်ဦးသည် အသက်လုပြီး ခြေကျင်ထွက်ပြေးလာစဉ် ဂိတ်တစ်ခုသို့ ရောက်သောအခါ ကြုံရပုံကို ပြောပြရာတွင် -

''ငါတို့က ဟိုက အသက်လုပြေးလာရတယ်။ အခု မင်းတို့က လုပ်မယ် ဆိုရင် ဥပဒေက ကြီးလေးတဲ့ ပြစ်ဒဏ်ခံရမယ်လို့ ဘာဘာက ပြောတယ်။ ခေါင်းဆောင် လုပ်တဲ့သူက ခင်ဗျား ဘယ်သွားချင်လဲ ဆိုတော့ ကျွန်တော် လာရင်းက ဒီပဲယင်း သွားဖို့ပဲ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူလာတာ၊ သူ ဘယ်ရောက်လဲ ဆိုတာ သိခွင့်ရှိတယ်။ သူနဲ့ တွေ့ချင်တယ်လို့ ပြောတယ်။ အဲဒီလိုပြောတော့ ဟိုအမှောင်ထဲမှာ ထိုင်နေ ဆိုပြီးတော့ ပြောတယ်။

အပေါ်က ကောင်တစ်ကောင်က ရိုက်မယ်ဆိုပြီး ပြေးဆင်းလာတော့ အပေါ်က ကောင်တွေက ရိုက်ကွာ၊ ထိုးကွာ နိုင်ငံခြား အားကိုးတဲ့ ကောင်တွေ၊ ဘာတွေ ဘာတွေ ဆိုပြီး အပေါ်ကောင်တွေက ကြွေးကြော်သံတွေ အော်နေကြတဲ့ အချိန်မှာ ခေါင်းဆောင်လုပ်တဲ့သူက ပါးစပ်ပိတ်၊ တိတ်စမ်း၊ လုပ်စရာရှိတာ ဒီလူတွေနဲ့ စကားပြောနေတယ်။ မင်းတို့ ပါးစပ်ပိတ်လို့ ပြောတော့ ငြိမ်သွားတယ်။

အဲဒါကို ကြည့်ပြီး ဘာဘာက စဉ်းစားတာက သူတို့ဟာ အဖွဲ့အစည်း တစ်ခုခုက သင်တန်းပေးထားတဲ့ သူတွေလား။ ··· ထဲက အဝတ်အစားလဲပြီးတော့မှ လုပ်တာလား။ ··· ထဲကပဲလား ဆိုတာကို စဉ်းစားနေမိတယ်''

ဤကား ၂၀၀၃ ခုနှစ်က ဒီပဲယင်း လုပ်ကြံမှုတွင် မဖော်နိုင်ခဲ့သော နောက်ကွယ်မှ ကြိုးကိုင်သူများအကြောင်း ဖြစ်သည်။

နောက်ထပ် ကြီးမားသော လုပ်ကြံမှုတစ်ခုမှာ ၂၀၀၈ ခုနှစ်၊ မတ်လ (၃)ရက်နေ့က ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်း၊ စိမ်းလဲ့ကန်သာလမ်းသွယ်၊ အမှတ် (၁၂၆) တွင် ဖြစ်ပွားခဲ့သော ငါးလောင်းပြိုင်လူသတ်မှု ဖြစ်သည်။ မိုးကုတ် ဦးမြမောင်၏ သမီးဖြစ်သူ ဒေါ်စန်းစန်းမြ (၅၈)နှစ်၊ သူမ၏ ခင်ပွန်း ဦးစဝ်ကြည်ဖ (ခေါ်) ဦးချာလီ (၅၉)နှစ်၊ တူမဖြစ်သူ မမြစန္ဒာ (၃၅) နှစ်၊ မနှင်းပွင့်အေး (၂၇)နှစ် နှင့် အိမ်ဖော်မလေး မအယ်ဖော (၁၅) နှစ်တို့ သေနတ်ဖြင့် အနီးကပ် ပစ်သတ်၍ နေခင်းကြောင်တောင် လုပ်ကြံခံခဲ့ရသည်။ ဤအမှုတွင်လည်း ကျူးလွန်သူကို

ယနေ့တိုင် မဖော်နိုင်သေးပေ။ သေနတ်ကို အသုံးပြုသွားခြင်း၊ ၉မမ (9 mm၊) ပစ္စတိုကျည်ဆန်ဖြင့် ၁၈ ချက်တိတိ ပစ်သွားခြင်း၊ အသံတိတ်ကိရိယာ အသုံးပြုနိုင်ခြင်းတို့ကြောင့် ဖြစ်မှုကျူးလွန်သူသည် သာမန်လူများ မဟုတ်ဟန်မတူချေ။

ထို့နောက် အပြောင်းအလဲများစွာနှင့်အတူ ဒီမိုကရေစီတစ်ပိုင်း အစိုးရဟု ခေါ်ရမည့် သမ္မတကြီး ဦးသိန်းစိန် အုပ်ချုပ်သည့်ခေတ်သို့ ရောက်လာလေ၏။ သမ္မတကြီးအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ နိုင်ငံတစ်ဝန်း ရုတ်တရက် ဖြစ်ပွားလာသော ဘာသာရေး ပဋိပက္ခများ ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကျောက်နီမော် ကျေးရွာတွင် မသီတာထွေး ဆိုသော ဗုဒ္ဓဘာသာ ရခိုင်တိုင်းရင်းသူတစ်ဦးကို အစ္စလာမ်ဘာသာဝင် ဘင်္ဂါလီသုံးဦးမှ မုဒိမ်းကျင့်၊ လူသတ်ရာမှ ဘာသာရေး အဓိကရုဏ်း စတင် ဖြစ်ပွားသည်။ ထိုကိစ္စနှင့်ဆက်စပ်၍ အဓိကရုဏ်းဖြစ်ပွားလေ့ မရှိသော တောင်ကုတ်မြို့တွင် အစ္စလာမ်ဘာသာရေး တရားဟောဆရာ (၁၀) ဦး အသတ်ခံရသည်။ မြို့ခံများ၏ အဆိုအရ လာရောက်ဆူပူမှုကို ဖန်တီးသူ၊ လူသတ်သူများသည် သူတို့မြို့မှ မဟုတ်သော မျက်နှာစိမ်းများ ဖြစ်သည်ဟု ဆို၏။ နောက်ကွယ်က ကြိုးကိုင်သူအချို့ ရှိနေသည်ဟု စတင်ပြောကြားလာကြသော ဖြစ်ရပ်ဖြစ်သည်။ ထုံးစံအတိုင်း တရားခံမပေါ်ပေ။

၄င်းနောက် ဘာသာရေး အဓိကရုဏ်းများသည် ရခိုင်ပြည်နယ်အတွင်းသာမက မိတ္ထီလာမြို့၊ ပဲခူးတိုင်း အုတ်ဖို၊ ဇီးကုန်း၊ လက်ပံတန်း၊ ကြို့ပင်ကောက်မြို့များအထိ ကူးစက်ပြန့်ပွားခဲ့သည်။ အားလုံးက တညီတညွတ် ပြောကြသည်မှာ အကြမ်းဖက်ဆူပူသူ လူအုပ်ကြီးသည် မြို့ခံများ မဟုတ်ကြပါ။ ညဘက်ရောက်မှ ဘယ်က ဘယ်လို ရောက်လာမှန်း မသိသူတွေသာ ဖြစ်သည်ဟုဆို၏။ နောက်ကွယ်မှ လက်မည်းကြီး ရှိနေသည်ဟု အားလုံးက ပြောကြသော်လည်း အစိုးရသည် ထိုလက်တံကို မဖော်ထုတ်နိုင်ခဲ့ပေ။

ထို့နောက် မိတ္ထီလာမှာ ဘာသာရေးအဓိကရုဏ်း ဖြစ်၏။ ဗုဒ္ဓဘာသာဝင်များရော၊ အစ္စလာမ်ဘာသာဝင်များရော သတ်ကြ၊ သေကြ၏။ ယခင် အဖြစ်များလိုပင် ဒေါသဖြစ်နေသော လူအုပ်ကြီး တုတ်၊ ဓား ကိုင်ဆောင်ကာ ရောက်လာကြ၏။ နောက်ကွယ်တွင် ခိုင်းစေသူရှိရမည်ဟု အသံတွေ ထွက်လာ၏။ လက်မည်းကြီးကို မဖော်နိုင်ပါပေ။

တိုင်းပြည်သည် တိုးတက်ရေးလမ်းကြောင်းပေါ်သို့ လျှောက်ခါစ ရှိသေး၏။ နိုင်ငံရေးအရ ဖြေရှင်းစရာတွေ အများကြီးရှိသေးသည်။ NLD နှင့် တိုင်းရင်းသားများက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့ ကြိုးစားနေကြ၏။ ပုဒ်မ (၄၃၆)ကို ပြင်ဆင်ဖို့ လက်မှတ်များ တစ်ပြည်လုံးတွင် လိုက်လံကောက်ခံနေသည်။ တိုင်းရင်းသား

များက ဖက်ဒရယ်ပြည်ထောင်စု လိုချင်သည်။ PR ရွေးကောက်ပွဲစနစ်ကို မလိုလား ကြောင်း ပြောကြသည်။ ဤအခြေအနေ၌ မန္တလေးတွင် ဆူပူမှုဖြစ်၏။ အွန်လိုင်းတွင် တက်လာသော သတင်းတစ်ပုဒ်ကြောင့် ဆူပူမှုဖြစ်သည်ဟု ဆို၏။ ကျွန်တော်ကတော့ အစိုးရညံ့၍ ဆူပူမှုဖြစ်ရသည်ဟု ထင်သည်။ ဖေ့(စ်)ဘွတ်တွင် တက်လာသော သတင်းဖြစ်သည့် ဘာသာခြား ညီအစ်ကိုနှစ်ဦးက မြန်မာ စားပွဲထိုးမလေးကို အဓမ္မပြုကျင့်ပြီး နေပြည်တော် အဝေးပြေးလမ်းပေါ်တွင် ထားရစ်ခဲ့သည် ဟူသော သတင်းကို မဟုတ်လျှင် မဟုတ်သည့်အကြောင်း အစိုးရပိုင် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာတို့မှ အချိန်မဆိုင်းဘဲ အများပြည်သူ သိအောင် ချက်ချင်း ရှင်းပြရမည့် တာဝန်ရှိ၏။ မဟုတ်လျှင် မဟုတ်ကြောင်း၊ ဟုတ်ခဲ့လျှင် ဟုတ်ကြောင်း၊ တရားခံကို မည်သို့ ဥပဒေအရ အရေးယူထားကြောင်း ပြောရပေမည်။ အစိုးရသည် ၎င်းသတင်းကို အင်းမလှုပ်၊ အဲမလှုပ် ဘာမှ မတုံ့ပြန်ခဲ့ဘဲ ပြင်ပတွင် ဆူဆူပူပူ ဖြစ်လာသည်အထိ ကောလာဟလများသာ ဖြစ်နေခွင့်ပြုခဲ့သည်။ ယနေ့ခေတ်သည် ယခင် လှည်းခေတ်၊ လှေခေတ်လို သတင်းတစ်ပုဒ်ကို အမှောင်ချ ဖုံးအုပ်ထား၍ရသောခေတ် မဟုတ်တော့ပါ။ ဟုတ်၊ မဟုတ် ဒဲ့(တဲ့)ရှင်းရမည့်ခေတ် ဖြစ်သည်။ ပြဿနာဖြစ်လာမှ မီဒီယာကို အပြစ်ဖို့ရန် လုပ်ခြင်းကား နည်းလမ်းမကျပေ။

ရလဒ်မှာ ဆူပူမှုကို ဖန်တီးချင်သူတို့ အကွက်ကောင်းရကာ မန္တလေးတွင် အပြစ်မဲ့ ပြည်သူနှစ်ဦး သေဆုံးရသည်အထိ ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့ရပေသည်။ တုတ်၊ ဓား၊ လက်နက်များကို ကြောင်ကိုင်ဆောင်ထားသော လူအုပ်သည် ဆိုင်ကယ်များဖြင့် လှည့်ပတ်အော်ဟစ် လှုံ့ဆော်နေကြသော်လည်း သူတို့ကို တားဆီးနိုင်ခြင်း မရှိဟု သိရသည်။

ထို လူအုပ်သည် မည်သူတွေနည်း။ မန္တလေးမြို့ ပဋိပက္ခနှင့် ပတ်သက်၍ ၇.၇.၂၀၁၄ တွင် သမ္မတကြီး ဦးသိန်းစိန်က နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရာတွင် ""ပဋိပက္ခဖြစ်ပေါ်စေဖို့ ရည်ရွယ်ချက်ရှိရှိ ဖန်တီးခဲ့သူများကိုလည်း စုံစမ်းဖော်ထုတ်ပြီး ပြတ်ပြတ်သားသားနဲ့ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ မန္တလေးမြို့မှာ လတ်တလော ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများဟာ လူတစ်စု၊ အဖွဲ့အစည်းတစ်ခုက ရည်ရွယ်ချက်ရှိရှိနဲ့ တမင်ဖန်တီးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ တွေ့မြင်ရမှာ ဖြစ်ပါတယ်"" ဟု ပြောကြားခဲ့ပါသည်။

မြန်မာတစ်နိုင်ငံလုံးသည် သမ္မတကြီးပြောခဲ့သော လူတစ်စု၊ အဖွဲ့အစည်းတစ်ခုကို လက်ဆုပ်လက်ကိုင် ဖမ်းဆုပ်ဖော်ထုတ်ပြသည်ကို မြင်လိုပါသည်။ ယခင်က အမှုဟောင်းများလိုပဲ လေထဲမှာ ကတိပေး၍ လေထဲမှာ ပျောက်ပျက်သွားလျှင်ဖြင့် ကျွန်တော် ကြားဖူးသော ကရင်မကြီး စားပြတိုက်ခံရသည့်ဖြစ်ရပ်နှင့် တူနေပါလိမ့်မည်။

ဒုတိယကမ္ဘာစစ်ပြီးခါစ ဂျပန်တော်လှန်ရေးအပြီး အင်္ဂလိပ်ပြန်အဝင် ဗရုတ်ဗရက်ကာလကြီးတွင် မြန်မာပြည်အောက်ပိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများတွင် လက်နက်ကိုင် ဓားပြများ အလွန်သောင်းကျန်းခဲ့ရသည်။ ဓားပြမှုများမှာ နေ့ရာအနှံ့ ဖြစ်ပွားနေသော်လည်း တရားခံဟူ၍ လက်ဆုပ်လက်ကိုင် ဖမ်းဆီးနိုင်ခြင်း မရှိပေ။

တစ်နေ့တွင် ရွာတစ်ရွာရှိ ကရင်မကြီးတစ်ဦးအိမ်သို့ ဓါးပြဝင်တိုက်လေ၏။ ကရင်မကြီးသည် သေနတ်ကိုင်ထားသော မျက်နှာဖုံးစွပ် လူဆိုးများကို ကြောက်အား လန့်အားနှင့် သူ့ကို မသတ်ဖို့ တိုးလျှိုးတောင်းပန်ရင်း ကွမ်းအစ်ထဲမှ ထုံးကို လက်ဖြင့်ကော်၍ ဓားပြတစ်ဦး၏ သေနတ်ဒင်ကို မသိမသာ သုတ်ကာ အမှတ်အသား ပြုလိုက်သည်ဟူ၏။ ဓားပြကတော့ ပစ္စည်းများကို လုယက်ယူငင်ပြီး ပြန်သွားသည်။

နောက်တစ်နေ့ မနက်တွင် မြို့မှ ပုလိပ်တပ်ဖွဲ့များ ရောက်လာကြပြီး ကရင်မကြီး ဓားပြတိုက်ခံရသည်ကို လာရောက်စစ်ဆေးကြသည်။

"ဘယ်လိုဖြစ်သလဲ ကရင်မကြီး၊ ဓားပြတွေကို မှတ်မိသလား" ဟု ပုလိပ်တပ်ဖွဲ့ ခေါင်းဆောင်က မေးသည်။ ထိုအခါ ခေါင်းဆောင်လုပ်သူ ပုလိပ်ကြီး၏ သေနတ်ဒင်မှာ ညက သူအမှတ်အသားလုပ်ထားသော ထုံးကွက်ကို တွေ့သဖြင့် ရှိုးသားသော ကရင်မကြီး၊ ကရင်သံဝဲဝဲနှင့် အော်ငိုပုံမှာ -

"ညကလာတော့လည်း နင်တို့ပဲ၊ အခု မနက်လာတော့လည်း နင်တို့ပဲ၊ အမယ်လေး ငါ့အဖြစ်က ဆိုးပါတယ်၊ ဘယ်သူ့ကို တိုင်ရမလဲဟဲ့" ဟူ၍ ဖြစ်သည်။

ယခုလည်း မြန်မာနိုင်ငံတွင် ဆက်တိုက်ပေါ်ပေါက်လာသော ပဋိပက္ခ မီးရှူးသူ၊ နောက်ကွယ်မှ ဖန်တီးသူ အစစ်များကို သမ္မတကြီးမှ ပြတ်ပြတ်သားသား ဖော်ထုတ်ပေးစေလိုပါသည်။ အများယောင်၍ ရောယောင်ပါမိသူ ဒေသခံအချို့ကို အရေးယူရုံမျှသာမက နောက်ကွယ်မှနိုင်းစေသော ပင်ရင်းလက်သည်တရားခံအစစ်ကို မျက်နှာကြီး၊ မျက်နှာငယ်မရွေး ဖော်ထုတ် ဖမ်းဆီးပေးစေလိုပါသည်။ ထိုသို့ မဟုတ်ဘဲ ပါးစပ်မှပဲ ပြောနေရုံ ဆိုပါက ပြည်သူလူထုမှာ ကရင်မကြီး အော်ငိုသလိုပင် ငိုရှိုသာ ရှိတော့ပါကြောင်း။

New Watch ဂျာနယ် (၂၂-၇-၂၀၁၄)

❑

ကိုးကား ။ ။ ဦးတင်ဦးမြန်ပြောတဲ့ ဒီပဲယင်းလုပ်ကြံမှု (သစ်ထူးလွင်၊ ၃၀ မေ၊ ၂၀၁၁)

# ညစ်ညမ်းစာပေရေးမှ အနုပညာလား

လက်မောင်းသားလေးတွေ၊ ဝမ်းဗိုက်သားနဲ့ ပေါင်တံလေးတွေ၊ သူ့ကိုယ်ခန္ဓာ အရေပြားပေါ် အနမ်းတွေ အဆက်မပြတ် ထိတွေ့ လှုပ်ရှားနေရင်း ကျွန်တော်တို့ နှစ်ယောက် လိင်စိတ် နိုးကြားလာကြတယ်။

"ကိုယ်က အရမ်းနူးညံ့သိမ်မွေ့တာပဲ။ ကိုယ်လည်း အနုပညာဆန်တယ်"

"အင်း ပစ္စည်းကို နမ်းမယ်လေ၊ အတွင်းခံ ချွတ်လိုက်နော်"

"အား အရမ်းယားနေပြီ ကိုရယ် တော်ပါတော့"

စာဖတ်သူများ ခင်ဗျာ။ အထက်ပါ စာသားများမှာ ခိုးကြောင်ခိုးဝှက် ထုတ်ဝေသော အပြာစာအုပ်များထဲမှ စာသားများ မဟုတ်ပါ။ ယခုတစ်လော နာမည်ကြီးနေသော ကဗျာဆရာ တစ်ယောက်၏ လုံးချင်းဝတ္ထုစာမျက်နှာ (၆၃)မှ ကောက်နုတ်ချက် စာသားများသာ ဖြစ်ပါသည်။ ယခုထက်ပို၍ ရှုံ့ရင်းကြမ်းတမ်းသော အဖွဲ့အနွဲ့များ ပါရှိသေးသော်လည်း သူ့ကို ကြော်ငြာပေးသလို ဖြစ်မည်စိုးသည့်အပြင် စာဖတ်သူများကို လေးစားသောအားဖြင့် လုံးစေ့ပတ်စေ စာတမ်းမျက်နှာ အပြည့်အစ မဖော်ပြတော့ပါ။

အမှန်စင်စစ် ကျွန်တော်သည် ရှေးရိုးစွဲဝါဒီ (ကွန်ဆာဗေးတစ်တစ်ဦး မဟုတ်ပါ)။ ထို့အတူ ခေတ်လွန်ပြီးရော၊ ခြေထောက်ပန်းပန်လည်း ဖြစ်သည်ဟု အနောက်တိုင်းက လူတွေလုပ်သမျှ ရောယောင် ထောက်ခံသူလည်း မဟုတ်ပါ။

အရာရာကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် သင့်၊ မသင့် ချင့်ချိန်တိုင်းထွာပြီးမှ လက်ခံသင့် မသင့် ဆုံးဖြတ်ပါသည်။

ပထမဆုံး ကျွန်တော်တို့ စဉ်းစားရမည်မှာ မြန်မာတစ်နိုင်ငံလုံးက ချွေးနှင့်သွေးနှင့် ရင်း၍ တိုက်ယူခဲ့သော လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့် (Freedom of Press) ဆိုသည်မှာ ဒါမျိုး မဟုတ်ပါ။ အနုပညာသမားသည် သူ၏ အနုပညာ လက်ရာတစ်ခုကို ဖန်တီးရာတွင် ဘောင်အကန့်အသတ် မရှိဘဲ လွတ်လပ်စွာ ဖန်တီးခွင့် (Poetic Licence) ရှိသည်ကို ကျွန်တော် သဘောတူ လက်ခံပါသည်။ ထို လွတ်လပ်ခွင့်အရ စာရေးဆရာ ချစ်ဦးညိုသည် ဒသဂီရိဆိုသော ဒဏ္ဍာရီထဲမှ လူဆိုးကြီးကို သနားစဖွယ်ဖြစ်လာအောင် အဓိက ဇာတ်ဆောင် နေရာမှထားကာ ဖွဲ့နွဲ့ခဲ့သည်။ ဆရာနိုင်ဝင်းဆွေသည် မဟူရာမေတ္တာ ဝတ္ထုထဲတွင် ဖန်ထွာမင်းသမီးနှင့် စိတ်ကူးယဉ်ဇာတ်ကောင် လူငယ်တစ်ဦးကို မေတ္တာမျှစေခဲ့သည်။ အရာရာသည် စာရေးဆရာတို့၏ စိတ်ကူးစိတ်သန်းမှ ပေါက်ဖွားလာပါသည်။ စာရေးဆရာသည် သူ့စိတ်ကူးထဲမှာ ရှိသမျှကို ဒီမိုကရေစီကျင့်စဉ်အောက်တွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့် ရှိပါသည်။

သို့သော် မိမိ ဖန်တီးရုံမျှဖြင့် ပြဿနာမရှိ၊ အများသိအောင် မြင်အောင် ဖတ်အောင် တရားဝင် ပုံနှိပ်ဖြန့်ချိ ထုတ်ဝေပြီ ဆိုလျှင် ဖြစ်လာသမျှ ကွင်းဆက်များ အားလုံးကို စာရေးသူက တာဝန်ယူရတော့မည်။ လွတ်လပ်ပြီဆိုပြီး လမ်းဘေးတွင် ဆေးရိုးလှန်းခြင်းကား မလုပ်သင့်သော လုပ်ရပ် ဖြစ်သည်။

စာပေစိစစ်ရေး အလိုမရှိဟု ကျွန်တော်တို့ အလေးအနက် တောင်းဆိုခဲ့ခြင်း မှာ အထက်ပါ အရေးအသားများ တရားဝင် ရေးခွင့်ရချင်သောကြောင့် မဟုတ်။ ဒီမိုကရေစီ၌ Right and Duty ဟူ၍ရှိရာ အခွင့်အရေးနှင့် တာဝန်ကို အတူတကွ လက်သင့်ခံရပေမည်။ လွတ်လပ်မှုအခွင့်အရေးနည်းတူ တာဝန်ယူမှု ဆိုသည်လည်း ရှိသင့်ပေသည်။

လိင်ဆက်ဆံခြင်းသည် လူတိုင်းနှင့် မကင်းသောကြောင့် လူတိုင်းသိအောင် ရေးခြင်းသည် အပြစ်မရှိ ဆိုသည်မှာ အရှုးတစ်ယောက်လက်၌ ဓားအပ်လိုက်ပြီး လွတ်လပ်စွာ ခုတ်ခွင့်ပြုလိုက်သည်နှင့် တူပေ၏။

လူသည် အဝတ်အစား မပါဘဲ ကိုယ်လုံးတီး မွေးဖွားလာသူများဖြစ်ရာ ကိုယ်လုံးတီး နေခြင်းမှာ သဘာဝကျသည်ဟု ယူဆကာ လူစည်ကားရာ လမ်းဆုံ လမ်းခွများတွင် သွားရောက်နေပါချေက ဒီမိုကရေစီအတွန်းကားဆုံး အမေရိကန်

ပြည်ထောင်စုတွင်ပင် အများပြည်သူကို အနှောင့်အယှက်ပေးမှုဖြင့် ဖမ်းဆီး တရားစွဲဆိုခြင်း ခံရပေမည်။

ဆိုလိုသည်မှာ လူတစ်ယောက်ချင်းတွင် ကိုယ်ကြိုက်တာ တွေးခွင့်၊ ရေးခွင့်၊ ပြောခွင့်ရှိသော်လည်း လူသည် တစ်ယောက်တည်းနေသော သတ္တဝါ မဟုတ်၊ လူ အသိုင်းအဝိုင်းနှင့်နေသော သတ္တဝါဖြစ်ရာ လူ့အသိုင်းအဝိုင်းကိုပါ ထည့်တွက်ရပေမည်။ ကိုယ်တစ်ယောက်တည်းအတွက် မှန်၍ အများဖြစ်ချင်ရာဖြစ် ဆိုသည်မှာ စစ်မှန်သော ဒီမိုကရေစီ မဟုတ်ချေ။

အစိုးရသည် နဂိုကတည်းကမှ တိုင်းသူပြည်သားများကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အပြည့်အဝ မပေးချင်ပေ။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ Guided Democracy စသည်ဖြင့် အာဏာရှင်ဒီမိုကရေစီကိုသာ ပေးဖို့ ကြိုးစား နေသည်မှာ ကမ္ဘာက အသိ ဖြစ်သည်။

ထိုအချိန်မျိုးတွင် သည်လို စာအုပ်မျိုးကို တရားဝင် ထုတ်ဝေလိုက်သည်မှာ အနုပညာသမား ရှုထောင့်မှ မိမိဘာသာ မှန်သည်ဟုပင် ဆိုဦးတော့ အစိုးရဘက်မှ ဒီမိုကရေစီ၏ ဖောက်လွဲဖောက်ပြန် ပျက်စီးမှုများဟု တံဆိပ်ကပ်ကာ ဝါဒဖြန့်ခွင့် ရသွားမည် ဖြစ်သည်။ ဒီမိုကရေစီအကြောင်း အမြဲတမ်း မကောင်းပြောချင်နေကြသော စစ်အစိုးရ ဘက်တော်သားများ ရမယ်ရှာ အကြောင်းပြစရာ ဖြစ်သွားပေလိမ့်မည်။

ဤစာအုပ်သာမဟုတ် မြန်မာနိုင်ငံတွင် အချို့တိုအတွင်း ဟုန်းခနဲ ကျော်ကြားလာသော၊ ခရိုနီအချို့ကို အမြဲတမ်း ရန်ထောင် ပုတ်ခတ်ရေးသားသော ဂျာနယ်တစ်စောင်ကိုပင် စာပေလောကသားအစစ်များသည် အားပေးထောက်ခံမှု မရှိပါချေ။ အကြောင်းမှာ နုနယ်လှသေးသော စာပေလွတ်လပ်ခွင့်သည် ဤကဲ့သို့ ပုတ်ကြမ်းတိုက်လာသော အမုန်းတရား တိုးပွားရေးစာစောင် ဂျာနယ်များကြောင့် ပျက်စီးပြိုကွဲသွားမှာကို စိုးရိမ်၍ ဖြစ်သည်။

အစိုးရကို ဝေဖန်ခြင်းကို ထောက်ခံပေသည်။ သို့သော် ပုဂ္ဂိုလ်ရေး ငယ်ကျိုးငယ်နာဖော်၍ ကလော်ဆဲခြင်းသည် ဂျာနယ်လစ်များ၊ စာရေးဆရာအစစ်များ လုပ်ရမည့် အလုပ် မဟုတ်။ ငါးစိမ်းတန်းမှ ဈေးသည်များ ရန်ဖြစ် နပန်းလုံးသောအခါ ကြားရလေ့ရှိသော စကားများသာဖြစ်၍ စာမဖတ်လည်း ကြားနေကျစာလုံးများ ဖြစ်ပေသည်။

ဒုတိယအချက်မှာ ညစ်ညမ်းစာပေများကို တစ်တစ်ခွခွ ထည့်သွင်း ရေးသားမှု အနုပညာမြောက်သလား၊ မော်ဒန်စာပေဖြစ်သလား ဟူသော မေးခွန်း ဖြစ်သည်။

စာတ်လမ်းစာတ်ကွက်အရ လိုအပ်ပါက လိင်ဆက်ဆံခန်းများကို ထည့်သွင်း ရေးသားသော အစဉ်အလာသည် ကမ္ဘာ့စာပေမှာလည်း ရှိခဲ့ပါသည်။ မြန်မာ့စာပေမှာလည်း ရှိခဲ့သည်။

သို့သော် အဓိက အချက်မှာ စာအုပ်တစ်အုပ်လုံး အနုပညာမြောက်ဖို့အတွက် လိုအပ်လွန်း၍ မရှိမဖြစ် အပြာစာတ်ဝင်ခန်းများကို ခပ်ဖော့ဖော့ ထည့်သွင်းထားခြင်းအား အနုပညာရှုထောင့်မှ လက်သင့်ခံနိုင်ဖွယ် ရှိသော်လည်း အနုပညာမြောက်မြောက် မမြောက်မြောက် လူစိတ်ဝင်စားအောင် အပြာခန်းများ ဖောဖောသီသီ ထည့်ထားလျှင် မူကား အပေါစားစာပေအဆင့်သို့ လျှောကျသွားပေမည်။ သံပရာရည်ဖျော်ရာတွင် သကြားနှင့် ဆားအနည်းငယ် လိုအပ်သော်လည်း ဆားနှင့် သကြားကို လိုအပ်သော ပမာဏထက် ပိုထည့်ခဲ့လျှင် အော့နှလုံးနာစရာအဖြစ်သို့ ရောက်သွားပေမည်။

ကမ္ဘာ့စာပေ၌ ထင်ရှားကျော်ကြားသော D.H Lawrence ဆိုသော စာရေးဆရာကြီးသည် ၁၉၂၈ ခုနှစ်တွင် 'လေဒီချာတာလီ၏ချစ်သူ' (Lady Chatterley's Lover)ဟူသော ဝတ္ထုကို အီတလီ၌ ရေးသား ထုတ်ဝေခဲ့ပါသည်။ စာတ်လမ်းမှာ အထက်တန်းလွှာ အသိုင်းအဝိုင်းမှ ချာတာလီဆိုသော လင်မယား နှစ်ယောက် ရှိကြပါသည်။ ယောကျ်ားဖြစ်သူ ကလစ်ဖို့ဒ်ချာတာလီ (Clifford Chatterley)သည် စစ်အတွင်းက ရသောဒဏ်ဖြင့် ခန္ဓာကိုယ်အောက်တစ်ပိုင်း လေဖြတ်သွားသည်။ မယားဖြစ်သူ လေဒီချာတာလီကိုလည်း သိပ်ပြီး ကြင်ကြင်နာနာ မဆက်ဆံ၊ မှုန်တမ်းသော ဆက်ဆံသည်။ လူကတော့ ချမ်းသာသော လူကြီးလူကောင်း တစ်ယောက် ဖြစ်သည်။ သူတွင် အလွန်ကျယ်သော ဥယျာဉ်ကြီးတစ်ခုရှိရာ ထိုဥယျာဉ် ကို ထိန်းသိမ်းစောင့်ရှောက်ရန် ငှားထားသော အလုပ်သမား အိုလီဗာမယ်လာ (Oliver Mellors)ဆိုသော လူတစ်ယောက်သည် တောအုပ်ထဲတွင် သစ်လုံး အိမ်ကလေးဖြင့် တစ်ယောက်တည်း နေ၏။ ချမ်းသာသော်လည်း မပျော်ရွှင်ရသော လေဒီချာတာလီသည် တောထဲသို့ သွားလည်ရင်း အလုပ်သမားဖြစ်သော အိုလီဗာနှင့် ငြိကြတော့သည်။ အဆင့်အတန်း တူသော်လည်း မပျော်ရွှင်ရသောဘဝ၊ လိင်ကိစ္စ အလိုမကျသောဘဝက တစ်ဖက်၊ အဆင့်အတန်း မတူသော်လည်း ကာမဂုဏ်အာရုံကို ကျေနပ်မှုပေးနိုင်သော ချစ်ခြင်းမေတ္တာက တစ်ဖက်၊ စိတ်နှင့်ရုပ်၊ ခန္ဓာကိုယ်နှင့် စိတ်ခံစားမှု၊ စာတ် ခွဲခြားမှုနှင့် လူမှုရေးပဋိပက္ခများကို စာရေးဆရာ ဒီအိပ်ချ် လောရင့်(စ်)က ပွင့်ပွင့်လင်းလင်း အပြာခန်းများကိုပါ ထည့်ရေးခဲ့သည်။

ပွင့်လင်းသော လူ့အဖွဲ့အစည်းဖြစ်သည့် ဒီမိုကရေစီတိုးအေ အင်္ဂလန် နိုင်ငံမှာပင် ၁၉၆၀ ပြည့်နှစ်၌ ပင်ဂွင်းစာအုပ်တိုက်က ပြတ်နိမ့်တွင် မြန်ချိုသောအခါ

ဝတ္ထုကို လက်မခံဘဲ ၁၉၅၉ ခုနှစ် ညစ်ညမ်းစာပေထုတ်ဝေမှု တားဆီးရေးဥပဒေဖြင့် စာရေးဆရာနှင့် စာအုပ်တိုက်ကို ရုံးတင်တရားစွဲခဲ့သည်။ ထိုဥပဒေမှာ ညစ်ညမ်းစာပေအဖြစ် တရားစွဲခံရသော စာအုပ်တစ်အုပ်သည် စာပေအနုပညာ လက်ရာမြောက်ကြောင်း နိုင်လုံစွာ သက်သေပြနိုင်လျှင် တရားစွဲခြင်းမှ ကင်းလွတ်ခွင့်ရနိုင်ပေသည်။

တရားစွဲဆိုသူများက လေဒီချာတာလီစာအုပ်တွင် Fuck ဆိုသော စာလုံး မကြာခဏ ပါနေခြင်း၊ အမျိုးသမီးတန်ဆာကို ရည်ညွှန်းသော Cunt ဆိုသော စာလုံး မကြာခဏ ပါနေခြင်းတို့ကို ထောက်ပြကြသည်။ စာရေးဆရာ E.M Foster၊ စာပေဝေဖန်ရေးပညာရှင် ပါမောက္ခ Helen Gardner၊ အင်္ဂလိပ်စာပေနှင့် လူမှုဗေဒပညာရှင် Richard Hoggort၊ အတွေးအခေါ်ပညာရှင် Raymond Williams၊ နိုင်ငံရေးသမား၊ ဥပဒေပညာရှင် Norman St John-Stevas စသည့် ဗြိတိန်နိုင်ငံ၏ ထိပ်တိပ်ကြဲပုဂ္ဂိုလ်များကို သက်သေအဖြစ် ခေါ်ယူမေးမြန်းခဲ့သည်။

နောက်ဆုံးတွင် ၁၉၆၀ ပြည့်နှစ်၌ အမိန့်ချခဲ့ရာ ဂျူရီလူကြီးများ အနက် အမျိုးသမီး (၃) ဦးနှင့် အမျိုးသား (၉) ဦး၊ ပေါင်း (၁၂) ဦးက အပြစ်မရှိ ဆိုသောမဲကို ပေးခဲ့ကြသဖြင့် ပင်ဂွင်းစာအုပ်တိုက်လည်း အရေးယူခံရမည့်ဘေးမှ ကင်းဝေးသွားသည်။

ဩစတေးလျနိုင်ငံတွင်မူ ဤစာအုပ်ကို ထုတ်ဝေခွင့် ပိတ်ပင်ခဲ့သည့်အပြင် လေဒီချာတာလီ၏ချစ်သူ စာအုပ်အမှုရင်ဆိုင်ရခြင်း (The Trial of Lady Chatterley) စာအုပ်ကိုလည်း ပိတ်ပင်ခဲ့သည်။ ကနေဒါနိုင်ငံတွင်လည်း လေဒီချာတာလီ စာအုပ်ကို ညစ်ညမ်းစာပေဟု သတ်မှတ်ကာ ထုတ်ဝေပြီး နှစ် (၃၀) ခန့် ပိတ်ပင်ခဲ့သည်။ အမေရိကန်နိုင်ငံတွင်လည်း နိုင်ငံခြား စာအုပ်များထဲတွင် Topic of Cancer၊ Funny Hill စာအုပ်များနှင့်အတူ လေဒီချာတာလီ၏ ချစ်သူစာအုပ်မှာ ပိတ်ပင်ခံခဲ့ရသည်။ ဂျပန်တွင် ထိုစာအုပ်ကို ဘာသာပြန်ထုတ်ဝေမိ၍ ၁၉၅၇ တွင် ထုတ်ဝေသူကို ယန်းနှစ်သိန်းခွဲ၊ ဘာသာပြန်သူကို ယန်းတစ်သိန်းစီ ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ အိန္ဒိယတွင်လည်း အငြင်းအခုံများစွာ ဖြစ်ပြီး ၁၉၆၄ ခုနှစ်တွင် ထိုစာအုပ်ကို ပိတ်ပင်ခဲ့သည်။

ဆိုလိုရင်းမှာ လွတ်လပ်ပါသည် ဟူသော ဒီမိုကရေစီဘိုးဘေး နိုင်ငံတွေမှာပင် ညစ်ညမ်းစာပေကို လူ့အသိုင်းအဝိုင်းက လက်သင့်မခံပါ။ သူတို့နိုင်ငံမှာပင် ညစ်ညမ်းစာပေနှင့် အနုပညာကို တရားတပေါင် ရင်ဆိုင်ရသည်အထိ အငြင်းပွားခဲ့ကြရသည်။ လေဒီချာတာလီ၏ ချစ်သူသည် စာပေအနုပညာ တန်းဝင်နေ၍သာ ယနေ့အချိန်အထိ

ကမ္ဘာက လက်ခံထားသော လက်ရာဖြစ်သည်။ အနုပညာအရေးခြုံ၍ အပြာစာအုပ် ဖြစ်ခဲ့ပါက တိမ်မြုပ်ပျောက်ကွယ်သွားမည် ဖြစ်သည်။ ထိုလက်ရာကို အားကျ၍လော မသိ မြန်မာကဗျာဆရာ အောင်ရင်ငြိမ်းကလည်း အပြာဆန်ဆန်စာအုပ်တစ်အုပ် ထုတ်ဝေလာသည်။ သူကတော့ သူ့ဝတ္ထုမှာ အပြာစာအုပ် မဟုတ်ပါဟု ဆိုလာသည်။ ပြန်ကြားရေးဝန်ကြီးဌာနက တရားစွဲမည်ဟု ဆို၏။

တကယ်တော့ မြန်မာနိုင်ငံဝယ် ယခုကာလသည် နိုင်ငံရေး လမ်းဆုံလမ်းခွသို့ ရောက်နေသော အလွန်အရေးကြီးသည့်ကာလ ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြုပြင်ရေး ပုဒ်မ ၄၃၆ ပြုပြင်ရေးကို NLD နှင့် ပြည်သူများသည် တစိုက်မတ်မတ် တောင်းဆိုနေ၏။ ထို နိုင်ငံရေး ရေရှိန်မြင့်လာမှုကို တန်ပြန်သည့်အနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့သည် မဟာသန္တိသုခ ဆိုသော ဘာသာရေး ဗုံးတစ်လုံးကို ပေါက်ခွဲလိုက်၏။ ဘုန်းတော်ကြီးများကို လူဝတ်လဲပြီး အင်းစိန်ထောင်သို့ ပို့လိုက်ခြင်းဖြင့် ၂၀၀၇ သံဃာ့အရေးတော်ပုံကို ပြန်ဖြစ်စေရန် ဖန်တီး၏။ ဦးဆန်းဆင့်ကို ဖမ်းဆီးခြင်းဟူသော နောက်ထပ် အာရုံလွှဲပြောင်းမှုမှ ဗုံးတစ်လုံးကို ခွဲလိုက်၏။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကို တာဝန်မှ အနားယူခွင့်ပြုသည် ဟူသော လှည့်ကွက်တစ်ခု ပေါ်လာ၏။ နယ်စပ်ရေးရာ ဒုဝန်ကြီး ဗိုလ်ချုပ် မောင်မောင်အုန်းကို ရခိုင်ပြည်နယ်လွှတ်တော် တပ်မတော်သား ကိုယ်စားလှယ်အဖြစ် လွှတ်လိုက်၏။ ကြိုတင် ခွင့်ဆင်ထားသည့် အတိုင်းပင် နောက်တစ်ရက်၌ ဗိုလ်ချုပ်မောင်မောင်အုန်းကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ခန့်လိုက်၏။ သာသနာရေး ဒုဝန်ကြီး ဦးစိုးဝင်းကို သာသနာရေးဝန်ကြီး ခန့်လိုက်၏။

နဂိုကတည်းက စည်းဝါးရိုက် ခွင်ချထားသော တစ်ခါလာလည်း မည်းပြာပုဆိုးကိစ္စမို့ ပြည်သူလူထုက ဘာမှ ပြောင်းလဲသည်ဟု မမြင်ကြပေ။ ကုလားကြီးနှင့် အရာကြီး အတူတူပဲ ဖြစ်သည်။

ထိုအချိန်တွင် သစ္စတ်ပင်က မီးတာကျည်ကျည် ဆိုသလို ပြည်သူကြား၌ ပြောစရာ စကားတစ်ခွန်း ဖြစ်ပေါ်လာသည်။ ညစ်ညမ်းအရေးအသားများ ပါသော စာအုပ်တစ်အုပ် တရားဝင်ထွက်ရှိလာခြင်း ဖြစ်သည်။ အရေးကောင်းမှ ဒိန်းဒေါင်းဖျက်ခြင်း ဖြစ်သည်။ တိုင်းပြည်အတွက် ငြင်းခုံမှုလမ်းကြောင်း လွဲသွားရုံကလွဲ၍ ဘယ်သူ့အတွက်မှ အကျိုးမရှိသောကိစ္စ ဖြစ်ပါသည်။ ဒီမိုကရေစီဆိုသည်မှာ ဒါလားဟု ဆန့်ကျင်ဘက်ဂိုဏ်းသားများ စွပ်စွဲစရာ အကွက်ရသွားနိုင်သောကိစ္စ ဖြစ်သည်။ ဒီလို လက်ရာတွေကြောင့် စာပေစိစစ်ရေးလိုသည်ဟု နောက်ကြောင်းပြန်သမားများ စာပေ ကင်ပေတိုင်ရုံးကို ပြန်လည် တမ်းတလာစေသောလုပ်ရပ် ဖြစ်သည်။

အောင်ရင်ငြိမ်းသည် မော်ဒန်ကဗျာဆရာတစ်ဦး ဖြစ်သည်။ သူသည် Neo Modern ဟူသော မော်ဒန်လက်သစ်ဝိုဏ်းကို အခြားကဗျာဆရာ အနည်းငယ်နှင့် ပူးတွဲတည်ထောင်ထား၏။ ယခု သူ ရေးလိုက်သောစာအုပ်မှာ မော်ဒန်ဝါဒဟု သူ ယုံကြည်ကာ ရေးလိုက်သည်လား။ နာမည်ကြီး ပြီးရော စတန့်ထွင်ကာ အနုပညာ ဆပ်ပြာပူဖောင်း ဖောက်လိုက်တာလား။ အနောက်တိုင်းက လုပ်လျှင် ဘာမဆို လိုက်လုပ်မယ်ဟု အနုပညာ သူငယ်နာမစင်သော လုပ်ရပ်လား၊ သူကိုယ်တိုင်ပဲ သိလိမ့်မည်။ ကိုယ်ရေးသော စာအုပ်အား ကိုယ့်အမေကိုပင် ပေးမဖတ်ရဲပါက တစ်ခုခုတော့ မှားနေပြီဟု ဆိုရတော့မည်။

လေဒီချာတာလီ၏ချစ်သူ ဝတ္ထုတွင်လည်း ညစ်ညမ်းခန်းတွေ ပါသည်။ မာတာဟာရီ ဝတ္ထုတွင်လည်း ညစ်ညမ်းခန်းတွေ ပါသည်။ Basic Instinct ရုပ်ရှင်တွင်လည်း လိင်ပြကွက်တွေ ပါပါသည်။

ဒဂုန်တာရာ၏ မေ ဝတ္ထုမှာလည်း လိင်ဆက်ဆံခန်း ပါပေသည်။

ဦးနု၏ ကာမတဏှာဝတ္ထုလည်း လိင်ကိစ္စတွေ ပါဝင်၏။

သို့သော် ဒီဒီလ်(ခ်)လောရင့်(စ်)တို့ ဒဂုန်တာရာတို့ ဦးနုတို့နှင့် အပြာစာအုပ်ရေးသမားများကို အဓိက ပိုင်းခြားထားသည်မှာ အနုပညာ ဆိုသော တံတိုင်းကြီး ဖြစ်သည်။ လူပြိန်းကြိုက် အပြာဝတ္ထုရေးဆရာတွေတွင် ကာမအကြောင်း တစ်တာစ်ခွခွ ရေးသည်မှလွဲ၍ ဘာအနုပညာမှ မပါပေ။ ညစ်ညမ်းစာတ်ဝင်ခန်းတွေ ထည့်ရေးမှ Neo Modern ဖြစ်မည်ဆိုပါက အောင်ရင်ငြိမ်းမှာ မည်သည့်အခါမှ မော်ဒန် မဖြစ်နိုင်တော့။

အဘယ်ကြောင့်ဆိုသော် ဤ ညစ်ညမ်းစာပေ အရေးအသားမျိုးကို မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်နှစ်ဆယ်၊ အစိတ်ကပင် အပြာစာအုပ်ရေးသမား ရတနာခင်းထိန်တို့အဖွဲ့က အောင်မြင်စွာ ရေးသားခဲ့ပြီးသွား၍ ဖြစ်ပေသည်။

**စောင့်ကြည့်ဂျာနယ် (၈-၇-၂၀၀၄)**

❑